# လှိုင်းကြာဖြူ (တေးရှိုး)

## ပြည်တော်ပြန်ချစ်သူ ‥ ရွှေကြေးမုံ



**ပုံနှိပ်မှတ်တမ်း**

၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ၊ ပထမအကြိမ်

**ကွန်ပျူတာစာစီ** - ခင်ပြုံးဝင်း (၀၉၂၅၀၁၄၄၇၉၇)

**ထုတ်ဝေသူ** - ဦးအေးလွင် (၀၀၄၀၅)
ရွှေပဒေသာစာပေတိုက်
အမှတ်(၃၃)၊ ကျီတော်လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ** - ဦးအေးလွင် (၀၀၂၄၀)
'ရွှေပဒေသာအော့ဖ်ဆက်'
အမှတ်(၃၃)၊ ကျီတော်လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။

**ဖြန့်ချေး** - ၁၇၀၀ ကျပ်

**အုပ်ရေ** - ၅၀၀ အုပ်

**ထုတ်ဝေသည့်စာအုပ်၊ ကတ်တလောက်အညွှန်း (CIP)**

ပြည်တော်ပြန်ချစ်သူ ရွှေကြေးမုံ
လှိုင်းကြာဖြူ
ရွှေပဒေသာစာပေ၊ ၂၀၁၇၊ ရန်ကုန်။
၂၅၂ - စာ၊ ၁၂ × ၁၈ စင်တီ။
(၁) ပြည်တော်ပြန်ချစ်သူ ရွှေကြေးမုံ

# ပြည်တော်ပြန်ချစ်သူ
# ရွှေကြေးမုံ

## လှိုင်းကြာဖြူ

# အခန်း ၁

''ကလင်…ကလင်''

''ဟယ်လို…အမိန့်ရှိပါခင်ဗျာ''

''…………''

''ဟုတ်ကဲ့…ရှေးဟောင်းသုတေသနဦးစီးဌာနကပါခင်ဗျာ''

''…………''

''သြော်…ဟုတ်ကဲ့…ရပါတယ်ခင်ဗျာ''

''…………''

''ဘယ်အချိန်လောက်လဲဆိုရင်…အင်း…(၁၀)နာရီမှာ ကျွန်တော်တို့ဌာနတွင် အစည်းအဝေးရှိပါတယ်။ (၁၁)နာရီလောက်ဆိုရင် အဆင်ပြေမလားခင်ဗျာ''

''…………''





''ဟုတ်ကဲ့…စိတ်ချပါခင်ဗျာ''

''ဂျောက်''

''ဘယ်ကဆက်တာလဲ မောင်သခ်''

ညွှန်မှူးဦးရဲဝင်းထွန်းက ဖုန်းချလိုက်သော ကျွန်တော့်ကို မေးပါသည်။

ကျွန်တော့်နာမည်က အသခ်ယာ။ အဘိုးအဘွားတို့ကတော့ သူတို့ကိုယ်သူတို့ မင်းဆွေမင်းမျိုးအနွယ်တော်တွေဟု ပြောတတ်သည်။

အဖေနှင့်အမေ အိမ်ထောင်ကျတော့ အရွယ်လွန်သည့် အသက်ဆယ်ကျော်၊ ငါးဆယ်ဝန်းကျင်။ သူ့ကိုတောင် သွေးဆုံးသားဆုံး ခါနီးမှ မွေးခဲ့ခြင်းဖြစ်သည်။

ထိုစဉ်က အဘွားက သက်ရှိထင်ရှားရှိပါသေးသည်။ အဘွားသည် သူ့ကိုယ်သူ အင်းဝနန်းတွင်းအနွယ်တော်ဟု အမြဲတမ်း ဂုဏ်ယူဝံ့ကြွားတတ်သည်။

သူအရွယ်ရောက်တော့ အမေ့အား မေးကြည့်တော့…

''အင်းဝဒေသမှာ ကြီးပြင်းတာနဲ့ပဲ အင်းဝအနွယ်တော်ဖြစ်ရရောလား သားရယ်…ဒါပေမဲ့ မင်းအဘွားပြောတာ နားထောင်လိုက်…သွားပြီး ငြိုင်ငြင်းမနေနဲ့''

''မငြင်းပါဘူးဗျာ''

'အသခ်ယာ'ဆိုသည့် နာမည်ကလည်း အဘွား သေချာ ရွေးချယ်ပေးခဲ့သည့်နာမည်။

အဘွားရှိတုန်းကဆို သူ့ကို အသခ်ယာဟု ပြည့်ပြည့်စုံစုံ

ခေါ်တတ်သည်။ သူပေးခဲ့သည့်နာမည်အတွက်လည်း အမြဲတမ်း ပီတိဖြစ်နေသည်။

သို့သော်…

သူငယ်ချင်း၊ မိတ်ဆွေ ပတ်ဝန်းကျင်ကြားထဲမှာတော့ 'အသခ်ယာ' လို့ ပြည့်ပြည့်စုံစုံ ခေါ်ဖို့အတွက်ကျတော့ နာမည်က ထောက်နေသည်။

သူကိုယ်တိုင်ကလည်း 'အသခ်ယာ' လို့ ဆရာမက နာမည်ခေါ်ရင်တောင် ကြောက်နေမိသည်။

ကျောင်းသူကျောင်းသားတွေ သူ့ကို လှည့်ကြည့်ပုံက လူထူးလူဆန်းတစ်ယောက်လို။

နောက်တော့ အမေတို့အိမ်မှာ အဖျားစွပ်ခေါ်သည့် 'သခ်' ဆိုသည့်နာမည်သာ လူသိများတော့သည်။

"ရွှေဘိုတက္ကသိုလ် သမိုင်းဌာနက team paper လုပ်မယ့် ကျောင်းသားတွေ ကျောက်စာလာလေ့လာချင်လို့တဲ့ ဆရာ"

"ဪ…အေး…အေး"

စောစောတုန်းက ဖုန်းဆက်လာသူမှာ သမိုင်းဌာနမှ ဌာနမှူး ဖြစ်ဟန်တူသည်။

"ကလေးတွေကို အင်းဝခေတ် ကျောက်စာနဲ့ပတ်သက်ပြီး စာတမ်းလုပ်ဖို့ ခွဲပေးထားတာ။ ကလေးတွေကို ကြီးကြပ်ဆရာမ တစ်ယောက်နဲ့ လွှတ်လိုက်ပါ့မယ်။ ဆရာအသခ်ယာ သေချာရှင်းပြ ပေးပါနော်"

"ဪ…ရပါတယ်ဗျာ"





သူတို့ရဲ့ 'ရှေးဟောင်းသုတေသနပြတိုက်' တွင် သုတေသန ပြုလုပ်မည့်သူများ၊ စာတမ်းတင်သွင်းမည့်သူများ၊ ရှေးဟောင်း အနုပညာလက်ရာများကို လေ့လာလိုသူများနှင့် အစဉ်စည်ကား လျက် ရှိပါသည်။

ပြတိုက်တွင် ခေတ်အဆက်ဆက် ရေးထွင်းခဲ့သည့် တူးဖော် ရရှိခဲ့သော ကျောက်စာ၊ ပေစာများလည်း ရှိသည်။ ကနုတ်၊ ပန်းကွက်များဖြင့် အလှဆင်ဖော်ထားသည့် နန်းတွင်းသုံးပစ္စည်းများ ကိုလည်းကောင်း၊ ပန်းချီ ပန်းပု လက်ရာများကိုလည်းကောင်း ထိုခေတ်ကာလက အသုံးအဆောင်များ (တူးဖော်ရရှိသလောက်)ကို ပြသထားပါသည်။

အပြင်ဘက်ကကြည့်လျှင် ဘာမှလုပ်စရာမရှိသောဌာနဟု ထင်စရာရှိသော်လည်း သူတို့ သမိုင်းနှင့်ဆိုင်သည့်စာများကို ဖတ် နေရပါသည်။

အဆောက်အအုံတစ်ခုဆောက်ရင်း ရှေးဟောင်းပစ္စည်း တွေ့သည်ဆိုလျှင် သွားရောက်ကြည့်ရှုစစ်ဆေးရပါသည်။

ထို့ပြင် ပြတိုက်သို့ မြင်ကွင်းလေ့လာသူများကိုသာမက ပြည်ပမှ လာရောက်လေ့လာသူများလည်း ရှိသည်။

ထိုသူများ နားလည်သဘောပေါက်အောင် ရှင်းပြဖို့ သမိုင်းကို ကြေညက်အောင်သိထားဖို့လိုသည်။ ထို့ကြောင့် စာကတော့ မဖြစ် မနေ ဖတ်ရပါသည်။

မကြာခင်ကမှ ပြောင်းလာသည့် ညွှန်မှူးရဲ့လက်သုံးစကားက လည်း…

“အားလျှင် စာဖတ်”

ဒါပဲ။

သူကိုယ်တိုင်က သမိုင်းကို စိတ်ဝင်စားသူ၊ စာဖတ်ဝါသနာပါသူဆိုတော့ ဤအလုပ်သည် သူ့အတွက် ပျော်ရွှင်စရာကောင်းသောအလုပ်တစ်ခုဆိုလျှင်လည်း မမှားချေ။

နေ့လယ် (၁၁) နာရီတွင် ချိန်းထားသည့်အတိုင်း သမိုင်းဌာနက ကလေးများရောက်လာသည်။

“ဗျို့...ကိုသန်း”

“ဩော်...ဆရာ...ကျွန်တော်က ကြီးကြပ်ဆရာက ဆရာဖြစ်မယ်လို့တောင် မထင်ဘူး”

“ဟုတ်ပါ့ဗျာ...ကျုပ်မှာလည်း ဌာနတွင်း သုတေသနပဲဖြစ်ဖြစ်၊ ကလေးတွေအတွက် သုတေသနပဲဖြစ်ဖြစ် ခင်ဗျားဆီပဲ ပြေးလာအကူအညီတောင်းရတာ...အားနာနေပြီဗျို့”

“အားနာစရာမလိုပါဘူး ဆရာရယ်...ဒါက ကျွန်တော်တို့ရဲ့ အလုပ်ပဲဟာ”

“ကျေးဇူးပါဗျာ...ခုတောင် ခင်ဗျားထင်သလိုပဲ...ကြီးကြပ်က ကျုပ် မဟုတ်ဘူး။ သူတို့ကြီးကြပ်က အကူအညီတောင်းလို့”

သမိုင်းဌာနမှ ကထိက ဦးအောင်ကြီးသည် အသားညိုညို၊ အရပ်ထောင်ထောင်မောင်းမောင်းနှင့် စစ်ကိုင်းသား ဖြစ်သည်။

သူ့ထက်တော့ အသက်ကြီးသည်။ သို့သော် သူနှင့် စကားပြောလျှင် ခင်ဗျားနှင့်ကျွန်တော်ဟု လေးလေးစားစား ပြောတတ်သည်။





သမိုင်းဌာနကမို့ သမိုင်းကို စိတ်ဝင်စားတာမဟုတ်ဘဲ သုတေသနပြုရတာကို စိတ်ဝင်စား၍ သမိုင်းဌာနတွင်ရှိနေခြင်းဖြစ်သည်ဟု ရယ်စရာအနေနှင့် ပြောတတ်သည်။

ကလေးတွေကို သူ လိုက်ရှင်းပြပေးနေစဉ် ဆရာဦးအောင်ကြီးက စာဖတ်နေသည်။

“ခင်ဗျား ထမင်းစားမပြန်သေးဘူးလား”

“မပြန်သေးဘူး...ဆရာ၊ စောစောတုန်းက လက်ဖက်ရည်သွက်သောက်ထားလို့လေ...စာဖတ်ဦးမယ်။ ဩော်...ဒါနဲ့ ဆရာ ရှာခိုင်းထားတဲ့ ‘မေဂျာဟင်နရီဘာနေး’ ရဲ့စာအုပ် ကျွန်တော် ရှာတွေ့သွားတယ်ဗျာ”

“ဟုတ်လား...ကျွန်တော် ခုတစ်ခါတည်း ယူသွားလို့ရမလား”

“ဆရာရောက်လာမယ် ကျွန်တော် မထင်တော့...ပါမလာဘူးဗျာ”

“အေးဗျာ...ဒါလည်း ဟုတ်တာပဲ၊ ညနေမှ ခင်ဗျားအိမ်မှာပဲ ကျွန်တော် လာယူတော့မယ်။ ဒါနဲ့ ဒီစာအုပ်က ခင်ဗျား ဖတ်နေတာလား”

ဆရာဦးအောင်ကြီးက သူဖတ်နေသောစာအုပ်ကို ကျွန်တော့်အား ထောင်ပြသည်။

ကျွန်တော်က...

“ဟုတ်တယ် ဆရာ...ဌာနတွင်း Group Project လုပ်ဖို့ရှိလို့ ဖတ်နေတာ။ ဆရာ ဖတ်ချင်လို့လား”

"ခင်ဗျား ဖတ်နေတာဆိုနေပါစေ…နောက်…အေးဆေးမှ ယူပါတော့မယ်။ ဟော့…ကလေးတွေ မှတ်လို့ပြီးကြပြီလား"

သူ့ကိုပြောရင်း ကလေးတွေကို လှမ်းမေးသည်။ ကျွန်တော် ကလေးတွေဘက်သို့ လှည့်ကြည့်လိုက်သည်။ ကလေးတွေမှာ ခေါတ်ပုံရိုက်သူရိုက်၊ မှတ်တမ်းတင်သူတင်နှင့်။

သူတို့ဆရာ အော်သံကြားတော့လည်း အပြေးလေးရောက်လာကြပြန်သည်။ ဆရာဦးအောင်ကြီး နှုတ်ဆက်ပြီးပြန်သွားတော့ ကျွန်တော်လည်း ကျွန်တော့်စားပွဲရှေ့တွင် ဝင်ထိုင်လိုက်သည်။

"ဟိုအဖွဲ့တွေ ပြန်သွားကြပြီလား…မောင်သစ်"

"ပြန်သွားပါပြီ…မမ"

ရုံးခန်းထဲကထွက်လာသော ဦးစီးမှူးမမကို ခေါင်းညိတ်ပြလိုက်သည်။

"မင်း ထမင်းစားမပြန်ဘူးလား"

"ဟုတ်ကဲ့ မမ"

"အဲဒါဆို အတော်ပဲ…အစ်မ ထမင်းစားအပြန် ဝင်စရာရှိလို့ နည်းနည်းနောက်ကျမယ်။ မင်းတစ်ယောက်တည်း ဖြစ်တယ်မလား"

"ဖြစ်ပါတယ် မမ…ဘာမှစိတ်မပူပါနဲ့၊ စိတ်ချပါ"

"တစ်ခုခုအကြောင်းထူးရင် မမကို ဖုန်းလှမ်းဆက်လေ"

"ဟုတ်ကဲ့ခင်ဗျာ"

ထမင်းစားပြန်သွားကြသဖြင့် ရုံးက တိတ်ဆိတ်ငြိမ်သက်သွားသည်။

အင်း…လူရှိသည့်အချိန်ဆိုလျှင်လည်း စာဖတ်သူဖတ်၊ စာရေး





သူရေးနှင့် သိပ်ပြီး ဆူညံလှသည်တော့ မဟုတ်ပါ။

တစ်ခါတလေတော့ ယောကျ်ားလေးတွေ စုမိပြီဆိုလျှင် ကိုယ်ဖတ်သည့်စာနှင့်ပတ်သက်၍ ငြင်းကြခုန်ကြတာ ရှိသည်။ ဆွေးနွေးကြတာ ရှိသည်။

ဘာပဲဖြစ်ဖြစ် ဆွေးနွေးငြင်းခုန်ကြရင်း ဗဟုသုတရစရာများ ပါတတ်ပါသည်။

သူကတော့ သူရောက်ရှိနေသော ဤဘဝလေးမှ ဘာကိုမမက်မောဘဲ စိတ်ချမ်းသာရပါသည်။

# အခန်း ၂

"ဘာစိတ်ချမ်းသာရတာလဲ"

"အမေကလဲဗျာ"

"အမေကလဲမဗျာနဲ့ သခ်...မင်းကိုယ်မင်း အရွယ်ငယ်တယ် များ အောက်မေ့နေသလား"

"မအောက်မေ့လို့ ကျွန်တော့်ဘာသာ အေးအေးချမ်းချမ်းနေ တာပေါ့ အမေရ...အမေက ကျွန်တော် အေးအေးချမ်းချမ်းနေတာကို မမြင်ချင်ဘူးနဲ့တူတယ်"

"ပြောလိုက်ရင် ဆင်ခြေလက်ခြေတွေနဲ့...ဒီမှာ မင်း အသက် (၃၀)၊ မငယ်တော့ဘူးနော်"

"အဲ့ဒါဘာဖြစ်လဲ အမေရာ...တစ်ခုခုဆို ကျွန်တော် အသက် မငယ်တော့ဘူးနော်...မငယ်တော့ဘူးနော်ပြောတာလည်း အမေတို့





ပဲ...ပြီးရင် ကျွန်တော့်ကို ကလေးတစ်ယောက်လို ဆူငေါက်နေတာ လည်း အမေတို့ပဲနော်"

"ကြည့်စမ်း...ကြည့်စမ်း...ကိုကွမ်း...တော့်သား ကျုပ်ကို ပြန်ပြောနေတာ"

ရော်...

အမေက သူ့ကို ပြောမရတော့ အဖေဘက်သို့ လှည့်တိုင် သည်။

ပြောရလျှင် အဖေနှင့်အမေသည် ရှေးဘဝက ကုသိုလ်ကံ ကောင်းတာပဲလားမသိ။ အသက် (၇၀)ကျော်ရှိနေကြပေမယ့် မကျန်းမမာ၊ မသန်မစွမ်း မဖြစ်ကြသေးပါ။

"ပုံမှန် ဝမ်းပါဆယ်"

စားပွဲထိုးလေးရဲ့အော်သံကြောင့် တီးဆရာကို တစ်ဆင့် လှမ်းအော်ရပြန်သည်။

သူတို့အိမ်က လက်ဖက်ရည်ဆိုင်ဖွင့်ထားတာမို့ သတင်းပုလင်း ခံသည်။

စာလေးမတော်ကတ်တစ်ခေါက်ရေးသော သူ့အတွက် ရုံးမှာနေ လည်း ကုန်ကြမ်းရသည်။ အိမ်မှာနေလည်း ကုန်ကြမ်းရသည်။

လက်ဖက်ရည်ဆိုင်က အဖေလက်ထက်ကတည်းကဖွင့်သည်။ သူက အရွယ်ရောက်တော့ အစိုးရအလုပ်ဝင်သည်။

အဖေတို့ကိုလည်း အသက်အရွယ်ကြီးရင့်ပြီမို့ ဘာမှမလုပ် စေချင်။ သို့သော် အဖေသည် သူ့ရဲ့ 'ရတနာပူရ' ဆိုသည့် လက်ဖက်ရည်ဆိုင်ကို သံယောဇဉ်ကြီးသည်။

ခွင့်ရလို့ ပြောမရသဖြင့် ရပ်ဆွေရပ်မျိုးကောင်လေး၊ ကောင်မလေးတချို့ကို ခေါ်ထားပြီး ဆိုင်ကို ပြန်လည်ပတ်စေသည်။

အမေ့ကိုတော့ ကောင်းတာထိုင်တာကလွဲ၍ ဘာမှမလုပ်ခိုင်းပေ။

"ဖျို့...ကိုသန်း...ဒီနေ့ ရုံးမသွားဘူးလားဗျာ"

"ဒီနေ့ မေဒေးလေ...ကိုယ့်လူရဲ့"

"အိုဗျာ...ဟုတ်ပါရဲ့၊ ကျုပ်လည်း အစိုးရဝန်ထမ်းမဟုတ်တော့ စနေလည်း မသိ၊ တနင်္ဂနွေလည်း မသိတော့ပါဘူးဗျာ"

"ညိုချောဆို ဘယ်လောက်လိမ္မာလဲ။ အိမ်မှုကိစ္စလည်း နိုင်နင်း၊ ငါတို့အပေါ်လည်း ဂရုစိုက်...ပြီးရင် မင်းအပေါ်လည်း သူ့ခမျာ စိတ်ဝင်စားနေရှာတာ"

"အမေကလည်းဗျာ"

ဒီစကားတွေ မကြားချင်၍ အမေနှင့် ဝေးဝေးသို့ နေရာပြောင်း ရွှေ့ထိုင်ခါမှ ထိုနေရာထိ အမေက ရောက်လာပြောနေပြန်သည်။

"အမေကလည်းမဗျာနဲ့...ညိုချောလေးမှာ ဘာအပြစ်ရှိလို့ မင်းက ခါးခါးသီးသီး ဖြစ်နေရတာလဲ"

"သူ့မှာ ဘာအပြစ်မှ မရှိပါဘူး"

"ဘာအပြစ်မှမရှိရင်တော့ မငြင်းနဲ့"

"အမေ..အမေ အဲ့ဒီလို ဇွတ်မလုပ်နဲ့နော်...အမေ ဇွတ်လုပ်လို့ကတော့ ညိုချောပဲ အရှက်တကွဲဖြစ်မှာ"

အမေ ဇွတ်စီစဉ်မည်ဆိုးသောကြောင့် သူ အပြတ်ပြောလိုက်သည်။





ထိုသို့ မပြော၍ မဖြစ်။

အမေက ဇွတ်လုပ်တတ်သည်။ တစ်ခုခုဆို သူနှင့်ညိုချော မျက်နှာပျက်ရမည်။

"သန်း...မင်း ငါ လက်နဲ့ရေးမှာကို ဘာလို့ ခြေနဲ့ ဖျက်ချင်ရတာလဲ။ ညိုချောက မင်းထက် အသက်အများကြီးငယ်တယ်။ နုသေးတယ်၊ ကြိုးစားတယ်၊ ရုပ်လေးဆိုရင်လည်း ညိုစိမ့်စိမ့်နဲ့ ဘယ်လောက်ချစ်ဖို့ကောင်းလဲ...အလိုက်က သိသေး"

"............"

"အင်း...သူမ အားနည်းချက်ဆိုလို့ ပညာမတတ်တာလေး တစ်ခုပဲ ရှိတယ်။ အိုး...ဘာပဲဖြစ်ဖြစ် 'ကျွန်ကုလား...မယား တော်သူ' ဆိုတဲ့စကားကလည်း ရှိသားပဲ။ မင်း သူနဲ့ယူရင် မင်း နစ်နာမယ်လို့ ထင်နေတာလား"

"အမေကလည်းဗျာ...မဆိုင်တာတွေ ဘာလို့လျှောက်ပြောနေတာလဲ။ ညိုချော ကြားသွားရင်လည်း မကောင်းဘူး။ ဘာမှမဆိုင်ဘူး...ကျွန်တော် ညိုချောအပေါ်မှာ ညီမလေးတစ်ယောက်လိုပဲ ချစ်တယ်"

ဟင့်...ဟင့်...

ထရံရဲ့တစ်ဖက်မှာ ရပ်နေသော ညိုချောဆိုသည့်မိန်းကလေး ရဲ့ကြိတ်ရှိုက်သံ ဖြစ်သည်။

အစ်ကိုရယ်...

မျက်ရည်တို့က အလုအယက်ကျလာသည်။ ဆယ်ကျော်သက် အရွယ် မနူးမနပ်ကလေးမို့ သူမလေးသည် သစ်ရွက်လှုပ်တိုင်း

ငိုတတ်ရယ်တတ်သောသူ ဖြစ်သည်။

ငါ ဒီမှာ မျက်ရည်ကျနေတာ သူများမြင်ရင်…

လက်ထဲတွင်ကိုင်ထားသော လင်ဗန်းကို ပန်းကန်ဆေးစင်ပေါ် တင်ခဲ့ပြီး ညိုချော သူမရဲ့အိပ်ခန်းလေးအတွင်းသို့ ပြေးဝင်ခဲ့သည်။

"အစ်ကိုရယ်…ဟင့်…ဟင့်"

ခေါင်းအုံးလေးအပေါ် မျက်နှာအပ်ရင်း သူမ အသံမထွက်ရဲ ထွက်ရဲနှင့် တိုးတိတ်စွာ ငိုကြွေးမိသည်။

"ကျွန်တော် ညိုချောအပေါ် ညီမလေးတစ်ယောက်လို ချစ်တယ်"

အစ်ကို့ရဲ့စကားက နားထဲသို့ စိမ်းကားစွာ တိုးဝင်လာသည်။

တကယ်တော့ အစ်ကိုနဲ့ညိုချောသည် မောင်နှမတော်ရင် လည်းရသည်။ မတော်ရင်လည်းရသည်။ သို့သော် အစ်ကိုက သူမ ကို ညီမလေးတစ်ယောက်လိုတော့ ဂရုစိုက်ပါသည်။

ဒါပေမဲ့ ညိုချောကတော့…

ကြမ်းတမ်းခက်ထန်သော သူမရဲ့ဘဝတွင် အစ်ကိုက မထီ မေခလာပင် ဖြစ်သည်။

အစ်ကိုတို့အိမ် မရောက်ခင်က သူမသည် ရွာတွင် ဆင်းဆင်း ရဲရဲနေရသည်။

အမေက နောက်အိမ်ထောင်ထူထားသဖြင့် နောက်အိမ်ထောင် နှင့် ကလေး (၄)ယောက်။

ပထွေးက လယ်ယာအလုပ်ကိုလည်း လက်ကြောတင်းအောင် မလုပ်။ အချိန်ပြည့်မူးရူးနေသည်။ ကိုယ်တိုင်ကိုယ်ကျ မလုပ်နိုင်





[illegible] လယ်တွေ သူများကို ငှားရသည်။

နောက်ဆုံး သူမတို့ရဲ့ဘဝမှာ လက်ရှိမှ လက်မဲ့ဘဝသို့ ရောက် [illegible]သည်။

ထိုစဉ်က ညိုချော (၅) တန်းကျောင်းသူပဲ ရှိသေးသည်။ [illegible]ချော့ရဲ့အောက်တွင် ဖုံတွေ စည်တီးလို့ရသည့်အရွယ် မတိမ်း [illegible] အမေတူ အဖေကွဲ မောင်နှမက (၄)ယောက်။

နောက်တော့ ညိုချော (၅)တန်းနှင့် ကျောင်းထွက်ရသည်။ [illegible]က ရပ်တကာ ရွာတကာလှည့်ပြီး ဈေးရောင်းသည်။

သူမက သူများလယ်မှာ ပျိုးအငှားနုတ်ရသည်။ လယ်အငှား [illegible]စိုက်ရသည်။

ပထွေးကတော့ ထုံးစံအတိုင်း နေညိုရင် လေပျံပြီး အိမ်ပြန် [illegible]တတ်သည်။

အလုပ်များကို အဆက်မပြတ်လုပ်နေရသော ညိုချောမှာ [illegible]ယ်ရောက်တော့ တောင့်တောင့်ဖြောင့်ဖြောင့်၊ ချောချောလှလှ။

ရွာထဲက ကာလသားတွေရဲ့ ပိုးပန်းမှုကိုခံရသည်။

သို့သော် သူမ စိတ်မဝင်စား။ နှုတ်ခမ်းပုံချင်း မီးမှုတ်ရမည့် [illegible]ကို သူမ ကြောက်သည်။ ဆင်းရဲခြင်း၏ ခါးသက်မှုကို သူမ [illegible]ဆိုင်ချင်တော့။ ထို့ကြောင့် အချစ်ရေးနှင့် သူမ ဝေးနိုင်သမျှ [illegible]နိုင်အောင်နေခဲ့သည်။

နောက်တော့ ပထွေးရဲ့ ရိသဲ့သဲ့လုပ်ခြင်းကို ခံရသည်။

"နာမည်က…"

"ညိုချောပါ…အ…အစ်ကို"

"ဪ...အေး...နာမည်နဲ့လူနဲ့ လိုက်ပါတယ်"

ကိုယ့်ရှေ့တွင်ရပ်နေသည့် ခပ်ချောချောလူကြောင့် ခြေထော မနိုင်ချင်တော့ပေ။

အရပ်ကလည်း အမြင့်ကြီး။ အသားညိုညိုနှင့် မျက်လုံ မျက်ခုံးကောင်းသူ။ မျက်မှန်တပ်ထားသည်။ ပုဆိုးနှင့်ရှပ်အင် လက်တိုကို ဝတ်ဆင်ထားပေမယ့် သူမအတွက် မင်းသားတစ်ပ ဖြစ်ခဲ့သည်။

"ညည်းနဲ့အစ်ကို (၃)ဝမ်းကွဲလောက် တော်တယ်။ တော်ခ လို့လည်း ရတယ်။ မတော်ချင်လို့လည်း ရတယ်"

"အမေကလဲ"

ဆေးလိပ်ကို ဖွာရှိုက်ရင်း ပြောနေတာမို့ ရှေ့တွင်ရှိသောလူ အားနာ၍ အမေ့ကို ဟန့်မိသည်။ အစ်ကိုကတော့ ...

"ဆိုင်မှာကလည်း အမေ့အတွက် မိန်းမဖော်ကလည် လိုတယ်လေ အရီး...ညိုချောသာ လိုက်ခဲ့မယ်ဆိုရင် အမေ ဝမ်းသာရှာမှာ...သူ့အတွက် နေစရိတ်၊ စားစရိတ်လည်း မပူနဲ့။ လ လည်း ပေးဦးမှာပါ"

ဒီလိုနဲ့ ညိုချောက အစ်ကိုတို့အိမ်ပေါ် ရောက်ခဲ့ရသည် အကြီး (အစ်ကို့အမေ) ကို ပြုစုရတာ ညိုချောအတွက် အပန်းမ ပါ။ ရွာမှာတောင် ဒီထက်ကြမ်းတမ်းသောအလုပ်တွေ လုပ်ခဲ့ရသေ သည်။

နေပူမထွက်ရဘဲ နေရိပ်ထဲတွင် (၃) (၄) နှစ်လောက်နေ ပြီမို့ အသားညိုသော ညိုချောတစ်ယောက် ဝင်းဝင်းပပနှင့် စို





လာသည်။ ရုပ်ခန္ဓာသာမက စိတ်လေးပါပြောင်းလာသည်။

သူမကို အမြဲတမ်း ဂရုစိုက်တတ်သော အစ်ကို့ကို စိတ်ဝင်စား မိသည့် သူမမှာ အပြစ်ရှိလို့လား။

ဘာမှအပြစ်မရှိသော သူမကို အစ်ကိုက ဘာကြောင့်ငြင်းရ တာလဲ။

အစ်ကိုရယ်...

♥

# အခန်း |၃|

"ညီချော"

"............"

"ညီချော...ငါခေါ်နေတာ မကြားဘူးလား"

"ရှင်...အစ်ကို"

"ရှင်ဆိုတာကို နောက်မှထား...လူ အရင်လာခဲ့"

မနက်စောစော အိမ်မကြီးဆီမှ သခ်ရဲ့အော်သံက ဟိန်းထွက်လာသည်။

"ဟဲ့...ဘာဖြစ်တာတုံး"

ကိုယ့်သား တစ်ခါမှ ထိုသို့ ဒေါသတကြီး မအော်တတ်သဖြင့် ဒေါ်ပဲမြစ် လက်ဖက်ရည်ဆိုင်ထဲမှ အိမ်မကြီးသို့ ဖြေးဖြေးချင်း လျှောက်လာသည်။

"ဒါ...ဘယ်လိုဖြစ်တာလဲ"

"ဟို..."





ကျွန်တော် မြှောက်ပြသော ရှပ်အင်္ကျီကိုကြည့်ပြီး ညီချောက ဟိုဟိုဒီဒီနှင့် အူကြောင်ကြောင် လုပ်နေသည်။

"ပြောစမ်းပါဦး"

"အဲ...အဲဒါကလေ...ဟို...ဟို"

"နင် ဒါလေးတောင်မှ စေတနာရှိရှိ မလုပ်ပေးနိုင်ဘူးလား"

"ညီ...ညီချော တောင်းပန်ပါတယ် အစ်ကို"

"တောင်းပန်ရုံနဲ့ ဟောဒီအင်္ကျီက အကောင်းပကတိ ဖြစ်လာမှာမို့လား။ အလုပ်လုပ်ရင် စိတ်ပါလက်ပါ မလုပ်ဘူး။ နင့်ရဲ့စိတ်တွေ ဘယ်ရောက်နေလို့ အင်္ကျီတစ်ထည်လုံး မီးကြွေကျွမ်းတာ သိရတာလဲ"

"အဟင့်...ဟင့်"

"ငိုမနေနဲ့...ပြောလိုက်ရင် မျက်ရည်ကျဖို့ပဲ...ထစ်ခနဲဆို မျက်ရည်...နင် မင်းသမီးပဲလုပ်စားတော့"

ကျွန်တော် ဒေါသမထိန်းနိုင်ဘဲ မီးကျွမ်းနေသော အင်္ကျီကို ညီချောဆီ လှမ်းပစ်ပေါက်ပြီး အော်ပြောလိုက်သည်။

ဒီနေ့ ရုံးမှာ စစ်ဆေးရေးရှိ၍ လူကြီးလာမည်။ ထိုအတွက်ကြောင့် ခါတိုင်းလို စတပ်ကော်လံနှင့် မရတော့။ အပေါ်က တိုက်ပုံထပ်ရမည်။

တိုက်ပုံဝတ်ဖို့ဖြန့်လိုက်တော့ ရင်ဘတ်ရှေ့တွင် မီးကြွေကျွမ်းသည့်အကွက်ကြီးက ထင်းထင်းကြီး။

"ဟဲ့...ဟဲ့...ဒါ...ဘာဖြစ်ကြတာတုံး"

ဒေါ်ပဲမြစ် အိမ်ကြီးပေါ်ရောက်သွားတော့ တစ်ယောက်က

ခါးကြီးထောက်၍ မျက်နှာကြီး ပုပ်သိုးနေသည်။ နောက်တစ်ယောက်က အင်္ကျီပွေ့ပြီး ငိုနေသည်။

"သမီး…အမေ မေးနေတယ်လေ"

"ကျွန်တော့်ကို မေးမနေနဲ့။ အမေ့တူမပဲ မေးတော့… တောက်…ငါပြောရင်း ဒေါသထွက်လာပြီ။ ညိုချောကွာ… သွားစမ်းဟာ"

"ဟဲ့"

ခွေးမောင်းသလို မောင်းထုတ်ခံရ၍ ညိုချော အင်္ကျီကို ပွေ့ပိုက်ပြီး အပြင်သို့ အငိုမျက်နှာနှင့် ထွက်သွားသည်။

သားဖြစ်သူရဲ့အရိပ်အချည်ကိုကြည့်ပြီး ဒေါ်ပဲမြစ်လည်း အခန်းထဲမှ ထွက်သွားသည်။

"ဒီလောက်ကလေးမှ အဖြစ်မရှိရင် ဘာသွားသုံးစားမလဲ"

ကျွန်တော် ပွစိပွစိ ရေရွတ်ရင်း ဗီရိုထဲမှာ နောက်ထပ် တိုက်ပုံတစ်ထည်ကို ထုတ်လိုက်သည်။

ညိုချော…

ညိုချော…

ယခုတလော အလုပ်လုပ်တာ စိတ်နှင့်လူနှင့် ကပ်ပုံမရ။ ပန်းကန်ကိုင်ရင် ပန်းကန်ကွဲသည်။ အိုးကိုင်ရင် အိုးလွတ်ကျသည်။

ယခု သူ့အင်္ကျီလေးတစ်ထည်တည်းကို မနေ့ညက မီးကြွေ တိုက်ခိုင်းမိသည်။ အင်္ကျီမီးကျွမ်း၍ ငါးပါးမှောက်တာ အဖတ်တင်သည်။

"သမီး…ဘာမှမစားတော့ဘူးလား"

အိမ်ပေါ်ထပ်က မျက်နှာမှုန်ကုတ်ကုတ်နှင့် ဆင်းလာတော့





အမေက လှမ်းမေးသည်။

အမေ့ရဲ့နောက်ဘက်တွင် ညိုချောက ကော်ဖီခွက်ကိုင်ရင်း …မျက်နှင့် လှမ်းကြည့်သည်။

"တော်ပြီ…အမေ…အခုတောင် ရုံးနောက်ကျနေပြီ။ …ရောက်မှ အဆင်ပြေတာ စားလိုက်တော့မယ်"

ကျွန်တော် ညိုချောကို မကြည့်တော့ဘဲ ဆိုင်ရှေ့တွင် ရပ်ထားသော ဆိုင်ကယ်ဆီသို့ လျှောက်လာသည်။

ညိုချောကို ရွာက သူတို့ခေါ်လာစဉ်က အသက် (၁၆)နှစ် …ပြီ။ ယခုဆို သူမ အသက် (၁၉)နှစ် မရှိတရှိ။

ယခင်တုန်းက အသားညိုညို၊ ဆံပင်ဆီခမ်းနေသည့် သူမ …သည် ယခုတော့ ဝင်းပပ စိုပြေပြေ ဖြစ်လာသည်။

ဟင်း…

အမေ့ကို မေးထားရဦးမည်။ ညိုချော ရည်းစားတွေဘာတွေ …နေသလား မေးခိုင်းပြီး သင့်တော်တာရှိလျှင် ပေးစားခိုင်းရမည်။

မဟော်တရော်ဖြစ်လာလျှင် အိမ်ပေါ်ခေါ်တင်ထားသော သူတို့ …ဖြစ် ဖြစ်လိမ့်မည်။

ပြီးတော့ ခေတ်ကာလသည် သိပ်မကောင်းတော့။ မိန်းကလေး …တွေ အရှက်ရအကျိုးနည်းသည့်ကိစ္စကလည်း ပို၍များလာသည်။

အမေက ညိုချော အပျင်းပြေသုံးရအောင်ဆိုပြီး ဖုန်းဝယ်ပေး …ကို သူ မကန့်ကွက်ခဲ့။ ကိုယ့်အတွက် ဒီလောက်လေးနှင့် …သွားနိုင်။

သို့သော် အင်တာနက်ဆိုတာ လူတွေအတွက် သုံးတတ်ရင်

ဆေး ပျော်ဘက်ရှင်ဘေး။ Facebook ပေါ်မှာတွေ့ပြီး ချစ်ကြ ကြိုက်ကြတာလည်း ဒုနှင့်ဒေး။ မတော်တရော်လည်း ဖြစ်တတ် သေးသည်။

အင်း…ဒါကြောင့်လည်း ရှေးလူကြီးတွေပြောကြတာ ကိုယ့် အိမ်ပေါ် ယောက်ျားလေးခေါ်တင်တာ ကိစ္စမရှိဘူး။ မိန်းကလေး ခေါ်တင်တာ တာဝန်ကြီးတယ်ဆိုတာ မှန်လိုက်တာ။

"ဟော့…ကိုယ့်လူ…ဘာတွေစဉ်းစားနေတာလဲ။ ကျုပ်ခေါ် တာတောင် မထူးဘူး"

"သြော်…ကိုမင်းကျော်…ဘာမှမဟုတ်ပါဘူး။ နောက်ကျ နေတယ်မှတ်ပြီး လောလောနဲ့လာရတာ၊ ဘာမှတောင် မစားခဲ့ရဘူး။ လူကြီးပြန်ရင် ဆိုင်သွားရအောင်ဗျာ"

ဗိုက်ဆာတာကို သတိရပြီး အဖော်စပ်လိုက်သည်။

(၉)နာရီခွဲတော့ လူကြီး ရောက်လာသည်။ လူကြီးတွေက မှာစရာရှိတာတွေ မှာခဲ့၊ ကိုယ်တွေလည်း တင်ပြစရာရှိတာ တင်ပြ ပြီး လူကြီးပြန်သွားတော့ လက်ဖက်ရည်ဆိုင် ပြေးပုံက်သေးသည်။

"တွီ…တွီ"

ကိုမင်းကျော်နှင့် လက်ဖက်ရည်ဆိုင်တွင် စကားကောင်းနေ စဉ် ဖုန်းဝင်လာသည်။ ကြည့်လိုက်တော့ ရုံးက ဦးစီးမှူး မမဆီက ဖြစ်သည်။

"အလုပ်ကိစ္စပေါ်ပြီလားမသိဘူး"

"ဟယ်လို"

ကိုမင်းကျော်ကို ပြောပြီး ဖုန်းနားထောင်လိုက်သည်။





"သန်…အခု ဘယ်မှာလဲ"

"လက်ဖက်ရည်ဆိုင်မှာ မမ"

"ဆရာက မင်းကို ပြောစရာရှိလို့တဲ့…မောင်ကောင်းကို ရှာခိုင်းနေတာ"

"ဗျာ…ဟုတ်ကဲ့…ကျွန်တော် ခုပဲပြန်လာခဲ့ပါ့မယ်ခင်ဗျာ"

လက်ဖက်ရည်ဖိုးရှင်းပြီး ရုံးဘက်ပြန်လာခဲ့ကြသည်။ ညွှန်မှူး ရုံးခန်းထဲရောက်တော့…

"လာ…ထိုင်…မောင်သန်"

"ဟုတ်ကဲ့…ဆရာ"

ဆရာ ညွှန်ပြသောခုံတွင် ဝင်ထိုင်လိုက်သည်။

"မောင်သန်ကို တာဝန်တစ်ခုပေးချင်လို့ကွ"

"…………"

"ကိုယ်တို့ တာဝန်ပေးချင်တာဆိုတာထက် တစ်ဖက်ကလည်း အကူအညီတောင်းတာလည်း ပါတယ်ဆိုပါတော့"

သူ ငြိမ်သက်စွာ နားထောင်လိုက်သည်။ ညွှန်မှူးက စားပွဲ ပေါ် လက်နှစ်ဖက်တင် မေးထောက်ပြီး…

"ကိုယ်တို့ဆီ Ph.D သုတေသနစာတမ်းပြုစုဖို့ အမျိုးသမီး တစ်ယောက် လာလိမ့်မယ်"

"ဟုတ်ကဲ့ပါ ဆရာ"

"အကူအညီတောင်းတဲ့သူကတော့ ရန်ကုန်ယဉ်ကျေးမှု ပြတိုက်က ကိုယ့်သူငယ်ချင်းပဲ။ စာတမ်းလာပြုစုမယ့်သူက နိုင်ငံ ခြားကနေလာမှာ…အင်းဝမြို့ဟောင်းနဲ့ပတ်သက်ပြီး နှံ့စပ်ကျွမ်းကျင်

တဲ့လူတစ်ယောက်နဲ့ ချိုင်ပေးပါဆိုတော့ ကိုယ်က မောင်ရင့်ကို ပြေးမြင်မိတာလေ"

"အဲ့ဒါ...နောက် (၂)ရက်လောက်နေရင် လာလိမ့်မယ်။ သုတေသနနဲ့ပတ်သက်ပြီးလာမှာဆိုတော့ တည်းခိုစားသောက်ရေးကို စီစဥ်ပေးရလိမ့်မယ်။ သိမ့်သိမ့်နဲ့ တိုင်ပင်ပြီး မောင်ရင်တို့ အဆင်ပြေသလို စီစဥ်ကြပါ။ လိုအပ်တာရှိရင်လည်း ကိုယ့်ကို ပြောပါ။ သေချာကူညီပေးလိုက်ပါလို့ ကိုယ် အကူအညီတောင်းပါတယ်"

"ဟာ...ပြောနေစရာ မလိုပါဘူး ဆရာ...စိတ်ချပါ... ကျွန်တော် အဆင်ပြေအောင်လုပ်ပါ့မယ်"

ညွှန့်မှူးကို နှုတ်ဆက်ပြီး ထွက်ခဲ့သည်။ အမှန်တော့ ဤသို့ သောကိစ္စမျိုးမှာ သူ့အတွက်တော့ သိပ်မဆန်းကြယ်ပါ။

များသောအားဖြင့် အင်းဝတွင် သုတေသနစာတမ်းလုပ်သူများ လာလျှင် သူ ရှင်းပြရတာကများသည်။ သူကိုယ်တိုင်လည်း စိတ်ဝင်စားသည့်အလုပ်မို့ ထိုသို့ လုပ်ရတာက ပျော်သည်။

မမသိမ့်ကျတော့ မိန်းကလေးဆိုတော့ သိပ်အဆင်မပြေပေ။

ညွှန့်မှူးပြောတာကိုတော့ မမသိမ့်အစား ပြန်ပြောပြလိုက်သည်။ ဒါက လာရောက်မည့်သူ၏ နေရေးစားရေးကို မမသိမ့်က စီစဥ်ပေးရန် ဖြစ်သည်။

"အားတော့နာပါရဲ့...တို့မောင်လေးတော့ အလုပ်ရှုပ်ပြီ"

"ရပါတယ်...မမသိမ့်"

♥





## အခန်း ၄

"ဟယ်လို...အမိန့်ရှိပါခင်ဗျာ"

"ကျွန်မ ရတနာကြေးမုံပါ ကိုအသခ်ယာ"

"ဗျာ"

မိန်းကလေးသံနှင့် ဝင်လာသောဖုန်းမို့ ကျွန်တော် ဖုန်းကို ယောင်ဝါးဝါးနှင့် ငုံ့ကြည့်သည်။ နားနာပြန်ကပ်ကာ...

"ဘယ်သူ..."

"ရတနာကြေးမုံပါရှင်...ကျွန်မ အခု ပြတိုက်ကို ရောက်နေပါပြီ။ ဒီရောက်တော့ ရှင် ကျွန်မကို လေဆိပ်မှာ သွားကြိုနေတယ်လို့ သိရတဲ့အတွက် စိတ်မကောင်းဖြစ်မိသွားပါတယ်"

"ခင်...ခင်ဗျားက စာတမ်းလာပြုစုတဲ့..."

"ဟုတ်ကဲ့...ကျွန်မပါ"

တစ်ဖက်က ဖုန်းချသွားသည်။ တံတားဦးလေဆိပ်မှာ သူ တစ်ယောက်တည်း ယောင်လည်လည်ဖြစ်နေစဉ် ဖုန်းဝင်လာခြင်း ဖြစ်သည်။ ဆရာက နိုင်ငံခြားက လာမည်ပြောထားခြင်းကြောင့် သူက နိုင်ငံခြားသူတွေကိုပဲ လိုက်ရှာနေမိခြင်း ဖြစ်သည်။

ယခု သူကြားရတာကတော့ သြရုရှနှင့် မြန်မာစကားကို ပီသစွာ ပြောနေသော အမျိုးသမီးတစ်ယောက်၏အသံ ဖြစ်သည်။

ပြတိုက်မှာ သူမ ရောက်နေပြီဆိုသောကြောင့် ငှားလာသော ကားကို ပြတိုက်သို့ ပြန်မောင်းခိုင်းလိုက်သည်။

ဟိုရောက်တော့…

"ကျွန်မ ရတနာကြေးမုံပါရှင်"

"ဟုတ်ကဲ့…ကျွန်တော် အသခ်ယာပါ"

"ကျွန်မရဲ့စာတမ်းအတွက် ကူညီပေးမယ့်သူလို့ သိရတဲ့ အတွက် ဝမ်းလည်းသာတယ်။ ကျေးဇူးလည်းတင်ပါတယ်ရှင်"

နိုင်ငံခြားကလာပေမယ့် သူမက လက်မကမ်းပေးဘဲ ဦးခေါင်း အနည်းငယ်ညွှန့်၍ပြောခြင်း ဖြစ်သည်။

နှုတ်ဆက်စကားပြောပြီး ထိုင်လိုက်ကြသည်။

'ရတနာကြေးမုံ' ဆိုသည့်အမည်လေးက လှသလို လူက လည်း အတော်လှသည်။

သူ့အရပ်နှင့် မတိမ်းမယိမ်းမို့ သူမသည် မိန်းကလေးတွေထဲ တွင် အရပ်မြင့်သူတစ်ဦး ဖြစ်သည်။

မျက်နှာကျက မျက်နှာမသွယ်ဘဲ မေးရိုးကားသည်။ မျက်လုံး မျက်ခုံး သူ့နေရာနှင့်သူ ပြောစရာမရှိသော်လည်း ဘာမှခြယ်သထား





တာကို မတွေ့ရ။ နှုတ်ခမ်းထက်တွင်တော့ ခပ်လဲ့လဲ့ နှုတ်ခမ်းနီကို လိမ်းခြယ်ထားသည်။

ခွေလိမ်သော ဆံပင်များက ပခုံးအကျော်တွင် ပြန့်ကျဲနေသည်။ ဒူးကျပ်စကပ်အနက်ကို တီရှပ်အဖြူ၊ ဂျင်းအင်္ကျီလက်ရှည်နှင့် တွဲဝတ်ထားသည်။ သူမရဲ့ဟန်ပန်မှာ ကိုယ့်ကိုယ်ကိုယ် ယုံကြည် ချက်ရှိသူ တစ်ယောက်လို။

"ကျွန်မတို့က နိုင်ငံခြားကလာမယ်ဆိုတော့ နိုင်ငံခြားသူ ထင်နေတာရှင့်…နာမည်တော့ ပြောထားပါရဲ့…ဒါပေမဲ့ အဲ့ဒီ နာမည်ကလည်း မြန်မာမှုပြုထားတယ်မှတ်တာကိုး"

"ဟုတ်တယ်…'ရတနာကြေးမုံ' ဆိုတော့ တချို့လည်း အဲ့ဒီလိုထင်ကြတယ်လေ။ အမှန်တော့ နားလည်မှုလွဲသွားတာပါ။ ကြေးမုံက ဟိုနိုင်ငံရဲ့ ဟိုတယ်မှာ မန်နေဂျာလုပ်နေတာ (၅)နှစ် ရှိပြီလေ"

"သြော်…"

အမေရိကန်လိုနိုင်ငံမှာ မန်နေဂျာဖြစ်နေသည်ဆိုတော့ သူမရဲ့ ပညာအရည်အချင်းက တော်ရုံတော့မဖြစ်နိုင်ပေ။

ပြီးတော့ ရှင်းပြနေပုံကလည်း ဒီမှာလို ကြွားနေတဲ့ဟန်မျိုး မဟုတ်ဘဲ လိုအပ်လို့ ရှင်းပြနေသည့်ဟန်မျိုး ဖြစ်သည်။

"မာစတာလည်း အဲ့ဒီမှာပဲပြီးခဲ့တာ…ဆက်မ join ဖြစ်ဘဲ အလုပ်ဝင်ခဲ့တာ။ မနှစ်ကမှ Ph.D ဝင်ခွင့်ဖြေဖြစ်တာ"

"သြော်…ဒီမှာကျတော့ ဘယ်မြို့ကလဲ"

"ရန်ကုန်ကပါပဲ…မမ"

“မိသားစုတွေ ရှိသေးတယ်ပေါ့”

မမသိမ့်က မိန်းကလေးပီပီ အင်တာဗျူးကောင်းနေပေမယ့် တစ်ဖက်မိန်းကလေးက မျက်နှာပျက်သွားသည်။

သို့သော် နိုင်ငံတကာနှင့် ရင်ဘောင်တန်းနေသော အလုပ်လုပ်သူမို့ ချက်ချင်းပြုံးရယ်ကာ…

“ဟုတ်ကဲ့…ရှိပါသေးတယ်။ သြော်…ဒါကတော့ ဒီရုံးအဖွဲ့ကလူတွေအတွက် လက်ဆောင်ပါ။ ယောကျ်ားလေး ဘယ်နှယောက် မိန်းကလေး ဘယ်နှယောက်မှန်းမသိတော့ မှန်းဝယ်ခဲ့တာ။ အဆင်ပြေပါ့မလားမသိဘူး”

ဆက်တီပေါ်တင်ထားသော လက်ဆောင်အိတ်ကို မမသိမ့်ရှေ့ဘက်သို့ တိုးပေးရင်း ပြောလေသည်။

“ကိုအသခ်ယာ…ဟုတ်တယ်နော်…ခေါ်ရတာက မင်းသားတစ်ပါးရဲ့နာမည်လို ခံ့ခံ့ညားညားပဲ”

“ဗျာ”

“အဟင်း…နောက်တာပါ…ဒါနဲ့ ကျွန်မကို တည်းခိုဖို့ စီစဉ်ပေးထားတယ်လို့ သိရတယ်။ တစ်ချက်လောက် လိုက်ပြပေးလို့ရမလား”

“ဗျာ”

မမသိမ့်ထံ လှမ်းကြည့်တော့ မမသိမ့်က သူတို့စကားပြောနေတဲ့နေရာမှာ အာရုံမရှိ။ သူမပေးသော လက်ဆောင်ပစ္စည်းပေါ်တွင် အာရုံရောက်နေသည်။

“မမသိမ့်”





“လိုက်ပြလိုက်လေ မောင်သခ်…သြော်…ညီမ နားပြီးရင် ထမင်းစားဖို့ ထမင်းစားဆောင်ကို လိုက်ပြလိုက်ပါဦး”

“ကဲ…သွားရအောင်”

သူမှာ ချီတုန်ချတုန်နှင့် ဘာလုပ်ရမှန်းမသိဖြစ်နေစဉ် သူမက သူ့ရှေ့က ခပ်တည်တည် ထွက်သွားသည်။ တည်းခိုရမည့်နေရာတောင် ဘယ်မှာမှန်းသိရဲ့လားမသိ။

သူ မနေသာတော့ဘဲ သူမနောက်မှ ပြေးလိုက်ခဲ့သည်။

“ဒီမှာ တော်တော်ပူတာပဲနော်”

“ဟုတ်တယ်…မြို့ခံတွေတောင် ပူတယ်ဆို ရတနာကြေးမုံတို့လို ဧည့်သည်တွေအတွက်ဆို ပိုဆိုးတာပေါ့”

“ရတနာကြေးမုံ…အဟင်း…ဟင်း…ကြေးမုံလို့ပဲ ရင်းရင်းနှီးနှီးခေါ်ပါ…သူ့ကိုလည်း မမသိမ့်က မောင်သခ်လို့ ခေါ်သံကြားတယ်နော်။ ကြေးမုံ ကိုသခ်လို့ခေါ်မယ်…ရမလား”

“ရပါတယ်ဗျာ…ရင်းနှီးတဲ့သူအားလုံးက သခ်လို့ပဲ ခေါ်ကြတယ်လေ”

“အမှန်က အသခ်ယာဆိုတဲ့ နာမည်အပြည့်အစုံက လှလည်းလှတယ်။ အားမာန်လည်းပါတယ်။ ခေါ်ရတာကျတော့ စကားမြန်မြန်ပြောမယ်ဆိုရင် ခလုတ်တိုက်မှောက်ရက်လဲရော”

“ဟား…ဟား…ဟား”

“ဟင်း…ဟင်း…ဟင်း”

သူမနှင့်ကျွန်တော် နှစ်ယောက်သား ရယ်မောလိုက်ရာ အနည်းငယ် ရင်းနှီးသွားလေသည်။

“ကြေးမုံက မြန်မာစကားကို မမေ့ထားဘူးနော်”

“ဟယ်တော်…မေ့စရာလားရှင်…ကျွန်မ ကျောင်းတက်တာနဲ့ အလုပ်လုပ်တာ စုစုပေါင်း ဟိုမှာရှိနေခဲ့တာ (၁၀)နှစ်နီးပါး။ ဒါပေမဲ့ ကျွန်မရဲ့ဘာသာစကားကို မေ့ပစ်ဖို့တော့ ဘယ်ဖြစ်မလဲ။ ဒီကနေ ကျွန်မကို ဖုန်းလှမ်းဆက်ကြတာလည်း မြန်မာလို၊ ကျွန်မလည်း အိမ်မှာဆို မြန်မာစာဖတ်တယ်။ မြန်မာစကားပဲ ပြောတယ်”

“ဟိုမှာ ဆွေမျိုးသားချင်းတွေ ရှိလား”

ကျွန်တော်လည်း မမသိမ့်ရဲ့လမ်းစဉ် လိုက်မိသလားမသိ။ စပ်စုမိပြန်သည်။ မျက်နှာချင်းဆိုင်ရပ်နေတာမဟုတ်ဘဲ လမ်းယှဉ်လျှောက်နေတာမို့ သူမရဲ့မျက်နှာ မည်သို့ဖြစ်သွားသလဲ မသိလိုက်။

“ကျွန်မမာမီ ရှိတယ်လေ”

“သြော်…”

“ဒါနဲ့ ကြေးမုံ အခုလုပ်မယ့်ခေါင်းစဉ်ကို စဉ်းစားပြီးပြီလား”

ကိုယ်ရေးကိုယ်တာပြောတာက အမှားပါနိုင်တာမို့ အားနာ၍ သူမရဲ့စာတမ်းဆီ အာရုံလှည့်လိုက်သည်။

“စဉ်းစားပြီးပြီလေ…ဒီမှာ ကျွန်မ လိုချင်တဲ့အချက်အလက်အချို့ကိုယူပြီး ဟိုမှာ အရင်ဆုံး Proposal တင်ရမှာ။ ကျမ်းခေါင်းစဉ်က 'The study of cultural heritage from Innwa' လို့တော့ စဉ်းစားထားတယ်”

“သြော် ကောင်းပါတယ်ဗျာ၊ ဒါဆိုရင် ခဏဆို ပြန်ရမှာပေါ့”

“ဟုတ်တယ်…အခု proposal အတွက် လိုလောက်တဲ့ facts တွေ အရင်စုပြီးပြန်ရမှာ…ဟိုက ကျွန်မရဲ့ကျမ်းကြိုကို ဆက်ခံရင် ဒီစာတမ်း ဆက်လုပ်ရမှာပါ”

“သြော်…ဒါဆိုရင် ဒီကျမ်းကြိုက ကြေးမုံ စာတမ်းဆက်လုပ်ခွင့်…ဆက်မလုပ်ခွင့်ကို အဆုံးအဖြတ်ပေးမှာဆိုရင်လည်း မမှားဘူးပေါ့”

“ဟုတ်ပါတယ်”

“စိတ်ချပါ…ကျွန်တော် အစွမ်းကုန် ကူညီပေးပါ့မယ်။ နိုင်ငံခြားကနေ ကျွန်တော်တို့နိုင်ငံက ယဉ်ကျေးမှုအမွေအနှစ်ကို ကမ္ဘာကသိအောင် ကြိုးစားနေတဲ့ ကြေးမုံကို ကျွန်တော် မလေးစားဘဲ နေနိုင်ဘူးဗျ”

“အင်း…ဘယ်လိုပြောမလဲ…ဒါ ကျွန်မ လုပ်နိုင်တဲ့ဘောင်ထဲပါ။ လုပ်သင့်တယ်လို့ ကျွန်မ ခံယူမိတယ်။ တချို့သူငယ်ချင်းတွေကတော့ အဲဒီနိုင်ငံမှာရှိတဲ့ ရှေးဟောင်းလက်ရာတွေကို လေ့လာကြလိမ့်မယ်။ ဒီပြန်လာရင် ကုန်တဲ့ကုန်ကျစရိတ်ကလည်း မနည်းဘူးမဟုတ်လား။ ဒါပေမဲ့ လုပ်မယ်လို့ တွေးထားတဲ့ ကျွန်မကတော့ ငွေကြေးကို ထည့်မတွက်ချင်ဘူး။ ငွေကုန်ရင် ပြန်ရှာလို့ရတယ်။ ကိုယ်လုပ်ချင်တာ လုပ်ဖို့ဆိုတာက အခွင့်အရေးပေးမှလေ”

“လေးစားတယ်ဗျာ…တကယ်ပါ”

ကိုယ့်ကိုယ်ကိုယ် ရပ်တည်နိုင်ရုံသာမက မဆုတ်မနစ်သောစိတ်နှင့် ခံယူချက်ခိုင်မာသော သူမကို ကျွန်တော် စတွေ့သည့်နေ့မှာပင် တစ်ထိုင်တည်း လေးစားသွားရပါသည်။

♥

# အခန်း ၂

"ညည်းလေ အလုပ်လုပ်ရင် ရုပ်ပျာရုပ်ပျာနဲ့ ဘယ်လိုဖြစ်နေ တာလဲ ညီချော"

"သားရေ...ဘာလို့ အဲ့ဒီလောက်ထိ ပြောနေတာလဲ။ လု အမှားနဲ့ ကင်းတယ်ရယ်လို့ ရှိပါ့မလား"

အမေက ညီချောဘက်ကနေ ကာကာကွယ်ကွယ် ပြော သည်။

"ဟဲ့...ညီချော...ဖန်ခွက်ကွဲတွေ မြန်မြန်လာသိမ်းလေ"

"ဟုတ်ကဲ့...အကြီး"

"ဒုန်း"

"အ"

"တွေ့လား...အမေ...နမော်နမဲ့နဲ့ ဘယ်လောက်ထိ ရုပ်ပျာ ပျာနိုင်သလဲ"





ပြောနေသည့်ကြားမှ တံခါးနှင့် ဝင်တိုက်ဖြစ်အောင် ဝင်တိုက် နေသေးသည်။

အရင်က ညီချော ဤသို့ မဟုတ်ပါ။ ဘာပဲခိုင်းခိုင်း အမှား အယွင်း အဖိတ်အစင်ကင်း၍ အမေကတောင် ကလေးမလေး အလုပ်လုပ်တာ သပ်ရပ်တယ်၊ စည်းကမ်းရှိတယ် ပြောခဲ့သည်။

ညီချော ဂေါ်ပြားနှင့်တံမြက်စည်းယူလာတော့ သူနှင့်အမေ ဆိုင်ရှေ့သို့ ထွက်ခဲ့သည်။

"အမေ"

"ဘာလဲ"

"အမေ့ကို ကျွန်တော် ပြောစရာရှိလို့"

"ဘာလဲ...မိန်းမယူဖို့လား...ဘယ်သူနဲ့လဲ၊ ဘယ်ကလဲ... ငါ ညီချောကလွဲရင် ဘယ်မိန်းကလေးနဲ့မှ သဘောမတူဘူးနော်"

"အမေကလည်း ပြောစရာရှိပြီဆိုရင် ဒီဘူတာပဲဆိုက်နေ တယ်။ အမေ့ကို ကျွန်တော် ပြောပြီးသားနော်။ ညီချောကို ကျွန်တော် ယူလည်းမယူနိုင်ဘူး။ လက်လည်းမထပ်နိုင်ဘူး"

"မယူနိုင်ရအောင် ညီချောက နူနေလို့လား"

"ကျွတ်"

"အမ်မာ...အမေကိုတော့ ကျွတ်တွေကျက်တွေ လုပ်နေသေး၊ သခ်နော်...သခ်...ငါ မင်းကို သိပ်ကြည့်လို့မရတော့ဘူး။ ဒီမှာ ငါ့သား...စိတ်ကူးမလွဲနဲ့။ ကျွန်ကုလား မယားတောသူဆိုတဲ့စကား ရှိတယ်။ ညီချောဆို အမေတို့နဲ့ ဘယ်လောက်ထိ အတွင်းသိ အစင်း သိရှိသလဲ။ ရှိတာလည်း သူသိတယ်။ မရှိတာလည်း သူသိတယ်။

ဘာမှပူစရာ မလိုတော့ဘူး''

ကိုယ်ပြောတဲ့ ပြောစရာရှိလို့ဆိုတာ မပြောရသေးဘဲ အမေ ပြောတာကို အောင့်အီးပြီး နားထောင်နေရသည်။

ဆိုင်ထဲလည်းမဝင်၊ ဆိုင်နောက်လည်းမကျ သားအမိ နှစ်ယောက် တွက်ထိုးနေတာကို အဖေက မျက်မှောင်ကုတ်ပြီး လှမ်းကြည့်သည်။

''နောက်ပြီး…''

''အမေ…ကျွန်တော် ပြောစရာရှိတယ်ဆိုတာ မပြောရတော့ ဘူးလား''

''ဘာပြောမလို့လဲ''

အာပေါင်အာရင်းသန်သန်နှင့်ပြောဖို့ ပါးစပ်ဟလိုက်သော အမေက သူကြားဖြတ်ဝင်ပြောသဖြင့် မကြည်သည့်မျက်နှာနှင့် လှမ်းမေးသည်။

''ညိုချောအကြောင်း''

''အေးလေ…ခုလည်း ညိုချောအကြောင်းပြောနေတာလေ''

''ကျွန်တော်ပြောချင်တာကို အမေ အရင်နားထောင်ပေးပါဦး ဗျာ''

အမေ ကြားဝင်ဖြတ်ဖြတ်ပြောမှာစိုး၍ ရှိုးမတတ် တောင်းပန် ပြောမှ အမေက…

''ဘာလဲ''

''ညိုချောကို ကြည့်ရတာ ခုတလော မူမမှန်ဘူး''

''ဟေ…''





သူ ကျွန်တော့်စကားကြောင့် အမေက ကျွန်တော့်ကို မျက်လုံး ကြီးကြီးနှင့် လှမ်းကြည့်သည်။ ညိုချော ဒီထဲကို ဝင်မလာခင် မြန်မြန် ပြောရမှာမို့ ကျွန်တော့်စကားကို ရှေ့ဆက်လိုက်သည်။

''ဟုတ်တယ် အမေ…ခုတလော သူဘာလုပ်လုပ် အမှားမှား အယွင်းယွင်း၊ ဖိတ်ဖိတ်စင်စင်နဲ့…လူက စိတ်နဲ့လူနဲ့ မကပ်သလိုပဲ''

''ဟဲ့…မင်းစကားက ဘယ်လိုကြီးတုံး၊ လာ…လာ…ခုံမှာ သွားထိုင်ပြီး ပြောရအောင်''

အမေက ကျွန်တော့်စကားကို စိတ်ဝင်စားသွားသည်။ လူမရှိ သော စားပွဲဝိုင်းတွင် သားအမိနှစ်ယောက် ထိုင်လိုက်သည်။

အဖေက ကောင်တာထက်မှ…

''ဟေ့…အဲ့သားအမိနှစ်ယောက် ဘာလုပ်နေကြတာလဲ''

အမေက လက်ပဲကာပြပြီး…

''အဲဒီတော့ မင်း ဘာပြောချင်တာလဲ''

''အမေ…သူ့ကို ဖုန်းဝယ်ပေးထားတယ်မဟုတ်လား''

''ဟုတ်တာပဲသိနေတဲ့ကိစ္စကို ဘာလို့ ထပ်ခါထပ်ခါ လာမေး နေရတာလဲ။ ဖုန်းတစ်လုံးဝယ်ပေးရတာနဲ့ ကျုပ်တို့ ဘာမှဖြစ်မသွား ဘူး…သိ''

ရော်…

ကျွန်တော်ပြောချင်တာက ဖုန်းဝယ်ပေးသည့်ကိစ္စ မဟုတ်။ အမေ့သဘောက ကျွန်တော်ကပဲ ဖုန်းကို နှမြောနေတဲ့လူလိုလို။

''ဒီမှာ အမေ…ခုဆို လူတွေက အချိန်ပြည့် အင်တာနက်နဲ့ အချိန်ကုန်နေတာ။ Facebook ဆိုတာလည်း သူတို့ရဲ့ကမ္ဘာလို

ထင်နေတာ။ အမြဲတမ်း အွန်လိုင်းပေါ်မှာ…လူက အွန်လိုင်းပေါ်မှာ မရှိရင် စိတ်က အွန်လိုင်းပေါ်ရောက်နေပြီ"

"နေ…နေပါဦး…ဘာနက်"

"အင်တာနက်ပါ အမေ"

"မင်းပြောတော့ အင်တာနက်တို့…ဖေ့ဘုတ်တို့…အွန်လိုင်းတို့ဆိုတာ ငါလည်း နားမလည်ပါလား။ အဲဒါက ဘာလဲ…ဘာလုပ်ရတာလဲ။ အလည်အပတ်သွားရတဲ့နေရာလား"

"အလည်အပတ်သွားရတာတော့ ဟုတ်တယ်။ ဒါပေမဲ့ အမေပြောသလို လူကိုယ်တိုင် သွားလည်တာမဟုတ်ဘူး။ စိတ်ကူးနဲ့ သွားလည်တာ။ စိတ်ကူးနဲ့ မရောက်ဖူးတဲ့နေရာ ရောက်သွားတာ။ မမြင်ဖူးတဲ့ဒေသကိုသွားလည်း မမြင်ဖူးတဲ့ လူနှစ်ယောက် တွေ့ဆုံလို့ရတာ။ ဟိုး…မိုင်ချီဝေးတဲ့နေရာကလူနဲ့ အလွယ်တကူ တွေ့ဆုံနေတာ။ ကုန်ကုန်ပြောရရင် ဟိုဇနပုဒ်က အမေ တွေ့ချင်တဲ့ ဆွေမျိုးတွေ…သူတို့ အင်တာနက်သုံးရင် အမေလည်း အင်တာနက်သုံးရင် တွေ့လို့ရပြီ"

"ဟေ…အဆန်းကြီးပါလား…မင်းပြောတာနဲ့တင် ငါ စိတ်ဝင်စားလာပြီ"

ဒုက္ခပဲ…

စကားက လိုရင်း မရောက်ရသည့်အထဲ အမေကပါ Facebook ကို စိတ်ဝင်စားနေသည်ဆိုတော့ကာ…

တော်ပါသေးရဲ့။ ဒီနေ့ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်မို့ တော်သေးသည်။





ဒီထက် တော်သေးတာက 'ရတနာကြေးမုံ' နှင့် ချိန်းထားတာ …သေးသည်။ သူမဘက်က ရယ်ဒီဖြစ်လျှင် ဖုန်းဆက်လာမည်ဟု …သည်။

"ဟုတ်တယ်…အမေ စိတ်ဝင်စားမယ်ဆိုရင်လည်း စိတ်ဝင် …ရာပဲ။ မသုံးတတ်တဲ့လူတွေအတွက် Facebook ဆိုတာ မမြင် …ူးမြစ်ထင်စရာပဲ"

"…………"

"………"

"အဲ့ဒီ Facebook ပေါ်ရောက်ပြီဆိုရင် သူတို့လက်ရှိဘဝမှာ …တွေလုပ်နေသလဲ…ဘာတွေဖြစ်နေသလဲ…ဘာမှစိတ်မဝင်စား …ဘူး။ အဲ့ဒီပေါ်မှာ သူတို့ဟာ ရုပ်သိပ်လှတဲ့ မိန်းကလေး၊ သိပ် …းသာတဲ့လူ၊ သိပ်အောင်မြင်ကျော်ကြားတဲ့လူ အစရှိသဖြင့် …ပြာလို့ရတယ်။ ကိုယ်မြင်ရတာမဟုတ်တော့ ယုံတဲ့လူကလည်း …တယ်"

"ဒါဆို…အဲဒါတော့ မဟုတ်သေးပါဘူး"

"အထူးသဖြင့် တချို့လူငယ်လူရွယ်တွေအတွက် အချစ်ရေး …က်တည့်စမ်းရာ နေရာတစ်နေရာ…လူချင်းမတွေ့ကြဘူး၊ ဒါပေမဲ့ …်လိုင်းပေါ်က တွေ့ပြီး ချစ်ကြကြိုက်ကြ"

"ဩော်…ဩော်…အဲဒီလိုကြီးလားဟေ…ဒါနဲ့ နေပါဦး၊ …င်းပြောတော့ ညီချောအကြောင်း ပြောမလို့ဆို…ဘာလို့ ကျုပ်ကို …ဘုတ်တရား လာဟောနေရတာလဲ"

အမေက သူ ဘာကိုပြောနေသလဲ ခုထက်ထိ သဘောမပေါက်

သေးပုံနှင့် လှမ်းမေးသည်။

ညိုချောက ဆိုင်ထဲဝင်လာသည်။ သူနှင့်အမေ စကားပြော နေရာသို့ လျှောက်လာသဖြင့် သူက…

"အမေ…ကျွန်တော်ပြောတာ မပြီးသေးဘူး။ ညိုချောကို တခြားကိစ္စခိုင်းလိုက်"

ဟု တိုးတိုးတိတ်တိတ် ပြောရသည်။ အနားတောင်မရောက် လိုက်။ အမေခိုင်းသဖြင့် ညိုချော အိမ်ထဲသို့ရောက်သွားသည်။

"နေပါဦး…ညိုချောကိစ္စနဲ့ ဖေ့ဘုတ်ကိစ္စ ဘာဆိုင်လို့လဲ သခ်"

"အမေက ညိုချောနဲ့ အမြဲတမ်း အနီးကပ်နေနေတာဆိုတော့ ညိုချော ဖုန်းအရမ်းသုံးလား…မသုံးလား သိမှာပေါ့"

ဒေါ်ပဲမြစ်၏မျက်နှာ တွေခနဲ ဖြစ်သွားသည်။ သူ့ရှေ့မှာ တစ်မျိုး၊ ကွယ်ရာမှာတစ်မျိုး ဖုန်းနှင့် ညိုချော အလုပ်ရှုပ်နေတာ တော့ မြင်သည်။ သခ် ပြောသလို ဖေ့ဘုတ်သုံးသလား…ဘာလား တော့ မသိ။

"အေး…သုံးတယ်"

"အဲ့ဒါပြောတာ အမေ…တော်ကြာ လိုင်းပေါ်မှာ မတော် တရော်နဲ့ ရည်းစားဖြစ်နေရင် အိမ်ပေါ်ခေါ်တင်ထားတဲ့ အမေလည်း မကောင်းဘူး။ ကျွန်တော်တို့လည်း မကောင်းဘူး။ အမေ သေချာ တီးခေါက်ကြည့်ဦး"

"အေးပါတော်…အေးပါ…မင်းပြောတာနဲ့တင် ငါ ညိုချော အတွက် စိတ်ပူသွားပြီ။ ဒီကောင်မလေးက မအူမလည်လေးနဲ့





…စ်ခုခုဆို ငါတို့ပဲ ဆွေမျိုးတွေက အပြစ်တင်မှာ။ အဲ့ဒါကြောင့် …ပြောတာပေါ့ မောင်သခ်…ကိုယ့်နှမကိုယ် စောင့်ရှောက်တာပဲ …ဖြစ်လဲ။ ခုတော့ မင်းက ညိုချောကိစ္စပြောပြီဆို ကျားအမြီး …ဆွဲလိုက်ချင်သလိုနဲ့"

"အမေကလည်း"

"ဟော…တွေ့လား"

# အခန်း ၆

"ခု…ကျွန်တော်တို့ရဲ့ခရီးစဉ်ကို အရင်ဆွဲရအောင် ကြေးမုံ၊ ဘယ်ကနေစပြီး လေ့လာချင်တာလဲ"

"ကြေးမုံရဲ့ အဓိကရည်ရွယ်ချက်ကတော့ သမိုင်းဝင်တဲ့ ရှေးဟောင်းသုတေသန အနုပညာလက်ရာတို့စုစည်းရာ အဆောက်အအုံတွေကို လေ့လာချင်တယ်"

"သြော်…"

"တခြားနေရာတွေကိုတော့ Back ground အနေနဲ့ ထည့်ရေးမယ်"

"ဒါနဲ့ စကားမစပ် ကျွန်တော် မေးချင်တာက ကြေးမုံက အင်းဝခေတ်တွင်းက လက်ရာကို လေ့လာချင်တာလား"





"မဟုတ်ဘူးရှင့်…အင်းဝခေတ်တွင်းကဆိုရင် ကြေးမုံရဲ့ စာတမ်းမှာ အကျုံးဝင်မှာက 'ဗားကရာကျောင်း' တိုက်ပဲရှိတော့မှာ။ ကြေးမုံက မယ်နုအုတ်ကျောင်းလည်း လေ့လာချင်တယ်။ မယ်နုအုတ်ကျောင်းဆိုရင် ကုန်းဘောင်ခေတ်ဘက်သွားကျမလား"

"ဟုတ်ပါတယ်"

"ကုန်းဘောင်ခေတ်လက်ရာ တော်တော်များများလည်းရှိနေတော့ အင်းဝခေတ်လက်ရာလို့ ဖော်ပြလို့မရတော့ဘူး။ ဘာလို့လဲဆို ခေတ်နဲ့ ပိုင်းခြားလိုက်မယ်ဆိုရင် သူ့ခေတ်အတွင်းမှာရှိတဲ့ လက်ရာတွေကိုပဲ ကြေးမုံတို့ လေ့လာရတော့မှာ"

"ဟုတ်ပါတယ်…အဲ့ဒီလိုဆိုရင်တော့ စောစောတုန်းက ကြေးမုံပြောသလို ဘောင်ကျဉ်းသွားနိုင်တယ်။ ဒီမှာကျတော့ ခေတ်နဲ့ ပြောမယ်ဆိုရင် အင်းဝမတိုင်မီခေတ်၊ ပထမ အင်းဝခေတ်၊ ဒုတိယ အင်းဝခေတ်နဲ့ ကုန်းဘောင်ခေတ်ဆိုပြီး ပိုင်းခြားလေ့လာလို့ရတယ်လေ"

ကြေးမုံက သူမ ယူလာသည့်စာအုပ်စာတမ်းတွေကို ထိုင်ခုံပေါ် ပြောင်းရွှေ့တင်လိုက်သည်။

ကျွန်တော်နှင့်သူမက မျက်နှာချင်းဆိုင်ထိုင်နေကြခြင်း ဖြစ်သည်။

သူမနှင့်ကျွန်တော်၏ အလယ်စားပွဲခုံတွင် အင်းဝမြို့ဟောင်းရဲ့ မြေပုံရှိသည်။

ထိုမြေပုံပေါ်မှာ တံတားဦးထိပ်က မဟာဓေယျပထတံတားကို လက်ညှိုးနှင့်ထောက်ပြကာ…

"ဟောဒီတံတားပေါ်က အုတ်ဆောင်တွေရဲ့လက်ရာတွေလည်း ကျွန်မ လေ့လာမယ့်ထဲမှာပါတယ်။ နောက်…ဆင်ကျုံးခံတပ်…မြန်မာနိုင်ငံမှာ ခံတပ်ကြီး (၄)ခုရှိတဲ့အနက်ထဲက တစ်ခု။ နောက်…ဒီဆင်ကျုံးခံတပ် (ဝါ) အင်းဝခံတပ်ကို နောက်တစ်မျိုး ခေါ်သေးတယ်ဆို"

"ဟုတ်တယ်…ဆင်ကျုံးခံတပ်ကို ဒေသခံတွေ တော်တော်များများက အင်္ဂလိပ်တွေကို စစ်မတိုက်ရလို့ မတိုက်လိုက်ရတဲ့ခံတပ်လို့ ပြောကြတယ်"

ကြေးမုံရဲ့မျက်နှာမှာ ခပ်ငေးငေးဖြစ်သွားပြီး…

"သြော်…အဲ့ဒီလိုလား"

သူမက မြေပုံကြမ်းပေါ်က အညွှန်းတွေကို လိုက်ကြည့်ပြီး ငြိမ်နေတာမို့ ကျွန်တော်လည်း ဘာမှမပြောဘဲ အသာလေးကြည့်နေလိုက်သည်။

သူမသည် ယနေ့တော့ ခေါင်းစွပ်အင်္ကျီ လက်စကနှင့် ဘောင်းဘီပွပွကြီးကို ဝတ်ဆင်ထားသည်။

ဖုန်းလှမ်းဆက်တော့ ကျွန်တော် သူမတည်နေရာသို့ ရောက်လျှင် ချက်ချင်းထွက်မည်မှတ်ခဲ့သည်။

သို့သော် သူမက မြေပုံတွေ၊ စာအုပ်စာတမ်းတွေနှင့် အလုပ်ရှုပ်ကာ…

"အချိန်က လောလောဆယ် နှစ်ပတ်ပဲရတယ်ဆိုတော့ ကိုယ့်ကျမ်းအတွက် အရေးပါတဲ့နေရာတွေကို အမိကထားသွားဖို့တော့ စဉ်းစားထားတယ်။ တော်ကြာ အချိန်စေ့ပြီး ကြေးမုံဘက်က ရယ်ဒီ





ဖြစ်လို့ မရဘူးလေ"

"ဒါပေါ့…ဒါပေါ့…အဲဒါဆိုရင် ကြေးမုံ ဘယ်ဘက်ကို အရင်လေ့လာချင်သလဲ"

နှစ်ပတ်ဆိုတာ စာတမ်းကြိုတင်တွက်ဖို့အတွက် လေ့လာရန် လုံလောက်သည့်အချိန်ပင် ဖြစ်သည်။ သူမပြောပုံက ဒီ (၂)ပတ်လုံးကို အချိန်ပြီး လေ့လာခြင်းပေါ် အမိကထားမည်။

မှတ်စုကြမ်းတွေထုတ်ပြီး ဟိုရောက်မှ ရေးမည်ဟု ဆိုသည်။

"အဲဒါတော့ အဆင်ပြေပါ့မလား…ဒီမှာရေးရင်း လေ့လာတာက အဆင်မပြေဘူးလား"

"မပြေဘူး…မပြေရတဲ့အကြောင်းက အချိန်မရတာလေ။ ဘာမှမဖြစ်ပါဘူး၊ ဟိုရောက်မှပဲ ရေးတော့မယ်။ တစ်ခုခုလိုတယ်ဆိုရင် ကိုသန်ကို လှမ်းမေးမယ်လေ"

"အဲဒါတော့ မပူပါနဲ့"

"ဒါနဲ့ ကိုသန်…မေးလ်တွေဘာတွေ သုံးလား"

"ဟုတ်ကဲ့…ကျွန်တော် အကောင့်ဖွင့်ထားတာတော့ ရှိတယ်။ ရုံးပိုင်းဆိုင်ရာတချို့ကိစ္စကျတော့ မေးလ်နဲ့မှ အဆင်ပြေတာလေ။ နောက်ပြီး ကြေးမုံလိုပဲ တခြားနိုင်ငံကနေ လာလေ့လာမယ့်သူတချို့ဆို ကျွန်တော့်ကို မေးလ်နဲ့ ဆက်သွယ်ကြတယ်"

"ဒါဆို အတော်ပဲပေါ့"

သူမက သူမရဲ့ အီးမေးလ်လိပ်စာ ချက်ချင်းပင် ပေးသည်။ ယခုလည်းသူမ မြေပုံပေါ်လေ့လာနေတုန်း ကျွန်တော် သူမ မေးလ်နှင့် ချိတ်ဆက်ကြည့်လိုက်သည်။

"ဒါနဲ့ ကိုသစ်…ဘာစားခဲ့ပြီးပြီလဲ"

"ကျွန်တော် လက်ဖက်ရည်နဲ့မုန့် စားခဲ့ပြီးပြီ၊ ကြေးမုံကော"

"ကြေးမုံလည်း လက်ဖက်ရည်သောက်ပြီးပြီ"

"ဘာမှမစားဘူးလား"

"နိုး…ကြေးမုံ ကိတ်မုန့်တွေ…ပေါင်မုန့်တွေကို breakfast အနေနဲ့ ဘယ်တော့မှ မစားဘူး။ ဟိုမှာဆိုရင် breakfast ကို မာမီက ကြေးမုံ ကြိုက်တတ်တာတွေ ဘယ်လောက်အချိန်ကုန်ကုန် တစ်နေ့တစ်မျိုး မရိုးနိုင်အောင် လုပ်ကျွေးတတ်တာ"

"ဪ…"

ကြေးမုံသည် သူမဇာတိအကြောင်းနှင့်ပတ်သက်၍ မေးလျှင် မျက်နှာပျက်တတ်သလောက် သူမမိခင်အကြောင်း ပြောရမည်ဆိုလျှင် မျက်လုံးတွေက တဖိတ်ဖိတ် တောက်ပသွားတတ်သည်။

"ကြေးမုံက အမေချစ်သမီးလား"

"ရှင်…ဪ…အဟင်း…"

မြေပုံပေါ် အာရုံစိုက်နေသည့် သူမက ကျွန်တော့်ရဲ့မမျှော်လင့်သောစကားကြောင့် အံ့သြသွားဟန်နှင့် ရယ်လေသည်။

ရယ်လိုက်သောအခါ သူမပုံစံက လွတ်လပ်ပေါ့ပါးသွားသည်။

တည်နေလျှင် တော်ရုံ စကားသွားမပြောရဲမည့်ရုပ်မျိုး ဖြစ်သည်။

ထို့ပြင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်ရှိသော မိန်းမတစ်ယောက်မို့လည်း ကိစ္စမရှိလျှင် အကြောင်းရှာပြီး စကားစရှာဖို့ တော်တော်ခက်ခဲမည်။





သို့သော်…သူက ဟည့်တင်းသော သူမရဲ့မျက်နှာပုံစံလည်း သဘောကျသည်။

ယောက်ျားလေးတစ်ယောက်ရှေ့ပင်ဖြစ်လင့်ကစား အနေခက်၊ မျက်နှာပျက်ရခြင်းများ မရှိပေ။ တစ်ခါတစ်ရံ သူမရှေ့ကလူတွေရဲ့ စိတ်ကိုတောင် သူမ လွှမ်းမိုးထားနိုင်သည်။

ဒါသည်လည်း စွဲဆောင်ရာနည်းလမ်းတစ်ခုပင် ဖြစ်သည်။

သူမက မြေပုံထက်တွင် သူမကိုင်ထားသော ဘောလ်ပင်အနောက်နှင့်ဖိရင်း…

"လောကကြီးမှာ ဒီသားအမိနှစ်ယောက်ပဲရှိတာ… တစ်ယောက်ကိုတစ်ယောက်မှ မချစ်ရင် ဘယ်သူ့သွားချစ်မှာလဲ"

"ဪ…"

"ကြေးမုံ…ခုလို လုပ်နိုင်ကိုင်နိုင် ပြုံးနိုင်တယ်ဆိုတာ ကြေးမုံရဲ့ဘေးမှာ မာမီ ရှိနေလို့ပါ။ လုပ်ငန်းမှာ ကြေးမုံ ဘယ်လောက်ပဲ စိတ်ညစ်ညစ်…ဒေါသဖြစ်ဖြစ် အိမ်ရောက်လို့ မာမို့မျက်နှာကို မြင်လိုက်ရင် ပိန်းကြာရွက်ပေါ် ရေမတင်သလို အားလုံး မေ့သွားပြီ"

"ကျွန်တော့်အမေလည်း အဲ့လိုပဲ…ကျွန်တော့်အတွက်တော့ လျှို့ဝှက်ချင်တာတွေ အမေ့ကို ပြောပြထားရင် ဘယ်တော့မှ အပြင်လူ မပေါက်ကြားဘူး"

"မိဘတွေဆိုတာ ဒီလိုပါပဲ"

သူမက လူအားလုံးနှင့်ချီ၍ ပြောလေသည်။ စားပွဲထက်က မြေပုံစာရွက်ကိုခေါက်…စာအုပ်ထူကြားထဲကိုညှပ်၊ ဖွင့်လက်စ ကြည့်လက်စစာအုပ်တွေကိုပိတ်…

"နေမြင့်ရင် တောက်လျှောက်ပူတော့ ...ဆိုတော့ ကြေး... ရယ်ဒီဖြစ်ရင် ကျွန်တော်တို့ သွားရအောင်လား"

"ကောင်းသားပဲ…ခဏလောက်စောင့်ပေးနော်"

"ရပါတယ်ဗျာ"

♥





# အခန်း |၇|

"မနက်က ကိုသခ်ပြောတာ ဒါ ဘာတံတား"

ဉယျာဉ်ကွေ့သို့ရောက်တော့ ဓေယျပထတံတားကြီးကို စမြင် ...ရသည်။ သူမက တံတားထိပ်တွင် ဆိုင်ကယ်ကို ခဏရပ်နိုင်းပြီး ...မေးသည်။

"ဓေယျပထတံတား"

"ဓေ…ယျ…ပ…ထ…တံတား…ဟုတ်လား"

သူမက တစ်လုံးချင်း ရေရွတ်ပြီး တံတားကြီးနားသို့ တိုးကပ် ...သွားသည်။

လည်ပင်းတွင် တွဲလောင်းချိတ်ထားသည့် ကင်မရာနှင့် ...တံတား၏ရှေ့မှလည်းကောင်း၊ မျက်စောင်းထိုးမှလည်းကောင်း၊ ...တံတားဦး၌လည်းကောင်း ပုံစံအမျိုးမျိုးနှင့် ရိုက်နေလေသည်။

"နှစ်ပေါင်းမြောက်မြားစွာရှိနေပြီ…တံတားကြီးရဲ့အလှ
ယုတ်လျော့မသွားဘူး။ ရှေးခေတ် ပန်းရံပညာကိုတော့ လေးစားသွ
ပြီ"

"ဒါတော့ ဟုတ်တယ်…ကြေးမုံ၊ ဒီနေ့ခေတ်မှာတော
ကြည့်ပါလား…မနေ့တစ်နေ့ကမှဆောက်တဲ့ အဆောက်အအုံတ
ရွဲ့လို့စောင်းလို့။ ဘယ်…အရင်ခေတ်က ပန်းရံပညာကို မှီမလဲ"

"ဒီတံတားကြီးက ဘယ်သူဆောက်ခဲ့တာလဲ ကိုသိန်း"

"ဦးအိုကောင်းမှုပါ ကြေးမုံ"

"ဦးအို…တချို့ သမိုင်းဆရာတွေက ဦးအိုရဲ့မိဖုရားခေါင်ကြ
မယ်နုဟာ ဖောက်ပြန်ကြတယ်လို့ ရေးတယ်။ တချို့သမိုင်းဆရာတွေ
က မောင်နှမတော်စပ်တယ်လို့ ရေးကြတယ်။ တကယ် တိတိကျကျ
ဘယ်သူမှ မသိနိုင်ဘူးလား ကိုသိန်း"

နှစ်ယောက်သား ဆိုင်ကယ်ပေါ်မတက်သေးဘဲ လက်ပိုက
စကားပြောနေကြခြင်း ဖြစ်သည်။

ကျွန်တော် သူမရဲ့မေးခွန်းကို ခေါင်းညိတ်ပြီး…

"သိနိုင်ပါတယ် ကြေးမုံ…ဦးအိုနဲ့မိဖုရားခေါင်ကြီးမယ်
ဟာ မောင်နှမအရင်းခေါက်ခေါက်ပါ။ ဘာကြောင့် ဒီလိုပြော
ဆိုရင် ဦးအို ကောင်းမှုပြုလုပ်ခဲ့တဲ့အလျှုမှာ ရေးထိုးခဲ့တာ 'အသ
ဇာတ်၊ ဥက္ကဋ္ဌဇာတိရှိတော်မူသော တောင်နန်းညာထွက်၊ ဂုရုနတ်
မောင်တော်မြတ်ရင်း၊ သတိမ္မရာဇအမည်တော်ရှိသော စလင်းမ
သည်' လို့ ရေးထိုးခဲ့တာ အခိုင်အမာ ရှိပါတယ်။ ပုဂ္ဂိုလ်ခင်
တရားမင်တယ်ဆိုသလိုပေါ့ဗျာ။ တချို့ကျလည်း အတင်းချိုး





မြောက်ရေးတာရှိတယ်။ တချို့ကျတော့ အတင်းပြစ်တင်ရေးဖွဲ့
တာလည်း ရှိတယ်"

"ဒါပေါ့…ဒါပေါ့"

ဆိုင်ကယ်ကို ဆက်မောင်းခဲ့ကြသည်။ သူမကတော့ တံတား
ကြီး၏ခံ့ညားမှုကို ရေရွတ်မဆုံးပေ။

"ဒီအင်းဝမြို့ဟောင်းထဲကို စဝင်လိုက်ကတည်းက ကြေးမုံ
စိတ်တွေ ဘာဖြစ်သွားသလဲမသိဘူး…ကိုသိန်း"

"ဘယ်လိုဖြစ်တာလဲ"

"တစ်ခုခုကို ဆုံးရှုံးလိုက်ရသလို ခံစားမိတယ်။ ဝမ်းနည်းတာ
လိုလို၊ ငိုချင်တာလိုလို…နောက်…ငါတို့မြန်မာတွေရဲ့ ရှေးဘုရင်
မင်းမြတ်တို့နေထိုင်ရာဒေသကို ရောက်နေတယ်ဆိုတဲ့အဖြေနဲ့ ပီတိ
လည်း ဖြစ်မိတယ်။ နောက်တစ်ခုက ငါတို့တွေ သူ့ကျွန်
ဘက်အောက်သာ မကျရောက်ခဲ့ရင် ငါတို့တိုင်းသူပြည်သားတို့
အနာဂတ် တစ်မျိုးတစ်ဖုံ ပြောင်းမလားပေါ့"

သူမရဲ့လေသံမှာ တွေးဆသံကို အားမလိုအားမရသံပါ ပါနေ
သည်။

တကယ်စိတ်ပါလက်ပါ လေ့လာပြုစုနေသူကို ကူညီခွင့်ရ
သဖြင့် ကျွန်တော်လည်း ပီတိဖြစ်ရပါသည်။ လိုက်ပါပို့ဆောင်ပေးရ
ကျိုးနပ်ပါသည်။

"ကြေးမုံ…နန်းတွင်းထဲရောက်ဖူးလား"

"ဘယ်နန်းတွင်းထဲလဲ…ကိုသိန်း"

"မန္တလေးနန်းတွင်းလေ"

"မရောက်ဖူးဘူး…အဲ့ဒီကိုရောက်ရင်တော့ ကြေးမုံ စိတ်
လောက်မှာမဟုတ်ဘူး။ ဘာလို့လဲဆို မြန်မာအရှင်နှစ်ပါးကို ဖမ်း
ခေါ်ဆောင်သွားတဲ့ သူ့ကျွန်မခံပြီစာတ်ကားကို ကြည့်တုန်းကတော
မျက်ရည်ကျမိတယ်။ အဲဒီနေရာကို ကိုယ်တိုင်ကိုယ်ကျရောက်သွား
ရင်တော့ ကြေးမုံ ကိုသခ်ရှေ့မှာ မျက်ရည်ကျမိမယ်ထင်တယ်"

ကျောနောက်ဘက်က ထွက်ပေါ်လာသော သူမရဲ့စကား
ကြောင့် ကျွန်တော် ရင်ထဲ လှပ်ခနဲ ဖြစ်သွားသည်။

ဒါသည်ပင် မျိုးချစ်စိတ်ဓာတ်ပင် ဖြစ်သည်။

တစ်ရပ်တစ်ပါး၌ (၁၀)နှစ်ကြာမျှ နေထိုင်နေသော်လည်း
သူမထံ၌ မျိုးချစ်စိတ်ဓာတ်များ ပျောက်ကွယ်မသွားပေ။

ဟာသလေးတစ်ခု ရှိပါသည်။

မန္တလေးကမှ တောကတက်လာသည့် အမျိုးသမီးကြီး တော
အမျိုးတွေရောက်လာတော့…

"ကျုပ်တို့တောင်ပေါ်ဒေသမှာတော့ အေးချက်အေ…တော်
ရွာမှာကော ဘယ့်နှယ်နေသလဲ" ဟု မေးလေသည်။

တောကတက်လာတာ (၂)ရက်တစ်ပိုင်း မရှိသေးသည့် အမျိုး
သမီးကြီး ဘဝမေ့တတ်ပုံကို ပြောပါသည်။

"လူတွေက ထင်ကြတယ်…သိလား…ကြေးမုံက အသည်
မာတယ်တဲ့။ အမှန်က ခံစားချက် အရမ်းနုလွန်းတာပဲ ကြေးမုံပဲ…
အဟင်း…မှာင်း"

"ကျွန်တော်တော့ အဲ့ဒီလိုမထင်ဘူး။ ကြေးမုံက မိန်းမ ပီသ
တာပါ။ မိန်းမ ပီသလို့လည်း ဝမ်းနည်းသင့်တာ ဝမ်းနည်းတယ်





သင့်တာ ခံစားတတ်တယ်"

"နိုး…နိုး"

သူမက ရယ်သံနှင့် ငြင်းဆန်သော်လည်း ဘာစကားမှ
တော့ပေ။

"အတုလမာရ်အောင်စေတီ ခဏဝင်မလား ကြေးမုံ…အဲဒီ
တော်က ဒုတိယအင်းဝခေတ်…ဒါမှမဟုတ် ညောင်ရမ်းခေတ်
ရာလေ…ကြေးမုံရဲ့ စာတမ်းမှာ ခေတ်အစုံ လေ့လာနိုင်ရင်
ကောင်းမလားလို့ ကျွန်တော် ထင်တယ်"

"ကောင်းတာပေါ့…ဒါမှ လက်ရာတစ်ခုနဲ့တစ်ခု နှိုင်းယှဉ်
မှာပေါ့"

သူမဆီက ခွင့်ပြုချက်ရတော့ ကျွန်တော်တို့ အတုလ
အောင်စေတီသို့ ဆိုင်ကယ်ကို မောင်းဝင်လိုက်သည်။

"အိုး…အမြင့်ကြီးပဲနော်"

အဝိုင်းရှည်မြင့်မြင့်ကြီးလိုနှင့် အပေါ်ထိ လှေကားထစ်တွေ
တက်သွားလို့ရသော အတုလမာရ်အောင်ရှေ့သို့ရောက်တော့
က အံ့ဩတကြီး ပြောလေသည်။

"ကျွန်တော်တို့…တက်ကြမလား ကြေးမုံ"

"တက်မယ်လေ…ခဏနော်"

မတက်ခင် သူမက စေတီတော်အား ဓာတ်ပုံအမျိုးမျိုး ရိုက်နေ
သည်။ ပြီးမှ ကျွန်တော်တို့ အပေါ်သို့တက်ကြသည်။

"ရလား…ကြေးမုံ…မောရင် ခဏနားလေ"

"ရပါတယ်…မမောပါဘူး"

ဟိုက်နေအောင် တက်ရပါသည်။ အပေါ်သို့ရောက်တော့ ကျွန်တော်တို့ ရင်ပြင်ပေါ် ထိုင်နားကြပါသည်။

"ဟိုအရှေ့တောင်ဘက်က 'လောကဒုသသမာရ်အောင်စေတီ' လေ...ကြေးမုံ"

သူမက ကျွန်တော် ညွှန်ပြရာဆီသို့ကြည့်ပြီး ဓာတ်ပုံရိုက်သည်။ ပြီးတော့ နှစ်ယောက်သား ယှဉ်ပြီးထိုင်ကြသည်။

စေတီတော်က အတော်မြင့်သဖြင့် လေလေးက တဖြူးဖြူး တိုက်ခတ်နေသည်။ (၁၀)နာရီကျော်မို့ နေပူရှိန်က သိပ်မပြင်းသေးပေ။

လေ၏သယ်ဆောင်မှုကြောင့် သူမထံမှ ရေမွှေးနံ့ကို တစ်ခါတလေ လေအငွေ့မှာ ရတတ်ပါသည်။

ဒီကိုထွက်လာခါနီးတော့ သူမက အဝတ်အစားထွက်သွားလဲသည်။

ထဘီစကတ်နက်ပြာနှင့် ဘလောက်အင်္ကျီ မိုးပြာဖျော့ဖျော့ကို ဝတ်ဆင်ထားသဖြင့် သူမပုံစံက ပေါ့ပေါ့ပါးပါးဟန် ရှိသည်။

သူနှင့်သူမ အသက်အရွယ် မတိမ်းမယိမ်းမို့ သူမလည်း (၃၀) ဝန်းကျင်တော့ ရှိမည်။ သို့သော် (၃၀) ဟု မထင်ရလောက်အောင် သူမပုံစံက နုပျိုသည်။

"ကြည့်လှချည်လား ကိုသစ်"

"ဗျာ"

မျက်နှာထက်တွင် လေ၏မွှေနှောင့်ခြင်းကို ခံရသည့်ဆံနွယ်များကို သူမ သိမ်းတင်ရင်း ကျွန်တော့်ကို မကြည့်ဘဲ ပြောလေသည်။





ကျွန်တော် မျက်နှာနီရဲသွားမိသည်။ ကျွန်တော့်ဘဝတွင် မိန်းကလေးကိုမှ ဤသို့ တရိုက်မတ်မတ် မကြည့်ခဲ့ဖူးတာ ခဲ့ရသည်။

သူမနှင့်မှ တွေ့တာလည်း မကြာသေးဘဲနှင့်ကို စိတ်က လို ရင်းနှီးနေခဲ့သည်။ နှစ်ပေါင်းများစွာ ခင်နေကြသည့် ဦးလို...။

"ကိုသစ်က အိမ်ထောင်နဲ့လား"

"ဗျာ...ဟာ...မဟုတ်ရပါဘူး။ ဘုရားပေးပေး...ကျမ်းပေး ...ကျွန်တော် လူပျိုစစ်စစ်ပါ ကြေးမုံရာ...မေးမှမေးတတ်တယ်"

"အဟင်း...ဟင်း...ဟင်း"

ဖျပ်ဖျပ်လူး ငြင်းပယ်မိသော ကျွန်တော့်ပုံစံကို သူမက ဘောကျစွာ ရယ်လေသည်။ ဒီတော့မှ သူ ကျွန်တော့်ကို စနောက် ခံစားမိသည်။

ရယ်လိုက်တဲ့အခါ တစ်မျိုးတစ်ဖုံ ဆွဲဆောင်တတ်သည်။ မိန်းမ သောမျက်နှာသည် လေးထောင့်ဆန်ချင်သလိုလို၊ သွယ်လျ သောမျက်နှာ၌ မပါဝင်ပေ။

"ကိုသစ်က အင်းဝသားလား"

"ဟုတ်တယ်...အင်းဝက ကျွန်တော့်ရဲ့ဇာတိချက်မြှုပ်ဒေသ ...အဖေ အမေ၊ အဘိုးအဘွားလက်ထက်ကတည်းက ဒီဇာတိ ...အဘွားဆို သူ့ကိုယ်သူ အနွယ်တော်လို့ လူတကာကို ိုက်လိုက်ပြောနေတော့တာ"

"ဟုတ်ရင်လည်း ဟုတ်မှာပေါ့ရှင်"

"မသိဘူးဗျာ…ကျွန်တော်တော့ အဘွားရဲ့စကားကြောင့် မနေတတ် မထိုင်တတ်ကိုဖြစ်ရော"

အမောဖြေရင်း သူမနှင့်ကျွန်တော် စကားလက်ဆုံကျသွားသည်။ သူမက ပခုံးတွင် လွယ်ထားသော သားရေအိတ်ညိုကို ပေါင်ပေါ်တင်သည်။

အိတ်ထဲမှာ စာရွက်စာတမ်းတချို့ကို ထုတ်ပြီး…

"ကြေးမုံ…ဒါတွေ လိုက်လေ့လာရုံနဲ့ မပြီးသေးဘူးရှင့် အင်းဝခေတ်သမိုင်းကိုလည်း နည်းနည်းသိချင်တယ်…ကိုသန်း ရှင်းပြပေးလို့ရမလား"

သူမက ကျွန်တော့်နား အနည်းငယ်တိုးပြီး စာရွက်နှင့် ဘောလ်ပင် ကမ်းပေးပြီး မေးလေသည်။ လှုချင်းနီးကပ်သွားတော့ သူမထံမှ ရေမွှေးနံ့က ပို၍ သင်းပျံ့လာသည်။

ကျွန်တော် သူမရဲ့လက်ထဲက ဘောလ်ပင်နှင့်စာရွက်ကိုယူပြီး

"ကျွန်တော့်အသိ စာရေးဆရာ ဗိုလ်ရှုပ် (ရတနာပူရ) ရေးထားတဲ့ အင်းဝနဲ့ပတ်သက်တဲ့စာအုပ် ကြေးမုံကို လက်ဆောင် ပေးမယ်။ အဲ့ဒီထဲမှာတော့ ပြည့်ပြည့်စုံစုံ ဖော်ပြထားတာရှိတယ်။ ပါးစပ်နဲ့ပြောရုံကျ အမှားပါသွားနိုင်တယ်"

"ဟုတ်တယ်…ဒါနဲ့ ကြေးမုံတို့ ခရီးဆက်ကြရအောင်လား ကိုသန်း"

"ကောင်းပါပြီ…အခု ကြေးမုံ ဘယ်ကိုသွားချင်လဲ"

သူမက မှတ်စုစာအုပ်ကို ငုံ့ကြည့်ပြီး…





"အခု…မဟာအောင်မြေဘုံစံအုတ်ကျောင်းကို သွားကြရအောင်လေ"

"သြော်…မယ်နုအုတ်ကျောင်းလား…ရပါတယ်"

ကျွန်တော်တို့နှစ်ယောက် မယ်နုအုတ်ကျောင်းရှိရာသို့ ခရီးဆက်ခဲ့ကြသည်။

♥

# အခန်း [၈]

"အုတ်ကျောင်းအကြောင်း မလေ့လာခင် မိဖုရားခေါင်ကြီး မယ်နုအကြောင်း ပြောမှ ပိုပြည့်စုံမယ်လို့ ထင်ပါတယ် ကြေးမုံ"

"ဟုတ်လား…ပြောကြည့်လေ…မယ်နုအကြောင်း ကြေးမုံ အနည်းငယ် လေ့လာထားတာတော့ ရှိတယ်။ ဒါပေမဲ့ ဒီနယ်သား ဖြစ်တဲ့ ကိုသန်ပြောတော့ ပိုပြည့်စုံမယ်ထင်တယ်။ ဒါဆိုရင် အုတ်ကျောင်းထဲမဝင်ဘဲ ဟော…ဟိုအရိပ်အောက်မှာ ထိုင်ပြောကြရင် မကောင်းဘူးလား ကိုသန်"

သူမက အုတ်ကျောင်းအဝင်ဝက သစ်ပင်ရိပ်အောက်ကို ညွှန်ပြလေသည်။

"သိပ်ကောင်းတာပေါ့"

သစ်ပင်ရိပ်အောက်တွင် မြက်ပင်နုနုများက သဘာဝ ကော်ဇောသဖွယ် ဖြစ်နေသည်။





သူမက ဖိနပ်တစ်ဖက်ကို ပူးပြီး သိုပေါ်တွင် ထိုင်ချသည်။ ကျွန်တော်လည်း သူမနည်းတူ သူမရဲ့ဘေးတွင် ထိုင်လိုက်သည်။

ကောင်းကင်ကြီးအောက်တွင် အုတ်ကျောင်းသည် ခမ်းနား လှပနေသည်။

"တချို့က မယ်နုကို အရပ်သူ ငါးစိမ်းသည်လို့ အမျိုးမျိုး ပြောကြတယ်။ တကယ်တော့ မိဖုရားခေါင်ကြီးမယ်နုက သီဟ ကျော်စွာဘွဲ့ရ ထောင်သင်းမှူးဦးလှုပ်နဲ့ဒေါ်ငယ်တို့က အင်းဝမြို့ အတွင်းစံရာအရာမှာ မွေးဖွားခဲ့တာပါ"

"သြော်…"

သူမက စာအုပ်ထဲလည်းမှတ်၊ ကျွန်တော်ပြောတာကိုလည်း စိတ်ဝင်တစား နားထောင်လေသည်။

"မိဖုရားခေါင်ကြီးမယ်နုက ဘကြီးတော် စစ်ကိုင်းမင်းနဲ့ သက္ကရာဇ်တစ်ခုတည်း မွေးဖွားခဲ့တာ။ မိဖုရားကြီးကတော့ (၁၇)ရက် ဘကြီးတော်ထက် ကြီးတယ်"

"…………"

"မိဖုရားခေါင်ကြီး အသက် (၁၂)နှစ်အရွယ်မှာ ဘိုးတော် ဘဒုံမင်းထံ တောင်နန်းအပျိုတော်အဖြစ် ခစားခဲ့တယ်။ အသက် (၂၃) နှစ်ကျော်မှာ ဘကြီးတော်စစ်ကိုင်းမင်းရဲ့ အိမ်ရှေ့မိဖုရား ဖြစ်လာခဲ့ တယ်။ အသက် (၃၅) နှစ်ကျော်မှာ သီရိပဝရတီလေက မဟာရာဇိန္ဒာ ရတနာဒေဝီဘွဲ့တံဆိပ်နဲ့ တောင်ညာစံမိဖုရားကြီး ဖြစ်လာခဲ့တယ်။ ကြေးမုံလည်း သိပြီးသားဖြစ်မှာပါ။ ဘကြီးတော်ဟာ မိဖုရားခေါင် ကြီးမယ်နုကိုသာ အချစ်ဆုံးဆိုတာ"

"ဟုတ်…ကြားဖူးဘယ် ကိုသခ်…လောကထွတ်ခေါင် ဘုရင်မင်းမြတ်ရဲ့ အချစ်ဆုံးနေရာကို ရောက်နေတဲ့အတွက် ဂုဏ်မောက် မာန်မာနတွေကြီးနေတယ်လို့ တချို့ကလည်း ပြောကြပြန်တယ်"

"ဟုတ်တယ်"

"ကြေးမုံအထင် ဒါဟာ တကယ်ဆိုရင်လည်း ဖြစ်သင့်ပါတယ်။ ဘာကြောင့်လဲဆိုရင် ဘုရင့်မိဖုရားမဆိုထားနဲ့…သာမန်မိသားစုမှာ အားလုံးရဲ့ အလိုလိုက်ချစ်ခင်ခြင်းကို ခံရတဲ့ကလေးဟာ ဆိုးတယ်၊ ဗိုလ်ကျတယ်လေ…မိဖုရားကြီးကလည်း ပုထုဇဉ်လူသားတစ်ယောက်ပဲ။ သက်ဦးဆံပိုင်ဘုရင်ရဲ့ အချစ်ဆုံးမိန်းမဖြစ်နေတာကတစ်ကြောင်း၊ နန်းတွင်းထဲက မြှောက်ပင့်ပြောဆိုနေတဲ့လူတွေကြောင့်တစ်ကြောင်း သူလည်း အမှားလုပ်မိချင် လုပ်မိမှာပေါ့။ တစ်ခါတလေကျတော့လည်း တချို့ကိစ္စမှာ လူ့အတ္တက အနိုင်ရစမြဲလေ"

"ဟုတ်ပါပြီဗျာ"

"အဟင်း…ကြေးမုံ ဝင်ပြောနေတာနဲ့ ကိုသခ် ပြောနေတာတွေ အရှိန်ပျက်သွားပြီထင်တယ်…ဆက်ပြောလေ"

သူမက အရှက်ပြေရယ်ပြီး ကျွန်တော့်ကို လှမ်းပြောသည်။

လေလေးက မဆိုစလောက်တိုက်နေတာမို့ သူမရဲ့နဖူးပြင်ထက်က ဆံနွယ်များက တစ်ခါတစ်ရံ လှုပ်ခတ်နေသည်။

ဘယ်လိုလဲ…အသခ်ယာ။

မိန်းကလေးတစ်ယောက်ကို မင်း ဂရုစိုက်လှချည်လား။





အရင်တုန်းကဆို မင်း စာအုပ်၊ စာပေနဲ့ အချိန်ကုန်နေတဲ့အကောင်ပါ။ ခု ဘယ့်နှယ်ဖြစ်ပြီး မိန်းကလေးတစ်ယောက်ရဲ့ အကြောင်းက မင်းရဲ့အာရုံမှာ အပြည့်အဝ စိုးမိုးထားရတာလဲ။

စိတ်ထိန်း…သခ်…စိတ်ထိန်း။

ရတနာကြေးမုံဆိုတဲ့ မိန်းကလေးက အချိန်တန် အိမ်ပြန်မယ့်သူ့သည်…မင်း ဘာလို့ စိတ်ကစားနေရတာလဲ။

မဟုတ်ဘူး…ငါ စိတ်ကစားနေတာ မဟုတ်ဘူး။

ငါ ကြေးမုံကို တကယ်ပဲ…

"ကိုသခ်"

"………"

"ကိုသခ်"

"ဟင်…ဗျာ"

ကျွန်တော့်လက်မောင်းကို ကြေးမုံ လှမ်းပုတ်လိုက်မှ ကျွန်တော် အသိနှင့် လူနှင့် ကပ်သွားသည်။

ကိုယ့်အတွေးကို ကိုယ်ရှက်ကာ သူမကိုတောင် ရဲရဲဝံ့ဝံ့ မကြည့်ရဲတော့ချေ။

"ကိုသခ်…ဘာဖြစ်နေတာလဲ"

"ဗျာ…ဘာမှမဖြစ်ပါဘူး ကြေးမုံ"

"ဆက်ပြောမယ်ဆိုလို့ ကြေးမုံက စောင့်နေတာကို"

"ဩော်…ဟုတ်ကဲ့"

သူမဆီ အကြည့်မရောက်အောင် ထိန်းရင်း…

"အချစ်ရေးမှာ ကံကောင်းခဲ့ပေမယ့် မိဖုရားခေါင်ကြီးဟာ

ဘဝနိဂုံး မလှခဲ့ဘူး ကြေးမုံ…သူ့ရဲ့မတ်တော် သာယာဝတီမင်း
တော်တော်လေးကို မတည့်တာကိုး"

"သာယာဝတီမင်းဆိုတာ အနောက်နန်းမတော် မမြလေး
ခင်ပွန်းနော်…သာယာဝတီမင်းက ရက်စက်ကြမ်းကြုတ်တဲ့မင်း
တစ်ပါးလား"

"ဒါကတော့ သူ့ဘက်ကကြည့်ရင် လက်ဖမိုး၊ ကိုယ့်ဘက်က
ကြည့်ရင် လက်ဖဝါး…ဆိုးတယ်လို့လည်း တစ်ထစ်ချပြော
မရဘူး။ ကောင်းတယ်လို့ တစ်ထစ်ချပြောလို့လည်း မရဘူး။ ဘာ
လဲဆိုတော့ သူတို့က သက်ဦးဆံပိုင်ဘုရင်တွေကိုး ကြေးမုံရဲ့…စိတ်
အခန့်မသင့်လို့ ကိုယ့်အချစ်ဆုံးကိုတောင် ကွပ်မျက်ပစ်ကြတာ
တော့…မင်းတို့စကား မိုးကြိုးသွားပေါ့"

"ဟုတ်တယ်နော်…ကြေးမုံတော့လေ ရှင်ဘုရင်လက်ထ
မှာကို မဖြစ်ခဲ့တာ ကိုယ့်ကိုယ်ကိုယ် ကံကောင်းတယ်လို့ မှတ်
တယ်"

"ဘာလို့လဲ ကြေးမုံရဲ့"

"အဲ့ဒီခေတ်ကာလက လှပချောမောတဲ့ မိန်းမပျိုတွေရဲ့ဘ
ဟာ မလုံခြုံဘူးလေ။ ရှင်ဘုရင်က နှစ်သက်ပြီဆို တော်ကော
ရော…မိန်းကလေးက ချစ်ချစ် မချစ်ချစ် လက်ခံရတယ်။ လက်
ဘူးလို့ ဒီတိုင်းပြည်သခင်ကို ဘယ်ပြောရဲပါ့မလဲ။ ယူပြီးတော့လည်း
သူတို့စိတ်ချမ်းသာအောင် မထားနိုင်ပြန်တော့ အပြစ်တင်ခံရရော
ဥပေက္ခာပြုခံရရော…တွေးရင်းနဲ့တောင် အဆင်မပြေပါဘူး"

"သြော်…ကြေးမုံလည်း အဲ့ဒီခေတ်တုန်းက နန်းတွင်းထဲမှာ





အစားဝင်နေတယ်ဆိုရင် ဘယ်လိုလုပ်မလဲ။ ဒါမှမဟုတ် ရှင်ဘုရင်
တစ်ပါးရဲ့မိဖုရား ဖြစ်ခဲ့တယ်ဆိုရင်ရော"

"ကိုသခ်နော်…လူကိုများ ကလေးမှတ်နေသလား…
သာနောက်နေတယ်"

သူမက ကျွန်တော့်ကို စိတ်ဆိုးသလိုနှင့် မျက်စောင်းလှမ်းထိုး
လေသည်။

"ကဲ…ဆက်ပြောမယ်နော်…နားထောင်မယ်မလား"

"အင်း"

သူမက ကလေးလေးတစ်ယောက်လို ဆရာ့နှုတ်က စကား
လုံးကို မလွှတ်စတမ်း လိုက်ရေးနေသလို ကျွန်တော် ပြောသမျှကို
သေချာလိုက်ရေးနေသည်။

"သာယာဝတီမင်း…ထီးနန်းသိမ်းတော့ နောင်တော်နဲ့မရီး
တော်ကို အလုပ်အကျွေး အပြုအစုနဲ့ ထားတာပါပဲ။ သူက သူ့
နောင်တော်ကိုတော့ တော်တော်ချစ်ရှာတယ်လေ။ ဒါပေမဲ့ အကျဉ်းချ
ခံနေရစဉ်မှာ ရွှေစားမင်းသားခေါ် ဝင်းက သာယာဝတီမင်းကို
ပုန်ကန်ပါတယ်။ ရန်သူကို နှိမ်နင်းအောင်နိုင်လို့ စစ်ဆေးမေးမြန်း
တဲ့အခါ ပုန်ကန်မှုမှာ မိဖုရားခေါင်ကြီးရဲ့အကြံအစည်ပါလို့ ထွက်ဆို
ကြတယ်"

"ဟင်"

"ဒါကြောင့် မိဖုရားခေါင်ကြီး သက်တော် (၅၅) နှစ်၊ (၉)လ
(၂၃) ရက်နေ့ (သက္ကရာဇ် ၁၂၀၂ ခု၊ ကဆုန်လဆန်း (၁၂) ရက်နေ့)
မှာ ရေချအဆုံးစီရင်ခဲ့ပါတယ်"

"အို…ဘုရား…ဘုရား…ရေနစ်သင်္ဘောတဲ့သင်္ဘောပဲနေ
ရက်စက်လိုက်တာ"

"သြော်…ကြေးမုံရယ်…ရာဇဝင်မှာ ဒီထက် ရက်စက်
သတ်နည်းတွေ ရှိပါသေးတယ်။ လူအရှင်လတ်လတ်ကို ဆင်
နင်းသတ်ခိုင်းတာ…လည်မျိုကို ဝါးဝရင်းတုတ်နဲ့ သတ်တာ"

"တော်ပါတော့ရှင်"

ကြေးမုံက မကြားရဲသလိုနှင့် လက်ကာပြပြီး မျက်နှာလ
သွားသည်။ ပြီးမှ…

"ကြေးမုံ…ဟိုကို ထွက်သွားတာကြာပြီ။ သမိုင်းနဲ့ပတ်သ
ရင် တော်တော်လေး ပြန်လေ့လာရမှာ။ မာစတာတုန်းက မြန်
စဥ့်အိုးအကြောင်း လုပ်ခဲ့တာလေ။ ခု…နန်းတွင်းအကြောင်းဆိုတော
ကိုသန်…ကြေးမုံကို ပြည့်ပြည့်စုံစုံ ရှင်းပြပေးနော်။ လိုအပ်
စာအုပ်စာတမ်းတွေလည်း ရှာပေးဦး"

"စိတ်ချပါ…ကြေးမုံ"

ယောကျ်ားလေးဆိုတာ ကိုယ့်ကို အားကိုးတကြီးလေသံနှ
လာပြောလျှင် ရင်ကော့သွားကာ အလိုလို ကူညီချင်စိတ်တွေ
ပေါ်သွားရသည်။ သူ့ရှေ့တွင် တံတိုင်းကြီးသဖွယ် မားမားမတ်
ရပ်တည်ပြချင်သည်။ ဒါ…သဘာဝမဟုတ်လား။

♥





# အခန်း |၉|

သူမ ဓာတ်ပုံရိုက်နေတာ အနှောင့်အယှက်မဖြစ်အောင်
ချွန်တော် ဘာစကားမှမပြောဘဲ ငြိမ်ငြိမ်သက်သက် လိုက်ပေးခဲ့
သည်။

အုတ်ကျောင်းကြီးတွင် တံခါးရွက်များနှင့် စကြံပတ်လမ်း
ကြမ်းခင်းများကိုသာ သစ်သားအသုံးပြုပြီး ကျန်သည့်အဆောက်
အအုံတစ်ခုလုံးကို အုတ်များဖြင့် ဆောက်လုပ်လျှုဒါန်းထားခြင်း
ဖြစ်သည်။

အုတ်ကျောင်းဆိုသည့်အမည်နှင့်လိုက်သော မဟာအောင်မြေ
ဘုံအုတ်ကျောင်းတော်ကြီးပင် ဖြစ်သည်။

အုတ်ကျောင်းအပြင်ဘက်တွင်ရှိသော ကနုတ်များမှာလည်း
အုတ်ကျောင်းကြီးကို ပို၍ ခံ့ညားလှပ ကျက်သရေ ရှိပါသည်။

အုတ်ကျောင်းကြီးတွင် ပထမဆုံး သီတင်းသုံးသော ဆရာ
တော်မှာ ဦးဖိုးပင် ဖြစ်သည်။ ဆရာတော်ဦးဖိုးသည် အုတ်ကျော
တော်ကြီးတွင် (၂)နှစ်ခန့်သာ သီတင်းသုံးနေထိုင်ပြီး သက္ကရာ
(၁၁၉၁) ခု၊ နှောင်းတန်ခူးလဆန်း (၁၅) ရက်နေ့တွင် ပျံလွန်တော်
မူခဲ့ပါသည်။

ဒုတိယအုတ်ကျောင်းတွင် သီတင်းသုံးတော်မူသော ဆရာ
တော်မှာ ဆရာတော်ဦးဗုဒ်ပင် ဖြစ်သည်။

ဆရာတော်ဦးဗုဒ်သည် ဆရာတော်ဦးဖိုး၏ညီတစ်ဝမ်း
ဖြစ်သည်။ ဆရာတော်ဦးဗုဒ်သည် အလွန်တည်ကြည်တော်မူသည်
ရယ်ခြင်းပြုံးခြင်း၊ စကားပြောခြင်း နည်းသည်။

စာပေကြည့်ရှုခြင်းဖြစ်သော အချိန်ကို ကုန်လွန်စေပြီး အာ
ရဟန်း၊ လူပရိသတ်တို့အား စာကြည့်ပျက်မည်ဆိုး၍ ညွှန်စကား
ပြောခြင်းတောင် မပြုပေ။

ရွှေဘိုမင်းလက်ထက် သက္ကရာဇ် (၁၂၀၄) ခုနှစ် နယု
လပြည့်ကျော်တစ်ရက် အင်္ဂါနေ့ သက်တော် (၅၅) တွင် အမရပူ
မြို့ မင်္ဂလာဘုံကျော်ကျောင်း၌ ပျံလွန်တော်မူခဲ့သည်။ ထို့ကြော
ဆရာတော်ဦးဗုဒ်အသက်ကို 'ဗုဒ်အသက် ဗုဒ်ဗက်' ဟု ဆိုခဲ့ကြ
သည်။

လူတော်တော်များများ ဖတ်ရှုမှတ်သားခဲ့ဖူးကြပါသည်
မိဖုရားခေါင်ကြီးမယ်နု ကွပ်မျက်ခါနီး ဆရာတော်က…

''မိနု…နှင့်အပြစ် နှင်ခံ''

ဟု ခပ်ပြတ်ပြတ် ပြောခဲ့သည်ဟု သိရပါသည်။





''ကိုသန်…ကြေးမုံကို ဓာတ်ပုံမရိုက်ပေးချင်ဘူးလားဟင်''

''ဗျာ''

သူမ အနောင့်အယှက်ကင်းကင်းနှင့် ဓာတ်ပုံရိုက်နိုင်အောင်
ကျွန်တော်လည်း ကိုယ့်အတွေးနှင့်ကိုယ် ဟိုကြည့်ဒီကြည့် အတွေး
များနေစဉ် သူမအသံ ကြားရသည်။

လူက မမြင်ရသေး။

''ကြေးမုံ ဘယ်မှာလဲ''

ကျွန်တော် အလောတကြီးမေးပြီး အပြင်သို့ ထွက်ခဲ့သည်။
သူမကို မတွေ့။

''ကြေးမုံ''

စိုးရိမ်ပူပန်သည့်စိတ်နှင့် ကျွန်တော် ဟိုကြည့်ဒီကြည့်နှင့် သူမ
ကိုခေါ်ပြီး ကျွန်တော် ရှာမိသည်။

''ကြေးမုံ…ဒီဘက်မှာ ကိုသန်''

အသံသာ ကြားရသည်။ လူက မမြင်ရသေး။ ကျွန်တော်
နောက်ဘက်သို့ ခပ်လောလော ထွက်ခဲ့သည်။

အုတ်ကျောင်းကြီးက အကျယ်ကြီးမို့ လူလည်းပြတ်သည်။
နောက် ဒီနေ့ လာရောက်လေ့လာသည့် အခြားသောနိုင်ငံခြားခရီး
သည်များ သိပ်မရှိ။

''ဝါး''

''ဟာ''

''အဲဒါလန့်သွားတာလား''

တံခါးအထွက်တွင် ကျွန်တော့်အား ဝါးခနဲ ခြောက်လှန့်၍

သူမက ပျော်ရွှင်နေသည်။

ကျွန်တော့်မှာ စိုးရိမ်ပူပန်စိတ်နှင့် မျက်နှာပျက်ကာ…

"တစ်ယောက်တည်း ဘယ်တွေလျှောက်သွားနေတာ… ကြေးမုံရာ…ကျွန်တော် စိတ်ပူသွားတာ"

"ဩော်…ကိုသခ်ကလည်း…ဒီအုတ်ကျောင်းပေါ်မှ… အတူတူရှိနေတာပဲ…ဘာပူစရာလိုလို့လဲ"

"မသိဘူးဗျာ"

"ရော်"

ကလေးဆိုးတစ်ယောက်လိုပြောသော ကျွန်တော့်ကို သူမ… မျက်လုံးကြီးပြူး၍ ကြည့်သည်။

ကျွန်တော် တကယ်စိတ်ပူသွားခဲ့တာပါ။ သူမပြောသလော… အဆောက်အအုံထဲမှာ အတူရှိနေတယ်ဆိုပေမယ့် ရှာမရ တွေ့မရ… အခါ ဘယ်လောက်ထိ စိုးရိမ်ပူပန်ရသလဲ။ ပြောပြ၍ သူမ နားလည်… နိုင်ပါ့မလား။

"မျက်နှာကြီးကလည်း ဖြစ်သွားလိုက်တာနော်။ ခုကော… ကြေးမုံက ပျောက်နေလို့လား"

"နောက်တစ်ခါ ဘယ်နားရောက်ရောက် ကျွန်တော့်ကို အ… ပေးဗျာ"

"အင်းပါ…ခုကလည်း ဓာတ်ပုံရိုက်ရင်း ကိုယ့်အာရုံ… ဆိုတော့ မေ့သွားတာ…တဖြည်းဖြည်း ဒီဘက်အထွက်ကို ရော… လာရော"

"မေ့စရာလား"





"ရှင်…"

ကျွန်တော့်ကို သူမက မျက်လုံးပြူးကြီးနှင့် ကြည့်နေသည်။ …တော် အမှတ်တမဲ့ ထွက်သွားသည့်စကားလုံးအတွက် မျက်နှာ… …သွားကာ…

"ခု…ပြီးပြီမလား"

"အင်း…မှတ်တမ်းရိုက်တာကတော့ ပြီးပါပြီ…ကြေးမုံကို …တ်ကျောင်းကြီးနဲ့ အလှဓာတ်ပုံ မရိုက်ပေးချင်ဘူးလား"

"ရိုက်ပေးမယ်လေ…ပေး…ကင်မရာ"

သူမက လည်ပင်းတွင် ချိတ်ဆွဲထားသော နီကွန်ကင်မရာ …း ကျွန်တော့်ကို ကမ်းပေးသည်။

"ဒီအုတ်လှေကားအတက်မှာ ထိုင်ရင် လှမလား… …ချက်ကြည့်ပေးလေ"

သူမက အုတ်ကျောင်းအတက် လှေကားပေါ်ထိုင်ရင်း …တော့်အား လှမ်းမေးသည်။

လက်နှစ်ဖက်ကို ပေါင်ပေါ်တင်ပြီး ခွဲ့ခွဲ့လေး ထိုင်နေသော …မသည် သဘာဝဆန်ဆန် လှနေသည်။

"လှလား"

"ဘယ်လိုနေနေ လှပြီးသား"

"ရှင်"

"ဩော်…ဒီမှာ ရှုခင်းတွေက လှတယ်မဟုတ်လား။ ကြေးမုံ …ယ်လိုပုံစံလုပ်လုပ် လှပြီးသားလို့"

"ကိုသခ်ကလဲ"

မိန်းကလေးပီပီ ကိုယ့်ကို လှတယ်လို့မပြောဘဲ ရှုခင်းကလှလို့ လူကလှတယ် အပြောခံရသဖြင့် ကြေးမုံရဲ့မျက်နှာက မဲ့တဲ့တဲ့ ဖြ သွားသည်။

ကျွန်တော် ကြိတ်ပြုံးလိုက်ပြီး ထိုမျက်နှာမဲ့မဲ့လေးကို အမိအ ရိုက်ယူလိုက်ပါသည်။

"ကိုသန်…ကြေးမုံတို့ selfie ဆွဲရအောင်"

သူမက သားရေလွယ်အိတ် အညိုရောင်ထဲက ဖုန်းကို ထုတ်ရင်း ပြောသည်။

"ကျွန်တော်နဲ့လား"

"အင်းလေ"

ရင်ထဲခုန်သွားရသည်။ ကိုယ်စိတ်ဝင်စားနေသော မိန်းကလေးနှင့် နှစ်ယောက်တွဲ ဓာတ်ပုံရိုက်ရမည်ဆိုတော့ ဘယ်သူမပျော်ဘဲ ရှိပါ့မလဲ။

"ကျွန်တော် ကိုင်ပေးမယ်လေ"

"ဟုတ်…ရော့"

သူမက ကျွန်တော့်ထံ ဖုန်းကမ်းပေးသည်။ ပြီးတော့ ကျွန်တော့်ပခုံးစွန်း၌ ရပ်လိုက်သည်။

ကင်မရာကို Back ပြောင်းပြီး Timer နှင့် ချိန်လိုက်သည်။ ကျွန်တော် စခရင်ကို လက်နှင့်ထိလိုက်စဉ် သူမက နှုတ်ခမ်းကို ချွန်လိုက်သည်။

"ဒါလည်း ရတာပဲနော်…မန်နေဂျာမကြီးက"

"ဘာလဲဟင်"





သူမထံ ဖုန်းပြန်ကမ်းပေးပြီး ကျွန်တော်ပြောတော့ သူမက လည်းသလို ပြန်မေးသည်။

ကျွန်တော်က စောစောတုန်းက ဓာတ်ပုံရိုက်နေစဉ် သူမ သော ပို့စ်တွေကို ပြန်လုပ်ပြတော့ သူမက မျက်နှာနီနီနှင့် ီး ကျွန်တော့်ပခုံးကို လှမ်းရိုက်ကာ…

"သူများကို လာနောက်နေတယ်နော်။ မိန်းကလေးပဲ တတ်တာပေါ့။ ဓာတ်ပုံရိုက်နေတုန်း အသက်မပါသလို ခပ်တည် ကြီး လုပ်နေတာလောက် အမြင်ကတ်ချင်စရာကောင်းတာ ရှိဘူး"

"ဟုတ်ပါပြီဗျာ"

# အခန်း [၁၀]

"ကြေးမုံရဲ့ဘဝမှာလေ သစ္စာဖောက်တဲ့လူကို အမုန်းဆုံးပဲ။ ကိုယ်ကိုယ်တိုင်လည်း သစ္စာရှိအောင်နေတယ်"

"ဗျာ"

သူမအကြောင်းကို သိချင်လိုက်တာလို့ ေ..လိုက်မိသော ကျွန်တော် မှားသွားသလားမသိ။ သူမက သူမအကြောင်းမပြောဘဲ စောစောတုန်းကစကားကို ဆိုလိုက်ခြင်းကြောင့် ဖြစ်သည်။

တစ်ခါတလေကျတော့ သူမက ဖယောင်းရုပ်။ တစ်ခါတလေ ကျတော့ သူမရဲ့မျက်နှာပြင်က သံမဏိလို မာကျောသွားသည်။

"ကိုသန့်ပဲ ကြေးမုံအကြောင်း သိချင်တယ်ဆို"

"ဟုတ်တယ်လေ"

"အဲဒါကြောင့် ပြောပြနေတာ"





"ဩော်"

"အဖေဆိုတာ သူများတွေအတွက်တော့ မြင်းမိုရ်တောင် ချင်ဖြစ်မယ်။ ကြေးမုံရဲ့ဘဝကတော့ တစ်ခြမ်းပဲ့ မြင်းမိုရ်တောင် ပဲ ကိုသန့်"

"..............."

"ဟိုကလေးဘဝတုန်းကဆို ကြေးမုံရဲ့ဘဝကို လူတိုင်း းကျကြတယ်။ အဖေနဲ့အမေက ချမ်းသာတဲ့အပြင် သားသမီးကို ည်း ချစ်လိုက်တာ တုန်နေတာပဲ။ မိဘတွေဆိုတာလည်း ကြေးမုံရဲ့ မှာ ရန်တစ်ခါမှ မဖြစ်ဖူးဘဲကိုး...ဒါပေမဲ့"

ဒါပေမဲ့ဆိုတဲ့ နောက်ဆက်တွဲနေ့ကို သူမ ဘယ်တော့မှမမေ့။ မီရဲ့မျက်ရည်ကို သူမ စတင်တွေ့ခဲ့ရသောနေ့လည်း ဖြစ်သည်။

သူဌေးသမီးဖြစ်သော မာမီသည် သူများတွေလိုလည်း ဂုဏ် ကာသနအပေါ် မောက်မာရကောင်းမှန်းလည်း မသိပေ။

'သားကို သခင်၊ လင်ကို ဘုရား' လို ကိုးကွယ်ဖို့ မာမီ ေါင်းထဲကို ဘယ်သူရိုက်သွင်းခဲ့သလဲတော့ မသိ။

အရွယ်ရောက်တော့ မိဘက သဘောတူသည့် သူဌေးသား ယ်ဒီနှင့် လက်ထပ်ပေးခဲ့သည်။

သူတို့အတွေးထဲ အချစ်ဆိုတဲ့စကားလုံး မရှိ။ ရွှေရွှေချင်းထပ် တ်သည်ဆိုသော ယူဆချက်သာ ရှိသည်။ မာမီကိုယ်တိုင်ကလည်း ဘရဲ့ထိန်းချုပ်မှုအောက်တွင် အချစ်ဆိုတာ ဘာလဲ မြည်းစမ်းဖို့ သတ္တိမရှိခဲ့တာလား။

ယောက်ျားကို ဘုရားလို ကိုးကွယ်တတ်သော မာမီသည်

ပထမပိုင်းတွင် ဒယ်ဒီ့အတွက် အချစ်ဆုံး ဖြစ်ခဲ့ပါသည်။

ဒယ်ဒီ ဘာပြောပြော 'ဟင့်အင်း' ခေါင်းမယမ်းတတ်သော မာမီသည် ဒယ်ဒီ့အတွက် ခေါင်းညိတ်ရုပ်တစ်ရုပ်။

သူသိတာက အလုပ်မှ ပြန်လာသော ယောကျ်ားကို ကောင်းကောင်းမွန်မွန် ပြုစုမည်။ ကောင်းကောင်းမွန်မွန် ချက်ပြုတ်ကျွေးမွေးမည်။ သူ့သမီးလေးကို ယုယုယယ ဂရုစိုက်မည်။

ငှမ်းစိုင်လေးလို နူးညံ့သော မာမီ့ကို ဒယ်ဒီက ရုံးလုပ်ငန်းနှင့် ပတ်သက်၍ ဘာဆိုဘာမှ မပြောတတ်။

ဒယ်ဒီရဲ့လက်သုံးစကားက...

"စိမ်းကို ဘာအတွက်နဲ့မှ စိတ်အနှောင့်အယှက် မဖြစ်စေရဘူး။ ဖြစ်လာသမျှ ကိုကို ဒိုင်ခံ ရှေ့ကရှင်းမယ်"

ဒီရဲ့စကားကို ဘယ်မိန်းမသားက မကြိုက်ဘဲရှိပါ့မလဲ။

ထို့အတွက်ကြောင့် ကုမ္ပဏီရဲ့ငွေအဝင်အထွက်စာရင်း မာမီ ဘာမှမသိ။ ဒယ်ဒီ့လုပ်ငန်းနှင့်ပတ်သက်၍ စိတ်ဒုက္ခရောက်နေရသလား မာမီ သိခွင့်မရ။

ဒယ်ဒီကပဲ မာမီ့အပေါ် ချစ်နည်းမမှန်ခဲ့တာပဲလား။ မာမီကပဲ ဒယ်ဒီ့အပေါ် အေးအတူ ပူအမျှ ခံစားပေးရဖို့ကို မပါလာတာလား မသိ။

'ဒေါ်မိုးပွင့်ဖြူ' သည် ဒယ်ဒီ့အတွက် ရင်ဖွင့်ဖော် ဖြစ်လာခဲ့သည်။

ဒေါ်မိုးပွင့်ဖြူဆိုတာ တခြားတော့မဟုတ်။ ဒယ်ဒီ့ရဲ့ အတွင်းရေးမှူး ဖြစ်သည်။





တချို့သော မိန်းမတွေမှာ ကိုယ့်ယောကျ်ားရဲ့ရုံးကိုသွား၊ ရုံးလုပ်ငန်းကို လေ့လာ၊ ကိုယ့်ယောကျ်ားဘေးမှာ ဘယ်သူရှိနေသလဲ၊ ဘယ်သူနဲ့ ရင်းရင်းနှီးနှီး ပတ်သက်နေမလဲ...စဉ်ဆက်မပြတ် သွားလာနေလိမ့်မည်။

မာမီကတော့ နီးပါ။

သူ့အတွေးထဲမှာ သူ ရုံးသို့လိုက်သွားလျှင် ယောကျ်ားကို မယုံသင်္ကာနှင့် စစ်ဆေးနေသည်ဟု ခံယူကာ...

"သွားစရာမလိုပါဘူး ဘေဘီရယ်...သမီးဒယ်ဒီကို မာမီ ယုံပြီးသား"

ခုတော့...

မာမီ ယုံကြည်သော ဒယ်ဒီရဲ့လုပ်ရပ်ကို မာမီ မည်သို့ စွပ်စွဲမည်နည်း။

မာမီ့အပေါ် ရင်မဖွင့်ရက်၍ဟုဆိုကာ ဒေါ်မိုးပွင့်ဖြူဆီ ပေါက်ရောက်သွားကာ သောက်စားရင်ဖွင့်နေသော ဒယ်ဒီသည်လည်း သစ္စာမရှိ။

ဒါက မိန်းမတစ်ယောက်ကို ချစ်နှစ်သက်၍ ရှေ့လို့ထားတာ မဟုတ်။

သုံးစားမရတဲ့ မိန်းမတစ်ယောက်အနေနှင့် လူရာမသွင်းဘဲ ချောင်ထိုးထားခြင်းပင် ဖြစ်သည်။

ကိုယ့်ရဲ့အကောင်းအဆိုး၊ အကြောင်းအကျိုး ရင်ဖွင့်ဖော်သည် ကိုယ့်ဇနီးမယားမှလွဲ၍ မည်သူဖြစ်နိုင်ဦးမည်နည်း။

"ကိုယ်တို့ ယူမှဖြစ်တော့မှာမို့ ရုံးတက်လက်မှတ်ထိုးလိုက်ပြီ"

သွေးအေးအေးနှင့်ပြောနေသော ဒယ်ဒီမှာ သူ ဘာအပြစ်မှ မလုပ်ထားသည့်ဟန်။

"ရှင့်ကလေးက ကျွန်မကလေးနဲ့ မတိမ်းမယိမ်း ဖြစ်နေပါပြီ။ ဒီထက် မယူမဖြစ်ဆိုတာ ရှိသေးလို့လား ကိုသီဟ"

ရှင့်ကလေးက ကျွန်မကလေးနဲ့ မတိမ်းမယိမ်းဆိုတော့ စကားက နုနယ်သော ရတနာကြေးမုံရဲ့နှလုံးသားကို တင်းကျပ်စွာ ဖျစ်ညှစ်နေသလိုလို။

ရင်ခွင်ထဲတွင် ပွေ့ပိုက်ထားသော အရုပ်ကလေးမှာ ကြေးမုံရဲ့ တင်းကျပ်စွာ ဆုပ်ကိုင်နေမှုကြောင့် ဖြစ်ချင်တိုင်းဖြစ်နေရှာသည်။

အရင်ကတော့ သူက ဘယ်အနေအထား နေရနေရလို့ ပြောခဲ့တာကိုး။ ခုက သမီးလေးရဲ့အနာဂတ်ဆိုတော့ သူလည်း…

"ဘယ်လို…ဘယ်လို…သမီးရဲ့အနာဂတ်…ဟုတ်လား။ အဲ့ဒီကလေးမက ရှင့်အတွက် သမီးလေးဆိုတော့ ကျွန်မသမီးက ဘယ်သူနဲ့ရခဲ့တဲ့ သမီးမို့လို့လဲ ကိုသီဟ…ရှင် ရက်စက်လှချည်လား။ ရှင် သိပ်ရက်စက်လှချည်လား ကိုသီဟ်ရဲ့"

"စိမ်း"

"မာမီ"

လဲပြိုကျသွားသံကြောင့် ကြေးမုံ အရုပ်ကလေးကို ဖြစ်သလို လွှင့်ပစ်ပြီး မာမီ့ဆီ သွားခဲ့သည်။

ဒယ်ဒီ့ရင်ခွင်ထဲတွင်ရှိနေသော မာမီ့ကို ကလေးအင်အားနှင့် ဆွဲယူပြီး…

"မာမီကို မထိနဲ့"





"သမီးလေး"

"ကျွန်မကို သမီးလေးလို့ လာမခေါ်နဲ့"

ကလေးတစ်ယောက်နှင့် မတန်စွာ ကြေးမုံရဲ့မျက်လုံးများသည် အမုန်းတရားများ တစ်စထက်တစ်စ တိုးပွားလာခဲ့သည်။

ကလေးတစ်ယောက်ရဲ့မျက်ဝန်းထဲက မုန်းတီးမှုများကို မြင်လိုက်ရသဖြင့် ဦးသီဟ နောက်သို့တွန့်သွားသည်။

သမီးသည် သူ့ကို မျက်ရည်တွေကျနေသည့်ကြားထဲမှာ မုန်းတီးစွာ စိုက်ကြည့်နေခဲ့သည်မဟုတ်လား။

"ဘေဘီ"

ရင်ခွင်ထဲကနေခေါ်နေသော မာမီ့ခေါ်သံကို သူမ မထူး။ ရင်ထဲမှာ 'သမီးလေး'ဆိုသည့်ခေါ်သံက ခါးသက်နာကြည်းစရာ ကောင်းနေသည်။

"သမီးလေးလို့ခေါ်ရအောင် ကျွန်မက ဒယ်ဒီ့သမီး မဟုတ်ဘူးလား။ သမီးလေးဆိုတာ နှစ်ယောက်ရှိနိုင်လား"

(၅)တန်းကျောင်းသူတစ်ယောက်ရဲ့အရွယ်နှင့်မလျော်အောင် သူမရဲ့လေသံတွေ ခက်ထန်တင်းမာနေသည်။

ဦးသီဟ သမီးရဲ့ရင်ခွင်ထဲတွင် သူ့ကို မျက်ရည်တွေနှင့်ကြည့်နေသော ဇနီးသည်ကို ရင်မဆိုင်ရဲစွာ ထိုင်ရာမှ ဖြေးဖြေးထပြီး…

"သူလေးက သမီးထက် ငယ်တယ်လေ။ ခုဆို သမီးဟာ အကြီးဖြစ်ပြီဆိုတော့ သမီးကြီးပေါ့"

"ဒုန်း"

"သမီး"

"မထိနဲ့…မထိနဲ့…အီး…ဟီး…ဟင်း"

"သမီး…ဘေဘီ…မာမီ့ကို သနားပါဦး…သမီးရယ်…ကိုယ့်ကိုယ်ကိုယ် နာအောင်လုပ်ရသလားကွယ်"

သမီးကြီးဆိုတဲ့စကားလုံးက သူမရဲ့ခံစားတတ်သော နှလုံးသားကို ထပ်ခြမ်းခွဲသလို ခံစားရကာ လက်သီးဆုပ်ဖြင့် စားပွဲခုံအား ထုပြီး ကျုံကျုံပါအောင် ငိုနေရှာသည်။

ဒေါ်စိမ်းကို ကမန်းကတန်း ထကာ သမီးကို ပွေ့ဖိုက်ပြီး တားမိသည်။ သမီးသည် စနေသမီးမို့ စိတ်ကြီးသည်။ ဒေါသကြီးသည်။

"သမီးရဲ့အမေက မွေးလို့ သူက သမီးရဲ့ညီမလေး ဖြစ်နေမလား"

"သမီးလေးရယ်"

"ဘာပဲဖြစ်ဖြစ် မခေါ်ချင်လို့ရတယ်။ မတော်ချင်လို့ မရတော့ဘူး သမီး…ဒီမှာ စိမ်း…ဘာကြောင့်ပဲဖြစ်ဖြစ် ကိုယ် စိမ်းကို အရင်တုန်းကလို ချစ်ခင်နေမှာပါ။ သူ့ကို လက်ထပ်ပေးလိုက်ရတာကလွဲလို့ ကိုကိုတို့ကြားမှာ ဘာမှပြောင်းလဲမသွားပါဘူး"

"သြော်…သြော်…ကျွန်မက ဘာမှအသုံးမကျတဲ့ ကန့်လန့်ကာနောက်ကွယ်က မိန်းမ…ဟုတ်တယ်မလား…ရှင် ဒီလိုပဲ ကျွန်မကို သဘောထားခဲ့တယ်မဟုတ်လား"

"…………"

"ကျွန်မကို အရင်လိုသဘောထားမယ်၊ သူ့ကိုလည်း ရှင် အရင်လိုတိုင်ပင်မယ်…ဆွေးနွေးမယ်။ နောက်…နောက်… အတူ





ခေါင်းသင်းမယ်။ ဟုတ်သလား…ဒီစကားကို ကျွန်မသမီး မိန်းကလေးရှေ့မှာ မပြောချင်ဘူး…ကိုသီဟ။ ဒါပေမဲ့…ဒါပေမဲ့"

"ဒါတော့ မင်းတို့က အဖြစ်သည်းနေတာ…ဘာကွာသွားမှာမို့လို့လဲ"

"ကိုသီဟ…ကျေးဇူးပြုပြီး ရှင် ထွက်သွားစမ်းပါ။ ကျွန်မမျက်စိရှေ့က ရှင် ထွက်သွားစမ်းပါ"

"အေး…ငါလည်း ပြောစရာရှိတာ ပြောရမှာပဲ စိမ်း… မင်းအမြဲတမ်း ငါ ချမှတ်ခဲ့တဲ့ဘောင်ထဲမှာနေခဲ့တာ။ ခုကျမှ ဘာဖြစ်သွားတာလဲ။ အရင်ကတည်းက သူ့နဲ့ငါ အတူရှိတယ်။ မင်းနဲ့လည်း အတူရှိတယ်။ မင်း မသိတာတစ်ခုပဲ။ ခုလည်း သိသွားတယ်။ ဘာဖြစ်လဲ…မသိသလိုနေပေါ့။ ဘာအော်ကြီးဟစ်ကျယ် ဖြစ်နေရလို့လို့လဲ"

"ထွက်သွား"

ဤအသံသည် ကြေးမုံရဲ့ဘဝမှာ မာမီ့အတွက် အကျယ်လောင်ဆုံးအော်သံပင် ဖြစ်သည်။ မာမီသည် နူးညံ့သိမ်မွေ့၍ စကားပြောသော၊ ပြုမူတာကအစ တိုးတိုးတိတ်တိတ်။

ခုတော့…

ထိုနေ့သည် သူမတို့ဘဝဟာ ကယက်ထစေခဲ့သောနေ့လေး ဖြစ်ခဲ့ပါသည်။

# အခန်း |၁၁|

ထိုဂယက်က စလိုက်သည့်ဓာတ်လမ်းသည် သူမတို့ဘဝ
မပြီးနိုင် မစီးနိုင်သော စိတ်ဆင်းရဲခြင်းတွေကို ယူဆောင်လာခဲ့သ

ဒယ်ဒီသည် သူ့ရဲ့ဆုံးဖြတ်ချက်ကို ထပ်ပြင်ရန် စိတ်ကူး
မရပေ။ မာမီကို လျှော့တွက်ခဲ့တာလည်းပါမည်။ မာမီ အရင်တု
ကလို မှန်ကောင်တာထဲက အလှကြည့်အရုပ်တစ်ရုပ်လို့ သတ်မှ
နေဆဲ။

အိမ်လည်း အလှမပျက်။ ဒေါ်မိုးပွင့်ဖြူဆီလည်း အသွား
မပျက်။ သူ့အတွက် မိန်းမနှစ်ယောက်ကြားတွင် ဘာမှ ဗျာများ
စိတ်ရှုပ်စရာရှိပုံမရ။

ဒါပေမဲ့ မှားလေစွ။

"ကိုသီဟ"

"စိမ်း...စိမ်း ကိုယ့်ကို ဘယ်လိုခေါ်လိုက်တယ်"





အံ့ဩမယုံနိုင်သလို ကြည့်ရာမှာက ကိုယ်...သူက တစ်ပြန်
ဩမယုံနိုင်သလိုနှင့်...

သူမက မိန်းမတစ်ယောက်လေ။ သူ့လုပ်ရပ်တွေကို
ယ်လောက်ထိ သည်းခံပေးနိုင်ရမလဲ။

"သိပ်မအံ့ဩပါနဲ့ရှင်"

ကျွန်မဟာ ကိုယ့်အပေါ် ထီးလိုအုပ်မိုးပေးမယ့် ယောကျ်ား
စ်ယောက်ရဲ့အရုပ်တစ်ရုပ် ဖြစ်ချင်ဖြစ်မယ်။ ကျွန်မအပေါ် အနိုင်
ိုလ်ကျသူအတွက်တော့ ဟွန့်...

"ခုထိ အဲ့ဒီပြဿနာကို မမေ့သေးဘဲကိုး...စိမ်းရယ် ပြော
ပါဦး၊ ဘာတွေကွာခြားသွားနေလို့လဲ"

ကိုသီဟပုံစံက သူမ လာပြောနေပုံကို စိတ်အနှောင့်အယှက်
်သလိုနှင့်...

စိတ်ရှုပ်ရှုပ်နှင့် ဘောလ်ပင်ကို ပစ်ချလိုက်တာမဟုတ်။

သူ ဘယ်တုန်းကမှ အိမ်မှာ စာရင်းဇယားတွေ လာမလုပ်
တ်။ သူ့ရဲ့မယားငယ်အိမ်မှာပဲ သူ့လုပ်ငန်းခွင်နှင့်ပတ်သက်သည့်
ရွက်စာတမ်းအားလုံး ရှိနေသည်။

ထိုလောက်ထိ ကိုယ် အ,ခဲ့သည်။

ဒါပေမဲ့ သူမ အ,ခဲ့သည်ဆိုတာကလည်း ကိုယ့်ယောကျ်ား
ပေါ် ယုံကြည်လွန်း၍ အ,ခဲ့ခြင်းသာ ဖြစ်သည်။ န,တော့ မနသေး
ါ။

"ဟုတ်ကဲ့...ဘာတွေကွာခြားသလဲ...မကွာခြားသွားသလဲ
ကျွန်မလည်း မသိတော့ဘူး။ ကျွန်မတို့ စကားနည်းနည်းပြောရ

အောင်''

''နောက်မှပြောပါလား…ခု ကိုယ့်ရဲ့အိပ်ချိန်ပါ။ စကား ဘယ်အချိန်ပြောပြော ရတယ်မဟုတ်လား''

''ဒီစကားက ဒီနေ့ပြောရမှဖြစ်မှာ ကိုသီဟ…မနက်ဖြန် အိပ်ရာပေါ်မှာ အိပ်မပျော်ဘဲ ထိုင်စောင့်နေရတဲ့အဖြစ် ထပ်မကြုံ တော့ဘူး။ ကျွန်မ ဒီထက် သည်းမခံနိုင်တော့ဘူး''

''သည်းမခံနိုင်တော့ မင်းက ဘာလုပ်မှာမို့လို့လဲကွာ''

စိတ်မရှည်စွာပြောနေသော ယောကျ်ားကို နာကြည်းစွာ ကြည့် မိသည်။

''ကျွန်မကို ကွာရှင်းပေးပါ''

''ဘယ်လို…ကွာရှင်းပေးရမယ်…ဟုတ်လား၊ အဓိပ္ပာယ်မ တာ စိမ်းရာ…မင်း…မင်းရဲ့စိတ်ဆန္ဒအတွက်ပဲ ကြည့်မနေနဲ့။ သမီး လေးကို အဖေ၊ အမေကွဲတဲ့သူအဖြစ် မင်း မြင်ချင်လား။ ငါတော ဒီလောက်ထိန်းနေတာကို…မင်းက…ဟာကွာ''

ထိုစကားကပင် ဒေါ်စိမ်းကို နှလုံးသားကို ထက်ခြမ်းခွဲလိုက် သလို ခံစားလိုက်ရသည်။

ဘာတဲ့…သူတောင် ဒီလောက်ထိထိန်းနေတာဆိုတော့ သူ လည်း စိမ်းကို ကွာရှင်းချင်နေတာ ကြာပြီပေါ့။

သြော်…ရက်စက်လိုက်တာ ရှင်ရယ်။

အဲဒါကြောင့် မတွေ့မမြင်ချင်တဲ့ မိန်းမတစ်ယောက်ကို နေ့တိုင်း တွေ့မြင်နေရတဲ့ ရှင့်မှာလည်း ဒုက္ခတော်တော်ကြီးခဲ့ပါ လား။





ဒေါ်စိမ်းကို မျက်ရည်တို့ကို မထိန်းနိုင်တော့ပေ။

''စိမ်း''

ဘာစကားမှမပြောဘဲ သူ့ကို တွေတွေကြီးကြည့်၍ မျက်ရည် ကျနေသော စိမ်းကို ကြည့်၍ ဦးသီဟ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားသည်။

''စိမ်းရယ်…ကိုယ် မှားတယ်ဆိုရင် တောင်းပန်တယ် ဟုတ်လား…ခုက''

''ကျွန်မမိဘတွေဆီ ဖုန်းဆက်ပေး''

''စိမ်း''

''အရေးကြီးတယ်…စိမ်းက ခေါ်နေတာဆိုတာ ထည့်ပြော ''

''ဟာကွာ…ဘာလုပ်မို့လဲ၊ လူကြီးတွေကို စိတ်ရှုပ်အလုပ်ရှုပ် အောင် မလုပ်စမ်းပါနဲ့။ ကိုယ် တောင်းပန်တယ်ကွာ။ ခုတောင် မှောင်နေပြီ။ ဒယ်ဒီတို့ကို အားနာစရာ''

''ကိုသီဟ…ရတယ်… ရှင် မဆက်ပေးရင်''

''စိမ်း…စိမ်းကို''

သူ့ရှေ့က လှည့်ထွက်သွားသော စိမ်းကို ဦးသီဟ တားလိုက် သော်လည်း မမီပေ။

စိမ်းဟာ သမီးလိမ္မာလေးလုပ်ကာ အိမ်ထောင်ရေးကို ပေါ့ပေါ့ တွက်ခဲ့သည်။

မိဘက ပေးစားတဲ့ယောကျ်ား ကလေးမွေးပြီး ထိုယောကျ်ား ကို ပြုစုစောင့်ရှောက်ရမည်ဆိုသည့်အသိကလွဲလျှင် ဘာမှမရှိ။

အဲဒါက ကျွန်မ သိပ်ကိုအသုံးမကျလွန်းလို့ မဟုတ်တ ဒီနေ့ ရှင် သိစေရမယ်။ ကျွန်မ ကိုးကွယ်ခဲ့တဲ့ ခင်ပွန်းဟာ သ တဲ့လူဆိုတာ သိလိုက်ရတဲ့အချိန် ကျွန်မ မ,အတော့ဘူး။

"စိမ်းရယ်...ဘာဖြစ်ရတာလဲ၊ အခုလာခဲ့ပါ...ချက် ဆိုတော့ မထိတ်သာမလန့်သာ ရှိလိုက်တာအေ"

"ဘာမှမဟုတ်ဘူး မာမီ...စိမ်း ဘာတွေ အရူးထနေသ မသိဘူး"

ကျောနောက်ဘက်တွင် ပြောလိုက်သော ခင်ပွန်းသည်ရဲ့ ကြောင့် မျက်နှာပျက်သွားသည်။

"သမီးတို့ကို ကွာရှင်းဖို့ စီစဉ်ပေးပါ မာမီ"

"ဟေ"

"ဘယ်လို"

ဒယ်ဒီနဲ့မာမီတို့ရဲ့အကြည့်က မယုံနိုင်လောက်အောင် အံ့ ထိတ်လန့်နေတဲ့အကြည့်...သူတို့သမီးဆီက ဤသို့သောစကား ကြားရလိမ့်မည်ဟု ဘယ်တော့မှလည်း မှတ်ထင်ထားပုံမရ။

ပထမဦးဆုံး အသိဝင်လာသူက မိခင်...။ သမီးဖြစ်သူ နောက်တွင် မျက်စိမျက်နှာပျက်နှင့် ရပ်နေသော သမက်ဖြစ်သူ ကြည့်ပြီး သမီးဘေးသို့ရောက်သွားကာ...

"ဘာတွေစိတ်ကူးပေါက်ပြီး လျှောက်လုပ်နေတာလဲ စိမ်း ဒါ...ကလေးကစားရမယ့်ကိစ္စ မဟုတ်ဘူးနော်။ ဘယ်တုန်းက ပြဿနာမရှိခဲ့ဘဲ ခုကျမှ ဘာဖြစ်ပြီး"

"ခုကျမှ သမီး မယားပြိုင်ဖြစ်နေတယ်ဆိုတာ သိလို့ပေါ့ မာ

"ဘာ"

"စိမ်း"

"ဟာကွာ"

သူမမိဘတွေကိုတော့ စိမ်း ဖွင့်ပြောလိမ့်မည်မထင်ဟု သူ တွက်ခဲ့တာ မှားများမှားသွားပြီလား။

"ထပ်ပြောစမ်း...သမီး"

နားကြားမှားသလားဟုထင်ကာ သူမရဲ့ဖခင်က ထပ်မေး ။ ဘေးသို့ အလောတကြီးရောက်လာတဲ့ ခင်ပွန်းသည်ကို လှည့် ည့်ဘဲ သူ ဟိုနေ့ကပြောခဲ့သည့်စကားများကို ချုံ့ယွင်းချက် ပြောပစ်လိုက်သည်။

"အဲဒါပဲ...ဒယ်ဒီ၊ သမီး ဒီလိုမယားပြိုင်ဘဝမှာ ဘယ်လို ပြီး ဆက်နေချင်ပါ့မလဲ။ စောစောသိရင် စောစောကွာတယ်။ က်ကျမှသိလည်း ကျိတ်မှိတ်မျိုသိပ်နိုင်မှာ မဟုတ်ဘူး"

"အဲ့ဒါကို မင်း ကိုယ်နဲ့ ပြေလည်တဲ့အထိ တိုင်တိုင်ပင်ပင် လို့ရတယ်...စိမ်း၊ လူကြီးမိဘတွေ ခေါ်လိုက်တဲ့အထိ မဖြစ် င့်ဘူး"

"ကျွန်မ အဲ့ဒီလောက်အထိ နားမလည်ဘူး။ ဟုတ်တယ်... မ ဘာကိုမှ မသိတတ်နားမလည်တတ်တဲ့ မိန်းမပါ။ ရှင့်ရဲ့ အတူ ပူအမျှ ပေါင်းနေရတဲ့ ရှင့်နောက်မိန်းမကို စိတ်ထဲထည့် းလိုက်စမ်းပါ။ အဲ့ဒီနေ့က ရှင် ကျွန်မပြောတာကို လက်ခံခဲ့ရင် နေ့ ဒီပြဿနာ ဖြစ်လာစရာအကြောင်း မရှိဘူး"


ရွှေပဒေသာစာပေ

ထိုနေ့က ယောကျ်ားတစ်ယောက်အတွက် သွေးရူးသွေးတ
ပြောမိသည့်စကားက...ဤဟာ

"သူ့ကို ရှင် ဆက်မပေါင်းနဲ့တော့။ ဘာပဲဖြစ်ဖြစ် ကျွ
ခွင့်လွှတ်တယ်။ ကျွန်မကို တကယ်ချစ်တယ်ဆိုရင် ကျွ
တောင်းဆိုတာကို လက်ခံပေးပါ ကိုကိုရယ်"

"မဖြစ်နိုင်တာ စိမ်း...မင်းသာ သမီးချင်း ကိုယ်ချင်း
ကြည့်စမ်းပါ"

"မပြောနဲ့...ကျွန်မသမီးနဲ့ ရှင့်ရဲ့မယားငယ်သမီး
ကိုယ်ချင်းစာပေးဖို့ လာမပြောနဲ့...မတူဘူး...မတန်ဘူး"

"ဒယ်ဒီတို့ ဘာမှစိတ်မတိုနဲ့။ ဒေါသမဖြစ်ပါနဲ့...အရင်
ယောကျ်ားရဲ့အမိန့်အတိုင်း ထားရာမှာနေတတ်တဲ့ စိမ်း မဟုတ်
ဘူး။ ဘာအစွမ်းအစမှတော့ မရှိဘူး...ဦးသီဟ၊ ဒါပေမဲ့ ရှက်တ
တယ်။ ကိုယ့်အပေါ် လူရာမသွင်းတဲ့ ယောကျ်ားတစ်ယော
အနားမှာနေရတာ ကျွန်မ ရှက်တတ်တယ်"

"ကိုယ်တို့ ပြေလည်အောင်..."

"တော်တော့...ဘာကိုပြေလည်အောင် လုပ်ဦးမှာလဲ။ ဘာ
မိဘချင်း ကိုယ်ချင်းစာတို့..သားသမီးချင်း ကိုယ်ချင်းစာတို့ ဒါ
ရှင် ပြောမယ်မလား။ ကျွန်မသမီးကို ရှင့်ကိုယ်ချင်းစာပေးခဲ့သလား
ကျွန်မ သမီးကို ရှင့်မယားငယ်က ကိုယ်ချင်းစာပေးခဲ့သလား"

"စိမ်းကို...တော်ပြီ...တော်ပြီ...သမီး ဘယ်လောက်
စိတ်ဆင်းရဲနေရသလဲဆိုတာ မာမီတို့ သဘောပေါက်ပြီ။ သမီး
ဒယ်ဒီ အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးလိမ့်မယ်"





"ကွာရှင်းရင် ပိုင်ဆိုင်မှုတစ်ယောက်တစ်ဝက်ဖြစ်အောင်
ရုံးမှာ လျှောက်ထားပေးပါ ဒယ်ဒီ...သမီးရဲ့သမီးလေးဟာ
ရဲ့အမွေကို အစားသင့်ဆုံး ကလေးပါ။ ဘာကြောင့်လဲဆို
ကျွန်မက တရားဝင်မယားကြီး ဖြစ်နေလို့ပဲ"

♥

# အခန်း [၁၂]

"ကိုသစ် သိတဲ့အတိုင်း မာမီက သိပ်ကိုနူးညံ့တယ်။ စီးပွားရေးအမြင် ဘာမှမရှိတာမဟုတ်ဘူး။ အချက်အပြုတ်လောက်သာ နားလည်ခဲ့တဲ့ အမျိုးသမီး။ ခင်ပွန်းသည်နဲ့သမီးငယ် ဖြူစုဖို့လောက်သာသိတဲ့ မိန်းကလေး…ဘိုးဘိုးရဲ့အိမ်ပေါ် ပြန်တက်ပေမယ့် အဆင်မပြေခဲ့ပါဘူး"

"ဘာလို့လဲ…ကြေးမုံရဲ့"

"ဘိုးဘိုးတို့ရဲ့အိမ်မှာ တခြားဦးလေးတွေ၊ အဒေါ်တွေရှိနေတော့ အဆင်မပြေဘူးပေါ့။ ယောကျ်ားနဲ့ကွဲလာတဲ့ မိန်းမဆိုပြီး အထင်သေးတဲ့အကြည့်တွေနဲ့ ကြည့်တယ်…ဆက်ဆံကြတယ်"

"သြော်…"





"တချို့ကတော့ မာမီ ဒယ်ဒီဆီကရထားတဲ့ ဒယ်ဒီဆီက ...လည်း ကွာရှင်းတော့ ပစ္စည်းခွဲလို့ရတာကို ပြောတာပါ။ အဲဒါ ...ကို မျက်စိကျပြီး အချိုသပ်နေကြတာ။ ထပ်ခါထပ်ခါ မ,အ ...တဲ့ မာမီက အဲဒီပစ္စည်းတွေ၊ ပိုက်ဆံတွေကို ကြေးမုံရဲ့နာမည်နဲ့ ...မှာ အပ်ထားခဲ့တယ်။ သူတို့ စည်းရုံးလို့မရတော့ မာမီ့ကို ...နှပ်၊ မကြည်ဖြူတာ မဆန်းပါဘူးလေ"

"သြော်…ဒုက္ခ…ဒုက္ခ…မောင်နှမအရင်းတောင်မှ"

"မာမီက သူစိမ်းယောကျ်ားကိုတောင် ကျွန်လို လုပ်ကိုင်ပေး...တာ။ ကိုယ့်မောင်နှမကို လုပ်ပေးရတာ မဆန်းပါဘူးဆိုပြီး ...မဆို အကုန်လုပ်ပေး…သည်းခံခဲ့တယ်။ ကြေးမုံအတွက် တစ်ခု ...င်နာစရာကောင်းတာက ဒယ်ဒီဟာ မာမီနဲ့ကွာရှင်းပြီး ...အမျိုးသမီးကို တရားဝင် လက်ထပ်ခဲ့တယ်လေ"

"သြော်…ကြေးမုံရယ်"

မာချင်ယောင်ဆောင်ပြီး ခံစားလွယ်သော ကြေးမုံအကြောင်း ...စ်ခွန်းတစ်စ သိမိသော ကျွန်တော် ထပ်မကြားချင်တော့ပေ။

ယခု သူတို့နှစ်ယောက် ဗားကရာကျောင်းတိုက်တွင်း ...ရောက်ရှိနေခြင်း ဖြစ်သည်။ သူမက ဒီနေ့မှာ တစ်ခါမှ မဝတ်ဘူး။ ...ဝတ်ဘူးဆို သူ့ရှေ့မှာ မမြင်ခဲ့ရသည့် မိန်းမဆန်ဆန် ဝတ်စား...ဆင်ယင်မှုမျိုးနှင့် ဖြစ်သည်။

အပွင့်တွေ၊ အကိုင်းအခက်တွေနှင့် လှကြီးဆင်ဖြစ်သော မီးခိုး...ရောင်ဝတ်စုံကို ဝတ်ဆင်ထားခြင်း ဖြစ်သည်။

သူမ ကောင်းမွန်စွာ လှေလာနိုင်ရန် ပခုံးလွယ်အိတ်အညို

ရောင် ကျွန်တော် ယူထားပေးလိုက်သည်။

စာအုပ်တွေ၊ ဘောလ်ပင်တွေ အလုပ်ရှုပ်နေသော သူမနှင့် ကျွန်တော် ဘယ်လိုလုပ်ပြီး သူမအကြောင်းဆီ ရောက်သွားကြသည် မသိ။

ငယ်ငယ်ရွယ်ရွယ်နှင့် မိဘတွေကကွဲ၊ ဆွေမျိုးတွေက အနိုင် ကျင့်သည့်ထဲတွင် သူမ ပျော့သလို၊ မာသလို ဖြစ်ရသည့်အကြောင်း ကို သူ သိခဲ့ရပါသည်။

တကယ်တော့ မာချင်ယောင်ဆောင်နေတဲ့ နောက်ကွယ်မှာ သူမ ငိုရှိုက်နေခဲ့ရတာကို ကျွန်တော် သိခွင့်ရခဲ့ပါသည်။

"ဘဏ်မှာအပ်ထားတဲ့ငွေကြေးကို ကြေးမုံရဲ့ပညာရေး ကြေးမုံရဲ့အရေးကိစ္စကလွဲရင် ဘာမှမသုံးတာကိုလည်း သူတို့ မကျေနပ်ကြဘူး။ ဒီအိမ်မှာ စားသောက်နေတာပဲ…ငွေကျမထည့် ဘူးပေါ့လေ။ အမျိုးမျိုး စောင်းကြရွဲ့ကြပေါ့"

"ကြေးမုံတို့အဘိုးအဘွားတွေကကော ဘာမှ ပြောကြဘူး လား"

"အင်း…ဘယ်လိုပြောမလဲ ကိုသန်း…သူတို့ကိုယ်တိုင်က မာမီ ဒယ်ဒီ့ကို ကွာရှင်းလိုက်ကြတာကို သဘောမကျဘူးလေ။ ယောကျ်ားကို စည်းရုံးပြီး ကိုယ့်ဘက်ပါအောင် ဆွဲဆောင်စေချင် ကြတယ်။ ကြေးမုံကတော့လေ မာမီ့လုပ်ရပ်ကို ထောက်ခံတယ်။ မိန်းမသားဆိုတာ မုန့်ကိုသာ ဝေစားမယ်။ အချစ်တော့ ဝေမပေး ချင်ဘူး။ ဒါ သိပ်ကို ရိုးရှင်းတဲ့ ဥပမာပဲ။ ဒါပေမဲ့ အစဥ်အဆက် မှန်နေတယ်"





"ဒါနဲ့ အချစ်ရေး…အိမ်ထောင်ရေးကို ကြောက်သွားရော လား"

"ဟင်…ဟုတ်မယ်ထင်တယ်"

ကျွန်တော့်စကားကို သူမက ခပ်နောက်နောက် တုံ့ပြန်သည်။ ကရာကျောင်းမှ ခြသေ့်၊ ဘီလူး ပန်းပုလက်ရာကို သေချာစွာ ကြည့်ရင်း…

"အဲဒါကြောင့်လည်းပါမယ်…နောက်ပြီး ဒီမှာနေတုန်းက ကြေးမုံ ယောကျ်ားမုန်းဝါဒီဖြစ်ခဲ့တယ်…သိလား"

"ဟင်…ဟုတ်လား"

သူမက ခါးကိုမတ်ပြီး ခေါင်းညိတ်ပြကာ…

"ဒယ်ဒီ့ကြောင့် ယောကျ်ားတွေ သစ္စာမရှိဘူးတွေးထားတဲ့ အတွေးနဲ့ အချစ်ရေးလည်း စိတ်မကူးခဲ့ဘူး။ အိမ်ထောင်ရေးလည်း စိတ်မဝင်စားခဲ့ဘူး"

"သြော်…"

ဟုတ်လိမ့်မည်။ ယခုတောင် သူမပုံစံက မိန်းမပီသသည့် နွဲ့နွဲ့ဟန်ပန် သိပ်မရှိ။ ယောကျ်ားတွေနှင့် တန်းတူရင်ဘောင်တန်း နိုင်တယ်ဆိုသော ဝင့်ကြွားသည့်ဟန်။

"ဟိုမှာ ကျောင်းသွားတက်တော့ ကြေးမုံစိတ်တွေ မြင့်ရ တယ်။ နိုင်ငံတကာနဲ့ ဆက်ဆံနေရတယ်ဆိုတဲ့အသိနဲ့အမြင် ဖွင့်ရ တော့တာပေါ့။ အလုပ်ဝင်တော့ ပိုဆိုး…ယောကျ်ားလေးတွေနဲ့ ပေတ်သက်ချင်လည်း လုပ်ငန်းပိုင်းအရ ပတ်သက်ရတာလည်းရှိတာ ပဲလေ"

"ဒါပေါ့…ယောဂျားနှန်းဝါဒီဆိုတာက တရားသေဆန်လွန်းပါတယ် ကြေးမုံရယ်…နောက်ပြီး ကျွန်တော်တို့ရဲ့ဗုဒ္ဓဘာသာမှာ စကားတစ်ခွန်းတည်း ရှိတယ်"

"ဘာလဲ ကိုသစ်"

"ကံဆိုက ကံကုန်သွားဆိုတာလေ"

"သြော်"

သူမက စိတ်ဝင်တစားမေးသည်။

ကျောင်းကြီးထဲတွင် ခပ်ဖြေးဖြေးချင်းလျှောက်၍ ပြေးနေခြင်းဖြစ်သည်။ ကျောင်းပေါ်တွင်၊ ကျောင်းဝန်းကျင်တွင် နိုင်ငံတကာမှ လေ့လာသူများ၊ သုတေသနပြုသူများ၊ ရှေးဟောင်းသုတေသနဌာနမှ ဝန်ထမ်းများနှင့် ပြည့်နေတတ်သည်။

အားလုံးက ကိုယ့်အာရုံနှင့်ကိုယ်မို့ သူတို့ကို ဘယ်သူမှ စိတ်ဝင်တစား ကြည့်မနေပေ။

"ကြေးမုံရဲ့ အဖေနဲ့အမေ ကွဲရတာလည်း တခြားကြောင့် မဟုတ်ဘူး။ ကံကုန်သွားလို့ပါ…ကံကုန်သွားရင် ဘယ်လောက် ညှိနှိုင်းပေးပေး ရမှာမဟုတ်ဘူး"

"ဒါပေမဲ့ ကြေးမုံ ဒီနေ့အချိန်ထိ ခံစားနေရတယ် ကိုသစ်…မြန်မာနိုင်ငံကို ခြေမချချင်တာ အဲဒါလည်းပါတယ်။ ဒယ်ဒီ သူ့သမီးကို ဂရုစိုက်တယ်…ကြင်နာတယ်။ အဲဒါတွေကို ကြေးမုံ မမြင်ချင်ဘူး"

မမြင်ချင်လည်း မြင်နေလျက်သားပင် ဖြစ်နေပုံရသည်။

ယခုဆို သူမဖခင်သည် နာမည်ကြီးကုမ္ပဏီပိုင်ရှင် ဖြစ်တော့





ဖြစ်နိုင်သည်။ အကြောင်းအဆိုးကို ဝေဖန်ပိုင်းရှားနိုင်ခြင်းမှာ ခြင်းထန်သောစိတ်ဓာတ်က အားပြိုင်ကာ တစ်ခါတလေ အကောင်းဘက်၊ တစ်ခါတလေ အဆိုးဘက်။

"ပြီးခဲ့တာတွေလည်း ပြီးပြီပဲ…စိတ်ထဲ အဲ့ဒီလောက်ထိ ထားပါနဲ့ ကြေးမုံ"

"ဟုတ်တယ်…အဲ့ဒီလိုတွေးမှ နေသာထိုင်သာရှိတာ။ ကြေးမုံ ဒီရောက်နေတာသိရင် ချက်ချင်း ရောက်လာမှာ"

"အင်း"

"သူတို့ရဲ့ပျော်ရွှင်မှုက ကြေးမုံတို့ရဲ့ဘဝကို တကယ် ခြောက်လှန့်တယ် ကိုသစ်။ အဲဒါကြောင့်လေ…ဟိုမှာပဲ အပြီးနေတော့မယ်လို့ကို ဆုံးဖြတ်ချက်ချထားတာ"

"ဘယ်လို…ဟိုမှာ အပြီးနေမယ်…ဟုတ်လား"

"အင်း"

# အခန်း (၁၃)

ဟိုမှာပဲ အပြီးနေတော့မယ်ဆိုသော သူမရဲ့စကားသည် ကျွန်တော့်ကို တုန်လှုပ်စေပါသည်။

ဒါ…မဖြစ်နိုင်တာမဟုတ်။ ဖြစ်နိုင်လွန်းလို့ တုန်လှုပ်နေရခြင်း ဖြစ်သည်။

ဘာကြောင့် တုန်လှုပ်နေမိသလဲ။ ထူးပြီး ရှင်းပြနေစရာမလို။ သူ ကြေးမုံကို ချစ်နေမိပြီ။

ဒါကို သူမ သိအောင် မည်သို့ ဖွင့်ပြောရမည်နည်း။ ကိုယ့်ဆီ လာသည့် ဧည့်သည်အား အခွင့်ရေးယူသလို ဖြစ်နေမည်။

ဪ…နှလုံးသားရေးက ကျွန်းခံနေခဲ့လေသလား။ ဓာတ်လမ်းတစ်ပုဒ်သည် မစခင်ကတည်းက အဆုံးသတ်နေခဲ့ပြီ။

ကြေးမုံရယ်…





ကျွန်တော့်ဘဝထဲ ဒဏ်ရာပေးဖို့များ ဝင်ရောက်လာခဲ့သလား မှာ…။

သူမကတော့ ဘာကိုမှ မသိစွာ လေ့လာကြည့်ရှုခြင်းအပေါ် အာရုံရောက်လျက် ရှိသည်။

ကိန္နရာပန်းပုရုပ်လေးတွေကို အနီးကပ် ရိုက်လိုက်၊ နဂါးကိုင် လူရုပ်ကို ရိုက်လိုက်၊ နဂါးရုပ် ပန်းပုလက်ရာကို ဓာတ်ပုံရိုက် လိုက်နှင့် အာရုံများလျက် ရှိလေသည်။

ဘုရားကရာကျောင်းတိုက်သည် ရှေးဟောင်းမြန်မာ့ပန်းပု အနုပညာလက်ရာတို့ စုဝေးနေသောနေရာဆိုလျှင်လည်း မမှားချေ။

အစဉ်အလာအရ အင်းဝတွင် ဘုရားကိုးဘုရားရှိသည်ဟု မှတ်သား ခဲ့ပါသည်။ ထိုဘုရားကိုးဘုရားမှာ -

၁။ ဘုရားမဲ့
၂။ ဘုရားတမော့
၃။ ဘုရားကရာ
၄။ ဘုရားမြိုက်
၅။ ဘုရားကတွဲ
၆။ ဘုရားထီး
၇။ ဘုရားနိုင်
၈။ ဘုရားတော်
၉။ ဘုရားနိုက်

တို့ ဖြစ်သည်။ ယခုခေတ်တွင် မြင်ရသည့်ကျောင်းများတွင် ဘုရားမဲ့ ကျောင်း၊ ဘုရားတမော့ကျောင်း၊ ဘုရားကရာကျောင်းဟူ၍ ကျောင်း

သုံးကျောင်းသာ မြင်ရတော့သည်။

"ဒါဆိုရင် ဗားကရာကျောင်းတိုက်က ညောင်ရမ်းခေ
လက်ရာထဲမှာ ပါတာပေါ့။ ကြေးမုံထင်တာက ထင်တာဆိုတာ
မြင်ခဲ့တာပေါ့လေ"

"ဘာကိုမြင်ခဲ့တာလဲ"

ကိုယ့်ရဲ့စိတ်ခံစားချက် မည်သို့ပင်ရှိစေကာမူ ယခုချိန်
ကိုယ်က သူမအတွက် ဂိုက်ဖြစ်သည်။ သူမအတွက် အထောက်
ပြုတာလုပ်ရမည်။

"ဟိုတစ်နေ့က အတုလမာရ်အောင်စေတီတော်မြတ်
မြင်တော့ စိတ်ထဲမှာ ထင်မိတာက ညောင်ရမ်းခေတ်မှာ ဘု
စေတီတွေဟာ ထုထည်ကြီးမားတယ်…ခိုင်ခံ့တယ်…ဗိသု
လက်ရာ မထွန်းကားဘူးလို့ ယူဆမိခဲ့တယ်"

"ဘာလို့လဲ…"

"ဟုတ်တယ်လေ…အဲ့ဒီခေတ်မှာ ဘာပန်းပုလက်ရာ
ရှိလို့လဲ…အုတ်ကျောင်းပုံစံ…အုတ်တွေနဲ့ထုထပ်တာတော့ တ
လေးစားဖို့ကောင်းတယ်။ ဒါပေမဲ့ ဒီနေ့ ဗားကရာကျောင်းတိုက်
မြင်လိုက်တော့ ကြေးမုံ အတွေးများသွားပြီလို့ ဝန်ခံတယ်"

"ဗားကရာကျောင်းတိုက်ဆိုတဲ့ ဝေါဟာရကို အစေ
တွေ့ရတဲ့ကာလကတော့ ညောင်ရမ်းခေတ် ရမည်းသင်းမင်းကြ
မင်းရဲကျော်ထင်လက်ထက်မှာလေ"

"ဩော်…"

"အိမ်ရှေ့ဘုရားမယ်တော် ဗားကရာခိုနန်းကျောင်း





ည်သည်ဆိုတဲ့စကားလုံးကို မဟာရာဇဝင်ကြီးမှာ တွေ့မြင်ရတယ်။
တ် ဗားကရာခိုနန်းကျောင်းတော်မှာ သဘင်နန်းတော် ပန္နက်ဗိုက်
ည်ဆိုတာလည်း တွေ့ရပြန်တယ်။ ဒါကြောင့် ဗားကရာကျောင်း
ိုက်ဟာ ညောင်ရမ်းခေတ်လက်ရာလို့ ပြောရဲတာပါ"

"ဟုတ်ပါပြီ…ဆောက်လုပ်လှူဒါန်းတဲ့သူကကော ရမည်း
င်းမင်းကြီး မင်းရဲကျော်ထင်ပဲလား"

"အဲဒီလိုတော့ မဟုတ်ဘူး ကြေးမုံ…မင်းလှသိရီသီဟသူရဲ
တ်အသားကြောင့် ရတနာပူရ အဝရွှေမြို့တော် နောက်မျက်နှာ
တွင်း ဗားကရာကျောင်းတိုက်တွင် မကွေးမြို့စား အတွင်းဝန်က
ဆောက်လုပ်တည်ထားသောကျောင်းတွင် ရှင်နန္ဒမာလာ တည်တင်း
ုံးတော်မူတယ်လို့ ရေးထားတာ တွေ့ရတယ်။ ဒါကြောင့် ဗားကရာ
ကျောင်းတိုက်ကို မကွေးမြို့စားအတွင်းဝန် ဆောက်လုပ်လှူဒါန်း
တယ်လို့ လက်ခံရပါတယ်"

"ဩော်"

"မကွေးမြို့စားအတွင်းဝန်ရဲ့ ဘွဲ့အမည်က မဟာသိရိဇေယျ
ကြီးပါ"

"ဟုတ်ကဲ့…ကြေးမုံထင်တာက ဒီလောက်ခမ်းနားနေတယ်
ဆိုတော့ ဘုရင် ဒါမှမဟုတ် မင်းဆွေမင်းမျိုး…မိဖုရားတို့က
ဆောက်လုပ်လှူဒါန်းတာ မှတ်နေတာ"

"သီပေါမင်းရဲ့ရွှေကျောင်းကလည်း ဗားကရာကျောင်းတိုက်
တော်တော်ဆင်တယ်။ ဒါပေမဲ့ ရွှေကျောင်းကတော့ ပန်းပု၊
န်းတော့လက်ရာတွေ အံ့မခန်းလောက်အောင် အနုစိတ်လုပ်ထား

တယ်''

''ပန်းတော့ပန်းပုအကြောင်း လေ့လာချင်တယ်ဆိုရင် လေ့လာလို့ကောင်းတဲ့နေရာ…လက်ရာက တော်တော်ကို သေ တာ''

''ကိုသစ်…ဒီလောက်ညွှန်းပုံနဲ့ ကြေးမုံကို လိုက်ပို့ နော်''

''စိတ်ချပါဗျာ''

''ဒါနဲ့ဆက်ပါဦး…ဗားကရာကျောင်းတိုက်အကြောင်း''

''ကြေးမုံက ဘာကိုသိချင်တာလဲ''

''သိချင်တာကတော့ ပြည့်ပြည့်စုံစုံ အသေးစိတ်…ဒါ ကိုသစ်ကို အားနာလို့ သိချင်သလောက်ပဲ မေးတော့မယ်''

''ကျွန်တော့်ကိုတော့ အားမနာပါနဲ့''

''ဗားကရာကျောင်းတိုက်ဆိုတဲ့နာမည်က သီတင်းသုံး ဆရာတော်တွေကို အစွဲပြုပြီးခေါ်တာလား…ဘယ်လိုလဲ''

သူမက မျက်မှောင်ကျုံ့၍ တွေးဆဆနှင့်မေးသည်။ ကျွန်တေ နှင့်သူမ ဗားကရာကျောင်းတိုက်တွင်းက အနောက်ဘက်လှေ ထစ်ပေါ်တွင် အတူထိုင်ပြီး…

''ကျွန်တော် မှတ်သားမိသလောက်ဆိုရင် 'ဗား'ဆိုတာ ကျောင်း၊ 'ကရာ' ဆိုတာက ခရေပင်။ ပေါင်းလိုက်တော့ ဗားက ကျောင်းဆိုတာ 'ခရေပင်ကျောင်း'လို့ အဓိပ္ပာယ်ရပါတယ်။ နော တစ်မျိုးမှာကျတော့ 'ဗား'က ကျောင်း၊ 'ကရား'က မြစ်ကမ်း ချောက်ကမ်းပါးရှိသော တောတန်းလို့ဆိုထားတယ်။ အဓိပ္ပာ





ပြည့်အစုံက ချောက်ကမ်းပါး၊ မြစ်ကမ်းပါးအနီးရှိ တောတန်း ကျောင်းလို့ ဆိုကြပြန်တယ်။ ဒါက ကြေးမုံ အဆင်ပြေတဲ့ တစ်ခုခု ကို အသုံးပြုလို့ရပါတယ်''

''ဩော်…အဲ့ဒီလိုလား…ဒါဆိုရင် ကျောင်းတိုက်နာမည် တွေကို အစွဲပြုပြီး ဆရာတော်တွေကိုလည်း ဗားကရာဆရာတော်လို့ ခေါ်တာဖြစ်ရမယ်နော်''

''ဒါပေါ့…ဒါပေါ့''

သူမက ကျွန်တော်ပြောသည့်စကားများကို အသံသွင်းတာ လည်း ရှိသည်။ စာအုပ်ထဲတွင် ရေးမှတ်တာလည်း ရှိသည်။

တစ်ခါတလေကျတော့ မနေ့က ရှင်းပြတာကို နားမရှင်းလျှင် ဒီနေ့ ထပ်မေးပြီး ထပ်မှတ်တာမျိုးလည်း ရှိသည်။

ဘာပဲဖြစ်ဖြစ် သူမကို ကျွန်တော် လေးစားပါသည်။

မြန်မာ့အနုပညာလက်ရာနှင့် ရှေးဟောင်းယဉ်ကျေးမှု မြန်မာ့ သမိုင်းကို ကမ္ဘာသိအောင်ချပြဖို့ ကြိုးစားနေသော သူမကို ကျွန်တော် တကယ်လေးစားရပါသည်။

ဤခရီးစဉ်အတွက် သူမ ငွေကြေးများစွာ ကုန်ကျခံရသည်ဟု လည်း သိရသည်။

''ဆရာတွေက အဲ့ဒီမှာ လုပ်လို့ရတဲ့ ခေါင်းစဉ်အကြံဉာဏ် ပေးကြတယ်။ ကြေးမုံက ဒီဘက်ကို အရမ်းအားသန်တယ်။ ဒီရဲ့ သမိုင်းကြောင်း ဗိသုကာလက်ရာနဲ့ ယဉ်ကျေးမှုအကြောင်း သူတို့ သိအောင် ပြောပြတယ်။ စိတ်ဝင်စားကြပါတယ်''

''……….''

"သူတို့တွက်တာက ကြေးမုံအတွက် အရမ်းကြီးပင်ပန်း...
စိုးလို့လေ။ ခုဆို အလုပ်ကလည်း ခွင့်ယူလာရတယ်။ ဒါလည်း...
တော့ ဖြစ်ပါ့မလားမေးတာ"

"ကြေးမုံရဲ့အမေကော လိုက်မလာဘူးလား"

အပြန်တွင် စကားတပြောပြောနှင့် ပြန်ဖြစ်သည်။ သူ...
ဆိုင်ကယ်နောက်ဘက်ကနေ ပြောခြင်းဖြစ်ပြီး ကျွန်တော်...
ဆိုင်ကယ်ရှေ့ဘက်က မေးခြင်းဖြစ်သည်။

"မာမီပါလာရင် ကြေးမုံ ဘယ်အဆင်ပြေပါ့မလဲ။ ခုတော့...
ကိုသစ်တို့ရုံးမှာ တည်းနေလို့ အဆင်ပြေနေတာ။ ဒါတောင် ကြေး...
ရုံးကလူတွေကို အားနာမိတယ်။ စားဖို့နေဖို့အတွက် ပြင်...
နေရတာ"

"ဩော်...အားနာစရာမလိုပါဘူးဗျာ...ကျွန်တော်တို့အဖွဲ့...
လည်း အဲ့ဒီလို အမှန်အကန်လုပ်နေတဲ့လူကို ကူညီပေးချင်နေတာ...
ဗျာ"

"ဒါနဲ့ ကိုသစ်က ကြေးမုံကို အချိန်ပြည့် လိုက်ကူညီ...
တော့ ရုံးမှာ အဆင်ပြေပါ့မလား"

"ပြေပါတယ်ဗျ...ပြေအောင်လည်း လုပ်ရတာပေါ့"

"ဘယ်လိုလုပ်ရတာလဲ"

ကလေးတစ်ယောက်လို လိုချင်တဲ့အဖြေ မရမချင်းမေး...
သည်။ ကျွန်တော် ဆိုင်ကယ်လီဗာကိုလျှော့၊ ဘရိတ်ကိုနည်းပြီး—

"ဒါလည်း တာဝန်ပဲဟာ"

"ဘာများလဲလို့နော်...အဟင်း...ဟင်း"





သူမရဲ့ရယ်သံကို ကြားရသည်။
...တိတ်ဆိတ်သွားသည်။ သူမ ဘာတွေတွေးနေသလဲမသိ။
...တော် အလိုက်တသိနှင့် ငြိမ်နေပေးလိုက်သည်။
သူမကို ရုံးသို့ပြန်ပို့ပြီး နှုတ်ဆက်စဉ်...

"ကိုသစ်...ကြေးမုံ သန်ဘက်ခါကျရင် အမေရိကား ခဏ
...မယ်။ Proposal တင်ဖို့ အချိန်နီးနေပြီ။ နောက်လမှ ကြေးမုံ
...ခဲ့မယ်နော်။ ဟိုမှာကတည်းက ပြောချင်နေတာ...ကိုသစ်က
...ကောင်းဖြစ်မှာစိုးလို့ပါ"

# အခန်း |၁၄|

စိတ်မကောင်းဖြစ်မှာစိုးလို့ ပြန်ခါနီးမှ ပြောခဲ့တာလား ကြေးမုံ။

သူမ ပြန်သွားကတည်းက ကျွန်တော့်ရင်ထဲတွင် လှစ်ဟာသွားလေသည်။ အရာရာဟာ အသက်မဲ့သလို ခံစားလိုက်ရသည်။

နှစ်ပတ်လောက် ရင်းနှီးခဲ့သော ရေမွှေးနံ့ ^^ည် ကျွန်တော့်နှာခေါင်းထဲ၌ စွဲထင်နေသည်။

မနက်ထပြီဆိုလျှင် သူမဆီ မသွားရတော့ပါလားဆိုသည့် အသိနှင့် ရင်ထဲမှာ ဘာကိုအလိုမကျမှန်း မသိ။

အမေနှင့် စကားပြောလျှင်လည်း ဘုနှင့်ဘောက်။ ညီမျှော နှင့်ဆို ပိုတောင်ဆိုးနေသေးသည်။ သူ့ရှေ့မှာ အမြဲတမ်း အမှားမှား အယွင်းယွင်းဖြစ်နေသော ညီမျှော...သူ့ရဲ့အအော်အငေါက်ကို အမြဲ တမ်း ခံနေရသည်။





အမေဆို...

"မောင်သခ်ိ...အခုတလော ဘာဖြစ်နေသလဲမသိဘူး။ ားနေရင်း ဒေါသကကြီးသေး"

ဟု အဖေ့အား ပြောသည်။

ဆိုင်က ကောင်လေးတွေကိုလည်း အလိုမကျ။ ရုံးကလူတွေ ည်း အလိုမကျနှင့် ကျွန်တော့်မှာ မျောက်သစ်ကိုင်းလွတ်ဖြစ်နေ ည်။

အင်တာနက်ဆိုတာ ဘယ်တုန်းကမှ တကူးတက သုံးတတ်သူ ။

ရုံးက စာဝင်မှသာ လိုင်းဖွင့်ကြည့်တတ်သူဖြစ်သော်လည်း တော့ အချိန်ပြည့် အင်တာနက်ဖွင့်သည်။

သူမဖုန်းနှင့် ကျွန်တော့်ဖုန်း Facebook ချိတ်ဆက်ထား ။ Viber မှာ စကားပြောဖူးသည်။

ထို့အတွက် နီးတာနှင့် လိုင်းဖွင့်သည်။ သူမ ရှိမလား။ ားရောက်ရောက် ကိုယ့်ရှေ့ရှိနေသူကို အာရုံမရောက်ဘဲ ှင့်...သူမ တက်လာမလား စောင့်ကြည့်ရတာ အမော။

တစ်ခါတလေကျတော့ သူမ မကြာမတင်လေးမီကမှ လိုင်း သွားသည်။ လွဲသွားပြန်သည်။

တစ်ခါတလေကျတော့ သူမ လိုင်းပေါ်မှာရှိတာနှင့်ဆုံလျှင် ာ်စာပို့သည်။ သူမထံသို့ deliver ဖြစ်သော်လည်း မဖတ်။

ကိုယ်ပို့တဲ့စာကို မဖတ်လေခြင်းဆိုပြီး ကျွန်တော် (၂)ရက် ရက်လောက် လူးလိမ့်နေအောင် ခံစားရသည်။

မင်း ဘာဖြစ်နေတာလဲ။ ကိုယ့်ကိုယ်ကိုယ် မဆန်းစစ်ရဲ

ကျွန်တော် လက်မခံဝံ့သောအဖြေသာ ထွက်လာမည်။ ကျွန်တော် ခံစားရသောအဖြေသာ ထွက်လာမည်။ သူမကတော့ ကျွန်တော့်ကို မေ့သွားပြီလားမသိ။

မြန်မာနိုင်ငံက သူမရဲ့ဖခင်ကိုတောင် မေ့နိုင်သေးတာ ကျွန်တော့်လို ဘာမှသက်ဆိုင်ခြင်းမရှိသူကိုတော့ ထူးပြီးသတိရမည် မဟုတ်။

ထိုသို့တွေးပြန်တော့လည်း ဘာကိုမှန်းမသိ ဝမ်းနည်းမိသလိုလို အိုး…ခက်လှလေစွ။

သူမအတွက် တစ်လဆိုတဲ့ကာလအတွင်း Proposal တစ်ခု တင်ဖို့ နေ့မအား ညမအား ကြိုးစားနေရသည်ကိုတော့ ကျွန်တော် လျစ်လျူရှုထားမိပြန်သည်။

နိုင်ငံတကာနှင့် ရင်ဘောင်တန်းနေတဲ့ တက္ကသိုလ်မို့ ထိုနိုင်ငံနှင့်အပြိုင် တန်းဝင်သော စာတမ်းတစ်ခု သူမ တော်တော်လေး ကြိုးစားပြုစုနေရပေမည်။

ဒါက တစ်ခါတစ်ရံမှာ သူမဘက်က ကျွန်တော် ဖြည့်တွေးမိသောအရာဖြစ်ပြီး ကျွန်တော့်အတွက်တော့ တစ်လဆိုတာ ဆယ်ကမ္ဘာလို ထင်ချင်စရာ။

ပိုလိုက်တာဟု စွပ်စွဲလျှင်လည်း မတတ်နိုင်ချေ။ ဤသို့သော စကား သူများတွေကိုလည်း ကျွန်တော် ပြောခဲ့သည်။

ဒါပေမဲ့ လူဆိုတာ ကိုယ်ကိုယ်တိုင် ခံစားတတ်မှသာ သူများကို ကိုယ်ချင်းစာတတ်သည်မဟုတ်လား။





"ခုမှ စာပြန်ဖြစ်လို့ တောင်းပန်ပါတယ် ကိုသန်"

ဟော…

ဖုန်းကို တွေတွေကြီး စိုက်ကြည့်ရင်း တွေးချင်ရာတွေးနေစဉ် ဝင်လာသံကြောင့် ကျွန်တော် ကြည့်လိုက်သည်။

သူမကတော့ လိုင်းပေါ်မှာ မရှိတော့ပေ။ ကျွန်တော့်အတွက် ထားခဲ့ပေးသည်။ သူမကတော့ ချက်ချင်းတက်ပြီး ချက်ချင်း ဆင်းသွားသည့်ဟန်။

"ကိုသန် ပို့ပေးလိုက်တဲ့စာတွေနဲ့ ဓာတ်ပုံတွေက ကြေးမုံ အတွက် အထောက်အကူပြုပေးပါတယ်။ နောက်ပြီး လက်ဆောင် ပို့ပေးလိုက်တဲ့စာအုပ်တွေအတွက်လည်း ကျေးဇူးပါပဲ"

ကျေးဇူးဆိုတဲ့စကားလုံးထက် ဘာမှမသုံးတတ်တော့ဘူးလား ကြေးမုံရယ်။

အချိန်တန်ရင် အိမ်ပြန်ရမယ့် သူ့ကိုမှ ကျွန်တော်ကလည်း လွမ်းမိတာဆိုတော့ ခက်တယ်ဗျာ။

"အစ်ကို…"

"………"

"ဒေါက်…ဒေါက်"

"အစ်ကို"

"ဟင်…ဟ…လန့်လိုက်တာ…အသံလေးဘာလေး ပေးစမ်းပါ ညီချောရာ…နင်လေ လုပ်လိုက်ရင် အဲ့ဒီလိုတွေချည်းပဲ နော်"

"ဟမ်"

ညိုချော ဆူငေါက်ခံလိုက်ရသဖြင့် မျက်နှာပျက်သွားသည်။

ကိုယ်ကဖြင့် ခေါ်လည်းခေါ်၊ တံခါးလည်းခေါက်၊ အသံလည်းပေးပါသည်။

သူ့ဘာသာသူ ဖုန်းကြီးထဲ မျက်နှာကြီးတိုးဝင်တော့မတတ် စိုက်ကြည့်ပြီး ခေါ်မကြား၊ အော်မကြားဖြစ်နေတာကို သူများကပဲ အသံမပေး ဘာမပေးနှင့် ဝင်လာသည်ဟု စွပ်စွဲနေသေးသည်။

ကိုယ့်ကိုဖြင့် ဖုန်းကိုင်၍ အကြီးနှင့် အတင်းတုပ်နေလိုက်တာများ ရစရာမရှိ။ ဒါတောင် အကြီး ဘာပြောလို့ သိရတာ။

"ညိုချော…လာပါဦးအေ…ငါ ညည်းကို မေးစရာရှိလို့"

"ဘာတုံး…အကြီးရဲ့…မေးလေ"

အကြီးက အမေ့ရဲ့အစ်မ နှစ်ဝမ်းကွဲ ဖြစ်သည်။ ဒေါ်ကြီးခေါ်ရမည်ဖြစ်သော်လည်း အကြီးဟုပင် ခေါ်ကြသည်။

အကြီးက အဝတ်တွေ ဇလုံထဲတွင် စုထည့်၍ ဆပ်ပြာမှုန့်နှင့် ရေစိမ်နေသော ညိုချောကို…

"အဲ့ဒါတွေ ထားစမ်းပါဦးအေ"

"ခဏလေး…ရေစိမ်ခဲ့ပါရစေဦး…အကြီးရဲ့၊ ဘာတွေ အရေးကြီးနေတာလဲဟင်"

မေးလည်းမေး၊ ဆပ်ပြာပေနေသောလက်ကို ရေခါလိုက်သည်။ အကြီးထိုင်နေသော ကွပ်ပျစ်ပေါ်တွင် တက်ထိုင်ကာ…

"ဘာမေးမို့လို့လဲ အကြီး…"

"ညည်းမှာ ရည်းစားသနများ ရှိနေပြီလားအေ့"

"ဟာ…အကြီးကလဲ"





ညိုချောရဲ့မျက်နှာ ရှက်ကိုးရှက်ကန်း ဖြစ်သွားသည်။ သူမရဲ့ …ချက်တွေကို အကြီးများ ရိပ်မိသွားသလားဟု ရှက်လန့်တကြား …သွားသည်။

အို…အဲ့ဒီတော့လည်း ဘာဖြစ်လဲ။ ငါ့ရဲ့သဘောထား …ယ်လိုရှိသလဲဆိုတာ အကြီး သိသွားတာပေါ့။ နောက်ပြီး အကြီး … ငါနဲ့အစ်ကို့ကိုလည်း သဘောတူနေတာပဲဟာ။ ဘာရှက်စရာရှိ …လဲ။

"အကြီးကလည်း လုပ်မနေနဲ့…အခုခေတ်က လူကောင်း …ကောင်း ရှားတဲ့ခေတ်အေ့…မိန်းကလေးဆိုတာလည်း ဘယ် …ာက်အနေအထိုင်တတ်တတ် တစ်ချက်မှားတာနဲ့ တစ်ဘဝလုံး …းတော့တာပဲ"

"ဟုတ်"

"နောက်ပြီး အိမ်ထောင်ဘက်ရွေးတဲ့အခါ ဖြစ်သလို …လွယ် မရွေးနဲ့အေ"

"အကြီးကလဲ…ခု…ညိုချောက ဘာလုပ်နေလို့ အဲ့ဒီလို …ပြောတာလဲ"

"သြော်…အေ့…ကျုပ်တော့ ဘယ်ဟုတ်မလဲ။ ညည်းအစ်ကို … ပြောနေတာလေ။ ညည်း ဟိုအင်တာနက်တို့…ဖေ့ဘုတ်တို့ …နေပြီး ရည်းစားတွေဘာတွေ ရနေသလားမသိဘူး အမေ… …ကြည့်ပါဦးလို့အေ"

ကြည့်စမ်း…ကြည့်စမ်း။

အစ်ကို မကောင်းဘူး။

ညိုချော သဘောကျနေတဲ့လူဆိုတာ အစ်ကိုဆိုတာ တကယ် မသိတာလား။ မသိချင်ယောင်ဆောင်နေတာလား။

အကြီးကလည်း စစ်လားမေးလား လုပ်နေပြန်သည်။

"အကြီးကလည်း မဟုတ်တာတွေ အစ်ကိုက ထင်ရာတွေ လျှောက်ပြောနေတာကို ယုံနေတော့တာပဲနော်"

"ဟဲ့..."

"ကန်တော့...ကန်တော့...အကြီး"

သူ့သားကို သူ့အမေရှေ့မှာ ထင်ရာတွေ လျှောက်ပြောနေတာ ပဲဆိုသဖြင့် အကြီးက ညိုချောကို မျက်လုံးကြီးပြူး၍ကြည့်သည်။

ညိုချော ခေါင်းပုသွားရပြီး...

"ညိုချော ပြောချင်တာက အစ်ကိုက သူထင်သလို ပြောနေ တာလို့...အမှန်က သူထင်သလို မဟုတ်ဘူး။ ညိုချော ဘယ်သူနဲ့ မှလည်း မချစ်ဘူး...ဘယ်သူမှလည်း မကြိုက်ဘူး...ဒါပေမဲ့"

"ဘယ်သူမှ မကြိုက်ရင် ပြီးတာပဲအေ...ညည်းအမေတွေ အကြောင်းလည်း ညည်း သိတယ်နော်။ ငါတို့မှာ စောင့်လည်း စောင့်ရှောက်ထားရတယ်။ အပြောအဆိုလည်း ခံရဦးမယ်ဆိုရင် တော့ မဟုတ်သေးဘူး။ အဲဒါကြောင့် ညည်း အနေအထိုင်ဆင်ခြင် လို့ ကျုပ်က ပြောနေတာ"

"စိတ်ချပါ အကြီးရဲ့...အကြီး စိုးရိမ်သလို မဖြစ်စေရပါ ဘူး"

ဟု ကတိပေးလိုက်ရပေမယ့် ညိုချော အစ်ကို့ကို မကျေနပ်။

ရှေ့ကအဝတ်တွေကို အစ်ကို့အမှတ်နှင့် တဖုန်းဖုန်း ထုရိုက်နေ





...မိတာက စိတ်တိုလက်တို့နှင့်ပါ။

"ဟဲ့...ညိုချော"

"ဘာတုံး"

"ထူးတာလည်း ယဉ်ကျေးလှချည်လားဟ"

"ထူးချင်သလိုထူးတာ ဘာဖြစ်လဲ...တော့်ကို ဘယ်သူက ...ခေါ်နိုင်းနေလို့လဲ"

"နင်ကလည်း စိတ်ချည်းပဲနော်...နင် လျှော်နေတဲ့အင်္ကျီသာ ...ကြေတတ်တဲ့ပစ္စည်းဆို တစ်စစီဖြစ်နေတာ ကြာပေါ့"

"ကိုရင်သာအေး...ဟောဒီမှာ ကျုပ်လက်ထဲက ဘာလဲ"

"တုတ်ဘုတ်ပါဟ"

"မျက်နှာစပ်ဖြီးဖြီး လာလုပ်မနေနဲ့...ဟောဒီတုတ်ဘုတ် တော် ခေါင်းပေါ်ရောက်မလာခင် ဒီနားက မြန်မြန်သွားတော့"

"ကြောက်နေရပါလားဟ"

# အခန်း ၂၁၅၂

"ဟဲ့…ဘာကြည့်နေတာလဲ၊ ယူစရာရှိတာယူပြီး သွား[illegible]"

"အစ်ကိုနဲ့ စကားပြောစရာရှိလို့"

"ဘာ…ငါနဲ့ ဟုတ်လား…ညည်းက ငါ့ကို ဘာပြော[illegible] ရှိလို့လဲ။ ထူးထူးဆန်းဆန်းပါလား ညီုချော"

"ဟုတ်တယ်"

"နေဦး…ငါ အပြင်ထွက်ခဲ့မယ်။ နင် အဝတ်အစား[illegible] လာယူတာမလား။ ဟိုမှာပုံထားတဲ့ဟာတွေ ယူပြီးရင် ငါ ထွ[illegible] မယ်"

ကြည့်ပါလား။

အစ်ကိုဟာ ဘယ်လောက်ထိ အထူအပါး နားမလည်တဲ့ [illegible] သိုးကြီးလဲဆိုတာ…





မိန်းကလေးက မေ့လာမြောင်းပေးလုပ်လို့လည်း ရေမြောင်း ဘက်ဖို့ စိတ်မကူးတတ်သူ။ အရိပ်ပြလို့တောင် အကောင်မမြင်တဲ့သူ ဆိုတော့ ညီုချောနဲ့အစ်ကို ဇာတ်လမ်းက ဘာလဲ။

ညည်းဆို တီဗီကလာတဲ့ အချစ်ဇာတ်လမ်းတွဲတွေကြည့်ပြီး စိတ်ကူးယဉ် ရင်ခုန်ရတာအမော။

တချို့ဇာတ်လမ်းတွေမှာ မင်းသမီးက မင်းသားကို တစ်ဖက် သတ်ကြိုက်ပြီး ပိုးပမ်းတဲ့ဇာတ်လမ်း။

ညီုချောမှာ အဲ့ဒီလိုဇာတ်လမ်းတွေကို အားသာပေးရဲတာ။ လက်တွေ့မှာတော့ အကောင်အထည်မဖော်ဝံ့။

အစ်ကိုရဲ့ ဟဲ့တစ်ချက်အငေါက်မှာတောင် တုန်နေအောင် လန့်ရတဲ့ ညီုချောပါ။

"ဘာလဲ…ပြော"

လူပျိုသိုးကြီး…

မုန်းစရာကောင်းလိုက်တာနော်။

စကားကလည်း ချိုချိုသာသာ မပြောတတ်။

ရုပ်ကလည်း မှုန်ကုတ်ကုတ်၊ ဂျစ်ကန်ကန်။

ဒီလောက် ထော်လော်ကန့်လန့်နိုင်တဲ့လူကို ဘယ်သူမှ ချစ်မှာ လည်း မဟုတ်ပါဘူး။ ငါလို ဦးနှောက်မရှိတဲ့မိန်းမပဲ ချစ်တာ။

"သြော်…ဒုက္ခပဲ ညီုချောရယ်…နင့်ကိုကြည့်လိုက်ရင် အမြဲ တမ်း ငေးငေးငိုင်ငိုင်နဲ့၊ ငါ ပြောရင်လည်းပြောစရာပဲ။ အလုပ်လုပ် ရင် စိတ်နဲ့လူနဲ့ကပ်…အခု စကားပြောနေရင်လည်း စိတ်နဲ့လူနဲ့ ကပ်စမ်းပါ"

"ကပ်ပါတယ်နော်"

"ဘာပြောစရာရှိလို့လဲ…အချိန်ဆွဲမနေနဲ့၊ ငါ ရုံးပြေး
မယ်"

"ဟင်…ဒီနေ့ ရုံးပိတ်ရက်မဟုတ်လား အစ်ကိုရဲ့"

ဒီနေ့ စနေနေ့မို့ မေးလိုက်ခြင်းဖြစ်သည်။ အစ်ကိုက ညို
ကိုင်နေသော ကွပ်ပျစ်ဘေးတွင် ထိုင်လည်းမထိုင်၊ မတ်တတ်
ရပ်နေတာ။

"အဲ့ဒါ နင့်ကိစ္စ မဟုတ်ပါဘူး… ငါ့ကိစ္စပါ"

"အစ်ကိုက အကြီးကို ညိုချောရဲ့မကောင်းကြောင်း
ပြောတယ်ဆို"

"ဟေ…"

"ညိုချောက အင်တာနက်တွေသုံးပြီး လိုင်းပေါ်မှာ ရည်း
တွေထားနေတာတို့…မတော်တရော်နဲ့ တွေ့သွားမယ်လို့ ပြော
တယ်ဆို"

"ဟုတ်တယ်လေ…ငါ ပြောတာကော မဟုတ်လို့လား
အတင်းတုတ်တာ မဟုတ်ဘူးဟေ့…ပေါ်တင်ပြောတာ။ နင့်
အလုပ်ခိုင်းတိုင်း ဘယ်တုန်းက အဆင်ပြေပြေ ပြီးရတယ်လို့ရှိ
ပန်းကန်ကိုင်ရင် ပန်းကန်ကွဲတယ်။ ခွက်ကိုင်ရင် ခွက်ကွဲတယ်"

"…………"

"ငါ တွေးတာက လွန်လို့လား။ ဒီလောက်ထိ စိတ်နဲ့
မကပ်စရာအကြောင်း နင့်မှာ ဘာရှိလဲ…ပြော။ ငါက နင့်အ
ပါ…ပြော…ပွင့်ပွင့်လင်းလင်း နင့်မှာ ရည်းစားတွေရှိနေသလား





ကလဲ…ဘာကောင်လဲ"

"အစ်ကိုနော်"

ခုတ်ရာ တစ်ခြား၊ ရှတာက တစ်လွဲ။

လက်စသတ်တော့ အစ်ကိုက ဒီလိုကိုး။ ရှင်ကြီးက ဂျွန်မ
ကြိုက်တဲ့လူ လိုက်ပြောပေးမယ်ဆိုတော့ အဲ့ဒီလူကြီးက ရှင်ဖြစ်နေ
ယ်ဆိုရင်ကော မေးလိုက်ချင်တာ ပါးစပ်ကို ယားလို့။

ဒါပေမဲ့ မပြောရဲပါဘူး။ ကိုယ့်ရှေ့က လူရှည်စိတ်တိုကို
ပြောရဲပါဘူး။

"ဘာမှမရှိဘူး"

"အေး…ဘာမှမရှိလည်းပြီးတာပဲ။ အလုပ်ကို စိတ်ပါ
က်ပါလုပ်…နင် အချိန်တန်အရွယ်ရောက်လို့ သင့်တော်တဲ့လူ
တွေ့ရင် ငါတို့ ပေးစားမှာပဲ။ ခုတော့ အချစ်နဲ့ မကစားနဲ့။ ငါ
သွားပြီ…အမေမေးရင် ရုံးဘက်ခဏသွားတယ်လို့ပြောပေး"

ငါ့နှယ်နော်…ဟင်း…။

လှည့်ထွက်သွားသော ကျောပြင်ကြီးကို အုန်းခွံနဲ့ ထုပစ်လိုက်
ချင်တာ။ ဒါပေမဲ့ မလုပ်ရဲပါဘူး။ ဒီလောက်ထိ မနောက်မြောက်
ဘူးလွန်နေတာတောင် လွန်လှပြီရယ်။

ဒီလိုနဲ့ ညိုချောမှာ မျက်စိဒေါက်ထောက်ကြည့်သူတွေကြောင့်
အနေအထိုင်၊ အပြောအဆိုတွေ ဆင်ခြင်လိုက်ရသည်။

အစ်ကို့ဘက်က ဘယ်လိုမှ သဘောမထားဘဲ ညိုချောဘက်
က တစ်ဖက်သတ်ဖြစ်တာသိလျှင် ကိုယ့်ရဲ့ကယ်တင်ရှင် အဒေါ်ကြီး
တို့မိသားစုအပေါ် ဘယ်လိုမျက်နှာပြရမည်မသိ။

အကယ်၍ အဒေါ်ကြီး အစ်ကိုကို အတင်းနားချလို့ အဆင်...
သွားရင်တော့ တစ်မျိုးပေါ့။ ခုတော့ ညီချောတစ်ယောက် လိုမှ...
ရပါသည်။

“တွေ့လား…အမေ၊ သား ခေါ်ပြောလိုက်မှ ညီချော အ...
အတိုင်း ပြန်ဖြစ်သွားပြီ”

“ဖြစ်ရတယ်နော်…ဟင်း”

သူက ခေါ်ပြောရတယ်ရှိသေး။ ကိုယ့်ဘာသာ ခံစားချက်...
မျိုသိပ်ပြီး အလုပ်အပေါ် အာရုံစိုက်နေတာကိုများ သူပဲခေါ်ပြော...
ကိုယ်ပဲ အသိတရားတွေ ရသွားသလိုလို။

ဘာပဲဖြစ်ဖြစ် ညီချော ဟိုတလောတုန်းကလို ခွက်ကိုင်လျှ...
ခွက်ကွဲ၊ ပန်းကန်ကိုင်လျှင် ပန်းကန်ကွဲ မဖြစ်တော့ပါ။

ပေါင်းရမည့်ကံပါလာလျှင် ပေါင်းရမည်။ မပေါင်းရမည့်က...
ပါလျှင် မပေါင်းရဟု စိတ်ပြတ်ထား၍လားမသိ…အရင်လို သိပ်...
စိုးရိမ်ကြောင့်ကျမှု မရှိတော့ပါ။

“ထပ်တစ်ရာတစ်…လိပ်ခုတ်တစ်”

“ညီချောရေ…ဒီကျစိမ့် (၂)ခွက် ဟိုဘက်ဝိုင်းကို သွား...
ပေးစမ်းပါ”

“အို…တော်…ကျုပ် ဘယ်တုန်းက စားပွဲထိုးလုပ်ပေးဖူး...
လဲ…ကိုရင်သာအေး…တော့်ကို ကျုပ် အကြီးနဲ့ တိုင်ပြောမှာနော်”

“ညည်းကလည်း စတာကို”

“လာမစနဲ့…ကျုပ် မကြိုက်ဘူး။ နောက်တစ်ခါ ဒီလိုခိုင်း...
ကတော့ ကျုပ် အကြီးနဲ့ တိုင်ပြီသာမှတ်”



အရေးထဲ ဒီမျက်နှာရှူး ကိုရင်သာအေးက တစ်မှောက်။

ဒီမှာတော့ ကိုရင်သာအေးက တီးဆရာဖြစ်သည်။ ဒီအင်းဝ
...ရောက်လာသည့်အထဲတွင် ကိုရင်သာအေးနှင့်ညီချောက တစ်ရွာ
...သားတွေ ဖြစ်သည်။

ဆွေမျိုးတော်ရင်လည်းရသည်။ မတော်ရင်လည်းရသည်။
...သော် အကြီးနှင့်ကျတော့ ညီချောတို့က သွေးပိုနီးသည်။ ထို့
...ကြောင့် အကြီးက ညီချောကိုတော့ မျက်နှာသာပေးသည်။

လက်ဖက်ရည်ဆိုင်ထဲတွင် စားပွဲထိုးလုပ်တာ လုံးဝခွင့်မပြု။
...နောက်မှာ ဆေးတာကြောတာနှင့် အချက်အပြုတ်ပဲခိုင်းသည်။

ဆိုင်ထဲတွင် ကောင်လေးနှစ်ယောက် ရှိသည်။ သူတို့ပဲ စားပွဲ
...း သူတို့ပဲ ကိုရင်သာအေးကိုကူ။

ရွာမှာကတည်းက ကိုရင်သာအေးကို ညီချော သိပ်ကြည့်လို့
...ရ၊

ညနေ ရေခပ်သွားလို့ တွေ့ပြီဆိုလျှင် ကိုရင်သာအေးက စ။
...ချောက ရေအိုးခါးထစ်ခွင်တင်ပြီး အော်ဆဲ…အော်ပြော။
...လည်း အမှတ်မရှိဘဲ ကိုရင်သာအေး ညီချောကို တွေ့ပြီဆိုလျှင်
...နောက်ဖို့သာ စိတ်ကူးရှိသည်။

“နင့်မှာလည်း ရုပ်ရည်လေးကလည်း ရှိပါတယ်။ ဒါပေမဲ့
...င် စကားအပြောအဆို မတတ်တာနဲ့ နင့်ကိုလည်း ဘယ်သူမှ
ကြိုက်မှာမဟုတ်ပါဘူးအေ…ငါဆိုရင်တောင် စဉ်းစားဦးမယ်”

“ဒီလောက်ပြောနေတဲ့ကြားက တော်က ချိုကြွနေတာပေါ့
...ဟုတ်လား…ကဲ”

"ဒုန်း"

"ခွမ်း"

"ဟာ…နင် တကယ်ကြီး"

"ဘာဖြစ်လဲ…တကယ်ပစ်တာလေ…အလကားပစ် မှတ်နေလို့လား"

လက်ဖက်ရည်ဖျော်သည့်နေရာမှ ညီချော ပန်းကန်ဆေး နားသို့ရောက်အောင် လှမ်းစနေသဖြင့် ညီချော အကြမ်းပန်းကန် နှင့် လှမ်းပစ်လိုက်သည်။

ကိုရင်သာအေးက ရှောင်လိုက်တာမို့ ပန်းကန်လုံးက နံ ထိပြီး ခွမ်းခနဲမြည်အောင် ကွဲသွားခြင်းဖြစ်သည်။

"ဟေ့…ဒါတွေ ဘာဖြစ်တာလဲ၊ ညီချော ငါ မြင်တ နော်"

အစ်ကို့ရဲ့အသံမို့ ညီချော လန့်သွားသည်။ အစ်ကို ညီ ကို မဆူမပြောတာ အတော်ကြာပြီ။ တစ်ခါတလေဆို ညီ အတွက်ဆိုပြီး ပိတ်စတောင် ဝယ်လာဖူးသေးသည်။

ထို့အတွက် ညီချောမှာ ပျော်မဆုံး၊ ဝမ်းသာမဆုံး ဖြ သည်။

"ဆိုင်ကပစ္စည်းကို နင် လုပ်ချင်နေသလိုလုပ်တာ ဒီဆိုင် ပစ္စည်းတွေက အလကားရထားတာ မဟုတ်ဘူး…ညီချော၊ နော ပြီး ဒါ…မတော်တဆကွဲတာ မဟုတ်ဘူး။ တမင်သက်သ ကွဲအောင်လုပ်တာ။ အိုးခွက်ပန်းကန်တွေကို တန်ဖိုးမထားဘဲ ခွဲ တတ်တဲ့ မိန်းမဟာ ဘယ်တော့မှ မကြီးပွားဘူး"





"……………"

"ကိုသာအေးကလည်း အစအနောက်သန်တယ်ဆိုတာ တော် သိတယ်။ နောက်တစ်ခါ ဒီလိုမဖြစ်ပါစေနဲ့။ ကျွန်တော်တို့ အမိတွေက ကိုသာအေးတို့ကို တကယ်အားကိုးလို့ အကူအညီ တာ။ ကျွန်တော်တို့စီးပွားရေးကို လာဘ်တိတ်အောင်မလုပ်ပါ ညီချော…နင် လိုက်ခဲ့"

# အခန်း ၁၆

ဒီရက်ပိုင်းမှာ ညိုချောနှင့်ကျွန်တော် အခေါ်အပြော အနည်းငယ် တန့်သွားသည်။

ဟိုတစ်နေ့က ကျွန်တော် သူမကို ကိုသာငအီးရှေ့မှာ ဆူပြော ရုံနှင့် အားမရ၍ ခေါင်းတောင်ထုပစ်ခဲ့သည်မဟုတ်လား။

အမေက…

"ပန်းကန်လေးတစ်လုံးအတွက်နဲ့ နင်ပဲငါ့ဆဲဆူတာ မဟုတ်သေးဘူးလေ သားရယ်"

"ပန်းကန်တစ်လုံးအတွက် ကျွန်တော် ဆူနေတာမဟုတ်ဘူး။ နောင်အနာဂတ်မှာ သူ့အိမ်ထောင်ရေးအထိ ကျွန်တော် တွေးပြီး ဆုံးမနေတာ အမေ"





"ဟေ"

"ဟုတ်တယ် အမေ…ဒီလို စိတ်တိုတိုင်း ခွက်ပေါက်၊ ကန်ခွဲလုပ်တတ်တဲ့ ညိုချောရဲ့အကျင့်ကို အိမ်ထောင်သည်ဘဝ ပါမသွားစေချင်ဘူး။ အိမ်ထောင်ကျလို့ ယောကျ်ားနဲ့ ရန်ဖြစ်ပြီး ခွက်ခွဲ…ပန်းကန်ခွဲလုပ်နေရင် သူတို့ပဲ ရှာမလောက်… လောက်ဖြစ်နေမှာ"

ကျွန်တော်ကတော့ ကျွန်တော့်လုပ်ရပ်မမှားဘူးဟု ယူဆသည်။ ညိုချော၏ စိတ်လိုက်မာန်ပါလုပ်တတ်သောအကျင့်ကို ပြုပြင်နေတာမို့ ကိုယ့်လိပ်ပြာကိုယ်သန့်သည်။ သူမကို တမင်တကာ အပြစ်ရှာပြီး ဆုံးမနေတာလည်းမဟုတ်။

ဤသို့ ပြုလုပ်သည်မှာ တစ်ခါလည်းမဟုတ်။ နှစ်ခါလည်း မဟုတ်။

ညိုချောက အမေပြောသလို ရုပ်ကလေးက ညိုစိမ့်စိမ့်နှင့် မြင်းတစ်ပြေးအလှ မဟုတ်တာ အမေ မပြောနှင့်၊ သူလည်း ရိပ်မိသည်။

ရွာမှာဆိုလျှင် သူမ အလှအပအတွက် ဘယ်သာယာနေချိန်ရ မလဲ။ သူတို့ရွာကို ရောက်သွားစဉ်က သနပ်ခါးပါးကွက်ကြားကြီးနှင့် ခါးမောက်ကြီးဆောင်းကာ ကောက်စိုက်သမ လုပ်ခဲ့သည့် ညိုချော။

ထိုဘဝသို့ သူလည်း ညိုချောကို ပြန်မရောက်စေချင်ပေ။ မြို့မှာ သူမကို သဘောကျ၍ လာတောင်းသူရှိလျှင် တင့်တင့်တယ်တယ် ဖြစ်စေချင်သည်။ အဖိုးတန်သည့် မိန်းကလေး ဖြစ်စေချင်

သည်။

ညီရျောတွင် ပညာအရည်အချင်းဆိုတာ ဘာမှရှိတာမဟုတ်၊ မိဘနောက်ခံအင်အားဆိုတာ ဝေလာဝေး။ သူမကိုယ်သူမ တန်ဖိုး သောမိန်းကလေးအဖြစ်နေမှသာ ကောင်းမွန်သောအိမ်ထောင်ဘက် နှင့် တွေ့မည်။

ဒီအတွက် ရှေ့ရေးတွေ ကြိုတွေးပြီး သူက ဆုံးမနေခြင်းကို မခေါ်နိုင်၊ မပြောနိုင်ဖြစ်နေသည်ဆိုတော့လည်း မတတ်နိုင်ပေ။

စေတနာသည် ခါး၍ အဝင်ဆိုးသော ဆေးတစ်ခွက်ဆိုတာ တစ်နေ့ ဘဝကို လက်တွေ့ရင်ဆိုင်ရသည့်အခါ သိလိမ့်မည်။

ဒီအတွက် လိုက်ပြီးချော့လည်း မချော့နိုင်ပေ။ မျက်နှာသာ လည်း မပေးနိုင်ပေ။

"ဒါပေမဲ့ သူ့ခမျာ သား ဆူလိုက်လို့ တော်တော်လေး ခံစား နေရရှာတယ်။ စေတနာတော့ စေတနာပေါ့…ဒါပေမဲ့ ကိုယ့်အပေါ် စိတ်ကွက်သွားရင်"

"မတတ်နိုင်ဘူး…အမေ"

ကျွန်တော် အပြတ်ပြောလိုက်တော့လည်း အမေ ဘာမှ ဆက်မပြောတော့ပေ။ နောက်ရက်ကျတော့ ကိုသာအေးက လာ တောင်းပန်ပါသည်။

"ခင်ဗျားကြောင့် မဟုတ်ဘူး…ကိုသာအေး၊ ကျွန်တော်က သူ့ကို လိမ္မာစေချင်လို့ ဆုံးမနေတာ။ ခင်ဗျား ဘာအတွက်နဲ့မှ စိတ် မကောင်းမဖြစ်ပါနဲ့"

နောက်ပိုင်း ကျွန်တော်လည်း ရုံးဘက်မှာပဲ အလုပ်တွေရှုပ်နေ





တော့ အိမ်ကကိစ္စကို ခေါင်းထဲက ထုပ်ထားလိုက်သည်။

သူ့ဘက်ကပဲ ညတိုင်း၊ နေ့တိုင်း စာပို့နေ၍လားမသိ။ သူမ ဘက်က အားနာ၍ပဲဖြစ်ဖြစ် ဘာကြောင့်ပဲဖြစ်ဖြစ် ကျွန်တော့်ကို ပြန်ပို့ပေးလာတာက ဝမ်းသာစရာတစ်ခု ဖြစ်သည်။

"သခ်ရေ… အစ်မတို့ရဲ့ Group Project အတွက် ဘတ်ဂျက်ကျလာပြီဟေ့"

"ဩော်ဗျာ…စာတမ်းကဖြင့် ထွက်တာကြာပေါ့။ ဘတ်ဂျက် က ခုမှကျတာလား မမသိမ့်ရယ်…အဲဒါများ ဝမ်းသာစရာကျလို့"

ဌာနတွင်း မိုက်ဆံနှင့် ကြိုလုပ်ထား၍သာ တော်တော့သည်။ ဘတ်ဂျက်ကိုစောင့်နေလို့ကတော့ ဒီနှစ် Group Project က နှစ်ကုန်လောက်မှပြီးမည်။

"ဩော်…မရတာနဲ့စာရင်တော့ ရတာမကောင်းဘူးလား မောင်ရဲ့…ဘာပဲဖြစ်ဖြစ် ဒီနေ့ နေ့ခင်း မမသိမ့် မုန့်ကျွေးမယ်"

"ဘာအတွက် ကျွေးမှာလဲ…မမသိမ့်ရဲ့"

ကိုမင်းကျော်က နားစွန်နားဖျားကြား၍ ဝင်မေးခြင်းဖြစ်သည်။ ကိုမင်းကျော်က သူ့နားကပ်ထိုင်ပြီး ဘာလဲလို့မေးတော့…

"ဘတ်ဂျက်ကျလို့တဲ့"

"ဟဲ့…ဩော်…အဲဒါကြောင့် မဟုတ်ပါဘူး မောင်သခ်ရ၊ ဘတ်ဂျက်ရတော့ကော ကျုပ်ရမှာကျလို့။ ဒီနေ့က ကေသီရဲ့မွေးနေ့ အတွက် ကျွေးမှာ။ မွေးနေ့က ရုံးပိတ်ရက်…အိမ်မှာပဲ လုပ်လိုက် တော့ မဖိတ်တော့တာ။ အဲဒါအတွက် သက်သက်လိုက်ကျွေးမှာ"

"ဩော်…အဲဒီလိုလား"

"အေး…အဲဒီလိုပဲ။ နေဦး…ငါ့ဆရာကို သွားပြောထားမယ်"

မမသိမ့် ထွက်သွားတော့ ကိုမင်းကျော်က…

"သန်း…ဟိုစာတမ်းပြုစုတဲ့ မ…ဘယ်သူ"

"ရတနာကြေးမုံ"

"ဪ…အေး…သူ့နာမည်ကလည်း တင်စီးလိုက်တာ။ ရေသောက်ပြီးခေါ်ရမယ့် နာမည်မျိုးပဲ။ ဒါနဲ့ သူ့ရဲ့ကိစ္စက ပြီးသွားပြီလား"

"ခဏပြန်သွားတယ်"

"ဪ"

"ဒါနဲ့ မင်းနဲ့ငါ ပြောထားတဲ့ ဟိုကိစ္စလေ…မင်း ဘယ်လိုသဘောရလဲ…လုပ်မှာလား"

ကျွန်တော် ခေါင်းညိတ်လိုက်ပြီး…

"လုပ်တော့လုပ်ချင်တယ်…ကိုမင်းကျော်…ဒါပေမဲ့ ကျွန်တော် ဒီအင်းဝပုထိုးတော်တွေအကြောင်း လုပ်နေတာလည်း မပြီးသေးတော့ နိုင်ပါ့မလားလို့ စဉ်းစားနေတာ။ ဒီနှစ်ကုန်ရင်ကော"

ကိုမင်းကျော်ပြောသည့်ကိစ္စမှာ ကျောက်ဆည်ဒေသက ဘုရားများအကြောင်းကို လူတွေအားလုံး တစ်စုတစ်စည်းတည်း လေ့လာလို့ရအောင် စာအုပ်လုပ်ချင်တာ ဖြစ်သည်။

ထိုစာအုပ်ကို မည်သူမှလုပ်ထားတာမရှိ၍ ကျွန်တော်ကိုယ်တိုင်လည်း စိတ်ဝင်စားသည်။





အစတုန်းက ကိုမင်းကျော်နှင့်ကျွန်တော် နှစ်ယောက်သား တိုင်ပင်ပြီးလုပ်ဖို့ စီစဉ်ပြီးခါမှ ကျွန်တော့်ဘာသာ သီးသန့်စာအုပ် တစ်အုပ်လုပ်ဖို့ ပြင်ဆင်ခဲ့မိသည်။

ဒါကလည်း စာအုပ်လုပ်ဖို့ လေ့လာနေတဲ့ ကျွန်တော်နှင့် ကျွန်တော့်စာအုပ်ကို စိတ်ဝင်စား၍ ထုတ်ပေးမယ့်သူပေါ်လာခြင်းကြောင့် ဖြစ်သည်။

"ကျုပ်တော့ ခင်ဗျားကို ပါစေချင်တယ်ဗျာ။ ခင်ဗျားလည်း စိတ်ဝင်စားနေတာပဲမဟုတ်လား။ ကျုပ်တောင် အားတိုင်း ကျောက်ဆည်မဲဘက် ပြေးနေတာ"

"ဒါကြောင့် ခင်ဗျားကို ရုံးမှာ မတွေ့တာကိုး"

ကျွန်တော်သည် ဤအလုပ်တွင် အစိုးရဝန်ထမ်းအလုပ်မို့ ဝင်ခဲ့ခြင်းမဟုတ်ဘဲ ကျွန်တော်ကိုယ်တိုင်က သုတေသနလုပ်ငန်းကို စိတ်ဝင်စားသူ ဖြစ်သည်။

ဘယ်ဒေသ၊ ဘယ်ခရီးသို့သွားသွား အမှုမဲ့အမှတ်မဲ့မနေဘဲ ရောက်လာသည်။ မှတ်သားသည်။ ပြီးလျှင် ပြန်လည်ပြုစုသည်။

ထို့အတွက်ကြောင့် အထက်လူကြီးများသည် အားကိုးသည်။ ယုံကြည်စိတ်ချသည်။ ဤရုံးတွင် ကိုမင်းကျော်နှင့်ကျွန်တော် တွဲဖက်ဖြစ်နေရခြင်းမို့ ဝါသနာတူ၍ ဖြစ်သည်။

ကိုမင်းကျော်လည်း ကျွန်တော့်နည်းတူ သုတေသနလုပ်ငန်းကို စိတ်ဝင်စားသူ ဖြစ်သည်။

ကျွန်တော်တို့နှစ်ယောက် ပေါင်းမိပြီဆိုလျှင် တခြားလူ ကြားဝင်တိုးမပေါက်တော့ချေ။

နောက်တစ်ပတ်တွင် ကျွန်တော် မျှော်လင့်စောင့်စားနေရသော စာတစ်စောင် ရောက်လာသည်။ ထိုစာက မည်သူ့ထံက ဖြစ်မည် ထင်ပါသနည်း။

"ကိုသခ်…ကြေးမုံ နောက်တစ်ပတ်ကျရင် အင်းဝကို လာပါမယ်။ လေယာဉ်ကွင်းမှာ လာမကြိုပါနဲ့တော့နော်။ ဘယ်ဖလိုက်နဲ့ လာရမလဲဆိုတာ မသိသေးလို့ပါ။ ဝမ်းသာစရာစကားတစ်ခွန်း ပြောရဦးမယ်ရှင့်။ ကျွန်မတို့တက္ကသိုလ်ဆရာကြီးက ကျွန်မရဲ့ကျမ်းကို တော်တော်သဘောကျနေတယ်။ ကျွန်မရဲ့ကျမ်းကိုဖတ်ပြီး သူတောင် အင်းဝဒေသကို ရောက်ဖူးချင်တယ်တဲ့။ နောက်ပြီး ချီးကျူးစကားလည်း ပြောသေးတယ်။ ဆိုလိုချင်တာက ကျွန်မ ဒီခေါင်းစဉ်နှင့် ဆက်လက်လုပ်ခွင့်ရခဲ့ပြီလို့ ဆိုရမှာပေါ့ရှင်"





# အခန်း ၁၇

"အခုလို တကူးတက ထမင်းစားဖိတ်လို့ ဘာပြောရမှန်းတောင် မသိတော့ဘူး။ အားနာပါတယ်ဆို"

"ဘာမှအားမနာပါနဲ့ ကြေးမုံရဲ့…ကြေးမုံ မြန်မာနိုင်ငံရောက်ဘုန်း တောခလေ့ မြန်မာထမင်းဟင်းကို ကျွေးချင်လို့ပါ"

"သြော်…ဟိုမှာရောက်နေပေမယ့် မြန်မာထမင်းဟင်းနဲ့တော့ မဝေးပါဘူး ကိုသခ်ရဲ့…မာမီက တစ်ခါတလေ ချက်ကျွေးပါတယ်။ ဟိုက ကုန်တိုက်ကြီးတွေမှာလည်း ဝယ်လို့ရပါတယ်။ ဒါပေမဲ့ export quality ဆိုတော့ ဈေးကြီးတာတော့ ရှိတာပေါ့"

"အခု…ကြေးမုံ စားရမှာက မြန်မာထမင်းဝိုင်းတော့ ဟုတ်တယ်။ ကြေးမုံရဲ့မာမီ ချက်ကျွေးတဲ့ မြန်မာထမင်းဝိုင်းတော့ မဟုတ်ဘူး"

"အမယ်…ညွှန်းလှချည်လား"

"အဲဒါကြောင့် စားပါလို့ ပြောနေတာပေါ့"

သူမက ကျွန်တော့်စကားကို သဘောကျသလိုနှင့် ရယ်ဆေ
သည်။

"ဒါက ကျွန်တော့်အမေနဲ့အဖေပါ ကြေးမုံ… အမေ
သူက နိုင်ငံခြားကနေလာပြီး ကျွန်တော်တို့ဒေသကို စာတမ်းပြုစု
လာတာ"

"အိုး…နိုင်ငံခြားကတဲ့လား…တော်လိုက်တာနော်။ ငယ်ငယ်
ရွယ်ရွယ်နဲ့ နိုင်ငံခြားကတောင် ဒီမှာလာလုပ်တာဆိုတော့
မွေးထားတဲ့မိဘတွေ မွေးရကျိုးနပ်လိုက်တာတော်"

"ကျေးဇူးတင်ပါတယ် အန်တီ"

"ဟောဒါက ကိုသခ်တို့မိသားစုအတွက် အမှတ်တ
လက်ဆောင်ပါ။ မိန်းကလေးတွေ ရှိတယ်လို့ သိရတဲ့အတွက်
မိန်းကလေးအသုံးအဆောင်တချို့လည်း ပါတယ်"

သူမက စက္ကူအိတ်တွေကို ကျွန်တော့်အား ကမ်းပေးရင်း
ပြောသဖြင့် ကျွန်တော် လှမ်းမယူဘဲ…

"ဝယ်လာစရာမှ မလိုတာတော့ ကျွန်တော်က ဒါတွေလိုချင်
လို့ ကြေးမုံကို ကူညီနေတာမှ မဟုတ်တာ။ ပြန်ယူသွားလိုက်ပါ"

ကျွန်တော် မျက်နှာစူပုပ်ပုပ်နှင့်ပြောတော့ သူမက မျက်နှာ
ပျက်သွားပြီး…

"ကိုသခ်ကလည်း ကြေးမုံက ကိုသခ်ရဲ့ကူညီမှုကို တန်ဖိုး
ဖြတ်တဲ့အနေနဲ့ ပေးတာမဟုတ်ပါဘူး။ ခင်မင်မှုအနေနဲ့ အမှတ်တ





လက်ဆောင်ပေးတာကို ယူပါနော်"

"မယူဘူး"

"ဒါဆို ကြေးမုံလည်း ထမင်းမစားတော့ဘူး…ပြန်တော့မယ်"

ဆိုပြီး သူမက ကျွန်တော့်ကို တစ်ပြန်စီး အကျပ်ကိုင်ပြန်
သည်။ နောက်ဆုံးတော့ သူမရဲ့လက်ဆောင်တွေကို လက်ခံလိုက်ရ
သည်။

တကယ်တော့ ဒီရဲ့လက်ဆောင်တွေထက် အများကြီးသာတဲ့
လက်ဆောင် ကျွန်တော့်အတွက် သူမ ယူလာတယ်ဆိုတာ သတိ
ထားမိလို့ပါ။

ထိုလက်ဆောင်က သူမ မြန်မာနိုင်ငံသို့ ပြန်ရောက်လာပေး
ခြင်း ဖြစ်သည်။

ခဏပဲပြန်လာလာ၊ ခဏကလေးပြန်မြင်ရသည်ကိုပင်
ကျွန်တော် စိတ်ချမ်းသာဝမ်းသာမိပါသည်။

တကယ်တော့ သူမနှင့်ကျွန်တော့်ကြားတွင် ပိုင်ဆိုင်မှုနှင့်
ပတ်သက်သည့်စကား ပြော၍မရပါ။

သူမက အချိန်တန်ပြန်သွားမည့်သူ။ ကျွန်တော်ကတော့
နှုတ်ဆက်လက်ပြကျန်ခဲ့ရမည့်သူ။ ဘာပဲဖြစ်ဖြစ် ခဏတာတွေ့ဆုံမှု
ကို တစ်ဘဝစာရင်ထဲမှာ သိမ်းထားမည်လို့ ဆုံးဖြတ်ထားသော
ကျွန်တော် မိုက်မဲနေသလား… မမိုက်မဲနေသလား ကိုယ့်ကိုယ်ကိုယ်
သုံးသပ်ချင်တော့ပါ။

ခဏတာပျော်ရွှင်မှုတွေ ပြည့်ပြည့်ဝဝ ပျော်ရွှင်ခွင့်ရချင်ပါ
သည်။

"အစ်ကို စားလို့ရပါပြီ…အားလုံး ပြင်ပြီးပါပြီ"

ထမင်းဝိုင်းပြင်ပြီးတော့ ညီချောက လာခေါ်သည်။ အဒေ... အမေက မလိုက်တော့။

"ဟင်…အန်တီနဲ့အန်ကယ်လ်က ဘာလို့လဲရှင့်…အား... စုံစုံညီညီ စားရအောင်လေ…အဲ့ဒီလိုမလုပ်ပါနဲ့"

"အဒေါ်တို့က ဒီချိန် မစားတတ်လို့ တူမရဲ့…သွားစား... သားကြီး ရှိနေတာပဲ…ဘာမှအားမနာပါနဲ့"

"ဟင်"

"လာပါ…ကြေးမုံရဲ့၊ ဒီဘက်မှာက ညှော်သည်ကို ညှော်ခံ... သီးသန့်ပဲ ညှော်ခံကြတာ။ ဘယ်သူမှ အတူတူမစားကြဘူးလေ"

"ဟင်…ဟုတ်လို့လား။ တစ်ခါမှလည်း မကြားဖူးပါဘူး"

ကြေးမုံက အလိုမကျသလိုနှင့် နောက်ကပါလာသည်။ သူ... ရှေ့ကဦးဆောင်ပြီး ထမင်းဝိုင်းသို့ လာခဲ့သည်။ ညီချောက အား... ပြင်ဆင်ပြီး ထမင်းဝိုင်းကို ယပ်ခတ်ကာစောင့်နေသည်။

ထမင်းဝိုင်းမှာ တင်ပျဉ်ခွေထိုင်စားရသည့်စားပွဲဝိုင်းပု ဖြ... သည်။ ထဘီစကပ်ဝတ်ထားသော သူမက ပုဆစ်တုပ်ထိုင်ေ... သည်။

"သူလေးက…"

ညီချောကို မေးသဖြင့်…

"ကျွန်တော့်ညီမတစ်ဝမ်းကွဲလေ…ညီချောတဲ့"

"အို…ဟုတ်လား၊ နာမည်လေးနဲ့လူလေးလိုက်တာ... ဒါဆိုရင်တော့ ကွက်တိပဲ"

"ဘာကွက်တိလဲ ကြေးမုံ"

သူမက ညီချောကို ပြုံး၍ကြည့်ပြီး ကျွန်တော့်ကို ပြောသည်။ ...တော်က ပြန်မေးတော့ သူမက လက်ဆေးဇလုံတွင် လက်ဆေး ...…

"ကြေးမုံ ဝယ်လာတာက အလှကုန်တွေလေ။ ဟိုတစ်ခါ ...လာတော့ နေတော်တော်ပူတာ သတိထားမိတယ်။ ကိုသစ်က ...ည်း ညီမ ရှိတယ်ပြောဖူးထားတော့ Skin care ဝယ်ဖို့ သတိရ ...ကတာ"

"ဒုက္ခရှာလို့ဗျာ"

"အစ်ကိုကော တစ်ခါတည်း စားလိုက်ပါလား…ညီချော ...လိုက်မယ်"

ညီချောနှင့်သူ စကားဟက်ဟက်ပက်ပက် မပြောဖြစ်တာ ...ပြီ။ မပြောဖြစ်တယ်ဆိုတာထက် သူမက ရှောင်နေတော့ ...တော်ကလည်း တကူးတက လိုက်မပြောဖြစ်ခြင်းပင်။

"ဟုတ်သားပဲ…အန်တီတို့ ဝင်မစားတာတော့ ထားပါတော့။ ...တ်ပါတယ်…ဒီချိန် လူကြီးတွေ ထမင်းမစားတတ်ဘူး။ ကိုသစ် ...တော့ ကြေးမုံနဲ့အတူ ဝင်စားလေ"

"အေး…အေး…ခူးလိုက်…ညီချော"

ကျွန်တော်တို့နှစ်ယောက်နားတွင် ညီချောက ယပ်ခတ်ပြီး ...ိုင်နေသည်။ သူမက ညီချောကိုပါ အတင်းဝင်စားခိုင်းနေသော် ...ည်း ညီချောက ခေါင်းယမ်းပါသည်။

"ကျွန်တော်ပြောတဲ့ ကြေးမုံတို့မြန်မာအစားအစာနဲ့ ကျွန်တော်

တို့မြန်မာအစားအစာ မတူဘူးဆိုတာ လက်ခံပြီလား''

''အင်း...မြို့ပေါ်မှာလို ဆီပြန်ဟင်းတော့မဟုတ်ဘူး''

''ဒါတွေက တောစာလေ...သူ့ရွာသီရောက်မှ စားလို့ ချည်းပဲ။ ဟောဒါက ဖားသား''

''အမလေး''

ဖားသားကို ခပ်ပြီး သူမပန်းကန်ထဲထည့်ပေးတော့ သူမ ပန်းကန်ကို တိမ်းပစ်ပြီး...

''ဟင့်ဟင်း...တစ်ခုမှလည်း မစားဖူးဘူး။ မစားရဲ ဖားသားက နံတယ်ဆို...ကိုသစ်''

သူမ ကြောက်နေပုံကို ကျွန်တော်က ရယ်ပြီး...

''ဒါက စားဖား ကြေးမုံရဲ့...မနံတတ်ပါဘူး။ ဟိုတစ်နေ့ မိုးကျလိုက်သေးတော့ ဖားရိုက်ထွက်တဲ့သူတွေဆီက ဝယ်ထား ကြေးမုံဆီက စာလည်းရထားတော့ စားဖူးတယ်ရှိအောင်ဆို ကျွန်တော် ကြိုမှာထားတာနော်''

''တကယ်မနံဘူးနော်...စားဖူးတယ်ရှိအောင်တော့ စား သား''

''စားကြည့်ပါ...နည်းနည်းပဲ မြည်းကြည့်...ဒါ မန်ကျည်း ရွက်နဲ့ ချက်ထားတာ''

ကြေးမုံက ကျွန်တော်ထည့်ပေးသော ဖားသားဟင်း နည်းနည်းလေးယူပြီး ထမင်းနှင့်ရောဝါးနေသဖြင့်...

''ဘယ်လိုလဲ...ကောင်းတယ်မဟုတ်လား''

''အင်း အသားရဲ့ပုံစံက ငါးသားပေါက်လေးရဲ့အသားလို''





''ကြေးမုံက ဟိုတယ်မှာ လုပ်နေတာဆိုတော့ အသားအစုံ စားဖူးမှာပဲဟာ...ဒါကျမှ''

သူမက သီးစုံချဉ်ရည်ဟင်းကို ခပ်သောက်နေရာမှ ခေါင်းယမ်းပြီး...

''နိုး...နိုး...ကျွန်မ ဟိုတယ်မှာ အစားအသောက် သိပ်စား ဖြစ်တာမရှိဘူး။ မဖြစ်မနေ စားရတယ်ဆိုရင်လည်း စားနေကျဟင်းတွေ စားတယ်။ မာမီကလည်း ပွေပွေလီလီစားတာ သိပ်မကြိုက်ဘူး လေ''

''ဟုတ်လား''

သူမက ထမင်းကို လက်နှင့်စားနေပေမယ့် သပ်သပ်ရပ်ရပ် ရှိသည်။

ညိုချောက လိုက်ပွဲထပ်ထည့်ပေး၊ ယပ်ခတ်ပေးနှင့် ကြည်ကြည်သာသာရှိ၍ တော်သေးသည်။

''နောက်မှ ကြေးမုံကို ယုန်သားဟင်းပဲ ချက်ကျွေးဦးမယ်''

''ဟင်...ယုန်သားဟင်း''

သူမက အလန့်တကြားပုံစံနှင့် ခေါင်းယမ်းပြီး...

''တော်ပါပြီရှင့်''

''ဩော်...ဒါတွေက တောရွာရောက်မှ ကြုံတုန်းစားလို့ရတဲ့ အစားအစာတွေဗျာ။ ယုန်သားက ကြက်သား၊ ဝက်သားတွေထက် ကောင်းတယ်။ အဆီ လုံးဝ မပါဘူး။ အသားက နူးညံ့တယ်''

''တော်တော်ပဲ ညွှန်းတယ်နော်''

သူမက လက်ဆေးဇလုံထဲက ရေနှင့်ဆေးပြီး ပန်းကန်ထဲတွင်

လက်ဆေးပြီး မဲ့မဲ့ရွဲ့ရွဲ့ပြောတော့...

"ညီုချော...နင့်အစ်မက ဆပ်ပြာနဲ့ရေခွက် ယူပေးလို့ လေ"

"နေပါ...ဘောစင်က ဘယ်နားလဲ။ အဲ့ဒီနားပဲ သွားဆေး တော့မယ်။ ညီမလေးလက်ရာလား...သိပ်စားကောင်းတာပဲ။ မ ဘယ်တော့မှ ထမင်းဆို နှစ်ပန်းကန်မစားဘူး။ ဒီနေ့မှ နှစ်ပန်း တောင် စားပစ်တာ။ အချက်အပြုတ်တော်တယ်။ မမထ အများကြီးသာတယ်။ မမဆို ဘာမှမချက်တတ်ဘူး...အဟင်း ဟင်း"

# အခန်း [၁၈]

"ဝိုး...ဦးပိန်တံတားဆိုတာ စာထဲမှာပဲ ရင်းနှီးနေခဲ့တာ။ ပြင်မှာ တစ်ခါမှ မရောက်ဖူးဘူး။ ဒီအခု ရောက်ဖူးတယ်ဆိုတာ မဆုံးအကြိမ်ပဲ သိလား။ ဒီရေပြင်အစကနေ လှမ်းမြင်လိုက်ရတဲ့ ကြေးမုံ ဘယ်လိုခံစားရသလဲ ကိုသစ်...သိလား"

"ဘယ်လိုခံစားရတာလဲဗျာ"

သူမရဲ့အသံသည် အပျိုပေါက်လေးတစ်ယောက်ရဲ့လေသံလို ...သုံးပျော်ပါးလျက် ရှိသည်။

ဆိုင်ကယ်ကို ရိုးရာအမှတ်တရပစ္စည်းတွေရောင်းသော ဆိုင် ...တွင်ရပ်၍ ကျွန်တော်တို့ တံတားဘက် ဆင်းလာခဲ့ကြသည်။

သူမက အရင်တစ်ခေါက်လာတုန်းက အတွေ့အကြုံကြောင့် ...င်ရဲ့။ အကျီှပွပွ လက်ရှည်တွေပဲ ဝတ်တော့သည်။

ချည်ထည်ဘောင်းဘီပွပွ၊ အင်္ကျီလက်ရှည်ပွပွ တိုးသည့်
အငွေ့တွင် တဖျပ်ဖျပ် လွင့်ခါသွားသည်။

မျက်မှန်အနက်အကြီးတပ်၍ အဝတ်ဦးထုပ်ဆောင်းက
လည်ပင်းတွင် ကင်မရာချိတ်ထားသော သူမပုံစံမှာ နိုင်ငံခြားသ
တစ်ယောက်နှင့် မခြားပေ။

"အရမ်းကို လွတ်လပ်ပေါ့ပါးသွားတယ်။ နောက်ပြီး ဒီနေ့
အင်းရေပြင်က ငါတို့ပိုင်တာဆိုတဲ့အသိနဲ့ ဂုဏ်ယူမိတာ"

"ဟောဗျာ"

"အဟင်း...ဟင်း"

သူမစကားက ကလေးကုလားစကားနိုင်ပေမယ့် အရှိကိုအရှိ
တိုင်းပြောခြင်းဆိုတာ နားလည်ခံစားမိပါသည်။

ခြေလှမ်းသွက်သွက်နှင့် တံတားဆီသို့ ခပ်မြန်မြန်သွားနေ
သည်။

ကျွန်တော့်မှာ နောက်က မနည်းမှီအောင်လိုက်ရင်း...

"အညာဒေသရဲ့အပူဒဏ်ကို ကြေးမုံ တော်တော်ကြော
သွားပုံရတယ်"

နေပူဒဏ်မခံရစေရန် ခေါင်းခြေဆုံး လုံလုံခြုံခြုံ ဝတ်ဆင်
ထားခြင်းကို ရည်ညွှန်း၍ပြောတော့ သူမက ခေါင်းညိတ်သည်။

"ဟုတ်တယ်...တော်တော်ပူတယ်နော်။ ဒီမှာ အမြဲတမ်းနေ
တဲ့ ကိုသခ်တို့တော့ မသိဘူး။ ခဏလာတဲ့ ကြေးမုံတော့ နေပူဒဏ်
ကို တော်တော်ကြောက်သွားတယ်။ ကိုသခ်...မပူဘူးလား"

ဦးထုပ်မပါ၊ ထီးမပါ၊ ရှပ်အင်္ကျီလက်တိုနှင့် ပုဆိုးဝတ်ထား



ကျွန်တော့်ကို ပြန်မေးသည်။

"ပူတော့ပူတယ်...ဒါပေမဲ့ ဒီမှာကျတော့ လေကလည်း
ဖြူးတိုက်နေတော့ အပူဒဏ်ကို သိပ်မခံရဘူး"

"ဟုတ်တယ်နော်...ဒီမှာ လေတော်တော်တိုက်တာပဲ။ ရေပြင်
ကလာတဲ့လေဆိုတော့ အေးတဲ့အငွေ့အသက်လည်းပါတယ်။
လည်းလတ်ဆတ်တယ်"

လေက တကယ့်ကို တဖြူးဖြူးနှင့် တိုက်ခတ်နေပါသည်။

တစ်ခါတစ်ရံ ကျွန်တော်တို့ပြောသောစကားလုံးအချို့ကို သူက
ဆောင်သွားသည်။ ထို့ကြောင့် စကားကို ကျယ်ကျယ်ပြောရ
သည်။

တစ်ခါတစ်ရံတော့ ကျွန်တော်တို့ရဲ့အင်္ကျီ၊ ပုဆိုးတို့ကို ကျီစယ်
သည်။

ကျွန်တော်ပြောခဲ့သလို နေကပူသော်လည်း လေက အဆက်
တိုက်ခတ်နေသောကြောင့် အနည်းငယ်နေသာသည်။

တံတားပေါ်တွင် ကျွန်တော်တို့လို လှမ်းလျှောက်နေသူတွေ
သည်။

ကြေးမုံလို ကင်မရာလွယ်ထားသော နိုင်ငံခြားသား၊ နိုင်ငံခြား
တွေလည်း သွားလာနေကြသည်။ တစ်ခါတလေ ကြေးမုံက
တို့ကို ဘယ်ကလာတာလဲလို့ အင်္ဂလိပ်လိုမေးပြီး သွားနှုတ်ဆက်
နေတတ်ပြန်သည်။

ခတ်ပုံတွဲရိုက်လိုက်၊ စကားပြောလိုက်နှင့် ပြုံးပျော်နေသော
ကိုကြည့်ပြီး သူမ အတော်လေး ပေါင်းသင်းဆက်ဆံရေး

ကောင်းကြောင်း ကျွန်တော် အသိအမှတ်ပြုရသည်။

နိုင်ငံခြားသူအုပ်စု ထွက်သွားတော့မှ ကြေးမုံက ကျွန်တော် အနီးသို့ လျှောက်လာသည်။

ကျွန်တော်က လူတစ်ဖက်လောက်ရှိသော တိုင်လုံးကြီးအ တွင် လက်ပိုက်၍ ရေပြင်ကြီးကို ကြည့်နေခြင်းဖြစ်သည်။

"သူတို့က ဒီနိုင်ငံကိုလာလည်တဲ့ ဧည့်သည်တွေမဟုတ်လား သူတို့ကို ရင်းရင်းနှီးနှီးနဲ့ သွားပြီးမိတ်ဆက်စကားပြောရင်း သဘော ကျတယ်။ ဩစတေးလျသူတွေလေ"

"သြော်…ကျွန်တော်ကြည့်နေတာ ကြေးမုံ အင်္ဂလိပ်စကား ပြောနေတာက နိုင်ငံခြားသူတစ်ယောက်ပြောတဲ့လေသံပဲ"

"ဒါကတော့ ဟိုမှာနေတာပဲ သေတော့မယ်။ ကျွမ်းတယ် ရယ်လည်း မဟုတ်ပါဘူး။ ပြောပါများတော့ ပါးစပ်ထဲမှာ ရင်းနှီး နေတာပါ"

သူမက သူမကိုယ်သူမ နှိမ့်ချ၍ပြောသည်။

ဘာပဲဖြစ်ဖြစ် ကျွန်တော့်ရှေ့တွင် သူမရဲ့အငြိမ့်အချင်းများ တစ်ခုပြီးတစ်ခု ပေါ်လာခဲ့သည်။

"ဒါနဲ့ ကြေးမုံရဲ့စာတမ်းအကြောင်း ပြောပါဦး"

"စာတမ်းလား…အဆင်ပြေတယ်၊ ဆက်လုပ်ခွင့်ပြုတယ် အဲဒါကြောင့် ပိုဝမ်းသာနေတာ။ ဟိုမှာ မာမီ့ကို ပြောပြမိသေးတယ် ရှင့်အကြောင်းကို"

"ကျွန်တော့်အကြောင်း"

ကျွန်တော့်ကို ကျွန်တော့်ရင်ဘတ်ကို လက်နှင့်ပုတ်ပြ





မေးတော့ သူမက ခေါင်းညိတ်သည်။

တံတား၏တောင်ထိပ်မှ မြောက်ထိပ်သို့ လသာနေသလို ကျွန်တော်တို့နှစ်ယောက် ဖြေးဖြေးနှင့်အေးအေး လမ်းလျှောက်လာ ခြင်း ဖြစ်သည်။

ကြေးမုံပြောမှ တောင်သမန်လေသည် လတ်ဆတ်ပြီး အေးမြ နေသည်ကို သတိထားမိသည်။

ကျွန်တော့်ဘာသာဆိုလျှင် တောင်တမန်အင်းနှင့်ဦးပိန်ကို တကူးတက မရောက်ဖြစ်ပါ။ ဧည့်သည်တွေကို လိုက်ပို့ရင်းနှင့်သာ သွားဖြစ်သည်။

"ဟုတ်တယ်…ကိုအသင်္ချာဆိုတဲ့လူတစ်ယောက်အကြောင်း"

"နောက်ပြန်ပြီ"

"တကယ်ပါဆို…မာမီက ပြောတယ်။ ကြေးမုံက လိမ္မာလို့ သူတော်ကောင်းနဲ့ တွေ့တာတဲ့။ မာမီကတော့ ကြေးမုံကို လိမ္မာ တယ်လို့ အမြဲပြောတာ။ ကြေးမုံတော့ ကိုယ့်ကိုယ်ကိုယ် လိမ္မာတယ် လို့မထင်ဘူး"

"ဘာလို့"

"ဟုတ်တယ်…ဒယ်ဒီ့ကို မခေါ်နိုင်၊ မမြင်နိုင်ဖြစ်နေတာ ကြေးမုံ ဆိုးလို့ပေါ့။ ဒါပေမဲ့ ဒီရဲ့ဆိုးသွမ်းမှုကိုတော့ ကြေးမုံ အမြတ် တနိုးသိမ်းထားမယ်"

"ကြေးမုံက အချစ်ကြီးတဲ့လူလား"

"ဘယ်လို"

သူမနှင့်ကျွန်တော် မမျှော်လင့်ဘဲ ဦးပိန်တံတားပေါ်တွင်

အချစ်အကြောင်း ဆွေးနွေးဖြစ်ခဲ့ကြသည်။

"ဟိုမှာ ခဏထိုင်မလား"

နားဖို့ပြုလုပ်ထားသည့် အရိပ်ရဇရပ်အောက်ရောက်တော့ သူမက ခေါင်းညိတ်ပြသည်။

ခုံတန်းပေါ်မှာထိုင်ချပြီး သူမက ဦးထုပ်နှင့်မျက်မှန်ကို ချွတ်လိုက်သည်။

ဆံနွယ်များကြားထဲ လေဝင်အောင် လက်နှင့်ဖွရင်း...

"အချစ်ကြီးသူ...ဟုတ်လား မဟုတ်လားဆိုတာ ကိုယ့်ကိုယ်ကိုယ်တောင် မသုံးသပ်မိဘူး။ မသုံးသပ်မိတာက အဲဒီဘက်မှာကို ကြေးမုံ စိတ်မရှိတာ...ကိုသခ်ရဲ့"

"ဘာလို့"

"မပြောတတ်ဘူး...အပျိုကြီးလုပ်မယ်လို့ ရည်ရွယ်ထားတာတော့ မဟုတ်ဘူး။ ဒါပေမဲ့ နှလုံးသားရေးကို လျစ်လျူရှုထားလို့ ရင်ခုန်သံတွေတောင် အေးခဲနေတတ်တယ်။ တစ်ခါတလေကျတော့ သူများတွေ နှနှရှရှ ခံစားနေရင်တောင် နားလည်မပေးချင်ဘူး။ အပို တွေလုပ်နေတာလို့ ခံယူမိတယ်"

"ဒါကတော့ဗျာ...လူချင်းမှ မတူဘဲဗျာ။ ကြေးမုံရဲ့လက်တွေကို ဖြန့်ကြည့်လိုက်လေ"

"ဘာလုပ်ဖို့လဲ"

"ဖြန့်ပြီးထောင်ကြည့်ပါ"

သူမက ကျွန်တော်ပြောသလို လက်ချောင်းတွေကို ထောင်ကြည့်သည်။ သူမရဲ့လက်ချောင်းတွေက ရှည်သော်လည်း သိပ်





...ယ်ပေ။ အရိုးအဆစ်ကြီးသည်။

"ဘာမြင်လဲ"

"မသိဘူးလေ"

"လက်ချောင်းတွေ တစ်ချောင်းနဲ့တစ်ချောင်း အတိုအရှည် ညီလား"

"မညီဘူးလေ"

"ဟိုဘက်လက်ကော...ဖြန့်"

သူမက ကျွန်တော်ခိုင်းသည့်အတိုင်း ဦးထုပ်နှင့်မျက်မှန်ကို ...တန်းပေါ်သို့တင်ပြီး လက်နှစ်ဖက်စလုံးကို ထောင်ပြီးဖြန့်ကြည့် ...သည်။

"တူလား...တစ်ချောင်းနဲ့တစ်ချောင်း အရွယ်အစား... ...သဏ္ဌာန်...တိုတဲ့အချောင်းက တိုတယ်။ ရှည်တဲ့အချောင်းက ...ည်တယ်"

"အင်း"

"အဲဒါပဲ...ကိုယ်ပိုင်တဲ့လက်ချောင်းတောင် အတိုအရှည် ...ညီဘူးဆိုရင် ကိုယ်မပိုင်တဲ့ သူများနဲ့ကော စိတ်ဓာတ်တူပါ့မလား"

"မသိဘူး...ကြေးမုံထင်တာက ကိုသခ်ရဲ့စိတ်ဓာတ်စရိုက်နဲ့ ကြေးမုံရဲ့စိတ်ဓာတ်စရိုက် တူတယ်လို့ထင်မိတယ်"

သူမရဲ့စကားကြောင့် ကျွန်တော့်ရဲ့ရင်ခုန်သံတွေ အမှတ်မရှိ ...မြည်ပြန်သည်။ သူမကတော့ အနောက်နိုင်ငံမှာ အနေကြာခဲ့၍ ...ားမသိ။ သူမ ပြောလိုက်သည့်စကားရဲ့အဓိပ္ပာယ်ကို သေချာသိပုံ ...ရ။

ဒါကို အဓိပ္ပာယ်ကောက်ပြီး ကျွန်တော် ချော့လဲရောထိုင်း မလုပ်ပါ။

"တူတယ်လို့ထင်နေတာ…ထင်ပဲထင်နေတာနော်။ တကယ် မတူဘူး…အဲဒါကော ကြေးမုံ လက်ခံရဲ့လား"

"အဲဒါက"

"အရွယ်တူတဲ့ ပန်းသီးနှစ်လုံးကို ကြေးမုံ ယူကြည့်… ကိုယ့် ဘာသာ အရွယ်တူတယ်၊ သဏ္ဌာန်တူတယ်လို့ထင်တဲ့ ပန်းသီးနှစ်လုံး နော်"

"ယူပြီးတော့"

"နေဦးလေ"

သူမက ကျွန်တော့်ရဲ့ဥပမာတွင် စိတ်ပါလာပုံရသည်။ လူ တချို့က ကျွန်တော်တို့နှစ်ယောက်ကို ကြည့်နေကြသည်။

"အဲ့ဒီအရွယ်တူ ပန်းသီးနှစ်လုံးမှာတောင် မတူတဲ့အချက်တွေ ရှာလို့ရတယ်ဆိုတာကော ကြေးမုံ လက်ခံလား"

"အင်း…အဲဒါက"

သူမ တွေးသွားပါသည်။ လက်နှစ်ဖက်ကို သူမရှေ့တွင် ဖြန့်ထားကာ ထိုလက်ချောင်းတွေကိုကြည့်၍ သူမ တွေးနေပါသည်။

အမြဲတစေ ရုပ်ပဲ အလုပ်လုပ်နေခဲ့တဲ့ သူမ စိတ်အလုပ်လုပ်နိုင် အောင် သင်ခန်းစာပေးခွင့်ရ၍ ကျွန်တော် ပျော်ပါသည်။

ကျွန်တော်ပေးသော သင်ခန်းစာမှာ သူမအတွက် အကျိုးရှိ သော အတွေးတစ်ခုရလျှင် ကျွန်တော် ကျေနပ်ပါသည်။

♥





# အခန်း ၁၉

"အင်ကျီးခံတပ်နဲ့ပတ်သက်ပြီး ကိုသခ် လက်ဆောင်ပေးထား ...တဲ့စာအုပ်မှာ ကြေးမုံ အနည်းငယ် လေ့လာထားတာရှိတယ်"

"ဘာတွေလဲ"

"ဘာတွေရယ်တော့ မဟုတ်ဘူး။ မပြုပြင်မီကပုံနဲ့ ပြုပြင်ပြီး ...တဲ့ပုံပေါ့လေ"

"ဒါပဲလား"

"ဒါပဲတော့ မဟုတ်ဘူးလေ…အင်းဝဆိုတာ ရေလမ်း အသွယ်သွယ်တွေနဲ့ ဝန်းရံထားတဲ့မြို့မို့ ကာကွယ်ရေးအတွက် ခံတပ် ...ပြုလုပ်ဖို့ အကောင်းဆုံးနေရာလို့ မှတ်ယူကြတယ်"

"ဟုတ်တယ်…ကြေးမုံ၊ အဲဒါကြောင့်လည်း အင်္ဂလိပ်- ...မြန်မာ ပထမစစ်နဲ့ဒုတိယစစ်ပွဲအပြီးမှာ အောက်မြန်မာနိုင်ငံတော်

ကို ဆုံးရှုံးလိုက်ရလို့ မင်းတုန်းမင်း၊ ကနောင်မင်းနဲ့ ယောမင်းကြီ ဦးဘိုးလှိုင်တို့က နယ်ချဲ့ကို ကာကွယ်ဖို့အတွက် ပြင်ဆင်လာခြ တယ်"

ယခုချိန်တွင် ခံတပ်ဝန်းကျင်သည် ကလေးကစားစ ကွင်းပြင်သာသာ အပန်းဖြေစရာနေရာသာသာဖြစ်ခဲ့ပေမယ့် တစ်ချိ တုန်းက ဤခံတပ်သည် ခံ့ညားသော ခံတပ်၊ မြန်မာတို့ကို ကာကွ မည့်ခံတပ်အဖြစ် တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

"ကြေးမုံလည်း သိပြီးသား...နိုင်ငံခြားကို ပညာတော်သ စေလွှတ်တဲ့ကိစ္စပဲ။ ကိုယ့်နိုင်ငံထဲမှာဆိုရင်လည်း ဒင်္ဂါး၊ သွန်းစက် ဆန်ကြိတ်စက်၊ ရက်ကန်းစက်၊ သစ်စက်၊ မဲနယ်စက်၊ အမြောက် လက်နက် အစရှိသည်ကို ကိုယ်တိုင်ထုတ်လုပ်ခဲ့တာပဲ မဟုတ်လား"

"ဟုတ်တယ်...ကြေးမုံ စဉ်းစားမိတာက ကနောင်မင်းသား ကြီးသာ မကွယ်လွန်ခဲ့ရင် ကြေးမုံတို့မြန်မာနိုင်ငံကြီးရဲ့အနာဂ ဟာ တစ်မျိုးတစ်ဖုံ ပြောင်းလဲလာနိုင်မလားပေါ့"

ကျွန်တော် ပြုံးလိုက်သည်။

"ဒါကတော့ ကြေးမုံရယ်...တိုင်းပြည်မှာ အပြုသဘော ဆောင်တဲ့လူတွေချည်းပဲ နေထိုင်ကြတာမဟုတ်ဘူးလေ။ ဒါတွေ ထားပါဗျာ...ကိုယ့်ပေါင်ကိုယ်လှန်ထောင်းနေတဲ့ကိစ္စဟာ ကောင်း တဲ့ကိစ္စ မဟုတ်ပါဘူး။ ဒီနေရာမှာ ခံတပ်တည်ဆောက်ပုံကို ပြော ဦးမယ်"

"ဟုတ်ကဲ့"

"အင်းဝခံတပ်၊ သပြေတန်းခံတပ်၊ အစေခံ ခံတပ်ကို





ခနောက်ဆိုင် ဆောက်ထားတယ်ဆိုတာကော ကြေးမုံ သိလား"

သူမက ခေါင်းယမ်းပြီး ခံတပ်အုတ်ရိုးဆီ လှမ်းကြည့်ကာ...

"ခံတပ်မှာတောင် အင်းဝခံတပ်၊ မင်းလှခံတပ်၊ ဂွေးချောင်း ခံတပ်၊ သပြေတန်းခံတပ်ဆိုပြီး အဲဒီလေးခုပဲ သိတာ။ အစေခံ ခံတပ်ဆိုတာ ကိုသစ်ပြောမှ ကြားဖူးတာ"

"ကဲ...လာ...အုတ်ရိုးဘက် တက်ကြည့်ရအောင်"

"ဟုတ်ကဲ့ပါ"

ကျွန်တော်က ရှေ့ကဦးဆောင်၍ သူမက နောက်မှလိုက်လာ ခြင်းဖြစ်သည်။

ခံတပ်ထိပ် အုတ်ရိုးလေက သစ်ပင်မြင့်ကြီးအောက်တွင် သူမ နှင့်ကျွန်တော် ယှဉ်ထိုင်လိုက်သည်။

"ဟယ်...ကိုသစ်...ဟိုစက်လှေက ဘယ်ကလာတာလဲ"

ဧရာဝတီမြစ်ပြင်တွင် ဆန်တက်နေသော စက်လှေကိုကြည့်၍ သူမက ကျွန်တော့်ကို တအံ့တဩ လှမ်းမေးသည်။

ပခုံးလွယ်အိတ်ကို အုတ်ရိုးပေါ်ချတ်တင်ပြီး စက်လှေနှင့် ဧရာဝတီမြစ်ပြင်ကို ဓာတ်ပုံသွားရိုက်နေပြန်သည်။

"ဟယ်...ဟိုက တံတားကြီးနဲ့ ဧရာဝတီမြစ်ရဲ့အလှက အရမ်းအသက်ဝင်တာပဲ...အဲဒါ ဘာတံတား"

"စစ်ကိုင်းတံတားလေ"

သူမရဲ့မေးခွန်းမဆုံးခင် ကျွန်တော် ဦးအောင်ဖြေတော့ သူမက ရယ်ပြီး ဓာတ်ပုံရိုက်ခြင်းအပေါ်တွင် အာရုံစိုက်လေသည်။

"တောင်တမန်ရဲ့အလှကိုမြင်တော့ ဒီထက်လှတာ မရှိတော့

ဘူး ထင်နေခဲ့တာ။ ဧရာဝတီမြစ်ပြင်ကို အခုလို အနီးကပ် တွေ့တော့လည်း ဧရာဝတီကလည်း လှတာပဲ"

"အလှဲ့…ကဗျာဆန်နေပါလား"

"ကိုသန်း မသိလို့…ကြေးမုံက သဘာဝအလှတရားကို မြင်ရင် မချစ်ဘဲ မနေနိုင်ဘူး။ ပြောရရင် လူကသာ ဂျမ်းတောရယ် သဘာဝအလှတရားကိုတော့ အရမ်းချစ်တယ်"

သူမက သံစ်ပင်အောက်သို့ လှမ်းလာရင်း ပြောသည်။

ကျွန်တော်တို့နှင့် မလှမ်းမကမ်းတွင် ထိုင်နေသော အမျိုးသားကြီးနှင့်အမျိုးသမီးကြီးက သူမစကားကို သဘောကျစွာ ရယ်လေသည်။

သူမက တုံ့ပြန်ရယ်ပြပြီး ကျွန်တော်နှင့်ယှဉ်လျက်ထိုင်သည်။ ကင်မရာထဲကပုံတွေ ပြန်ကြည့်ရင်း…

"တကယ်ပန်းချီဆရာတောင် လိုက်မရေးခြယ်နိုင်တဲ့အလှပဲ။ စက်လှေတွေက ဘယ်မောင်းတာလဲ…မဖြေသေးဘူးနော်"

စောစောက မဖြေတာကို သတိရသလိုနှင့် လှမ်းမေးသည်။

"ဘယ်ကိုရယ်လို့ သတ်သတ်မှတ်မှတ်တော့ မပြောနိုင်ဘူး ကြေးမုံ…လူတွေကသာ ကိုယ့်ရဲ့ဦးတည်ရာ ခရီးဆုံးမှာ ဆင်းကြတယ်။ အမိဧရာဝတီကတော့ မဆုံးတဲ့ခရီးကိုနှင်တယ်။ တောတွေ တောင်တွေကို ဖြတ်တယ်။ မြို့တွေ၊ ရွာတွေကို ဖြတ်တယ်။ သူ့ကျောပြင်မှာ လိုရာခရီးသွားချင်တဲ့လူတွေကို သယ်ဆောင်ရင်းပေါ့"

"တကယ့်ကို လေးစားထိုက်တဲ့ ဧရာဝတီပါ ကိုသန်း။ မြန်မာ





…င်ငံတော်ကြီးနဲ့သူက သွေးရင်းမောင်နှမ…ဒီနိုင်ငံအတွက် သူက …ည့်ဝမ်းစာ။ ဒီနိုင်ငံအတွက် သူက ကာကွယ်ရေးခံတပ်၊ အမိ …ရာဝတီမြစ်ကြီး မတိမ်ကောရအောင် ဝိုင်းဝန်းကာကွယ်ရမယ့် …ာဝန်…ကြေးမုံတို့အားလုံးမှာ တာဝန်ရှိတယ် ကိုသန်း"

သြော်…ကြေးမုံရယ်။

အချိန်တန်အိမ်ပြန်ရမယ့် ကြေးမုံက ဒီလိုစကားတွေ ပြောနေ…ာကို ကျွန်တော် ဝမ်းသာမိပါရဲ့။ ဒါပေမဲ့…

"ကြေးမုံ မြန်မာနိုင်ငံတော်ကြီးကို ချစ်လား"

ကြေးမုံက မျက်လုံးကြီးပြူးကာ ကျွန်တော့်ကို အံ့ဩသော …ကြည့်နှင့် ကြည့်၍မေးသည်။

"ကျွန်တော်မေးတာ ဖြေပေးပါဗျာ"

"အို…မေးစရာလိုလို့လား။ ကြေးမုံက ဒီနိုင်ငံသူ…ဒီနိုင်ငံ…ကြီးမှာ မွေးဖွားခဲ့တဲ့သူ။ ဒီနိုင်ငံတော်ကြီးကို ကြေးမုံ ချစ်တာပေါ့"

သူမရဲ့အဖြေတွင် အားမာန်တွေပါနေသည်။ ယုံကြည်ချက် …တွေပါနေသည်။

ဧရာဝတီမြစ်ပြင်သည် ဒီနေ့ ကျွန်တော့်ရဲ့မြင်ကွင်းထဲတွင် …သိပ်ကို လှပနေသည်။

ကောင်းပြီ…

"ကျွန်တော် မေးခွန်းတစ်ခုလောက် မေးချင်တယ်။ စိတ်မဆိုး…ဘူးဆိုရင်ပေါ့"

"ရော်…မေးခွန်းတွေ ပြီးမပြီးနိုင်ပါလား။ အမှန်ဆို စာတမ်း…ရှင်က ကြေးမုံ…မေးခွန်းမေးတဲ့သူက ကြေးမုံပဲဖြစ်ရမှာကို"

“မဖြေဘူးလား”

“တကယ်တည်း…စိတ်ချည်းပဲ…မေး”

ကျွန်တော် မျက်နှာတည်သွားတော့ သူမဘက်က ပျော့ [illegible]
သည်။

“တကယ်လို့ပေါ့…မြန်မာနိုင်ငံက လူတစ်ယောက်နဲ့ ချစ်[illegible]
ဖြစ်ခဲ့ရင် ကြေးမုံ ဟိုနိုင်ငံနဲ့ဒီနိုင်ငံ ဘယ်ဟာကို ရွေးမလဲ”

♥





# အခန်း ၂၀

ကျွန်တော်တို့နှစ်ယောက်ကြားတွင် လေတိုးသံမှအပ အရာ
[illegible]အားလုံးသည် တိတ်ဆိတ်ငြိမ်သက်သွားခဲ့သည်။

ကျွန်တော်သည် သူမထံမှ ကျွန်တော်လိုချင်သော အဖြေ
[illegible]ကိမလာသေးသဖြင့် ငြိမ်သက်နေမိသည်။ သူမသည်လည်း သူမ
[illegible]အတွေးနှင့်သူမ ငြိမ်သက်နေခဲ့သည်။

သူမ ဘာကိုတွေးနေသလဲ။

ကာယကံရှင်ဖြစ်သော သူမကလွဲ၍ တခြားသောလူ မသိနိုင်
[illegible]သေး။

သူမ တွေးနေပါစေ…တိတ်ဆိတ်ငြိမ်သက်နေပါစေ…
[illegible]ကျွန်တော် ဘာကြောင့် သူမရဲ့စိတ်ကို အလုပ်ပေးနေခဲ့မိသလဲ။
[illegible]သိ…ကျွန်တော့်ကိုယ်ကျွန်တော်တောင် မသိ။

ဟိုတစ်နေ့က တစ်ခါ ပန်းသီးဥပမာပေး၍ စိတ်အလုပ်ပေး
သည်။

ထိုနေ့က သူမထံက အဖြေမရခဲ့။ ဒီနေ့ကော သူမထံမှ အဖြေ
ရပါ့မလား။

ကျွန်တော်ကကော ဘာကြောင့် သူမထံက အဖြေကို ဒီနေ့
မှ မရမနေ သိချင်နေရသနည်း။

"ဟင်း"

သက်ပြင်းချသံကြောင့် ကျွန်တော် လှည့်ကြည့်မိတော့ သူမ
သည် ရောဝတီမြစ်ပြင်ကို ငေးနေသည်။ မြစ်ပြင်လေတို့သည် သူမ
ရဲ့ဆံနွယ်တွေကို ကျီစယ်လျက်ရှိသည်။

သူမသည် မျက်ခုံးကို အသာကျုံ့ရင်း ကျွန်တော့်ဘက်သို့
လှည့်မကြည့်ဘဲ…

"ဘာကြောင့် ကိုသစ်…အဲ့ဒီမေးခွန်း မေးသလဲ…ကြေး
မစဉ်းစားတတ်ဘူး"

"သိချင်လို့ပေါ့ ကြေးမုံ"

"ဘာကြောင့် သိချင်ရတာလဲ"

ရော်…

သူမက ကျွန်တော့်ရဲ့မေးခွန်းတွေကို အမေးတွေနှင့် ပြန်တုံ့
သဖြင့် ကျွန်တော့်မှာ ငိုရမလို၊ ရယ်ရမလို ဖြစ်သွားသည်။

"ကြေးမုံ့အတွက် ကျွန်တော့်မေးခွန်းက အဖြေရခက်သွား
တယ်ထင်တယ်"

"ဟုတ်တယ်…တော်တော်ခက်ခဲတဲ့မေးခွန်း…ကြေးမုံ့ရဲ့ဘ





ကိုယ့်ကိုယ်ကိုယ်တောင် ဘယ်တုန်းကမှ မမေးခဲ့ဖူးတဲ့ မေးခွန်း
နေတော့ ဘဝမှာ ကြုံတွေ့ခဲ့ရတဲ့မေးခွန်းတွေထဲက အခက်ခဲဆုံး
မေးခွန်းလို့ ယုံကြည်တယ်"

"ကြေးမုံ ရည်းစားမထားဖူးဘူးလား"

"အဟင်း…"

"ရယ်မနေနဲ့ဗျာ…ကျွန်တော် အကောင်းမေးနေတာ။ ခေတ်မီ
ဘက်တဲ့ နိုင်ငံကြီးတစ်ခုမှာ ယောကျ်ားသားတွေနဲ့ ရင်ဘောင်
နေတဲ့ ကြေးမုံ့အတွက် ဒါမျိုးကြုံတွေ့ဖူးမှာပါ"

"ရှိပါ"

သူမက ကျွန်တော့်ဘက်သို့ လှည့်ကြည့်ပြီး ပခုံးတွန့်ကာ…

"ဒီလိုကိစ္စဆိုတာ တခြားသောလူတွေအတွက် ထမင်းစား
သောက်ကိစ္စလောက်ပဲ ဖြစ်ချင်ဖြစ်မှာ။ အဲနိုင်ငံမှာရှိတဲ့ ကိုယ့်
သားတချို့ကို သူတို့နိုင်ငံသားတချို့ပါ ကြေးမုံ့ကို ကမ်းလှမ်း
တယ်"

"ဆန်းပွင့်တာပေါ့"

"အဲ့လိုတော့မဟုတ်ဘူး…သူတို့တွေက ကြေးမုံ့ရဲ့ပွင့်လင်း
ရှိမှုကို သဘောကျကြတယ်လေ။ ကြေးမုံ့ အဲ့ဒီဘက်မှာ ပါရမီ
ခဲ့သလား မသိဘူး။ အတွဲမရှိတာတော့ ဝန်ခံတယ်။ ဘာကြောင့်
ဆိုတော့ တချို့က date ပြီးရင် sex ဘက်သွားချင်ကြတယ်။
ကိစ္စအတွက် သူတို့မှာ ဘာ stress မှ မရှိဘူး"

"သြော်…"

ဖြစ်နိုင်ပါသည်။

သူများနိုင်ငံကို မဆိုနှင့်။ ကျွန်တော်တို့နိုင်ငံတွင်ပင် အချို့ sex နှင့် love ကို မကွဲပြားကြတော့ပေ။ အရင်တုန်းကသာ love လို့ sex ကိစ္စဖြစ်လာသော်လည်း ယခုခေတ်တွင် sex ချင်လို့ love ကြသူတချို့ ရှိသည်။

ထိုကိစ္စမျိုးဟာ ဖြစ်ကိုမဖြစ်သင့်ဟု ကျွန်တော် ခံယူလျှင် ကျွန်တော့်အား ဒိတ်အောက်သောလူဟု သတ်မှတ်မလား။

ထိုသို့ သတ်မှတ်လျှင် ကျွန်တော် ကျေကျေနပ်နပ်ကြီး ခံယူပါမည်။

ဟီရိသြတ္တပ္ပ (အရှက်နှင့်အကြောက်) တရားရှိသော နိုင်ငံတွင် မွေးဖွားခဲ့သူအနေဖြင့် ကျွန်တော့်ကိုယ်ကျွန်တော် ဂုဏ်ယူသည်။ ဤတရားကို ဂုဏ်မယူတတ်သောသူရှိလည်း ထိုအရာသည် သူတို့ အခွင့်အရေးသာ ဖြစ်သည်။

ငါးကြော် မကြိုက်သော ကြောင်မိုက်ဟု ဆိုချင်ဆို၊ ကျွန်တော် ဘယ်တော့မှ လူမိုက်မလုပ်နိုင်။

''နောက်ပြီး ကြေးမုံက တစ်ကောင်ကြွက် ပစ်မျက်နှာအနေနဲ့ အဲမှာရှိနေတာလည်း မဟုတ်ဘူး။ မိခင်ရှိတော့ အထိန်းအကွပ်ရှိတယ်လို့ဆိုရမှာပေါ့လေ''

''ဒါပေါ့...ဒါပေါ့''

''ကိုသခ်မေးတဲ့ မေးခွန်းကို ကြေးမုံ ဘယ်တုန်းကမှ ကိုယ့်ကိုယ်ကိုယ် မမေးခဲ့ဖူးတာက ကြေးမုံအတွက် ယောကျ်ားလေးဆိုတာ မလိုအပ်ခဲ့ဘူးလေ''

ဒါတော့ သူမ အစွန်းရောက်သွားပြီ။





''ဒါဆို ကြေးမုံ အိမ်ထောင်မပြုတော့ဘူးလား''

''အဲ့ဒီလိုတော့ အပြတ်ပြောလို့ မရဘူးထင်တယ်။ လူ့ရဲ့ ...ကြမ္မာကို ဘယ်သူမှ မမြင်နိုင်ဘူးလေ''

ဒါဆိုရင်ရော...အဲဒါ ယောကျ်ားလေးတစ်ယောက်ကို လိုအပ်...းလို့လားဆိုသည့်မေးခွန်းကို ကျွန်တော် မမေးသင့်၍ မမေးတော့...။

သူမဖြေသောအဖြေကိုသာ နားထောင်နေလိုက်မိသည်။ သူမ...ည် ချစ်ခြင်းမေတ္တာကို အယုံရှိပုံမရ။ ချစ်ခြင်းမေတ္တာရှိတယ်...တာကိုလည်း လက်ခံပုံမရ။ လိုအပ်ခြင်း၊ မလိုအပ်ခြင်းနှင့် ...တ္တာတရားကို တိုင်းတာ၍မရကြောင်း သူမ သိအောင် ကျွန်တော် ...ည်သို့ပြောရမည်နည်း။

ခက်တော့ခက်သည်။

ကျွန်တော် ဘာကြောင့် သူမနှင့်ပတ်သက်၍ ဒီလောက်ထိ ...ားချက်တွေ နေမြင့်လေ အရူးရင့်လေ ဖြစ်နေရသနည်း။

တချို့သောကိစ္စများသည် သူမရဲ့ပုဂ္ဂိုလ်ရေးကိစ္စသာဖြစ်ပြီး ...ကျွန်တော့်မှာ ဝင်စွက်ဖက်ပိုင်ခွင့်၊ အကြံပေးပိုင်ခွင့်၊ ပြစ်တင်ပိုင်ခွင့် ... မရှိ။

''ဒယ်ဒီနဲ့မာမီရဲ့အဖြစ်ကိုကြည့်ပြီး ကြေးမုံ ချစ်ရမှာ၊ ...က်ထပ်ရမှာကို ကြောက်နေခဲ့တာ။ မာမီကတော့ ပြောတယ်။ ...ဟာ ကိုယ့်ကံနဲ့ကိုယ်လာတာပဲ။ မာမီ ကံဆိုးခဲ့သလို ကြေးမုံက ...ကံဆိုးချင်မှဆိုးလိမ့်မယ်တဲ့''

''အဲဒါအမှန်ပဲပေါ့...လူတစ်ယောက်နဲ့တစ်ယောက် ကံမတူ

ကြဘူး။ သာယာနေတဲ့အိမ်ထောင်ကို အားကျပြီး ကိုယ်လည်း အိမ်ထောင်လိုက်ပြုရင် သူ့လို သာယာချင်မှ သာယာလိမ့်မယ်။ သူ့ထက် သာယာရင်လည်း သာယာလိမ့်မယ်။ ဒါဟာ လူ့ ကံတရားနဲ့လည်း ဆိုင်တယ်''

''ဟုတ်လား''

''ကြေးမုံကတော့ ဟိုမှာ တကယ်ပဲ အခြေချတော့မယ်ပေါ့''

''ဒါပေါ့…အဲ့ဒီနိုင်ငံမှာနေတာ ကြေးမုံအတွက် အသားကျ နေပြီလေ။ လက်ရှိလုပ်ငန်းက လူတိုင်းမက်မောတဲ့ ဝင်ငွေရထား တယ်။ သူတို့နိုင်ငံက ပေးအပ်တဲ့ အဆင့်မြင့်ဘွဲ့ဒီဂရီလည်း ရဦး မယ်''

''ဒါပဲလား''

''ဒါ့အပြင် ကြေးမုံ Ph.D ဘွဲ့ရရင် အဲ့ဒီနိုင်ငံရဲ့ ကြိုက်ရာ တက္ကသိုလ်မှာ အလုပ်သွားလျှောက်…ဘယ်မှာလျှောက်လျှောက် ရမယ်။ သူတို့နိုင်ငံက ပေးအပ်တဲ့ဘွဲ့မို့ ဝင်ခွင့်လည်း ဖြေရမှာ မဟုတ်ဘူး။ နှိမ်လည်းအနှိမ်ခံရမှာ မဟုတ်ဘူး''

''ဒါပဲလား''

''ဒယ့်ဒီလို ငွေကြေးအရာမှာ ကျိုကျိုတက် မချမ်းသာပေမယ့် လည်း ဂုဏ်ဒြပ်မှာတော့ နိုင်ငံတကာနဲ့ ရင်ဘောင်တန်းနိုင်တယ်''

''ဒါပဲလား''

''ကိုသူခ်…''

ကျွန်တော် ရွဲ့မေးနေတာတွေကို သူမ မသိ။ တစ်ခုပြီးတစ်ခု ဖြေနေခဲ့ပြီး နောက်တော့မှ ကျွန်တော် ရွဲ့မေးနေခြင်းကို သူမ ရိပ်မိ





တော့သည်။

ကျွန်တော့်ကို မျက်စောင်းလှမ်းထိုးသည်။

''ကြေးမုံက ကြေးမုံရဲ့အဖေကို တော်တော်နာကြည်းနေတာ လား…မုန်းတီးနေတာလား။ မလုပ်သင့်တာပဲဗျာ…သူဟာ ဘာကြီး ပဲဖြစ်နေဖြစ်နေ ကြေးမုံရဲ့ဖခင်ဆိုတာ မမေ့သင့်ဘူးလေ''

''…………''

သူမဘက်က ဘာမှမပြောဘဲ ငြိမ်သက်နေသည်။

''ကြေးမုံ စောစောတုန်းက ရေရွတ်ပြခဲ့သလို တက်လမ်းတွေ အများကြီးနဲ့လူ…ဖခင်ကို ပြစ်မှားလို့ ကံကြီးထိုက်ရင် ကြေးမုံရဲ့ တက်လမ်းတွေပဲ ပိတ်မှာပေါ့။ သူ ကျူးလွန်ခဲ့တဲ့အပြစ်ဆိုတာက လည်း ကျွန်တော် ကိုယ်ချင်းမစာလို့ ပြောတာတော့ မဟုတ်ဘူး။ ပြောပလောက်တဲ့အပြစ် မဟုတ်ဘူးလို့ထင်တာပဲ''

''ကိုသခ်''

''ကြေးမုံ''

ဘုရားရေ…

သူမမျက်ဝန်းထဲတွင် မျက်ရည်တို့ ခိုတွဲနေခဲ့ပါလား။ သူမရဲ့ အကြည့်တွေကလည်း ကျွန်တော် တစ်ခါမှ မမြင်ဖူးခဲ့သော စူးလက် သည့်အကြည့်များ ဖြစ်သည်။

''ကိုသခ်က ဘာသိလို့ ကြေးမုံတို့မိသားစုကို ဝေဖန်ရတာ လဲ။ ဒါပေါ့…ကိုသခ်က ဖောက်ပြန်တတ်တဲ့ ဖခင်တစ်ယောက်ရဲ့ သားမှ မဖြစ်ဖူးခဲ့တာပဲ။ ကြေးမုံကို ဘယ်ကိုယ်ချင်းစာတတ်ပါ့ မလဲ''

"ကြေးမုံ"

ကျွန်တော့်စေတနာကို သူမ အထင်လွဲသွားပြီ။ ကျွန်တော့်စေတနာကလည်း အချိန်အခါကြည့်ပြီး မပြောတတ်ခဲ့သော စေတနာဖြစ်နေခဲ့သည်လား။

ကျွန်တော် စိုးရိမ်တကြီးခေါ်တော့ သူမက လက်ကာပြီး ပါးပြင်ပေါ် စီးကျသွားသည့် မျက်ရည်စက်တွေကို ဖြစ်သလိုသုတ်သည်။

"မိခင်တစ်ယောက်ရဲ့ရင်ခွင်ထဲမှာနေပြီး ဖခင်တစ်ယောက်ကို တမ်းတမိတဲ့ ကလေးငယ်ရဲ့ခံစားချက် ဘယ်သိပါ့မလဲ။ သူ့သမီးနဲ့ သူပျော်နေမှာပေါ့ဆိုတဲ့စိတ်နဲ့ အိပ်မရခဲ့တဲ့ ကလေးငယ်တစ်ယောက်ရဲ့ခံစားချက်ကို ကိုသန်း ဘယ်သိပါ့မလဲ။ မိန်းမတစ်ယောက်ရဲ့ ကွာရှင်းပေးပါဆိုတဲ့ တောင်းဆိုချက်ကို အလွယ်တကူ လက်ခံပြီး မကြာခင် တခြားမိန်းမတစ်ယောက်ကို လက်ထပ်…ကိုယ်တွေနေခဲ့တဲ့အိမ်မှာ သူတို့တွေက ပျော်ပျော်ရွှင်ရွှင်…တစ်ဖက်မှာ နာကျင်နေရတဲ့အကြောင်း ကိုသန်း ဘယ်သိမလဲ…ဘယ်ကိုယ်ချင်းစာတတ်ပါ့မလဲ။ ဘယ်လိုနားလည်ပေးနိုင်ပါ့မလဲ…ပြော…ပြော"

"ကြေးမုံ"

"ဟာ…"

"ကြေးမုံ"

ပြောနေရင်း မတ်တတ်ထရပ်၊ စကားလုံးတွေ အဆက်မပြတ်ပြောရင်းကနေ လေသံတွေ ကျယ်လာ၊ စကားလုံးတွေ မြန်ဆန်လာပြီး နောက်ဆုံး ကြေးမုံ ခွေလဲသွားသဖြင့် ကျွန်တော် ကမန်းကတမ်း





ဖမ်းကိုင်လိုက်သည်။

သူမ ကျွန်တော့်လက်ပေါ်တွင် ဖောချွေးတွေပြန်၍ သတိလစ်သွားလေသည်။

"ကြေးမုံ…ကြေးမုံ"

"ဒုက္ခပါပဲ"

ကျွန်တော် သူမရဲ့ပါးပြင်ကိုပုတ်ပြီး ထပ်ခါထပ်ခါခေါ်သော်လည်း သူမ သတိမရချေ။

ရုံးမှာ ရုံးကားရှိသဖြင့် ဖုန်းဆက်ပြီး လှမ်းခေါ်လိုက်ရသည်။

သူမကတော့ ကျွန်တော့်ရင်ခွင်ထဲမှာ သတိလစ်လို့။ သတိလစ်သွားရုံနဲ့ ငြိမ်းချမ်းလို့လား ကြေးမုံရယ်။ တကယ်ပဲ ကျွန်တော်က ကြေးမုံကို ကိုယ်ချင်းမစာဘဲ အပြစ်တွေ စုပုံတင်မိခဲ့သလား။

ခွင့်လွှတ်ပါ ကြေးမုံရယ်…

ဒုတိယအကြိမ် ကျွန်တော် မေးလိုက်သောမေးခွန်းအတွက် အဖြေမရပြန်။ ယခုချိန်မှာ ထိုအဖြေထက် သူမ မြန်မြန်ဆန်ဆန် သတိရဖို့သာ ကျွန်တော် လိုလားပါသည်။

# အခန်း ၂၁

"ဘာမှ စိတ်မပူပါနဲ့၊ ကောင်းသွားမှာပါ။ ဒါနဲ့ ဒီလူနာရဲ့ လူနာရှင်လား"

"ကိုဆွေ…သူက ရုံးမှာ သုတေသနအတွက် လာတည်းတဲ့ ဧည့်သည်ပါ"

ဆရာဝန်က မမသိမ့်ရဲ့မိတ်ဆွေ ဖြစ်သည်။

လူနာရှင်မေးသဖြင့် မမသိမ့်က ဝင်ဖြေခြင်းဖြစ်သည်။

သူမကထားခဲ့ပြီး ကျွန်တော်တို့အားလုံး အပြင်ဘက်သို့ ထွက်ခဲ့ကြသည်။

"ကိုယ့်ဆီမှာတည်းတဲ့ ဧည့်သည်ဆိုတော့ တစ်ခုခုဖြစ်ရင် ကိုယ့်တာဝန်မဖြစ်ရအောင် ပြောထားရဦးမယ်။ သိထားတော့ မသိမ့်တို့လည်း သတိထားပေးလို့ရတာပေါ့"





"ဘာများလဲ…ကိုဆွေ"

ကျွန်တော့်မှာ ဆရာဝန်ရဲ့ အစချီစကားကြောင့် လန့်သွားသည်။

တစ်ခုခုဖြစ်လို့ တာဝန်ရှိလျှင် မမသိမ့်တို့ဆီမှာ မရှိ။ ကျွန်တော့်ဆီမှာသာ ရှိသည်။

"လူနာက နှလုံးခုန်နှုန်း ပုံမှန်အလုပ်မလုပ်ဘူး။ နှလုံးအားနည်းတဲ့ရောဂါ ရှိနေတယ်။ အခုလည်း တစ်ခုခု အပြင်းအထန် ခံစားရပြီး နှလုံးခုန်နှုန်းတွေမြန်ပြီး ရှော့ခ်ဖြစ်သွားတာပါ"

"ဗျာ"

"ဟုတ်ပါတယ်…အဲ့ဒါကြောင့် ကိုယ့်ဆီမှာရောက်နေတဲ့ ဧည့်သည်ဆိုတော့ တစ်ခုခုဖြစ်ရင် မသိမ့်တို့တာဝန်လာမှာလေ"

"ဟုတ်တယ်…လန့်တောင်လန့်လာပြီဟယ်"

မသိမ့်နှင့်ဆရာဝန်က စကားတပြောပြောနှင့် ရုံးရှေ့ဘက်သို့ ထွက်သွားသည်။

ကျွန်တော် သူမရဲ့အခန်းထဲ ဝင်လာခဲ့သည်။ သူမက သတိမရသေးပါ။ ဆေးအရှိန်နှင့် အိပ်ပျော်သွားတာလည်း ဖြစ်နိုင်သည်။

နှလုံးအားနည်းနေသတဲ့လား။

နှလုံးခုန်နှုန်းတွေမြန်ပြီး ခုလို ရှော့ခ်ဖြစ်သွားတာတဲ့လား။

ဒါတွေအားလုံးရဲ့တရားခံက ကျွန်တော်ပါ ကြေးမုံရယ်။ ကျွန်တော့်ကြောင့် ကြေးမုံ ခုလိုဖြစ်ရတာပါ။

မိခင်တစ်ယောက်ရဲ့ရင်ခွင်ထဲမှာနေပြီး ဖခင်တစ်ယောက်ကို တမ်းတမိတဲ့ ကလေးငယ်တစ်ယောက်ရဲ့ ခံစားချက်ကို ကိုသခ်

ဘယ်သိပါ့မလဲ။ သူ့သမီးနဲ့သူ ပျော်နေမှာပေါ့ဆိုတဲ့စိတ်နဲ့ အိမ်
ခဲ့တဲ့ ကလေးငယ်တစ်ယောက်ရဲ့ခံစားချက်ကို ကိုသခ် ဘယ်သိ
မလဲ…မိန်းမတစ်ယောက်ရဲ့ကွာရှင်းပေးပါဆိုတဲ့ တောင်းဆိုချက်
အလွယ်တကူလက်ခံပြီး မကြာခင် တခြားမိန်းမတစ်ယောက်
လက်ထပ်…ကိုယ်တွေနေခဲ့တဲ့အိမ်မှာ သူတို့တွေက ပျော်ပျော်
ရွှင် တစ်ဖက်မှာ နာကျင်နေရတဲ့အကြောင်း ကိုသခ် ဘယ်သိပါ့မ
ဘယ်ကိုယ်ချင်းစာတတ်ပါ့မလဲ…ဘယ်လိုနားလည်ပေးနိုင်ပါ့မ
ပြော…ပြော…။

ဟုတ်ပါတယ်။

ကျွန်တော်က ကြေးမုံဘက်ကမကြည့်ဘဲ စာအုပ်ကြီးအတိုင်
သွားခဲ့မိတယ်။

လောကမှာ မိဘတွေက အမှန်၊ သားသမီးတွေက အမှားဆို
နိယာမကို ကျွန်တော် လက်ကိုင်ထားမိခဲ့တာ။

တစ်ခါတလေမှာ မိဘက မှားပြီး သားသမီးက မှန်နေတဲ့အ
ရှိပေမယ့် သားသမီးမှာ ပြောခွင့်မရဘူး ကြေးမုံ…မျိုသိပ်နေရ
လွဲရင် ကြေးမုံ ဘာမှလုပ်ခွင့်မရဘူး။

ကြေးမုံ တော်လှန်မလား၊ ပုန်ကန်မလား…လူတွေက ကြေး
ကိုပဲ ပြစ်တင်ပြောဆိုကြလိမ့်မယ်။ ကြေးမုံ…ဒါတွေကို ကြေး
နားလည်အောင် ရှင်းပြချင်ပေမယ့် ကြေးမုံလည်း ကြေးမုံဘက်
ခံစားချက်ရှိနေတာပဲလေ…ကြေးမုံရဲ့ခံစားချက်ကို ကျွန်တော်
နားလည်နိုင်အောင် ကြိုးစားပါ့မယ်။ အဲ့ဒါဘာဖြစ်လို့လဲ သိလား

ကျွန်တော် ကြေးမုံကို သိပ်ချစ်လို့ပါဗျာ။





နောက်တစ်ခါဆိုရင် ကြေးမုံ ကျွန်တော့်ကြောင့် မျက်ရည်မကျ
စေရဘူး။ ကျွန်တော့်ကြောင့် မနာကျင်စေရဘူးလို့ ကျွန်တော် ကတိ
ပေးပါတယ်။

"ဟဲ့…မောင်သခ်…အဲဒါဘယ်လဲ…ကြေးမုံကော သတိရ
ပြီလား"

အပြင်သို့ ပြန်ထွက်လာသော ကျွန်တော့်ကို မမသိမ့်က
လှမ်းမေးသည်။

ဒါက ရုံးသက်သက်မို့ သူမကို ပြုစုစောင့်ရှောက်ပေးဖို့
လူလိုသည်။ ကြေးမုံက သတိရသေးတာမဟုတ်။

ဤရုံးမှာ တစ်ဦးတည်းသော မိန်းမသားဖြစ်သည့် မမသိမ့်က
သည်း ရုံးဆင်းချိန် ဒေါင်ခနဲဆို အိမ်သို့ရောက်ချင်နေသောသူ ဖြစ်
သည်။

ထို့ကြောင့် ကြေးမုံကို စောင့်ရှောက်ဖို့တာဝန်ယူလိမ့်မည်
မဟုတ်။

ပြီးတော့ မမသိမ့်က ဒီရုံးမှာ ဦးစီးမှူး။ သူများကို ပြုစု
စောင့်ရှောက်ဖို့ဆိုတာ ဘယ်နည်းနှင့်မှ လုပ်မည်မဟုတ်။

ထို့အတွက်ကြောင့်…

"ကြေးမုံ သတိမရသေးဘူး မမသိမ့်…သတိရရင် ပြုစုဖို့
လူလိုတယ်"

"သြော်…ဒုက္ခပဲ၊ မောင်သခ်ရယ်…ကြေးမုံက နေမကောင်း
ဖျားနာနေတဲ့လူနာမှ မဟုတ်တာ။ သတိပြန်ရလာရင် အားလုံး
ကောင်းသွားမှာပါ"

မမသိမ့်က အလွယ်ပြောနေသည်။

"ဆရာဝန်က ပြောသွားတယ်မဟုတ်လား။ ဒီလိုလူမျိုးဆိုတာ ဂရုစိုက်ရတယ်ဆိုတာ…တော်ကြာ ကျွန်တော်တို့ရုံးမှာ ရှိနေတဲ့ သူ တစ်ခုခုဖြစ်သွားရင် ကျွန်တော်တို့အားလုံး ဒုက္ခရောက်မှာနော်"

"ဟယ်…ဟုတ်တယ်…အဲဒါဆိုရင် ဘယ်လိုလုပ်မလဲ"

ယခုမှ မမသိမ့်တစ်ယောက် ပြူးပြူးပျာပျာ ဖြစ်သွားသည်။ သူမက နိုင်ငံတော်၏ တရားဝင်ခွင့်ပြုချက်နှင့် လာရောက်သူမို့ တော့ သူမသာ တစ်ခုခုဖြစ်လျှင် ရုံးကဝန်ထမ်းတွေရဲ့ရာထူး ထိခိုက်နိုင်သည်မဟုတ်လား။

"ကျွန်တော်…အိမ်ခဏပြန်မယ်"

"ဟဲ့…ငါ့ကို တစ်ယောက်တည်း ထားခဲ့တော့မလို့လား"

ရုံးတွင် ကိုမင်းကျော်တို့အဖွဲ့ ကွင်းဆင်းသွားသောကြောင့် မမသိမ့်နှင့် ရုံးအကူ မောင်ကောင်းသာ ရုံးမှာ ကျန်ခဲ့ခြင်းဖြစ်သည်။

"ကျွန်တော် ပြန်လာမှာပါ"

"နင်က ဘာသွားလုပ်မလို့လဲ…ဒီမှာ ကြေးမုံက သတိရ သေးတာမဟုတ်ဘူး။ နင် သူ့ကို သတိရအောင် စောင့်သွားလေ"

ပြောပုံက…

သူမကို လှေ့လာရေးမှာ ကူညီဖို့ကိုပဲ…သူမ မပြန်မချင်း သူမရဲ့တာဝန်အားလုံးက ကျွန်တော်နှင့်ပင် သက်ဆိုင်သလို ပြော လိုက်သည်။

တခြားသူဆိုလျှင် ဒီလိုလုပ်ပေးချင်မှ လုပ်ပေးမည်ဖြစ်သော် လည်း သူမသည် ကျွန်တော်ချစ်သော မိန်းမပျိုဖြစ်နေသောကြောင့်





"ကြေးမုံအတွက်ပဲ ကျွန်တော်သွားမှာ"

"အဲဒီတော့"

"ဟာ…မမသိမ့်ကလည်း…သူ သတိရလာရင် ကျွန်တော် ကလည်း ပြုစုပေးလို့ဖြစ်မလား။ မမသိမ့်ကော ရုံးဆင်းရင် မပြန် ဘူးလား"

"ပြန်မှာပေါ့ဟဲ့"

ဒါမျိုးကျတော့ ခပ်သွက်သွက်။

"အဲဒါကြောင့်မို့ပြောတာ…အိမ်ပြန်ပြီး ညီမချောကို ခေါ်ခဲ့ မှာပေါ့။ ကြေးမုံ သတိရလာရင် ညီမချော ပြုစုပေးလို့ရတယ်လေ"

"အေး…အဲ့ဒီအကြံကောင်းတယ်။ အဲ့ဒါဆိုရင် သွား… ရုံးဆင်းခင်ရောက်အောင် ပြန်လာခဲ့"

"ဩော်…မမသိမ့်ရယ်…ဒီနေ့ တစ်ရက်တလေ နောက်ကျ ပြန်တော့ကော ဘာဖြစ်မှာမို့လို့လဲ။ အိမ်က ထွက်ပြေးမှာကျလို့"

"အိမ်က ထွက်ပြေးမှာမဟုတ်ဘူး…ကျုပ်တို့မှာ ကလေးနဲ့ ယောကျ်ားနဲ့…ချက်ရပြုတ်ရဦးမယ်တော်…သွား…သွား…ဒါတွေ နင်တို့လို ဂေါမဏ္ဍတွေကို ပြောနေရင်လည်း နားလည်မှာမဟုတ်ဘူး။ သွား…အရမ်းလည်း မိုးမချုပ်စေနဲ့ဦး"

"ဟုတ်ကဲ့ပါ"

မမသိမ့်တစ်ယောက် ကျွန်တော့်ကို မနိုင်လျှင် နင်တို့ဂေါမဏ္ဍ တွေကဟု အနိုင်ပိုင်းတတ်သည်။ ကိုမင်းကျော်ကလည်း လူပျိုပဲမို့ ဂေါမဏ္ဍတွေထဲမှာပါသွားသည်။

ထို့ကြောင့် ကိုမင်းကျော်က…

"ဒေါ်သိမ့်သိမ့်…ခင်ဗျား ဂေါ်မစွံပြောချင်ရင် သ
ပြော… ကျုပ်ကို ဂေါ်မစွံစာရင်းထဲ မထည့်နဲ့…ကျုပ်က နံ
မှာ"

စွံတော့မှာဟုပြောလာလိုက်တာ လွန်ခဲ့သော (၅)နှစ်က
က ဖြစ်သည်။ ယခုထက်ထိလည်း စွံတော့မှာဆိုသည့်စကား
သုံးနေဆဲဖြစ်သည်။

♥





# အခန်း [၂၂]

ညီချောက ရှောရှောရှူရှူ လိုက်လာပေး၍ တော်သေးသည်။

ညအိပ်စောင့်ပေးရမှာဆိုတော့ စောင်၊ ခေါင်းအုံးတွေက
ယ်ရသေးသည်။

သူမ သတိရလာရင်စားဖို့ စွပ်ပြုတ်လည်း ပြုတ်ခိုင်းမိသည်။

"အစ်မကြေးမုံက ဖျားနေတာလား…အစ်ကို"

လို့ ညီချောမေးတော့ ကျွန်တော့်မှာ ဘာဖြေရမှန်းမသိ။ အမှန်
တိုင်းပြောလျှင် ကဲတယ်ဟု ဆိုဦးမည်။ ထို့ကြောင့် ခက်မဆိတ်ဘဲ
နေလိုက်သည်။

အိမ်ရောက်တုန်း တစ်ခါတည်း ညစာစားလိုက်တာနှင့်
ညီချော ပစ္စည်းပစ္စယတွေပြင်နေတာနှင့်ဆိုတော့ ရုံးရောက်တော့
ညနေ (၅)နာရီခွဲ။

မမသိမ့်က မျက်စောင်းတထိုးထိုး။

တတ်နိုင်ဘူးလေ။

"ညဘက်လာပေးရဦးမလား"

"အဲဒါ မမသိမ့်သဘောလေ...မလာချင်လည်း မလာ...
တော့ဗျာ...ခုတောင် မှောင်တော့မယ်"

"အေး...ဒါဆိုရင်လည်း သွားတော့မယ်။ တစ်ခုခုလိုရင်
ဖုန်းလှမ်းဆက်နော်။ ညိုချောရေ...သွားပြီဟေ့"

မမသိမ့်က ညိုချောကိုပါ နှုတ်ဆက်ပြီး ပြန်သွားသည်...
သူမက သတိမရသေး။ ကျွန်တော့်မှာ စိတ်ပူပြီး မမသိမ့်...
ဖုန်းလှမ်းဆက်မိပြန်သည်။

"ဟဲ့...ငါ လမ်းပေါ်မှာပဲရှိသေးတယ်။ အိမ်တောင်မရော...
သေးဘူး...ဘာဖြစ်တာလဲ"

"သူ ခုထက်ထိ သတိမရသေးဘူး"

"ဩော်...ဒုက္ခပဲ သခ်ရယ်...နင်ဖြစ်နေပုံနဲ့ အကုန်...
လူသိတော့မှာပဲ...အဲ့ဒီလောက်ထိ အကဲပိုမနေနဲ့"

"မမသိမ့်ကလဲဗျာ"

"မမသိမ့်ကလည်းဗျာမနေနဲ့...အိပ်ဆေးထိုးပေးထားတယ်...
ကိုဆွေ ပြောထားတယ်လေ"

"ကျွန်တော်လည်း မကြားပါလား"

"ဒယ်ကြားပါ့မလဲ...အာရုံက ဘယ်ရောက်နေမှန်းမှ...
တာ"

မမသိမ့်က ကျွန်တော့်ကို ခပ်ရွှဲရွှဲပြောပြီး ဖုန်းချသွားသည်...





မမသိမ့်ပြောလျှင်လည်း ပြောချင်စရာ။ ကျွန်တော့်ပုံစံက
...တော်လေး အကဲပိုရာရောက်နေသည်မဟုတ်လား။

ညိုချောကတောင်...

"အစ်ကိုကလေ...ဟိုဘက်လျှောက်လိုက် ဒီဘက်လျှောက်
... လျှောက်နေတာလည်း ဘယ်နှခါမှန်းကို မသိတော့ဘူး။
...စ်တောင် နောက်လာပြီ"

ကျွန်တော် လျှောက်သလိုပုံစံ လိုက်လျှောက်ပြီး ညိုချောက
...ရွှဲ့ ပြောသည်။

"ဒါနဲ့ နင် ငါ့ကို စိတ်ကောက်ပြေပြီလား ညိုချော"

ကြေးမုံလည်း သတိမရသေးတော့ စကားမရှိ စကားရှာရင်း
...လိုက်သည်။

ဤသို့မှ မမေးလျှင်လည်း အိပ်ပျော်နေတဲ့လူအနီး တိတ်ဆိတ်
...သောလူနှစ်ယောက် သရဲခြောက်ခံရမလောက် ခြောက်ကပ်နေ
...သည်။ ထို့ကြောင့် ကြေးမုံ၏ ခုတင်ခြေရင်းစွန်းတွင် ထိုင်နေသော
...ညိုချောကို လှမ်းမေးလိုက်သည်။

ကျွန်တော်က ဝင်ပေါက်ဘေးတွင် ချထားသော ကျောမှီပါ
...သည့် ခုံရှည်ပေါ်တွင် ထိုင်နေခြင်းဖြစ်သည်။

ညိုချောက နှုတ်ကမဖြေဘဲ ခေါင်းယမ်းပြသည်။

"ဟ...အဲဒါအဖြေလား"

"စိတ်မကောက်ဘူးလို့ ပြောတာကို အစ်ကိုကလည်း"

သူမကလည်း ဆူပုတ်ပုတ် ပြန်ပြောနေသေးသည်။

"နင် အဲဒါတွေမဟုတ်တာ...ငါတို့မိသားစု နင့်ကိုပြောတယ်

ဆိုတာ နှင့်ဘဝကောင်းစားစေချင်လို့ပါ ညီချောရယ်''

''ညီချော နားလည်ပါတယ်''

''အခု နှင် တောပြန်ရင် နှင် အဲဒီဘဝမှာ နေနိုင်မှာမဟုတ်တော့ဘူး''

''ဘာလို့မနေနိုင်ရမှာလဲ…စိတ်ချမ်းသာရင် ဘယ်နေရာမှာမဆို နေလို့ဖြစ်တယ်။ စိတ်မချမ်းသာရင်သာ ဘယ်လောက်အေးအေးချမ်းချမ်းနေရပစေ…ဘယ်သူမှ ပျော်မှာမဟုတ်ဘူး''

''ကဲ…တွေ့လား…လျှာရှည်ပြန်ပြီ။ ငါ ခေါင်းလာခေါက်လိုက်ရလို့''

''ဟွန့်''

ဒီကောင်မလေး ဘာဖြစ်နေသလဲမသိ။ စကားကို အကောင်းပြော၍မရ။

ဖုန်းလေးပေးကိုင်ထားတော့ အတုမြင်အတတ်သင်ပြီး စကားကြီးစကားကျယ်တွေက ပြောတတ်လာသည်။ ထပ်ပြောလျှင် ထပ်ကောက်ဦးမည်။

ရွာကခေါ်လာစဉ်ကဆိုရင် ဘာခိုင်းခိုင်း၊ ဘာပြောပြော…ဟုတ်…ဟုတ်…ဆိုတဲ့စကားကလွဲရင် ဘာမှမပြောတတ်။

ယခုတော့ တစ်ခုခုပြောလိုက်ရင် သာလိကာက အရှုံးပေးရလောက်အောင် ပတွတ်ပတွတ် ပြောနေသည်။

ကိုယ်က တစ်ခွန်းပဲ ပြောရသေးသည်။ သူမက နှစ်ခွန်းသုံးခွန်း ပက်ခနဲ ပက်ခနဲ ပြန်ပြောသည်။

ဒါကြောင့်လည်း ကိုသာအေးနှင့်မတည့်ခြင်း ဖြစ်မည်





သာအေးက သူမ မခံချင်စိတ်ဖြစ်လေ ပိုစလေ။ သူမက ဒေါသထွက်လေ ဟိုက သဘောကျလေ ဖြစ်သည်။

''အစ်ကို…အစ်မကြေးမုံ သတိရလာပြီထင်တယ်''

ညီချောရဲ့သတိပေးစကားကြောင့် ကျွန်တော် ကြေးမုံကို လှမ်းကြည့်သည်။ ကြေးမုံရဲ့မျက်လုံးတွေက လှုပ်နေတာမို့…

''ကြေးမုံ…''

''………''

''ကြေးမုံ…သတိရပြီမလား''

နှစ်ခါ၊ သုံးခါခေါ်မှ သူမ မျက်လုံးပွင့်လာသည်။ တမင်ကြိုးချင်ယောင်ဆောင်နေတာကို ကျွန်တော် သဘောပေါက်သည်။

သူမက ကျွန်တော့်ကိုမကြည့်ဘဲ…

''ဟင်…ညီချော လိုက်လာတာလား။ အလုပ်ရှုပ်အောင်လို့…မမ ဘာမှမဖြစ်ဘူး။ အခုလည်း အိပ်လိုက်တာ သက်သာလာပြီပဲ''

''ဟို…အလုပ်မရှုပ်ပါဘူး မမရဲ့''

''ဟိုဥစ္စာ…မမလည်း သတိရနေပြီပဲ။ ညီချော ပြန်ချင်ပြီလား။ ကိုသန်း…ညီချောကို ပြန်ပို့ပေးလိုက်ပါလား။ ကြေးမုံကြောင့် သူများတွေကို အနှောင့်အယှက် မဖြစ်စေချင်ဘူး''

ကျွန်တော့်ကိုမကြည့်ဘဲ လှမ်းပြောသည်။ ကျွန်တော် ဘာပြောရမလဲ မသိဖြစ်နေစဉ် ညီချောက ခေါင်းယမ်းပြီး…

''မပြန်ပါဘူး မမရဲ့…ညီချော တမင်လိုက်လာတာပဲဟာ။ အပြင်မှာလည်း အတော်မှောင်နေပြီ။ ပြန်ဖို့လည်း အဆင်မပြေတော့

ပါဘူး မမရယ်…ညီချော မပြန်တော့ဘူးနော်"

"ဟင်း"

"မမ ဗိုက်ဆာနေပြီလား"

"မဆာသေးပါဘူး ညီချောရယ်"

"ဒါဆို အပြင်သွားမလား…ညီချော လိုက်ခဲ့ပေးမယ်"

အပြင်ဆိုတာ အပေါ့အပါးသွားဖို့ ရည်ညွှန်းခြင်းမို့ ကျွန်တော် ဘာမှဝင်မပြော။

သူမတို့နှစ်ယောက်ကိုသာ ကြည့်နေလိုက်သည်။ နှစ်ယောက်သား အပြင်ထွက်သွားတော့ ကျွန်တော် သူမခြုံခဲ့သည့်စောင်ကို ခေါက်ပေးလိုက်သည်။

အမေမြင်လျှင် ခေါင်းမှာ ဘုထွက်အောင် ခေါက်မလားမသိ။

ကိုယ်အိပ်တဲ့အိပ်ရာကို ကိုယ်မသိမ်းတတ် (ရံဖန်ရံခါမှသာ သိမ်းသည်) ဘဲ တခြားမိန်းမတစ်ယောက်ရဲ့အိပ်ရာ သိမ်းနေတာကို မြင်လျှင်တော့ ပြောလိုက်ဆိုလိုက်မည်ဖြစ်ခြင်း။

ကျွန်တော် စောင်ခေါက်ပြီးတော့ သူမတို့နှစ်ယောက် ပြန်ဝင်လာသည်။

"ကိုသန်းကလည်း ကြေးမုံ လူနာမဟုတ်ပါဘူး။ ဒါတွေ လုပ်နိုင်ပါတယ်"

"ရပါတယ်ဗျာ…ကြေးမုံ တစ်ခုခုစားတော့မလား"

"မဆာသေးဘူး…ဗိုက်လည်းမဆာဘူး"

"ညီချော…မမအတွက် အိမ်ကနေ စွပ်ပြုတ်လုပ်လာတယ် မမ…မမက မစားဘူးဆိုရင် ညီချော စိတ်မကောင်းဖြစ်မိမှာပဲ…





စားနော်"

မိညီချော ခေါ်လာရကျိုးတော့နပ်သား။

"စိတ်မကောင်းတော့ မဖြစ်လိုက်ပါနဲ့ ညီချောရယ်… မမ ဗိုက်ဆာရင် စားပါ့မယ်။ အေးတော့လည်း ဘာဖြစ်လဲ…ပြန်နွေးလို့ တာပေါ့"

"ပျော်လိုက်တာ"

"ကိုသန်းတို့မောင်နှမနှစ်ယောက် စကားပြောကြဦးနော်။ ကြေးမုံ စာဖတ်လိုက်ဦးမယ်"

"ဆရာဝန်က ဒီနေ့ ကြေးမုံကို နားခိုင်းထားတာ။ ဒီနေ့တော့ တ်မနေပါနဲ့တော့ဗျာ…စားပြီးရင် အိပ်လိုက်ပေါ့"

စာကြည့်စားပွဲရှေ့က ကုထားထိုင်တွင် ကျွန်တော် ကွယ်ရပ်ပြီး ပြောလိုက်သည်။

သူမသည် နှုတ်ခမ်းတစ်ချက်ကိုက်ပြီး ကျွန်တော့်ကို စိုက်ကြည့်သည်။

မကျေနပ်သောအကြည့်ဖြစ်သော်လည်း ညီချော မရိပ်မိအောင် ပြန်ပြင်ကာ…

"ဘာမှမဖြစ်ဘူး…ဟိုမှာလည်း ဒီလိုပဲ အလုပ်ပင်ပန်းရင် ကြာခဏ ဖြစ်တတ်တာပဲ။ ပြီးရင်လည်း ကောင်းသွားတာပဲ"

ထိုစကားကြားမှာ ပိုလို့တောင် စိုးရိမ်မိသွားသည်။ ဆရာဝန်က ဤသို့ ခဏခဏဖြစ်နေခြင်းသည် ကောင်းသောလက္ခဏာ မဟုတ်ဟု ဆိုခဲ့သည်မဟုတ်လား။

"အဲဒါဆိုရင် ပိုတောင်ဆိုးသွားပြီ။ ဒီလို ခဏခဏဖြစ်နေ

တာကို ကြေးမုံ ဆေးခန်းမပြဘူးလား။ ဓာတ်မှန်မရိုက်ကြည့်ဘူး
လား"

ကျွန်တော် စိုးရိမ်စွာပြောပေမယ့် သူမက မနက်က
မကြည်လင်သည့်အရိပ်နှင့် မျက်မှောင်ကြုတ်ကာ ဘုကြည့်ကြည့်ပြီး-

"ပြီးရင်ကောင်းသွားတာပဲ…ဘာလို့ပြရမှာလဲ။ ဒုက္ခပါပဲ…
ကိုသခ်…ကြေးမုံမှာ ရက်သိပ်မကျန်ဘူးနော်။ ဟောဒီခုတင်ပေါ်မှာ
သက်သောင့်သက်သာနားဖို့က ဟိုရောက်မှနားလည်းရတယ်။ ခုချိန်
မှာ ကြေးမုံအတွက် အချိန်ဆိုတာ ရွှေထက်အဖိုးတန်တယ်"

"……………"

"အခုလို တားနေတာဟာ ကြေးမုံကို ကူညီရာမကျဘဲ
နှောင့်ယှက်ရာကျနေတယ်ဆိုတာ သတိပြုစေချင်ပါတယ်"

"အစ်ကိုကလည်း…မမ လုပ်ချင်တာလုပ်ပါစေ။ ဘာဖြစ်
လဲ…ညီချောတို့ရှိနေတာပဲ"

ညီချောက တင်းမာနေသောအခြေအနေကို ဝင်ထိန်းပေး
သည်။

ကျွန်တော် ဖယ်ပေးလိုက်တော့သူမက စာကြည့်စားပွဲတွင်
တကယ်ပင် ဝင်ထိုင်သည်။

ကျွန်တော် သက်ပြင်းချကာ စောစောတုန်းက ထိုင်ခဲ့သောခုံ
တွင် နွမ်းလျစွာ ထိုင်လိုက်တော့သည်။





# အခန်း ။၂၃။

ညီချောက ကြေးမုံကို သူ့ဆန္ဒအလျောက် (၂)ရက်ဆက်တိုက်
…ကူစောင့်အိပ်ပေးပါသည်။

သူမက ဘယ်လိုတားတား တားမရသဖြင့် လွှတ်ထားလိုက်
…း ဖြစ်သည်။

သူမ စာလုပ်နေစဉ် ကျွန်တော်နှင့်ညီချောက ဧည့်သည်တွေ
…တွေ့ခံသည့် သီရေတာထဲတွင် စကားပြောကြသည်။

နာရီဝက်တစ်ခါလောက် အခန်းထဲကို ညီချောက သွားချောင်း
…ကြည့်ပါသည်။ တစ်ခုခုကူညီ၍ရအောင် ဖြစ်သည်။

သီရေတာဘက် ထွက်လာပြီဆိုရင်…

"စာတော်တော်လုပ်နိုင်တာပဲ…စားပွဲခုံပေါ်မှာ စာအုပ်တွေ
…ကွဲလို့…အစ်ကို ထိုင်နေကျ ထိုင်ခုံတောင် အဆစ်ပါလို့ စာအုပ်
…ပ်လိုက်နဲ့"

"ဟုတ်လား"

"ဟုတ်တယ်…ပြီးတော့ မျက်မှန်တပ်ထားသေးတယ်။ ဖုန်းက ကြည့်လိုက်သေးတယ်"

"ဖုန်းကြည့်တာက ညည်းလို Facebook သုံးနေတာ မဟုတ်ဘူး…စာရှာနေတာ"

"အမလေး…ဘယ်ကတည်းက ပြောချင်နေတာလဲ။ အဲ့ဒီ လောက်တော့ ညီချောလည်း သိပါတယ်နော်။ ဒါနဲ့ နေပါဦး… မမကြေးမုံက အစ်ကို့ကို ဘာလို့စကားမပြောတာလဲ။ ဘာလဲ… ရန်ဖြစ်ထားကြတာလား"

ပုလိပ်စစ်မေးနေသဖြင့် ကျွန်တော် ပြီးပြီးရောဖြင့်…

"အေး…ဟုတ်တယ်"

"အမ်မာ…ဘာမှလာမဖြီးနဲ့…ရန်ဖြစ်ရအောင် အစ်ကိုတို့ ကလေးမှမဟုတ်တာ…အစ်မကြေးမုံ မကြိုက်အောင် အစ်ကို တစ်ခုခုပြောထားလို့နေမှာပေါ့"

"နင်ကလဲ"

"တွေ့လား…လိမ်နေတယ်ဆိုတာ အသိသာကြီး…ဟွန်း"

ကျွန်တော် လူကြီးရှက်တော့ ရယ်ဆိုသလို ရယ်နေတော့ အရွယ်ရောက်နေသည့် ညီချော ချက်ခနဲဆို နားခွက်က မီးတောက်သွူ။

"အစ်ကိုက ဘာသွားလုပ်လို့တုံး"

"ဟာ…တိုးတိုးမေးစမ်းပါ ညီချောရာ…နင့်မေးခွန်းက လည်း အဓိပ္ပာယ်ကြီးနဲ့…ငါ ဘာမှမလုပ်ရပါဘူး"





"ဘာမှမလုပ်ဘဲနဲ့ကော့ သံတိမလစ်လောက်ပါဘူး"

နောက်ဆုံး ကျွန်တော်ကိုယ်တိုင်လည်း ရင်ထဲမှာ မွန်းကြပ် နေသဖြင့် သူမရဲ့ဘဝအကြောင်းကို မပြောသင့်တာ မပြောဘဲ လိုရင်းလောက် ပြောပြလိုက်မိသည်။

ဒဏ္ဍာရီဇာတ်လမ်းတစ်ပုဒ်ကို နားထောင်နေရသလို ညီချော ရဲ့မျက်နှာမှာ အမျိုးမျိုး ပြောင်းလဲသွားသည်။ အဆုံးမှာ…

"ကျွတ်…ကျွတ်…လောကကြီးမှာ လူတိုင်းလူတိုင်း ဒုက္ခ တွေကိုယ်စီနဲ့ပါလား အစ်ကိုရယ်…မမရဲ့ဘဝကလည်း တစ်မျိုး ဆိုးတယ်။ ညီချောရဲ့ဘဝကလည်း တစ်မျိုးဆိုးတယ်"

"အမယ်…ညည်းဘဝက ဘာဆိုးလို့လဲ။ အဆိုးတွေ ကျော်လာခဲ့ပြီပဲ။ ငါတို့အိမ်ရောက်ကတည်းက ညည်းဘဝ သာယာ ပြီမှတ်။ နောက်ဆို အရပ်ထဲက နင့်ကို သဘောကျတဲ့လူတွေ တင့်တင့်တယ်တယ် လာတောင်းတဲ့လူတွေရှိရင် ပေးစားမှာ"

"အစ်ကိုနော်…အဲ့ဒီလိုလုပ်လို့ကတော့ ညီချော ထွက်ပြေး မှာ။ အစ်ကိုတို့အိမ်မှာ ညီချောနေနေတာက ယောကျ်ားအကောင်း စားလိုချင်လို့ မဟုတ်ဘူး။ ညီချော တိုးတက်ချင်တယ်။ ချမ်းသာ ချင်တယ်။ အဲဒါက ညီချောရဲ့အစွမ်းအစနဲ့ တိုးတက်တာပဲဖြစ်ရ မယ်"

ညီချောက ခါးခါးသီးသီး ထပြောသည်။ အသံက ကျယ်လောင်နေသဖြင့်…

"ဟဲ့…တိုးတိုးပြောပါဟ"

တိတ်ဆိတ်သောညမို့ ညီချောရဲ့အသံက သိရေတာအခန်းထဲ

တွင် ဟိန်းထွက်သွားသည်။ ညိုချောက ဂတ်ဝန်းကျင်ကိုကြည့် ဇက်ပုကာ…

“အစ်ကိုနော်…ညိုချော ပြောပြီးသား…ညိုချော မသိအော ယောက်ျားပေးစားဖို့ စီစဉ်ရင်တော့ ဆင်းရဲရင် ဆင်းရဲပလေ့စေ ညိုချော တောပြန်မှာ”

အမယ်…ခြိမ်းခြောက်သလိုတောင် ဆိုလိုက်သေးသည်။

ဒီကောင်မလေး ဒီလိုဇွတ်တရွတ်ညာဉ်ရှိသဖြင့် မလုပ်ဖူး တော့ မပြောနိုင်ပေ။

“အေးပါ…မယ်မင်းကြီးမရယ်…ငါတို့က လာတောင်း လူရှိရင်လို့ ပြောတာ။ နင့်လို ဂျမ်းတောကို ဘယ်သူမှလည် လာတောင်းမှာ မဟုတ်ပါဘူးဟာ…ရလို့ကတော့ အမြဲတ ထိပ်ပေါက်ခေါင်းကွဲနဲ့ ကြုံမှာမြင်ယောင်လို့”

“ကောင်းတောင်ကောင်းသေးတယ်”

မခံချင်အောင်ပြောသော်လည်း မခံချင်စိတ်က ဖြစ်မလာ နောက်ဆုံး ကျွန်တော်ကသာ လက်လျှော့လိုက်ရသည်။

“ဒါနဲ့ အစ်ကိုက အစ်မကြေးမုံက အရမ်းဂရုစိုက်တာပဲနော်”

ညိုချော မနာလိုဝန်တိုခြင်းကင်းစွာ မေးလိုက်မိခြင်း ဖြ သည်။

အားတော့ငယ်သည်။ ဒါပေမဲ့ အစ်ကို့ကို ညိုချော ချစ်လို့သ ချစ်ရသည်။ အစ်ကိုက ပြန်မချစ်မှာလည်း သေချာသည်။

အစ်ကိုက ပညာတတ်သည်။ ညိုချောက ပညာမတတ် အစ်ကို့အတွက် ညိုချောက ပွဲလယ်တင့်မယ့်မိန်းကလေး မဟုတ်





ဘူးဟု တွေးမိသည့်နေ့က အစ်မကြေးမုံကို ထမင်းစားဖိတ်တဲ့နေ့က ဖြစ်သည်။

အစ်ကို ဘာကြောင့် ညိုချောကို ခဏခဏ ဆုံးမခဲ့သလို အဲဒီ နေ့ကမှ ညိုချော တွေးမိခဲ့သည်။ အစ်မကြေးမုံသည် ပညာတတ် သည်။ ယဉ်ကျေးသည်။

ညိုချောက ပညာမတတ်။ ဒေါသဖြစ်လျှင် လက်ကပါသေး သည်။

အဲ့ဒီနေ့က အစ်ကိုနှင့်အစ်မကြေးမုံကို မြင်ယောင်ပြီး ညိုချော တစ်ညလုံး ကျိတ်ငိုခဲ့ရသည်။

အစ်ကိုရဲ့အကြည့်တွေက အစ်မကြေးမုံရဲ့ဆီမှာ အရိပ်တကြည့် ကြည့် ရှိနေသည်။ မိန်းကလေးတို့ တတ်အပ်တဲ့ပညာနဲ့ ထိုစဉ် ကတည်းက အစ်ကို အစ်မကြေးမုံကို ကြိုက်နေသည်ကို သိခဲ့ရ သည်။

ကိုယ်မြတ်နိုးသောသူကို မြတ်နိုးနိုင်အောင် ကြိုးစားရသည်။

လွယ်တော့ဘယ်လွယ်ပါ့မလဲ။ ညိုချောဆိုတာ ပုထုဇဉ် လူသားပဲလေ။

ဒါပေမဲ့ တချို့လိုတော့ မရတဲ့အမဲ သဲနှင့်မပက်ပါ။ ညိုချော တို့တောသူတောင်သားဆိုတာ ရိုးသားသည်။ မကြိုက်လျှင် မကြိုက် ကြောင်း အမုန်းခံကာ ပွင့်ပွင့်လင်းလင်း ပြောတတ်သည်။

အစ်မကြေးမုံက ခင်ဖို့ကောင်းတဲ့သူပဲ။ အစ်ကိုက အစ်မ ကြေးမုံကို ချစ်နေတယ်ဆိုမှတော့ ညိုချောလည်း အစ်မကြေးမုံကို ချစ်နိုင်အောင် ကြိုးစားရတော့မည်။

ထိုအတွက်ကြောင့် အစ်မကြေးမုံနှင့်အစ်ကို ပြေလည်အေ
ညိုချော ကြားဝင်ပေးမည်။

"အစ်ကို…အစ်မကြေးမုံကို ဖွင့်မပြောဘူးလားဟင်"

"မပြောတော့ပါဘူးဟာ"

"ဟင်…အစ်ကိုကလည်း ဘာဖြစ်လို့လဲ"

အစ်ကို့ရဲ့ပုံစံက စစ်မရောက်ခင် မြားကုန်နေသည့်ဟန်

"ကြေးမုံက အချိန်တန်အိမ်ပြန်ရမယ့်သူလေ…ပြန်မယ့်
ကို ဖွင့်ပြောနေလို့ ဘာအကြောင်းထူးမှာလဲ"

"ဟာ…အစ်ကိုကလည်း အစ်မကြေးမုံက အစ်ကို့
တကယ်ချစ်တယ်ဆိုရင် သူ့ရဲ့ဆုံးဖြတ်ချက်ကို ပြင်ချင်ပြင်မှာပေ

"နင့်ဟာကလည်း"

"ဟုတ်တယ်လေ…အစ်မကြေးမုံက ဒီမှာမနေနိုင်ဘူးဆို
အစ်ကိုက ဟိုလိုက်နေပေါ့…သျှောင်နောက်ဆံထုံးပါမဟုတ်
ဆံထုံးနောက် သျှောင်ပါပေါ့…အဟိ"

"အဲဒီလို ဘယ်တော့မှ ဖြစ်လာမှာမဟုတ်ဘူး။ ငါ တွေး
အထဲမှာ အဲဒါလည်း အဓိကပါတယ်"

"ဘာလဲ"

အစ်ကို့ရဲ့ပုံစံက ဆုံးဖြတ်ချက်အခိုင်အမာ ချထားသည့်ဟ

ညိုချောရဲ့သဘောအတိုင်းဆိုလျှင် ဖွင့်ပြောမည်။ ယော
လေးတစ်ယောက်ရဲ့တာဝန်က ဖွင့်ပြောဖို့ပဲမဟုတ်လား။ ဟို
ကြိုက်တာမကြိုက်တာတော့ သူ့အပိုင်းပဲလေ။ ဖွင့်ပြောရမှာ
ကိုယ့်တာဝန်။





ဖွင့်မပြောဘူးဆိုတော့ ညိုချောမှာ နဝေတိမ်တောင် ဖြစ်သွား
သည်။

"ဘာလို့လဲ…အစ်ကိုရဲ့"

"နင် မသိပါဘူး…ညိုချောရယ်"

"သြော်…မသိလို့ သိချင်လို့မေးတာပေါ့။ တကယ်တည်း
က လာကိုင်နေသေးတယ်"

ညိုချော ဆောင့်အောင့်ပြောတော့ အစ်ကိုက မချိပြုံးပြုံးသည်။
ဘာမှမပြော။

ဘာမှမပြောလျှင် ပို၍သိချင်သော လူ့သဘာဝအတိုင်း…

"အစ်ကို"

"ဘာလဲဟ"

"အစ်ကို ဘာလဲ…မမကြေးမုံကို ဖွင့်မပြောတာလဲ"

"ငါ့ရဲ့စကားကြောင့် သူ့မှာ စိတ်အနှောင့်အယှက်ဖြစ်သွားမှာ
လို့"

"ဘယ်လို"

"ဟုတ်တယ်…ငါ့ရဲ့စကားတစ်ခွန်းက သူ့ရဲ့အနာဂတ်၊ သူ့ရဲ့
ဆုံးဖြတ်ချက်ကို တွေဝေသွားတာမျိုး မဖြစ်စေချင်ဘူး။ သူ့အဖေ
ကြောင့် ဒီနိုင်ငံကို ခြေမချပါဘူး ဆုံးဖြတ်ထားတဲ့သူကို ငါ့နေရာ
ဆို နင် ဘယ်လိုဆုံးဖြတ်မလဲ။ ခက်တာက ငါကိုယ်တိုင်က
လည်း နိုင်ငံခြားမှာ အခြေချမယ့်လူ မဟုတ်ဘူး"

# အခန်း [၂၄]

"ဩော်…ကိုသခ်ရယ်"

ကြေးမုံရဲ့ကျောပြင် အုတ်နံရံတွင် ကပ်မှီသွားသည်။ သို့

ညှိုးရောက မကြာခဏ ထလာကြည့်တတ်တာ သတိရတော့

ထဲ လျှင်မြန်စွာ ပြန်ဝင်လိုက်သည်။

စာကြည့်စားပွဲရှေ့တွင် ထိုင်လိုက်ပေမယ့် စိတ်က

သွားသည်။

စောစောတုန်းက ကိုသခ်က ပြောသောစကားတွေက နား

အလိုလို ဝင်ရောက်လာသည်။

ငါ့ရဲ့စကားတစ်ခွန်းက သူ့ရဲ့အနာဂတ်၊ သူ့ရဲ့ဆုံးဖြတ်ချက်

တွေဝေသွားတာမျိုး မဖြစ်စေချင်ဘူး။ သူ့အဖေကြောင့် ဒီနိုင်ငံ

ခြေမချပါဘူးလို့ ဆုံးဖြတ်ထားတဲ့သူကို ငါ့နေရာမှာဆို နင် ဘယ်

ဆုံးဖြတ်မလဲ။ ခက်တာက ငါကိုယ်တိုင်ကလည်း နိုင်ငံခြား

အခြေချမယ့်လူ မဟုတ်ဘူး….





သူ နောက်ဆုံးပြောသွားသည့် နိုင်ငံခြားမှာ အခြေချမည့်လူ

တ်ဘူးဆိုတဲ့စကားအပေါ်တော့ ကြေးမုံ သိပ်မခံစားရပါ။ ဘာ

ကြောင့်လဲဆိုတော့ ကြေးမုံကိုယ်တိုင်လည်း အဲဒီနိုင်ငံမှာ အခြေချ

ယ်ပြောခဲ့ပေမယ့် မသေချာ။

ကိုသခ်ကို တမင်ပြောလိုက်တာဖြစ်ပေမယ့် သူက တကယ်

င်မှတ်နေသည်။

ကြေးမုံရဲ့နှလုံးသားကို ထိခိုက်စေတဲ့စကားကတော့ ဒယ်ဒီ

ပတ်သက်၍ ဖြစ်သည်။

သူ့ကြောင့် ကြေးမုံမှာ စိတ်အနှောင့်အယှက် မဖြစ်စေချင်ဘူး

လား။ ကြေးမုံရဲ့အနာဂတ်ကို မဝေဝါးစေချင်ဘူးတဲ့လား ကိုသခ်

ယ်…။

အချစ်ဆိုတာ တကယ်တော့ ရတနာကြေးမုံဆိုတဲ့ သူမနှင့်

က်ဆိုင်မှုမရှိသောစကားလုံး ဖြစ်သည်။

ဘယ်သူ့ကိုမှ မချစ်ခဲ့သလို ဘယ်သူ့ရဲ့ချစ်ခင်ခြင်းကိုမှ

ချင်ခဲ့ပေ။

ချစ်တယ်ဆိုတဲ့စကားရဲ့နောက်မှာ တုတ်နှောင်မှုတွေပါသည်။

မြစ်ချုပ်ခြယ်မှုတွေ ပါသည်။ ကိုယ့်စိတ်နှင့်ကိုယ့်ကိုယ် အသက်

ချင်သော ကြေးမုံအတွက် အချစ်ဆိုတာ စိမ်းသက်ခဲ့သည်။

ချစ်တာပေါ့…မာမီကိုချစ်တာပေါ့။ ဒါပေမဲ့ အဲ့ဒီချစ်ခြင်း

တွာနဲ့ သူစိမ်းလူတစ်ယောက်ကို ချစ်တယ်ဆိုတာ အဓိပ္ပာယ်

ည်းကွာသည်။

အနှစ်သာရလည်း ကွာသည်။

ဒယ်ဒီဆိုတဲ့အတွေး ဝင်လာခဲ့တော့ ငယ်ဘဝကို နာကျင် သည့်ကြားမှ မှတ်မိနေပြန်သည်။ အရုပ်ကလေးတစ်ရုပ်ကို ရင် တွင်းပိုက်ပြီး ဒယ်ဒီနှင့်မာမီရဲ့ ပဋိပက္ခကို မြင်တွေ့ကြားသိခဲ့ရသည်။

ဒယ်ဒီရဲ့သမီးငယ်ဆိုတဲ့ခေါ်သံက ခုထက်ထိ နားထဲက မထွက်။

အရင်တုန်းက ဒီသမီးငယ်ဆိုတာ ဝေါဟာရကို ပိုင်စိုးတဲ့သူ ကြေးမုံ။ ဒါပေမဲ့ ကလေးငယ်တစ်ယောက်ရဲ့နှလုံးသားကို နင်း လို့အကောင်းဆုံးစကားလုံးကို ဒယ်ဒီ သုံးခဲ့သည်။

"သမီးက သမီးကြီး…သူက သမီးငယ်ဖြစ်သွားပြီလေ"

ဟုတ်လား…ဒယ်ဒီ။

ဒီရဲ့စကားတွေ ဒီနေ့ချိန်ထိ ကြေးမုံရဲ့နားထဲမှာ လတ် ဆတ်ဆတ် ကြားယောင်နေဆဲပါ ဒယ်ဒီ။ ကြားတိုင်းလည်း ကြေး ရဲ့ဒဏ်ရာတွေ၊ ခံစားချက်တွေ အသစ်အသစ်ပြန်ပြန်ဖြစ်လာတာ ဆိုတာ ဒယ်ဒီ ဘယ်တွေးပေးပါ့မလဲ။

အဲဒီတုန်းက ပြောခဲ့ဖူးတဲ့စကားတွေက ဒယ်ဒီတောင် မှတ် တော့မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ နုနယ်တဲ့ နှလုံးသားနဲ့ ကလေး တစ်ယောက်ကတော့ အဲဒီစကားလုံးတွေကို ဦးနှောက်ထဲ သေချာ စွဲသွားပြီ…ဒယ်ဒီ။

ဒယ်ဒီ အရက်စက်ဆုံးကတော့ မာမီကို ကွာရှင်းပြီး ချက်ချင်း ဟိုသားအမိကို အိမ်ပေါ်ခေါ်တင်တဲ့အဖြစ်။ ဘာတဲ့…သူနှင့်ကြေး က အသက်သိပ်မကွာခဲ့ဘူးဆိုတော့ ဒယ်ဒီတို့ ပေါင်းသင်းခဲ့ တာက…





ဟင့်အင်း…

ကြေးမုံ ခေါင်းယမ်းပစ်လိုက်သည်။

ပါးပြင်ပေါ်သို့ မျက်ရည်တွေ အလုအယက် ခုန်ဆင်းလာခဲ့ သည်။ ထိုမျက်ရည်တွေကို သုတ်ဖို့သတိလည်းမရ။

ထိုသို့တွေးမိတိုင်း နှလုံးသားကို တစ်စုံတစ်ရာနှင့် တင်းကျပ် ချုပ်ထားသလဲ၊ အသက်ရှူရကျပ်သည်။ နာကျင်ရသည်။

ကိုယ့်ဆွေမျိုးအိမ်ပြန်ခဲ့ပေမယ့်လည်း ဆွေမျိုးတွေရဲ့ဖေးမမှုကို စားခဲ့ရပေ။

ဦးလေးတွေ၊ အဒေါ်တွေရဲ့ ရွဲ့မှုစောင်းမှုတွေ တစ်ခုလပ်သမီး တဲ့စကားလုံးတွေ။

သြော်…မပေးနိုင်၊ မကမ်းနိုင်ခဲ့တော့လည်း ကိုယ့်ဆွေမျိုး တောင် လေးစားမှုမရှိခဲ့ပေ။

နူးညံ့သော မာမီက အဲ့ဒီစကားတွေကို သည်းခံရင်း အဲ့ဒီအိမ် လူတွေအားလုံး စားသောက်ဖို့ အိမ်ဖော်တွေနှင့်အတူ အချိန်ပြည့် ချောင်ဝင် ချက်ပြုတ်ခဲ့ရသည်။

သူတို့တွေရဲ့အကြိုက်နှင့် ထပ်တူမကျလျှင် ပြောခံဆိုခံ သည်။

ဖခင်ကပေးတဲ့ဝေဒနာ၊ ဆွေမျိုးသားချင်းတွေကပေးတဲ့ဝေဒနာ ဝေဒနာတွေကို နုနယ်သောကလေးငယ်တစ်ယောက်က ခါးစည်း ရသည်။

သိပ်ကို အငြိုးအတေးအမှတ်ကြီးတော့လည်း စကားလုံးတွေ နှလုံးသားထက်မှာ ကျောက်နဲ့ ထွင်းထားသလို စွဲမြဲနေသည်။

မွေးကတည်းက ဘာမဆို အပိုင်စားရထားတယ်လို့ ထင်မှ
နေတဲ့ ကလေးငယ်တစ်ယောက် ဘာမှကို သူ မပိုင်ဘူးလို့ သိလိုက်
ရတဲ့အချိန် ခံစားလိုက်ရတဲ့ခံစားချက်မျိုး ဘယ်သူ့ကို သွားပြော
ရမှာလဲ။

လက်ချောင်းတွေကို ငုံ့ကြည့်မိသည်။

"ကိုယ်ပိုင်တဲ့ ကိုယ့်ရဲ့လက်ချောင်းတွေတောင် တစ်ချောင်းနဲ့
တစ်ချောင်း အရွယ်အစားမတူတာ၊ လူတစ်ယောက်နဲ့တစ်ယော
စိတ်ဓာတ်မတူတာကို ကြေးမုံ အပြစ်မတင်နဲ့"

တဲ့။ သူ ပြောခဲ့တဲ့စကား။

နောက်တစ်ခေါက် သူပြောတဲ့စကားတစ်ခွန်း ပြောခဲ့တယ
ဆိုတာထက် မေးခဲ့တယ်ဆိုတာက ပိုမှန်လိမ့်မည်။

"တကယ်လို့ပေါ့...မြန်မာနိုင်ငံက လူတစ်ယောက်နဲ့ ချစ်သူ
ဖြစ်ခဲ့ရင် ကြေးမုံ ဟိုနိုင်ငံနဲ့ ဒီနိုင်ငံ ဘယ်ဟာကို ရွေးမလဲ"

လို့ ပြောခဲ့တာ။

တကယ်ပြောချင်တာက အဲ့ဒီမြန်မာနိုင်ငံက ...ူဆိုတာ သူ
ဒါပေမဲ့ သူလို့မပြောဘဲ လူတစ်ယောက်ဟု သုံးနှုန်းခဲ့သည်။

ရှင် ဆုံးဖြတ်ထားသလို ရှင် ကြေးမုံကို ဘယ်တော့မှ ဖွင့်
မပြောတော့ဘူးဆိုတာ သေချာလား ကိုသခ်...။

"မမ...ဟင်...မမ ဘာလို့ငိုနေတာလဲ။ ဘာဖြစ်လို့လဲဟင်"

"အို"

စောစောတုန်းက သုတ်ဖို့မေ့လျော့နေသော မျက်ရည်စက်တ
အား ကြေးမုံကို လာချောင်းကြည့်သည့် ညိုချော မြင်သွားသည်





မျက်ရည်တွေကို ကမန်းကတန်းသုတ်ပေမယ့် အချိန်မမီတော့
ညိုချောက...

"အစ်ကို...အစ်ကို...ဒီမှာ...မမကြေးမုံ ငိုနေတယ်...
ဦး"

"မဟုတ်ဘူး...ညိုချော...မမ ငိုနေတာမဟုတ်ဘူး"

"ရော်...မမကလည်းနော်...မမပါးပေါ်မှာ မျက်ရည်တွေ
နေတာ ညိုချော အသေအချာကို မြင်ခဲ့တာကို"

"ကြေးမုံ"

"အစ်ကို...မမကတော့ လိမ်နေတယ်။ သူငိုတာကို ညိုချော
သေအချာတွေ့ခဲ့တာကို...မငိုဘူးလုပ်နေတာ"

ညိုချောက အခန်းထဲသို့ လောကြီးမောကြီး ပြေးဝင်လာသော
ဆီးကြိုပြောလိုက်သည်။

သူက သူမကို စိုးရိမ်တကြီးကြည့်ကာ အနားသို့ တိုးကပ်လာ
သူမရဲ့မျက်နှာကို သေချာလိုက်ကြည့်သည်။

"ဟုတ်တယ်...ကြေးမုံ ဘာလို့ငိုနေတာလဲ။ ကြေးမုံရယ်...
ကြေးမုံ စာလုပ်နေတယ်ဆိုလို့ ကိုယ်တို့တတွေက အပြင်ဘက်မှာ
းပြောနေကြတာ။ ကြေးမုံကို အနှောင့်အယှက်ဖြစ်မှာစိုးလို့"

မြင်သွားသည့်အတူတူတော့ ကြေးမုံ ဘယ်လိုငြင်းငြင်း မရ
ပေ။ ထို့ကြောင့် မျက်လုံးနှစ်ဖက်ကို လက်နှစ်ဖက်နှင့်
ရည်တွေ ကုန်စင်အောင် သေချာဖိပွတ်လိုက်ပြီး...

"ကြေးမုံ...ငိုနေတာ ကိုသခ်တို့ကြောင့် မဟုတ်ပါဘူး"

"ကြေးမုံ ဘာကြောင့်ငိုသလဲ ကိုယ်သိပါတယ်။ ကိုယ့်မှာ

လည်း နေလည်းသေချာကောင်းသေးတာ မဟုတ်ဘူး။ ဘာလို့ ဟိုတွေးဒီတွေးနဲ့ ကိုယ့်ကိုယ်ကိုယ် နှိပ်စက်ရတာလဲ"

"..........."

"တော်ပါပြီဗျာ…ကျွန်တော် ဒီထက်ပိုပြီး မနှစ်သိမ့်ပေးပါရစေနဲ့။ ကျွန်တော်က ကြေးမုံရဲ့အကျိုးကို လိုလားလို့ စေတနာနဲ့ နှစ်သိမ့်ပေးလိုက်ပေမယ့် ခံယူတဲ့ ကြေးမုံကြောင့် နားလည်မှုတွေ လွဲသွားတာမျိုး မဖြစ်စေချင်ဘူး"

"..........."

"အချိန်လည်း ညဉ့်နက်နေပြီ။ စာဆက်မကြည့်နဲ့တော့… အိပ်ရာထဲမှာလည်း ဘာမှ တောင်တွေးမြောက်တွေး တွေးမနေနဲ့နော်။ ညီမျှော…ညည်း အစ်မကြေးမုံကို သေချာကြည့်ထား"

"စိတ်ချပါ…အစ်ကိုရဲ့"

ယခုတော့လည်း သူမက ကလေးတစ်ယောက်လို သူ စီမံသည့်အတိုင်း နာခံရှာသည်။ သူများတွေကို ဦးဆောင်တဲ့မန်နေဂျာ ဟန်မပေါက်ဘဲ ပီတိကလေးငယ်တစ်ယောက်ရဲ့ဟန် ဖြစ်သွားသည်။

အို…ကြေးမုံရယ်။





# အခန်း [၂၅]

ကျွန်တော် ချိန်းဆိုခံရသော ဟိုတယ်မန္တလေးသို့ ထွက်လာခဲ့ရပေမယ့် စဝေစဝါ။

"ကလင်…ကလင်"

"ဟယ်လို…အမိန့်ရှိပါခင်ဗျာ"

"မောင်အသခ်ယာနဲ့ ပြောချင်လို့ပါကွယ်"

အမျိုးသားကြီးတစ်ယောက်ရဲ့အသံမို့ ကျွန်တော် ယဉ်ကျေးစွာ ပြန်ဖြေလိုက်ပါသည်။ တစ်ဖက်မှ…

"အတော်ပါပဲ…အန်ကယ်လ် မောင်ရင်နဲ့ စကားပြောချင်လို့ပါ"

"ဟုတ်ကဲ့ပါခင်ဗျာ"

"အန်ကယ်ဆီကို မောင်ရင် လာနိုင်မလားကွယ်။ အန်ကယ်လ်ကတော့ အင်းဝကိုလိုက်လာဖို့ အဆင်မပြေလို့ပါ

မောင်ရင်လေး"

"ဗျာ"

"လာနိုင်မလား…မောင်ရင်၊ မောင်ရင်တစ်ယောက်တည်း လာဖို့ အဆင်မပြေရင် အန်ကယ်လ်ရဲ့ဒရိုင်ဘာနဲ့ ကားလွှတ်ပေးလိုက်ရမလား"

လူကြီးမှာ ကျွန်တော် သွားရေးလာရေး အခက်အခဲဖြစ်မှာဆိုး၍ ကားတွေဘာတွေ စီစဉ်ပေးမည်ဆိုတဲ့အထိ ဖြစ်နေသော်လည်း ကျွန်တော့်အခက်ခဲက ထိုအရာမဟုတ်ချေ။

"အန်ကယ်လ်က ဘယ်သူပါလဲခင်ဗျာ…ကျွန်တော်က အန်ကယ်လ်ကိုသိလား…အန်ကယ်လ်ကကော ကျွန်တော့်ကို သိသလား…ဒါပေမဲ့ အန်ကယ်လ့်အသံကိုတော့ ကျွန်တော် ခုမှ ကြားဖူးတာပါ"

အမှန်အတိုင်း ဝန်ခံလိုက်ပါသည်။

တစ်ဘက်က ရင်းရင်းနှီးနှီး စကားပြောနေပေမယ့် ထိုအသံရှင်များ ထိုစကားသံမျိုး ကျွန်တော့်ပတ်ဝန်းကျင်ဆီမှာ ဘယ်သူမှ မရှိသဖြင့် ကျွန်တော် သံသယဖြစ်စွာ မေးလိုက်သည်။

တစ်ဖက်ဆီမှ ရယ်သံထွက်လာပြီး…

"ဒီရောက်ရင် မောင်ရင် အားလုံး သိသွားမှာပါ။ ဘာလို့လဲဆိုတော့ မောင်ရင့်ကို အန်ကယ်လ် ရင်းရင်းနှီးနှီး သိတယ်။ အန်ကယ်လ်ကိုလည်း မောင်ရင်လေးသိနေပါတယ်။ လူချင်းမတွေ့ဖူးကြတာလေးတစ်ခုပါပဲ"

ဘယ်လိုမှ မေးလို့မရသဖြင့် ကျွန်တော်မလာလည်း ဘာမှ





တော့မဖြစ်ပါ။

ဒါပေမဲ့ ဘယ်သူလဲ…စိတ်ဝင်စားချက်နှင့်အတူ ကျွန်တော် ရောက်အောင်လာခဲ့ပါသည်။

ဟိုတယ်မန္တလေးသို့ ရောက်သွားသည့်အချိန်တွင် ချိန်းဆိုထားသည့်နေရာတွင် အမျိုးသားကြီးတစ်ဦး သတင်းစာဖတ်၍ စောင့်နေသည်ကို တွေ့လိုက်ရသည်။

"ဟာ…"

အမျိုးသားကြီးကို မြင်လိုက်တော့ ကျွန်တော် ဟာခနဲ၊ ဟင်ခနဲ ဖြစ်သွားရပါသည်။

အဘယ်ကြောင့်ဆိုသော် ကျွန်တော့်ကို စောင့်နေသူမှာ အခြားသူမဟုတ်။ မြန်မာနိုင်ငံတွင် လျှမ်းလျှမ်းတောက် အောင်မြင်ကျော်ကြားသည့် စီးပွားရေးသမား ဦးသီဟ ဖြစ်နေခြင်းပင်။

"မောင်ရင်"

လူကြီးဘေးသို့ရောက်တော့ ကျွန်တော့်ခြေလှမ်းတွေ တွန့်ဆုတ်တွန့်ဆုတ် ဖြစ်သွားရသည်။

ကြေးမုံရဲ့ အငိုမျက်နှာလေးကို ပြန်မြင်ယောင်မိတော့ ကျွန်တော် ရောက်လာမိတာ မှားပြီလား။

ဦးသီဟကတော့ သူ့ရဲ့ဂုဏ်တွေ ဒြပ်တွေကို ဘေးချိတ်ပြီး ကျွန်တော့်ကို ရင်းရင်းနှီးနှီး ဖိတ်ခေါ်နေသည်။

ပုံမှန်အားဖြင့်ဆိုလျှင် ဤကဲ့သို့သောလူမျိုးကို အပြင်မှာ ရင်းရင်းနှီးနှီး စကားပြောဖို့ မဆိုထားနှင့်…လမ်းသွားရင်းတောင် တွေ့ဖို့မလွယ်ကူပေ။

ဒီလူကြီး ဘာကြောင့် သူ့ကို ဖိတ်ခေါ်ခဲ့သလဲ သိရှိနေမိတော့ ကျွန်တော် ထိုလူကြီးရှေ့ ထိုင်ရမလား၊ ပြန်ရမလား၊ လှည့်ထွက်သွားရမလား…မဝေခွဲတတ်တော့ပေ။

လူကြီးကတော့ မထိုင်သေးသော ကျွန်တော့်ကို မော့ကြည့်၍ ခုံကို မေးဆတ်ပြပြီး…

"ရောက်လာမှတော့ ထိုင်ပါ မောင်ရင်…အန်ကယ်လ် ဘာပြောမလဲဆိုတာ မောင်ရင် သိချင်နေမှာပါ။ မောင်ရင်လေး ဘာရိတ်ဖတ်စ် ဘာသုံးဆောင်မလဲ"

ကျွန်တော် ထိုင်ချလိုက်စဉ် ဟိုတယ်ဝိတ်တာလေးက အနားသို့ လာရပ်လေသည်။

ကျွန်တော် ဝိတ်တာကို ခေါင်းယမ်းပြပြီး…

"ကျွန်တော် စားခဲ့ပါပြီ အန်ကယ်လ်…ဘာမှမမှာတော့ပါဘူး"

ကျွန်တော့်ငြင်းဆိုသံကို သူက ဘာမှမပြောဘဲ ဝိတ်တာလေးကို သောက်စရာများ မှာနေသည်။

ကျွန်တော် ထိုလူကြီးကို အကဲခတ်ကြည့်လိုက်သည်။

ကြေးမုံက သူ့ဖခင် ဦးသီဟဆိုတာ ပြောကတည်းက ဦးသီဟ ရုပ်ပုံသည် ကျွန်တော်နှင့် ရင်းနှီးနေသည်။

အဘယ်ကြောင့်ဆိုသော် ဦးသီဟရဲ့ရုပ်ပုံကို ကျွန်တော်တို့ မြန်မာနိုင်ငံကလူတွေ ရင်းနှီးနေသည်။

စီးပွားရေးစာမျက်နှာများတွင် သူ့ကို မြင်ရသည်။ သဘာဝ ဘေးအန္တရာယ်ကျရောက်သည့်ဒေသသို့ သွားရောက်လှူဒါန်းသည့်





အဖွဲ့အနေနှင့် မြင်ရပြန်သည်။

အစိုးရဝန်ထမ်းကြီးများအဖွဲ့အကြားတွင် စီးပွားရေးလုပ်ငန်းရှင် လိုက်ပါလာသူအနေနှင့် မြင်ရသည်။

ထို့ပြင် ကြေးမုံက သူ့မဖခင်က ဦးသီဟဆိုတာနှင့် ဦးသီဟရဲ့ မျက်နှာကို ပြေးမြင်မိခြင်းမှာ ကြေးမုံသည် အဖေတူသမီး ဖြစ်သည်။

အဖေတူသောသမီးများမှာ ကြီးပွားချမ်းသာသည်ဆိုလျှင် ကြေးမုံ နောက်ထပ် ကြီးပွားချမ်းသာနိုင်သေးသည်။

ဒါပေမဲ့ သူ ယခု ဦးသီဟကို လာတွေ့သည်ကို ကြေးမုံ မသိပေ။

"အန်ကယ်လ် ဘယ်သူလဲဆိုတာ မိတ်ဆက်ပေးဖို့လိုဦးမလား မောင်သစ်"

"မလိုပါဘူး အန်ကယ်လ်…ကျွန်တော်က အန်ကယ်လ်ကို သိနေတာက မဆန်းဘူး။ အန်ကယ်လ်က ကျွန်တော့်ကို သိနေတာ တော့ တော်တော်လေး ထူးဆန်းနေပါတယ်"

လူကြီးက သဘောကျစွာရယ်ပြီး…

"မထူးဆန်းပါဘူး မောင်သစ်…အန်ကယ့်လ်သမီးရှိတဲ့အရပ်မှာ အန်ကယ်လ် လူယုံတွေ သတင်းတွေ ပေးသူတွေ ရှိနေတတ်တာပဲ"

"ဗျာ"

"ဟုတ်တယ် မောင်ရင်…သမီးလေးရဲ့အနားကို အန်ကယ်လ် ရောက်လာခွင့်မရှိပေမယ့် သမီးလေးနားမှာ တစ်ခုခုဆို အကူအညီ ပေးဖို့ လူယုံရှိတယ်။ ဒါကိုတော့ သမီးလေး သိမှာမဟုတ်ပါဘူး"

“.........”

လူကြီးက သက်ပြင်းချလိုက်သည်။ ကျွန်တော်ကိုယ်တိုင် ဘာပြောရမှန်းမသိဖြစ်နေတော့ ဘာမှမပြောဘဲ တိတ်ဆိတ်ငြိမ်သက်နေမိတာ မဆန်းပေ။

ဒါတွေကို ကြေးမုံကတော့ သိမည်မဟုတ်။ သူမဖခင်သည် သူမကို စိတ်မချ၍ သူမ၏နောက် မလှမ်းမကမ်းတွင် လူတစ်ယောက် အမြဲတမ်းလိုက်ပါနေသည်ကို မသိ၍သာ သူမ လွတ်လပ်တယ် ထင်နေခဲ့သည်။

သိများသိခဲ့လျှင်တော့…။

♥





# အခန်း |၂၆|

“သိခဲ့ရင်တော့ အန်ကယ့်လ်သမီးအကြောင်း မောင်ရင် သိမှာ ပေါ့။ သူ ပေါက်ကွဲလိမ့်မယ်။ ရိုးရိုးတန်းတန်းတောင် မဟုတ်ဘူး။ ပြင်းပြင်းထန်ထန်ကို ပေါက်ကွဲမှာ”

ဒါတော့ဟုတ်သည်။

သူမသည် ငယ်စဉ်အခါက ဖခင်ချစ်သမီးတစ်ယောက်ဖြစ်ခဲ့ သဖြင့် ဖခင်တစ်ယောက်ရဲ့ ဥပေက္ခာအတွက် အတော်လေး နာကျင် မှာ ခံစားနေရရှာသည်။

တကယ်တော့…

“ကြေးမုံ…ဒယ်ဒီ့ကို မုန်းတယ်” ဆိုတဲ့စကားက သူမစိတ် ရဲ့လှည့်စားချက်တစ်ခုသာ ဖြစ်သည်။ ဖခင်ကို အရမ်းချစ်တဲ့သမီး တစ်ယောက် ဖခင်က မချစ်ဘူးဟု ယူဆသောအခါ နာကျင်ပြီး မုန်းတယ်ဟု အမည်တပ်နေခြင်းသာ ဖြစ်သည်။

အန်ကယ်လ်ကြီးဘက်မှ သက်ပြင်းချသံနှင့်အတူ…

"ဖြစ်ပြီးသားကိစ္စတွေ ပြန်ပြောနေရင်လည်း ဘာမှထူးတော့မှာမဟုတ်ပါဘူး။ အတိတ်ဆိုတာ လွန်ခဲ့တဲ့ အနှစ် (၂၀) လောက်မှာ ကျန်ခဲ့ပြီပဲ"

နောင်တရသည့်လေသံမျိုးတော့ မဟုတ်။ ဖြစ်သင့်ဖြစ်ထိုက်လို့ဆိုသည့်လေသံ။ ဒါကို ကြေးမုံမြင်လျှင် ပို၍ နာကျင်စွာ ခံစားရလိမ့်မည်။

ဩော်…ဖြစ်မှဖြစ်ရလေ ကြေးမုံရယ်။

"ဒါပေမဲ့ သမီးလေးကို အန်ကယ်လ်က အချစ်ဆုံးပါ။ အဲဒါကတော့ မလိမ်ညာတတ်တဲ့ ဖခင်တစ်ယောက်ရဲ့စိတ်ဓာတ်ပါ"

"ဒါက အန်ကယ်လ်တို့ရဲ့အတွင်းရေးကိစ္စပါ။ သိချင်ရုံသက်နဲ့ ကျွန်တော် ရောက်လာခဲ့တာပါ။ အခု သိခွင့်လည်းရပြီဆိုတော့ ပြန်ခွင့်ပြုပါဦးခင်ဗျာ"

ဝိတ်တာလေး စားစရာတွေ ချတာကြည့်ပြီး လှည့်ထွက်သွားချိန် ကျွန်တော် နှုတ်ဆက်စကားပြော၍ မတ်တတ်ထရပ်လိုက်သည်။

"မောင်ရင်"

"……….."

"မောင်ရင်ဟာ မရိုင်းစိုင်းတတ်ဘူးဆိုတာ အန်ကယ်လ် သိပါတယ်။ ရောက်လာမှတော့ အန်ကယ်လ် စကားတွေကို ဆုံးအောင် နားထောင်သင့်ပါတယ်။ သမီးပြောထားတဲ့ စကားတစ်ခွန်းနဲ့ အန်ကယ့်လ်ကို"

"အဲဒီလိုမပြောပါနဲ့ မောင်ရင်"





ကျွန်တော့်ကိုယ်ကြီး ထိုင်ကျသွားသည်။

ဤလူသည် စီးပွားရေးမှာ လျှမ်းလျှမ်းတောက် အောင်မြင်ကျော်ကြားနေသူဆိုတာ မေ့လျော့သွားသည်။

ဤလူသည် သူ သိပ်ချစ်ရပါသော ရတနာကြေးမုံ၏ဖခင်တစ်ယောက်။ သူ့ချစ်သူကို အမြဲတမ်း နာကျင်ခြင်းတွေနှင့် အမှတ်ရနေစေသောလူတစ်ယောက်။

ဘာတဲ့…သမီးပြောထားတဲ့စကားတစ်ခွန်းလေးနဲ့တင် ဆိုပါလား။

"သိပ်ကို ဝမ်းနည်းစရာကောင်းတာပဲ။ ဒီရဲ့စကားကို ကြေးမုံသာကြားရင် အတော်လေး ဝမ်းနည်းရဦးမှာပါ"

"အန်ကယ်လ် ဘာပြောပြော ဝမ်းနည်းခြင်းတွေနဲ့ ထိခိုက်နာကျင်ခြင်းတွေသာ သမီးလေးက လက်ခံရရှိတယ်လို့ ယူဆနေတာပါ"

ဒါနဲ့များတောင် ကျွန်တော့်ကိုတွေ့ဖို့ ကမ်းလှမ်းတာ ဘာသဘောလဲ။

လွန်ခဲ့သော နှစ်ပေါင်းများစွာကတောင် ဥပေက္ခာပြုပြီး ယခုမှ အရိပ်တကြည့်ကြည့် ရှိနေပါသည်ဆိုတော့ ယုတ္တိက မရှိ။ ဒီလူ့ယ်ရဲ့စကားက အမှန်လဲ။

အမှန်တကယ် ခံစားနေရသော ကြေးမုံကြောင့် သူမကတော့ လိမ်ညာမှာမဟုတ်တာ ကျွန်တော် ယုံကြည်သည်။

ကျွန်တော့်ရဲ့အတွေးကို ဦးသီဟလည်း ရိပ်မိပုံရသည်။

"ဟုတ်တယ်…အဲ့ဒီတုန်းက အန်ကယ့်လ်မှာနအတွက်

အန်ကယ်လ် သူတို့သားအမိကို သွားမတွေ့ခဲ့ဘူး။ အမြဲတမ်း ကို... အမိန့်နဲ့ နေထိုင်လာတဲ့ မိန်းမတစ်ယောက်က သူ့သဘောနဲ့... ထွက်သွားမယ်ဆိုတော့လည်း နေစမ်းဟာဆိုပြီး ပစ်ထားခဲ့တယ်''

''တစိတ်…အန်ကယ်လ်…ဒါတွေက အန်ကယ့်လ်အတွင်း... ရေးကိစ္စပါ။…ဒါကို အန်ကယ်လ်က ဖွတ်ပြောနေတယ်ဆို... ကျွန်တော်ကလည်း ပြောချင်ပါတယ်''

''ပြောပါ မောင်ရင်''

''ပစ်ထားခဲ့ပြီးမှ နောက်အိမ်ထောင်ထူခဲ့တယ်ဆိုရင်... အန်ကယ့်လ်ကို ကျွန်တော် ယုံကြည်ပေးလို့ရမှာမဟုတ်ဘူး... အန်ကယ်လ်ကိုယ်တိုင် ဖိတ်ခေါ်ခဲ့တဲ့လူမို့ ကျွန်တော့်အပေါ် ပြော... စကားလုံးတွေက ရိုးသားမှုရှိစေချင်တယ် အန်ကယ်လ်''

ကျွန်တော် ခပ်ပြတ်ပြတ် ပြောလိုက်ခြင်းမို့ အမျိုးသားကြီး... ခေါင်းတညိတ်ညိတ်။ နောက်တော့ စကားမဆက်သေးဘဲ သူ့ရှေ့... ကော်ဖီခွက်ကို ယူသောက်သည်။

ကျွန်တော့်ရှေ့မှာ လာချထားသော်လည်း မစားဖူးပြောခဲ့သည့်... စကားအတွက် ကျွန်တော် ထိုကော်ဖီခွက်ကို မထိပါ။

နေလည်းကောင်းပြီမို့ သူမရဲ့စာတမ်းနှင့် အချိန်ပြည့်အလု... ရှုပ်နေသော ကြေးမုံဆီ ကျွန်တော် တစ်ရက်တစ်ခါလောက်... ရောက်ဖြစ်သည်။

သူမအတွက် အနှောင့်အယှက်ဖြစ်မှာဆိုး၍ပါ။ သူမဘက်က... လိုအပ်ရင်တော့ ဖုန်းလှမ်းဆက်တတ်ပါသည်။

ကျွန်တော်တို့နှစ်ယောက် ဟိုကိစ္စကိုတော့ မေ့ထားကြသည်...





...တော်လည်း ထပ်မမေးဖြစ်တော့သလို သူမကလည်း အဖြေ... ...ပေးပါ။

''အဲဒါကြောင့် ဖြစ်ပြီးသားကိစ္စတွေ အန်ကယ်လ် မပြောချင်... ...လို့ အန်ကယ်လ် ပြောခဲ့တာပေါ့။ တချို့ကိစ္စဆိုတာ တစ်ယောက်... ...တစ်ယောက် အမြင်ချင်းမတူဘူးလေ။ သမီးတစ်ယောက်က သူ့... ...ထောင်နဲ့သူ တင့်တင့်တယ်တယ်ဖြစ်လို့ သမီးတစ်ယောက်က ...မြဲတမ်း အထီးကျန်ဆန်နေတာမြင်တော့ ဖခင်တစ်ယောက်အနေနဲ့ ...ကျက်ဆီတင်းမိတယ်''

ဦးသီဟ၏ နောက်အိမ်ထောင်နှင့်ရသော သမီးသည်လည်း ...ပွားရေးလုပ်ငန်းရှင်ပေါက်စနှင့် လက်ထပ်သွားသည်။ ကြာတော့ ...ကြာပြီ။ ယခုဆို ကလေးရှိလျှင်တောင် သုံးလေးတန်းအရွယ်လောက် ...ရောက်မည်။

ထိုမိန်းကလေးတွင် ဦးသီဟ၏သမီးဆိုသောအရိပ်က ထီးလို ...ကောင်းစွာ မိုးထားသေးသည်။

သူဌေးသမီးဆိုပြီး လူတွေအားလုံး ဂရုတစိုက်။ ဘာမဆို ...ကောင့်တနေစရာမလိုအောင် ပြည့်စုံခဲ့သူ။

'ရတနာကြေးမုံ' ဆိုတာ ဦးသီဟရဲ့သမီးဆိုတာ သိတဲ့သူများ ...လည်း ကာယကံရှင်တွေကလွဲ၍ မရှိတော့။

တရားဝင်ကွဲကွာထားကြပြီမို့လည်း ရတနာကြေးမုံကို ...ဦးသီဟရဲ့သမီးအဖြစ် ဘယ်သူမှ ဂရုမစိုက်။ ဘယ်ဂရုစိုက်ပါ့မလဲ။ ...ဦးသီဟဆီက ဘာတစ်ခုမှ မရနိုင်။ သူမတို့ကိုယ်တိုင်က ဦးသီဟ ...မိသားစုဝင်တွေဆိုတာ ပြည်ဖုံးကာချခဲ့သည်ကိုး။

ဦးသီဟရဲ့သမီးငယ် ခံစားစံစားနေရသည်များကို မြင်ရ နေရ၍ ကြေးမုံ မနာလိုဝန်တိုစိတ်တွေ ဖြစ်ပေါ်နေတာမဟုတ်ဘူး ကျွန်တော် ရဲရဲရင့်ရင့် ယုံကြည်ပါသည်။

သူမ မုန်းတီးနေတာက ဖခင်ရဲ့မေတ္တာတွေကို လုယူသွား အဖြစ်နှင့် မုန်းတီးနေခြင်း ဖြစ်သည်။

"အခု သမီး ဒီကို သူ ကျောင်းကိစ္စနဲ့ ရောက်နေတယ်ဆို အရင်တစ်ခေါက်ကတည်းက အန်ကယ်လ် သိနေခဲ့တာ။ သမီး က အန်ကယ့်လ်လိုပဲ သိပ်ကို ထက်မြက်တဲ့ကလေးပါ။ ထက်မြက်မှုအတွက် အန်ကယ်လ် ဂုဏ်ယူပါတယ်။ ဒါပေ မောင်ရင် သိတဲ့အတိုင်း မိသားစုရေးနဲ့ပတ်သက်ရင် သူက ခံ ချက် သိပ်ပြင်းထန်တာ"

"........."

"ဟိုးတစ်နေ့က သမီးလေး ရှောင်ခ်ရသွားတယ်ဆိုတာ တော့ အန်ကယ်လ် ဘာလုပ်လို့ဘာကိုင်ရမှန်း မသိဖြစ်နေတ သတင်းပေးတဲ့လူက အချိန်မှန်သတင်းပေးပေမယ့် အန်ကယ် စင်ကာပူကို ခရီးလွန်နေခဲ့တယ်လေ"

"သူ အဲ့ဒီလို မကြာခဏ သတိလစ်နေတယ်ဆို အန်ကယ်လ် သိလား"

"ဟင့်အင်း"

"အဲ့ဒီအတွက် ဘယ်တုန်းကမှ ဆေးစစ်တာတွေ မလုပ် ဆိုတာတော့ အန်ကယ့်လ်လူယုံ မပြောဘူးလား"

လူကြီးက ကျွန်တော့်ရဲ့စကားတွေကို ခေါင်းယမ်းရင်း အ





နားထောင်နေသည်။ ကျွန်တော် မဲ့ပြုံးပြုံးလိုက်သည်။

နောက်ဆုံးတော့ ဥပေက္ခာပြုတတ်သူသာ အနိုင်ရသွားပြီး တတ်သူက အရှုံးကြီးရှုံးသည်။

"ဆရာဝန်ကပြောတယ် အန်ကယ်လ်…အဲ့ဒီလို ခဏခဏ တဲ့လက္ခဏာဟာ အသက်အန္တရာယ် စိုးရိမ်ရတဲ့လက္ခဏာပဲတဲ့"

"ဘယ်လို…"

"ဟုတ်တယ်…အန်ကယ်လ်…အံ့ဩနေတယ်ဆိုတာ တော် မယုံကြည်ပေးချင်တော့ဘူး။ ပြောတော့ အန်ကယ်လ် ယုံကို အမြဲတမ်း သတင်းပို့ခိုင်းနေတယ်ဆို…ကြေးမုံ သတိလစ် ဆရာဝန်ခေါ်ပြရတယ်။ အဲဒီဆရာဝန်တွေက ဘာဖြစ်သလဲ။ ကယ့်လ်လူယုံ မမေးဘဲနဲ့တော့ နေမှာမဟုတ်ဘူး"

"............."

"သိရက်သားနဲ့ မပြောခဲ့ဘူးဆိုရင်တော့ အန်ကယ့်လ်လူယုံ နောက်ကျောကို ဓားနဲ့ထိုးမယ့်သူလား။ အန်ကယ်လ်ပဲ မြွေပွေး ဒါးပိုက်ဆောင်ထဲထည့်ထားတာလား…တစ်ခုခုတော့ တစ်ခုခု

"မောင်သန်"

"........."

"ဒီချိန်မှာ မင်း အန်ကယ့်လ်ကို ခနိုးခနဲ ပြောရမယ့်အချိန် တ်ဘူး။ မင်းပြောခဲ့သလိုဟုတ်တယ်…အန်ကယ်လ် ညံ့ခဲ့တယ်။ ကယ်လ် လူယုံသတ်လို့ ညံ့ခဲ့တယ်။ သမီးမှာ ရောဂါရင့်နေပြီ တောင် အန်ကယ်လ် သိခွင့်မရဘူးဆိုတော့ သူတို့ ရပ်နေကြ

ပြီပေါ့…ဘုရား…ဘုရား”

ဖြူးဖြူးဖျာဖျာ ထိတ်ထိတ်လန့်လန့်နှင့် တုန်လှုပ်စွာ ပြော
သော ဦးသီဟကို ကျွန်တော် အံ့သြစွာ ကြည့်လိုက်သည်။

♥





# အခန်း [၂၇]

ဦးသီဟသည် ကျွန်တော်ရှေ့တင် လူတစ်ယောက်ဆီ ဖုန်းလှမ်း
ဆက်နေသည်။ အခုလာခဲ့ဟု ပြောသည့်လေသံမှာ ဒေါသသံတွေ
ပါနေသည်။

ကျွန်တော် မှားသွားပြီလား။

ကျွန်တော့်ရဲ့စကားက မိသားစုတစ်ခုကို ထိခိုက်စေနိုင်ပါလား
ဆိုတာ ယခုမှ ကျွန်တော် သဘောပေါက်တော့သည်။

ကြေးမုံတောင် နေသာအောင်နေခဲ့သေးသည်။ ကျွန်တော်က
ဘာလို့ ကြားကနေ မခံချင်စိတ်နှင့် ပြောခဲ့မိသနည်း။ ဘာကြောင့်
သူများအတွင်းရေးတွေ ဝင်ပါနေမိသနည်း။

ကြေးမုံနှင့်ကျွန်တော် ပြဿနာဖြစ်ခဲ့သည့်နေ့က ကျွန်တေ ဘက်က စေတနာလွန်ခဲ့သလို ဒီနေ့လည်း ကျွန်တော် စေတနာ လွန်ခဲ့ပြန်ပြီလား။

ပြောခဲ့ပြီမို့ ကျွန်တော့်စကားအတွက် ကျွန်တော့်မှာ တာ ရှိသလို ဦးသီဟကလည်း သူ့လူယုံကို လှမ်းခေါ်နေပြီ။

ကျွန်တော့်စကားက လူတစ်ယောက်ကို ကယ်ချင်ရုံနှင့် တစ်ယောက်ရဲ့အပြစ်ကို ထောက်ပြခဲ့မိသည်။

"အန်ကယ်လ်...ကျွန်တော့်ကို သွားခွင့်ပြုပါ၊ အန်ကယ် တို့ပြဿနာထဲမှာ ကျွန်တော် မပါချင်ဘူး။ ကျွန်တော် ကြေ အတွက်ပဲ မခံချင်စိတ်ဖြစ်မိတာ ရှိတာ။ အန်ကယ်လ်တို့နဲ့ ဘာအ မှမရှိဘူး"

"အန်ကယ်လ် တောင်းပန်ပါတယ်...မောင်ရင်ပြောခဲ့ စကားက အန်ကယ်လ် မသိရသေးတဲ့ကိစ္စမို့ အန်ကယ့်လ်အတွ သိပ်ကို အကျိုးများစေပါတယ်။ ဒီရဲ့ကိစ္စမှာ ဘယ်သူပါနေသ အန်ကယ်လ် သိပ်သိတာပေါ့"

ဒီတစ်ခါတော့ ကျွန်တော် ဘာမှဝင်မပြောဝံ့တော့ပေ။

ဦးသီဟသည် ဘယ်လောက်သိပြီးပြီလဲ။ နောက်ထပ် ဘ တွေမသိသေးဘူးလဲဆိုတာ ကျွန်တော် ဘာမှမသိရသဖြင့် စကာ မလွန်ချင်တော့ပေ။

ဦးသီဟရဲ့အကြည့် တစ်နေရာသို့ ရောက်သွားတာ ကျွန်တော် လှည့်ကြည့်လိုက်တော့၏။ ဟိုတယ်အတွင်းသို့ လူ တစ်ယောက် ဝင်လာသည်။





သူကတော့ ဘာမှမသိဘဲ စိတ်အေးလက်အေး လာနေသည်။

ကျွန်တော်က ဦးသီဟရဲ့ဒေါသကို ခန့်မှန်းမိသဖြင့် စိတ် အတော်ညစ်သွားမိသည်။

"သူဌေး"

"မင်း...ရှေ့တိုးခဲ့...မင်းမောင်"

"သူဌေး"

"ခွပ်"

"ကဲကွာ...မင်း ဘာလုပ်လဲ၊ မင်းသိတယ်...ကဲ"

"ခွပ်"

"သူဌေး"

"အန်ကယ်လ်...ဟိုတယ်ထဲမှာ တခြားလူတွေလည်းရှိနေ တာ ဒီလိုလုပ်လို့ မသင့်လျော်ပါဘူး"

သူများတွေ စူးစမ်းကြည့်နေသဖြင့် ဘေးထွက်ရပ်မနေသာ တော့ဘဲ ကျွန်တော် ဦးသီဟကို ဝင်ဆွဲရပါတော့သည်။

ဦးသီဟက တခြားလူတွေကို မသိပေမယ့် တခြားလူတွေက ဦးသီဟလိုလူကို သိနိုင်သည်။

"ဟိတ်ကောင်..မင်းမော်...မင်း ရှေ့ကိုတိုးခဲ့"

"သူ...သူဌေး...ကျွန်...ကျွန်တော်"

"တိုးခဲ့လို့ ငါ ပြောနေတယ်။ ငါ့ကို မင်း လက်ထပ်ပါစေချင် နေတာလား"

အေးစက်မာကျောသောမျက်နှာနှင့် ဦးသီဟ ပြောလိုက်သည်။ င်းမောင်ဆိုသော လူကြီးမှာ လက်နှစ်ဖက် နောက်သို့ပစ်၍ ဦးသီဟ

ရှေ့သို့ တိုးသွားသည်။

ကျွန်တော်ကတော့ ပွဲကြည့်ပရိသတ်သာ ဖြစ်သည်။

သူတို့ ဘာတွေပြောကြမလဲ၊ ဘာတွေရှင်းလင်းကြမလဲ စိတ်မဝင်စား။ ဖြစ်နိုင်လျှင် ဒီကနေ့ ကိုယ့်သဘောနှင့်ကိုယ် ထပြန်ချင်ပြီ။

ဦးသီဟကြောင့် ထလည်းပြန်မရ၊ ထိုင်နေလည်းမရနိုင် နောက်ဆုံး သူတို့ ရှင်းလင်းနေသည့်ပြဿနာကို မကြည့်ဘဲနဲ့ လှမ်းမြင်နေရတော့သည်။

"သူဌေး...ကျွန်...ကျွန်တော့်ကို ဘာလို့"

"ငါ ရတနာကြေးမုံကို စောင့်ကြည့်ခိုင်းထားတာ ဘာကြောင့်လဲ...ဘာအတွက်လဲ...မင်းကို ငါ ဘာမှာထားခဲ့တာလဲ"

ဦးသီဟသည် သူ့ဘေးသို့ရောက်သွားသော ဦးမင်းမော်ကို ဒေါသသံနှင့် ခပ်ကြိတ်ကြိတ် မေးသည်။ တစ်ဖက်မှ...

"ရတနာကြေးမုံဟာ သူဌေးရဲ့သမီးပါ...သူနဲ့ပတ်သက်ရင် ဘာမဆို သူဌေးကိုပြောဖို့ ကျွန်တော့်ကို စောင့်ကြည့်ခိုင်းထားတာပါ"

"ဘာမဆို မင်း ငါ့ကို ပြောခဲ့သလား"

"သူ...သူဌေး"

ဦးသီဟ တစ်စုံတစ်ရာကို သိနှင့်နေပြီဆိုတာ ရိပ်မိသွားသော ဦးမင်းမော်မှာ ပြေးပေါက်မှားတော့သည်။

ဟိုဟိုဒီဒီ ကြည့်နေသဖြင့် ဦးသီဟက...

"ဟိတ်ကောင်...ငါ့ကိုကြည့်...ငါ့ကိုကြည့်စမ်း။ ဒီကိစ္စမှာ





ဘယ်သူပါလဲ...ငါ သိနေတယ်။ ငါ သိနေတယ်ဆိုရင် မင်း သဘောပေါက်။ ဘာလို့ မင်း ငါ့ကို အမှန်အတိုင်း မပြောရတာလဲ။ ဘာလို့ ထိန်ဝှက်ထားတာလဲ။ ပြောစမ်း...ဟိတ်ကောင်...ပြောစမ်း...မင်း ပြေးလို့လည်း ငါ သူသိအောင် သူပြောမှာ မဟုတ်ဘူး။ ပြောစမ်းကွာ...ငါ့သမီး ခဏခဏ သတိလစ်...ဆရာဝန်နဲ့ ပြနေဘာတောင် မင်း ဘာလို့ ငါ့ကို မပြောရတာလဲ။ ဘာလို့မပြောတာလဲ...ကဲကွာ"

"ခွပ်"

"အန်ကယ်လ်"

နောက်ဆုံး ဒေါသနှင့်အတူ လက်သီးတစ်ချက် ပါသွားပြန်သည်။ ဦးမင်းမော် ဆိုဖာပေါ် နောက်ပြန်ထိုင်ကျသွားသည်။

ဦးသီဟက တားလိုက်သော ကျွန်တော့်ကို လက်ကာပြပြီး စောစောတုန်းက ထိုင်ခဲ့သည့်နေရာတွင် ပြန်ထိုင်သည်။

စားသောက်စရာများသည် တို့ထိသူကင်းမဲ့လျက် အပူရှိန်တို့သည် သေသွားသည်။ ကော်ဖီလည်း အေးနေပြီ။ လက်ဖက်ရည်သည်လည်း အေးနေသည်။

ကြေးမုံရဲ့ဘဝသည်လည်း ပူလောင်မှုသောကတွေ ကင်းဝေး၍ အေးမြနေပြီလား။

"ဟိတ်ကောင်"

"မမက မပြောရဘူးလို့ တားတာပါ"

"ဘာလို့တားလဲ"

"အဲဒါတော့ ကျွန်တော် မသိဘူး...သူဌေး၊ မမက ဒါတွေ

ပြောဖို့ မလိုအပ်ဘူး။ ပြောနေစရာလည်း အကြောင်းမရှိဘူးတဲ့"

"မင်း ငါ့ကိုပြောတဲ့ကိစ္စမှန်သမျှ သူ အကုန်သိနေတာပဲ လား"

"...........…"

"ဟိတ်ကောင်…မင်းကို ငါ မေးနေတယ်"

"...........…"

"ဒေါ်မိုးပွင့်ဖြူက မင်းကို အလုပ်ခန့်ပြီး လစာပေးထားတာ လား…ငါက မင်းကို အလုပ်ခန့်ပြီး လစာပေးထားတာလား"

"သူဌေးကပါ…ကျွန်တော် တောင်းပန်ပါတယ် သူဌေး… ကျွန်တော့်အပြစ်တွေပါ…သူဌေးကတော်ကို အပြစ်မမြင်ပါနဲ့"

"ဟိတ်ကောင်…အဲ့ဒါ ငါ့ကိစ္စ…မင်း ဝင်ပါစရာမလိုဘူး"

ဦးသီဟ ငေါက်လိုက်တော့ ဦးမင်းမော် အသံတိတ်ကျသွား သည်။

ဦးသီဟ စိတ်ကို ထိန်းလိုက်ဟန်နှင့် တစ်ချက် ငြိမ်သွားသည်။

စားပွဲပေါ်တွင် တင်ထားသော စီးကရက်ဘူးကိုဖွင့်ပြီး တစ်လိပ်ယူသည်။ ကျွန်တော့်ဘက် ကမ်းပေးပေမယ့် ကျွန်တော် ခေါင်းယမ်းလိုက်သည်။

ဦးသီဟက လက်တစ်ဖက်နှင့် မီးခြစ်ခြစ်ကာ နှုတ်ခမ်းဝတွင် တေ့ထားသောဆေးလိပ်ကို မီးညှိဖို့ပြင်သည်။ မီးမငြိဘဲ ဆေးလိပ် ကို နှုတ်ခမ်းဝမှခွာကာ…

"ငါ့သမီးရဲ့ ဆေးစစ်ချက်တွေ မင်း သိလား"

"သူ ဆေးတစ်ခါမှ မစစ်ခဲ့ပါဘူး သူဌေး…ဆရာဝန်တွေနဲ့





ကျွန်တော် တွေ့ကြည့်ပါသေးတယ်"

"...........…"

"သူ့ရဲ့နှလုံးက သိပ်အလုပ်မလုပ်တော့ဘူး။ မကြာခဏ သတိလစ်မယ်…ခဏခဏ မေ့လဲမယ်ဆိုရင် အသက်အန္တရာယ် တောင် ပါသွားနိုင်တယ်တဲ့"

"ဘာကွ"

ဦးသီဟ ဒေါသနှင့်ကြည့်စဉ် ဦးမင်းမော်က ခေါင်းငုံ့သွား သည်။

ကျွန်တော်ကတော့ ဆရာဝန် ရှင်းပြထားပြီးပြီမို့ ဒါတွေသိနေ ပြီဖြစ်သော်လည်း ထူးပြီးရှင်းမပြချင်တော့ပေ။

"ဒါပေမဲ့ ဆရာဝန်က ပြောတယ်…သူဌေး၊ တကယ်လို့ နှလုံးသားအစားထိုးကုသမယ်ဆိုရင်တော့ အခြေအနေမှလအတိုင်း ဖြစ်နိုင်တယ်တဲ့…မဟုတ်ရင်တော့ ဒီလိုနဲ့ပဲ…"

"ရပြီ…မင်း သွားတော့"

"အေး…နေဦး…ငါ အခုမေးတဲ့ကိစ္စတွေ မင်းတို့သူဌေး ကတော် မသိစေနဲ့…ငါလည်း ဘာမှမပြောတော့ဘူး။ ဒါပေမဲ့ ငါ့ သမီးသာ အချိန်မမီဘဲ တစ်ခုခုသာဖြစ်မယ်ဆိုရင် မင်းကော မိုးပွင့်ဖြူပါ ချမ်းသာရာရလိမ့်မယ် မထင်နဲ့"

"ဟုတ်…ဟုတ်ကဲ့ပါ သူဌေး"

ဦးမင်းမော်သည် နောက်ကကျားလိုက်သကဲ့သို့ ခပ်သုတ်သုတ် ထွက်သွားသည်။

"လာ…မောင်ရင် သွားရအောင်"

"ဘယ်ကိုလဲ…အန်ကယ်လ်…ကျွန်တော် မလိုက်တော့ဘူး။ ကျွန်တော့်မှာ ဆိုင်ကယ်ပါတယ်"

"မောင်ရင့်ဆိုင်ကယ်ကို အန်ကယ်လ် ဝန်ထမ်းတစ်ယောက် ယောက် စီးလာပြီး ပို့ပေးလိမ့်မယ်။ အခု အန်ကယ်လ် မင်းနဲ့ သမီး ဆီလိုက်ခဲ့ဖို့"

"ဗျာ"

ကျွန်တော့်မှာ မယုံနိုင်ဖြစ်သွားသည်။ အိပ်မက်လို့ထင်ရ အောင်လည်း အိပ်မက်မဟုတ်ပေ။

ကားပေါ်တွင် ဦးသီဟက…

"မိုးပွင့်ဖြူက အန်ကယ့်လ်သမီးအတွက် စီစဉ်ပေးနေတာ တွေ သဘောမကျဘူး။ သူယူဆထားတာက ကွဲသွားပြီ…ဘာ ပေးကမ်းထောက်ပံ့စရာ မလိုဘူးပေါ့။ မိန်းမတွေ…မိန်းမတွေ အငြ သိပ်ကြီးတယ် မောင်သန်…အန်ကယ်လ်ကလည်း သမီးအတွက် အမွေတွေ သီးသန့်စီစဉ်ထားပေးခဲ့တယ်။ သူ ဒါတွေကို မနာလိုနေ တာပေါ့"

♥





# အခန်း ၂၈

ကြေးမုံ အကြမ်းဖျင်းလောက်ရရှိပြီးသော အချက်အလက်တွေ ကြောင့် အမေရိကားသို့ပြန်ဖို့ ဆုံးဖြတ်လိုက်သည်။ ဗီဇာက မကြာ ခင် ပြည့်တော့မည်။

ပြီးတော့ သူ့ကိုလည်း ကြေးမုံ ရှောင်ချင်သည်။ သူ့ရဲ့ပြစ်တင် စကားတွေကို ကြေးမုံ မကြားရဲ။

ဟုတ်ပါတယ်…ကိုသန်…ကြေးမုံက ဖခင်တစ်ယောက်ရဲ့ မေတ္တာကို နားမလည်နိုင်တဲ့လူပါ။ ရှင် စွပ်စွဲချင်သလို စွပ်စွဲလိုက် ပါ…။

သူ့ကို ရင်မဆိုင်ချင်။ ဒယ်ဒီ့ကိစ္စနှင့်ပတ်သက်လျှင် သူနှင့် ကြေးမုံ စကားများရမည်။ သူကလည်း စွန့်ပစ်ခံကလေးငယ် တစ်ယောက်ရဲ့ဘဝကို နားမလည်။

လောကကြီးမှာ ဖခင်မဲ့လျက် ခရီးရှည်ကြီးဖြတ်သန်းလာခဲ့သော လူတစ်ယောက်ရဲ့အဖြစ်ကို ကိုယ်ချင်းမစာနိုင်။

အင်းလေ…ဒါလည်း သူ့အပြစ် ဘယ်ဟုတ်ပါ့မလဲ။ လူဆိုတာ ကိုယ်ကိုယ်တိုင် ခံစားရမှ ကိုယ်ချင်းစာတတ်မှာပေါ့။

ဒါပေမဲ့ ဒီမှာရှိနေစဉ် ရှင် ကြေးမုံကို အစစအရာရာ ကူညီစောင့်ရှောက်ခဲ့ခြင်းကိုတော့ ကြေးမုံ ဘယ်တော့မှ မမေ့ပါဘူး။

ကျွန်မ သွားရမယ့်ခရီးမှာ ရှင့်ရဲ့ချစ်ခြင်းမေတ္တာက အနှောင့်အယှက်အဖြစ် မရှိစေချင်ဘူး…ဟုတ်လား။ လောကမှာ မတောင်းဘဲရတဲ့အရာ ဘာမှမရှိဘူးဆိုတာ သိတဲ့တစ်နေ့ ရှင် နောင်တရမှာပါ။

အစ်ကိုကလည်း အစ်ကို့ရဲ့တာဝန်က ယောကျ်ားလေးတစ်ယောက်ရဲ့တာဝန်ဖြစ်တဲ့ ဖွင့်ပြောဖို့၊ လက်ခံတာ လက်မခံတာတော့ သူတို့အပိုင်းပေါ့ အစ်ကိုရဲ့။

ညိုချောရဲ့စကားသံ ဝင်ရောက်လာပြန်သည်။

ညိုချောက ကြေးမုံဆီမှာ နှစ်ညတိတိ လာစောင့်ပေးသည်။

ညိုချောသည် ရိုးသားသော တောသူလေးတစ်ယောက်ဖြစ်ပြီး စကားကို အရှိအတိုင်းပြောတတ်သည်။ လျှို့ဝှက်တတ်သူမဟုတ်။

သူကတော့…

အို…ဘာတွေ တွေးနေတာလဲ…ကြေးမုံ။

သူပြောခဲ့သလို ကြေးမုံက အချိန်တန်ရင် အိမ်ပြန်ရမယ့်သူလေ။ အိမ်မှာ အမေက စောင့်မျှော်နေသည်။

ထိုနိုင်ငံက ကြေးမုံရဲ့နိုင်ငံ မဟုတ်ပေမယ့် ထိုနိုင်ငံအတွင်းမှာ





ကြေးမုံချစ်တဲ့ မာမီ့အိမ် ရှိသည်။

ဝမ်းနည်းအားငယ်တတ်သူမို့ မာမီက ကြေးမုံကို အချိန်တိုင်းမျှော်နေတတ်သည်။

ညက အင်တာနက်ပေါ်မှာ စကားပြောခဲ့ရစဉ်က…

“မြန်မြန်ပြန်လာတော့…လွမ်းလှပြီ” တဲ့။

သြော်…မာမီရယ်။

ဒယ်ဒီ အလုပ်သွားတုန်းကလည်း မာမီ ဒီလိုပဲပြောခဲ့မှာပဲနော်။ ကြေးမုံ မနက်အလုပ်သွားပြီဆို တံခါးပေါက်ထိ လိုက်ပို့တတ်ပြီး စောစောပြန်ခဲ့…အမြဲတမ်း မှာတတ်သူ။ ပြန်လာလို့ အနည်းငယ်နောက်ကျလျှင် တဗျစ်တောက်တောက်နှင့် ပြောဆိုတတ်သူ။

ဒါတွေဟာ ယောကျ်ားတစ်ယောက်ကို ချည်နှောင်ဖို့အကောင်းဆုံးလက်နက် မဟုတ်ခဲ့ဘူးလား။

လူတွေပြောနေကြတဲ့စကား ကြားဖူးသည်။

ယောကျ်ားတွေဆိုတာ သူတို့ရှေ့မှာ ကျော်လွှားနေတဲ့ခပ်ထက်ထက်မိန်းမတွေကို အလိုမရှိဘူးတဲ့။

အိမ်တွင်းသိမ်းထုပ် အချုပ်အလုပ်ပိုင်သော အမိလို မိန်းမတစ်ယောက်ကျတော့ ဘယ်လောက်ပညာတတ်တတ် ဘယ်လောက်ချမ်းသာသာ အစွမ်းအစမရှိတော့လည်း ချောင်ထိုးခံထားခဲ့ရသည်။

မာမီ့ကို အတုယူပြီး ကြေးမုံ ဘယ်တော့မှ မသိဘူး၊ မတတ်ဘူး၊ မလုပ်နိုင်ဘူးဆိုတာ မရှိရအောင် ကြိုးစားခဲ့သည်။ လေ့လာခဲ့သည်။

ဒီလိုဆိုပြန်တော့လည်း ကြိုးစားမှုနောက်ကို အမြဲတမ်းလိုက်

နေတဲ့ မိန်းမတစ်ယောက်အနေနှင့် ပင်ပန်းလှပါပြီ။

နားခိုစရာ အိုအေစစ်ကို တွေ့ခဲ့သော်လည်း အိုအေစစ်ဆီ ကိုယ်က မလာနိုင်။ အိုအေစစ်ကလည်း ကိုယ့်နားမလာနိုင်။

နောက်ဆုံးတော့…

"မင်းရဲ့ကောင်းကင်မှာ
ငါ မလင်းလက်နိုင်သလို
ငါ့ရဲ့ကောင်းကင်မှာ
မင်း မထွန်းလင်းချင်တာ
သဘာဝပါပဲ"

ဆိုတဲ့အတိုင်း အရာရာက ဗိုလ်နေမြဲ ကျားနေမြဲပေါ့။

ဘုရားရေ…

ကြေးမုံကိုယ်တိုင်ကကော ကိုသန်းကို စိတ်ဝင်စားနေမိသည်လား။

ဟိုတစ်နေ့ဆီ 'ရှင်က ကြေးမုံနဲ့ ဝါသနာတူ၊ ကြေးမုံနဲ့ စိတ်ဓာတ်တူတဲ့လူ' ဟု ပြောခဲ့မိသည်။

ကိုယ့်စကားကို ကိုယ်ပြန်ကြားယောင်တော့ ပါးလေးတွေ တောင် ထူပူသွားသလို။

ကိုယ်က အဓိပ္ပာယ်နှင့်ပြောလိုက်တာ မဟုတ်ပေမယ့် အဓိပ္ပာယ်က နှစ်ခွထွက်သွားသည်။ သူ့ဘက်က အဓိပ္ပာယ်ကောက် မပြောခဲ့တာတောင် ကျေးဇူးတင်ရမည်။

ကြေးမုံရဲ့ဘဝမှာ အတွေ့ကြီးသော ယောကျ်ားတွေပဲ မြင်ခဲ့ရ သည်။





ဒယ်ဒီသည် သူ့အတွေ့အတွက် ကြေးမုံတို့သားအမိကို ဥပေက္ခာ ပြုခဲ့သည်။ နောက်ဆုံး လင်မယားချင်းကွဲစေဦးတော့ ကြေးမုံဆီ ရောက်လာလို့ရသည်။

မာမီက တွေ့ခွင့်မပေးတာ ဘယ်နည်းနှင့်မှ မဖြစ်နိုင်။ သူ့ အပေါ် ကွာရှင်းပေးစကား ပြောထွက်တယ်ဆိုတဲ့ ဒယ်ဒီ့အတွေ့ကသာ ကြီးမားခဲ့သည်။

တကယ်တော့ 'မကိုခင်မှ ဥကိုခင်တယ်' ဆိုတဲ့စကားက ဒယ်ဒီနှင့် တကယ်လိုက်ဖက်သောစကား။

အင်းလေ…

"ကြေးမုံက ဒယ်ဒီ မချစ်မနှစ်သက်တဲ့ မိန်းမတစ်ယောက် ရဲ့ကလေးဆိုတာ တီဗွီဖန်သားပြင်ထက် ဒယ်ဒီ့အနောက်မှာ အမြဲ တမ်း ပြုံးပြုံးပျော်ပျော်နှင့် ကပ်ပါတတ်သည့် ဟိုတစ်ယောက်က တော့ ဒယ်ဒီချစ်သော မိန်းမတစ်ယောက်ရဲ့သမီး။

ဒါကြောင့် အစားထိုးစရာလွယ်လို့ အရင်မိန်းမနဲ့သမီးကို အလွယ်တကူ မေ့နိုင်ခဲ့တာပေါ့။

အဟင်း…ဟင်း…

အမှန်တရားဆိုတာကို အမြဲတမ်း လက်မခံနိုင်သော ကြေးမုံ ထိုသို့တွေးတိုင်း မျက်ရည်ကျရသည်။

တံခါးကို ပိတ်ထားတာမို့ လွတ်လပ်စွာ မျက်ရည်ကျလည်း ဘယ်သူမှ မမြင်။ ကိုယ့်ရဲ့မျက်ရည် ကိုယ်ပြန်မြင်မှာကြောက်တော့ သည်း မျက်နှာကို မှောက်အပ်ပြီး မျက်ရည်ကို စီးဆင်းခွင့်ပေးလိုက် သည်။

သူသာသိလျှင်…

ကိုယ့်ဝေဒနာကို ကိုယ်ဘာလို့ မွေးနေတာလဲ ကြေးမုံရယ်
ပြောလေမလား။ ဟုတ်ပါတယ်…သူသာဆိုရင် အဲ့ဒီလိုပြောရင်

"ကြေးမုံ ခံစားနေရတာ ကိုယ်ချင်းမစာဘူးလို့ ကျွန်
အပြောမခံချင်ဘူး။ စကားမပြောချင်ဘူးဟု ပြောမလား"

သူက စေတနာဆိုတဲ့ခေါင်းစဉ်လှလှသုံးပြီး ကြေးမုံ ခံစား
ရသည့် ခံစားချက်တွေကို ပြစ်တင်ခဲ့သည်။ ထိုအရာကိုတော့ ကြေး
လုံးဝ လက်မခံနိုင်။ ကြေးမုံရဲ့အမှန်တရားကို ကြေးမုံနှင့် ရင်းနှီး
လူကလည်း အမှန်ဟု လက်ခံရမည်။ မှားတယ်ဟုပြောခြင်းကတော့
ကြေးမုံကို သက်သက်ရန်စခဲ့ခြင်းပင်။

ကြေးမုံ သတိတွေရလာတော့လည်း သူ့မှာ ပျာယာတွေခ
လို့။ ကြေးမုံအတွက် စိတ်ခံစားချက်တွေ ပြင်းထန်လျှင် ဤသို့
မကြာခဏ မူးလဲနေတတ်၊ သတိလစ်နေတတ်သည်။

သတိရလျှင် ပုံမှန်အတိုင်း လည်ပတ်နေတာမို့ သတိလစ်သွား
သည့်အဖြစ်သည် လူနာတစ်ယောက်အဖြစ် မသတ်မှတ်ခဲ့။ သူက
တော့ ပြူးပြူးပျာပျာ။

ဆရာဝန်နှင့်ပြရမည်၊ ဆေးစစ်ရမည်…ထပ်ခါထပ်ခါ မှာ
သည်။

ခဏတာတွေ့ခဲ့ရပေမယ့် သူ့ရဲ့ယုယကြင်နာမှုကို ထာဝ
အမှတ်ရနေမှာပါ။ သူမေးတဲ့မေးခွန်းကိုတော့ ခုထက်ထိ ဖြေလည်း
မဖြေကြည့်။ ဖြေစရာလည်း အဖြေမရှိ။

ဤနိုင်ငံမှာနေလျှင် ဒယ်ဒီနှင့် အချိန်မရွေး တွေ့နိုင်သည်





ဖြစ်မည်ဆိုလျှင်လည်း ရန်ကုန်မှာပဲနေမှာမို့ ပိုလို့တောင် တွေ့ကြ
ကြောင်းများမည်။ မီးပွိုင့်မိနေရင်း တွေ့နိုင်သည်။ ဈေးဝယ်ရင်း
တွေ့နိုင်သည်။

တီဗွီကြည့်တိုင်း မြင်နေရမည်။

ထိုမိသားစု ပြုံးပျော်နေသည့်မြင်ကွင်းကို မည်သို့မှ ထိုင်ကြည့်
ရမည်မထင်။

မနာလိုစိတ်များတယ်ဆိုချင်ဆို…အတ္တကြီးတယ်ပြောချင်
ပြော။

"ဒေါက်…ဒေါက်"

"ဘယ်သူလဲ"

"ကြေးမုံ…ကိုယ်ပါ…အိပ်နေတာလား။ စာကြည့်နေတာ
လား"

သူ့အသံမို့ တံခါးထဖွင့်ပေးတော့ သူက အထဲသို့ကြည့်လိုက်
သည်။

"ဟင်"

အဝတ်အစားသေတ္တာ ပြင်ထားတာမြင်တော့ သူ့မျက်နှာ
ခံချက်ပျက်သွားတာ ကြေးမုံ ထင်နေတာများလား။ သူနှင့်ကြေးမုံ
ခါးဝတွင် ဘေးချင်းယှဉ်ရပ်နေတာမျိုး ဖြစ်သည်။

"ပစ္စည်းတွေက သိမ်းနေပြီလား…ပြန်ဖို့က လိုသေးတယ်
ဟုတ်လား"

ကြေးမုံရဲ့ဗီဇာသက်တမ်းကို သူ သိနေသဖြင့် မေးခြင်းဖြစ်
သည်။ ကြေးမုံ သူ့ထံမှအကြည့်ကို ရှောင်ရှားပြီး…

"ဟိုမှာလုပ်စရာတွေလည်း ရှိနေသေးတော့ စောပြန်မလို့ပါ"

"သြော်"

သူ့အာမေဋိတ်သံအဆုံးမှာ နှစ်ယောက်သား တိတ်ဆိတ်သွားသည်။ သူ့ထံမှ သက်ပြင်းချသံနှင့်အတူ…

"ကြေးမုံက သံယောဇဉ်ကြီးချင်တဲ့နေရာ ကြီးတယ်။ သံယောဇဉ် နည်းချင်တဲ့အခါ နည်းတယ်နော်"

"ဟင်…ကိုသန်း…ဘာကိုဆိုလိုတာလဲ"

ကြေးမုံ တအံ့တသြ ပြန်မေးတော့ သူက ခေါင်းယမ်းပြသည်။ ပြင်ဆင်ထားသော အဝတ်သေတ္တာဆီမှ အကြည့်လွှဲကာ…

"ထားလိုက်ပါတော့…ကျွန်တော် ဘာမှမပြောဘူးထား လိုက်ပါတော့။ ကျွန်တော် အခု ကြေးမုံကို လာခေါ်တာက ကြေးမုံ လူတစ်ယောက်ကို တွေ့ပေးချင်လို့ပါ"

"လူတစ်ယောက်နဲ့…ဟုတ်လား…ဘယ်လူတစ်ယောက်နဲ့လဲ…ကိုသန်း"

ဤဒေသတွင် ကြေးမုံအတွက် ရင်းနှီးသေးသူတွေဆိုလို့ မုံ အဖွဲ့သားတွေနှင့် ကိုသန်းတို့မိသားစုသာ ရှိသည်။ နောက်ထပ် အခြား ဘယ်သူမှမရှိ။

"ကြေးမုံ…သိပါတယ်၊ ခဏလိုက်ခဲ့ပါလား"

"အဲ့ဒါဆို သွားနှင့်လေ…အဝတ်အစားလဲခဲ့မယ်"

သူက ကြေးမုံဝတ်ထားသော ဘောင်းဘီပွပွနှင့် ဘလောက် အင်္ကျီပွပွကို ကြည့်ပြီး…

"အဝတ်အစားလဲပြီး တွေ့လောက်အောင် လိုအပ်တဲ့သူ





မဟုတ်ပါဘူး ကြေးမုံ…လာပါ…ဒီတိုင်းလည်း အဆင်ပြေပါတယ်"

သူက ကြေးမုံရဲ့လက်ဖျားတွေကို အမှတ်တမဲ့မို့ ဆွဲကိုင်လိုက်သည်လားတော့မသိ။ ကြေးမုံလည်း ရုန်းထွက်ဖို့မေ့နေကာ တံခါးစေ့ပြီး သူ့နောက်က လိုက်ခဲ့သည်။

"ညီမြှောလား ကိုသန်း"

"မဟုတ်ဘူး"

သိရေတာခန်းမနှင့် နီးလေလေ ကြေးမုံရဲ့လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ခံရလေလေ ခံစားလိုက်ရသည်။ အသားယူသည့်ဟန်နှင့် ကိုင်တာလည်းမဟုတ်။ ဒါတော့ ကြေးမုံ သူ့အပေါ် အကြွင်းမဲ့ယုံသည်။

"ဟင်"

မတ်တတ်ထရပ်လိုက်သောလူကြီးကိုမြင်တော့ ကြေးမုံ အံ့သြမှန်လုပ်သွားသည်။ သူမက ဒေါသတကြီး လှည့်ကြည့်ပြီး လက်ကို ဆောင့်ရုန်းတော့ သူက လွှတ်မပေး။

"ကြေးမုံ"

"ရှင် ဒါဘာသဘောလဲ။ ရှင် ခေါ်ခဲ့တဲ့လူကို ပြန်ခိုင်းပါ။ ကျွန်မနဲ့ ဘာစကားမှပြောစရာ မလိုဘူး"

"ကြေးမုံ"

"သမီးလေး"

လှည့်ထွက်လိုက်စဉ် သမီးလေးလို့ခေါ်လိုက်သည့် နာမ်စားက ကြေးမုံနှလုံးသားဆီသို့ သတိပေးခေါင်းလောင်းသံများ ပို့လွှတ်

လိုက်သည်။

သူက အငယ်ဆိုတော့ သမီးငယ်ပေါ့။ အခု သမီးက အကြီး
ဖြစ်ပြီဆိုတော့ သမီးကြီးပေါ့။

ကြေးမုံရဲ့ဘဝထဲကနေ ထိုနာမ်စားကို ထုတ်နုတ်သွားတဲ့
ကြေးမုံ ဘယ်တော့မှမမေ့။ သေခါနီးထိတောင် မှတ်မိနေမိမည်။

ကြေးမုံ့ဘဝမှာ အမုန်းဆုံးက သမီးလေးဆိုတဲ့ ဝေါဟာရ
ထိုဝေါဟာရ ပျောက်ဆုံးတဲ့နေ့မှာ သူတို့ လမ်းခွဲကြသည်။ ကလေး
တစ်ယောက်ရဲ့နှလုံးသားနုနုကို နင်းချေပြီး ဖခင်တစ်ယောက်က
သူ့ရဲ့အတ္တကို ကြည့်သွားခဲ့သည်။

"ကြေးမုံ"

"ဒုက္ခပဲ…အန်ကယ်လ်…ကြေးမုံ့ကို ခေါ်လို့မရတော့ဘူး
ဗျာ"

သူ့ရဲ့စိုးရိမ်တကြီးအသံကိုတော့ ကြားပါရဲ့။ ပြင်းထန်သော
နှလုံးသား၏နာကျင်မှုဝေဒနာကိုတော့ ကြေးမုံ မတွန်းလှန်နိုင်ခဲ့ပေ။





## အခန်း [၂၉]

ကြေးမုံ သတိမရသဖြင့် အရေးပေါ်သို့ ချက်ချင်းတင်လိုက်ရသည်။

မမသိမ့် စိုးရိမ်သလိုဖြစ်လာသော်လည်း သူမဖခင်ရှိနေသဖြင့် မမသိမ့် သိပ်တော့မစိုးရိမ်။

ကြေးမုံ ဘယ်သူမှ အသိမရှိဘဲ ဤသို့ဖြစ်သွားလျှင် သူမတို့မှာ တာဝန်ရှိလာနိုင်သည်မဟုတ်လား။

ကျွန်တော်ကတော့ ကျွန်တော့်မှာ တာဝန်မကင်းသလို ခံစားရပါသည်။

ဘာရည်ရွယ်ချက်နဲ့များ ဦးသီဟနှင့်ကြေးမုံကို တွေ့ပေးဖို့ ကျွန်တော် တွေးခဲ့မိသလဲမသိ။

ဩော်…ကျွန်တော်က တွေ့ပေးဖို့စီစဉ်ခဲ့တာမှ မဟုတ်တာ။ ဦးသီဟကတော့ ကြေးမုံကို တွေ့ချင်တယ်ဆိုပြီး ကျွန်တော့်နောက်သို့လိုက်လာခဲ့ခြင်း ဖြစ်သည်။

သူမ အရေးပေါ်ထဲမှာရှိနေစဉ်တစ်လျှောက်လုံး သူတို့ စကားအေးအေးချမ်းချမ်း မပြောရ။

"ကလင်…ကလင်"

ဖုန်းမြည်သံကြားတော့ ကျွန်တော် လှမ်းကြည့်သည်။ ဦးသီဟရဲ့ဖုန်းမြည်ခြင်း ဖြစ်သည်။

"ကလင်…ကလင်"

"အန်ကယ်လ်…ဖုန်းလာနေတယ်"

"သိတယ်…မောင်သခ်…ဘယ်သူဆက်တယ်ထင်နေလဲ…သိလား"

"………"

"အန်ကယ့်အမျိုးသမီးဆီကပေါ့"

"ဩော်…"

ကျွန်တော့်မှာ ဘာမှပြောစရာစကားမရှိပေ။ အရေးပေါ်တံခါးပေါက်ဝကိုသာငေးနေစဉ် ဖုန်းက အဆက်မပြတ်မြည်နေတာတော့ အနှောင့်အယှက်ဖြစ်သည်။

"ဟာကွာ"

ကျွန်တော့်ကို အားနာ၍ထင်…ဦးသီဟက ဖုန်းကို ပိတ်လိုက်သည်။ ပြီးတော့ ကျွန်တော့်ကို လာထိုင်ဖို့ပြောရင်း…

"မိန်းမ သိပ်ပီသတော့လည်း မကောင်းပြန်ဘူး။ မိန်းမ





ပီသပြန်တော့လည်း မကောင်းဘူး"

ဘာကိုရည်ညွှန်းပြီးပြောသလဲ မသိ။ မိန်းမ မပီသသူဆိုတော့ ကျွန်တော့်အတွေးထဲမှာ ကြေးမုံကို မြင်ယောင်ကြည့်မိသည်။

ကြေးမုံသည် မိန်းမ မပီသသောမိန်းမဟု ကိုယ့်ကိုယ်ကိုယ် ခံခဲ့သည်။

"မိန်းမတချို့က စည်းစိမ်ဥစ္စာတွေမြင်တော့ ဘဝမေ့တတ်ကြတယ် မောင်သခ်…အဲ့ဒီဘဝမေ့တတ်တဲ့ မိန်းမတွေထဲမှာ အန်ကယ်လ် အခု ဇနီးလည်း အပါအဝင်ပဲ"

လာပါကွ…ထိုင်ပါကွဟု ဖွတ်ခေါ်နေတော့လည်း အာနာနာနှင့် သွားထိုင်ရပြန်သည်။

"အန်ကယ်လ်…ဘာဖြစ်သလဲမသိဘူး။ မောင်ရင့်ကိုတော့ အလိုလို ယုံကြည်ပြီး အကုန်ဖွင့်ပြောချင်နေတော့တာပါပဲ။ အင်း…ဒါကလည်း မောင်ရင်နဲ့သမီးက မိတ်ဆွေဖြစ်နေလို့ကိုး"

သူ့မေးခွန်းကို သူ့ဘာသာသူ အဖြေပေးသွားသည်။ ကျွန်တော်ကတော့ ထိုသို့ မယူဆ။ ဦးသီဟသည် သူ့လုပ်ရပ်တွေအတွက် သူ့ဘာသာ မလုံမလဲနှင့် ရှင်းပြနေသည်ဟု ယူဆမိသည်။

ဒါပေမဲ့ သူပြောလာတော့လည်း နားမထောင်၍ မကောင်းသဖြင့် နားထောင်ရပါသည်။

"ငွေကြေးနောက်ကို အသည်းအမဲလိုက်နေတော့တာ…အစ်ကိုကြီးနားမှာ…နေပေးရရင် ကျေနပ်ပါပြီဆိုတဲ့စကားကို သူတောင် မှတ်မိသေးလားမသိ။ အခုတော့ ကိုယ့်ထက် သူ့ကို ပိုပြီး စီးပွားရေးသောင်းကျန်းနေသေးတယ်။ တစ်နေ့တစ်နေ့ လင်မယား

နှစ်ယောက် မျက်နှာချင်းဆိုင် တွေ့ရတယ်လို့ မရှိသလောက်ပဲ"

ကြေးမုံရဲ့မိခင်တန်ဖိုးကို သိတာလား၊ နောင်တရနေတာလား၊ တစ်ခုခုတော့ တစ်ခုခုပင်။

သို့သော်…နောင်တပဲဖြစ်ဖြစ်၊ အမှားပဲဖြစ်ဖြစ် အရာအားလုံးဟာ ပြင်ဆင်ခွင့်တောင် အချိန်အတိုင်းအတာနှင့်ရှိသည်။ နှစ်ပေါင်းများစွာကြာခဲ့ပြီဆိုတော့လည်း ပြန်လည်တမ်းတနေ၍ ဘာအကျိုးထူးမည်နည်း။

"တွီ…တွီ"

ဖုန်းမြည်သံကြားသဖြင့် ကျွန်တော့်အိတ်ကပ်ကို စမ်းတော့ ဦးသီဟ ဖုန်းမြည်နေခြင်း ဖြစ်သည်။ ဖုန်း Ringtone သံတူနေခြင်းပင် ဖြစ်သည်။

"ပြော…သမီး"

"ဖေဖေ…မေမေက ဖုန်းဘာလို့မကိုင်တာလဲတဲ့။ ဖုန်းမကိုင်ရုံမကဘူး…ဖုန်းတောင်ပိတ်သွားတယ်တဲ့"

"ခဏနော် မောင်သန်"

သမီးဖြစ်သူရဲ့ အသံစူးစူးကြောင့် ဦးသီဟ နေရာရွှေ့ပြောလိုက်ရသည်။

"ဖေဖေ…ဒီမှာ အလုပ်ရှုပ်နေတယ် သမီး…နောက်မှ ပြန်ဆက်လိုက်မယ်"

"နေပါဦး…ဖေဖေရဲ့…ဖေဖေ အလုပ်ရှုပ်နေတယ်ဆိုတာက ဖေဖေ့သမီးကြီးဆီမှာမလား"

"သက်သက်ဖြူ…ညည်း…တော်တော့"





"ဖေဖေ"

ဦးသီဟ ဖြစ်ပေါ်လာသောဒေါသ အဆုံးစွန်မထွက်။ ဖုန်းကိုချရုံမက ဖုန်းစက်ပါပိတ်ပစ်လိုက်သည်။

"တောက်"

ဦးသီဟ ဘာကို မကျေနပ်မှန်းမသိစွာ တောက်ခေါက်လိုက်သည်။

မအေကလည်း မအေအလျောက် သမီးကလည်း သမီးအလျောက် အသွင်တူသည်။ ဆိုးသည်။

စိမ်းကိုနှင့်ပတ်သက်လျှင်တောင် သူမ ရိုးရိုးသားသား ပြန်လည်ပတ်သက်ခွင့်ရှိသည်။ ကိုယ်ကသာ ကိုယ့်အတ္တနှင့်မို့ သူမတို့ဘက် ခြေဦးမလှည့်ခဲ့တာ ဖြစ်သည်။

သမီးကြီးကြေးမုံနှင့်ပတ်သက်မှုကိုတားလျှင်တော့ ဒီသားအမိသိပ်ကို လွန်လွန်းနေပြီ။ သမီးကြီးနှင့်ပတ်သက်ခွင့်ကိုသာမက သမီးကြီးကို အိမ်ပေါ်ခေါ်တင်ခွင့်တောင် သူ့မှာ အပြည့်အဝ ရှိသည်။

အမွေကိစ္စစီစဉ်မှုတွင် သမီးကြီးအတွက်ပါ သူ စီစဉ်ခဲ့ခြင်းကို မိုးပွင့်ဖြူက မကျေနပ်။

"အဲဒါ…အစ်ကိုကြီး လုံးဝ မတရားဘူး"

"ဘာမတရားလို့လဲ"

"ဟုတ်တယ်လေ…သူတို့သားအမိနဲ့ အစ်ကိုကြီး တရားဝင်ကွဲတော့ ပစ္စည်းတွေ တစ်ယောက်တစ်ဝက်ခွဲပြီး သူတို့နဲ့ ဘာလက်ထပ်ပွားမှ မကျန်ခဲ့ဘူး။ ဒီကိစ္စကို ကျွန်မ သဘောမတူဘူး"

"နေပါဦး…မိုး…ဒီလောက်ထိပြောရအောင် စိမ်းတို့

သားအမိနဲ့ မင်း ဘာရန်ငြိုးရှိထားသလဲ။ သူက မကျွာပေးနိုင်ပါဘူး ပြောခဲ့ရင်တောင် မင်း လက်ရှိဒီဘဝရောက်ခဲ့မှာ မဟုတ်ဘူး"

ထိုသို့ပြောပစ်မှ တိတ်ကျသွားသည်။ အဲဒါနှင့် မကျေနပ်နိုင်ဘဲ…

"နေဦး…ပြောရဦးမယ်။ လက်ထပ်ပွားဆိုတဲ့စကား…အဲ့ဒီစကားကိုသုံးတာ မင်း သိပ်မှားတယ်…မိုးပွင့်ဖြူ၊ ငါနဲ့လက်ထပ်တော့ မင်းမှာ ဘာပါခဲ့သလဲ"

"အစ်ကိုကြီး"

စူးစူးဝါးဝါးအော်ကာ မျက်နှာနီရဲသွားခြင်းကိုကြည့်ပြီး…

"ပြောပြတာ ယောကျ်ားတစ်ယောက်ကို ငွေရေးကြေးရေး စကားလာပြောတာ မင်း သိပ်မှားတယ်။ ငါ ရှာသမျှငွေကြေး မင်း စားထိုက်ရင် စားရမယ်။ ရထိုက်ရင် ရရမယ်။ ငါ သမီးကြီးအတွက် စီစဉ်ပေးတာကိုတော့ နောက်တစ်ခါ မင်း ဝင်မပြောမိစေနဲ့"

ထိုကတည်းက သူမဘာသာ စီးပွားထောင်ကာ လုပ်နေတော့လည်း ဦးသီဟ ဘာမှမပြော။ လုပ်ချင်လျှင်လုပ်…သူမ အစွမ်းအစ ရှိခဲ့တာတော့ သူ သိသည်။

ဒါပေမဲ့…

"ဒေါက်တာ…ဟို…စောစောတုန်းက လူနာရဲ့အခြေအနေ ဘယ်လိုရှိပါသလဲ"

စကားကြားတော့ ပြေးကြည့်မိသည်။ အရေးပေါ်တံခါးပေါက်ဝမှာ ထွက်လာသော ဆရာဝန်တစ်ယောက်။ သခ်က အလောတကြီး မေးနေသည်။ ဦးသီဟ ဘာမှမပြောဘဲ အသားလေးကြည့်မိသည်။





"စိုးရိမ်စရာတော့ မရှိဘူး။ ဒါပေမဲ့ လူနာ ဒီတိုင်းဆက်သွားမယ်ဆိုရင်တော့ နောက်တစ်ခါဆိုရင် ဒီထက်ပိုစိုးရိမ်ရပါလိမ့်မယ်။ ခဏနေ သတိရလာပါလိမ့်မယ်"

"ဟုတ်ကဲ့ပါ…ဒေါက်တာ"

ဆရာဝန်ထွက်သွားတော့ ဒူးပေါ်လက်နှစ်ဖက်တင်ပြီး ထိုလက်ပေါ်တွင် မျက်နှာမှောက်အပ်ငြိမ်နေသော သခ်ကိုကြည့်ပြီး ဦးသီဟ ခေါင်းတညိတ်ညိတ်။

နောက်ဆို သမီးကြီးအတွက် သူ စိုးရိမ်ပူပန်နေစရာမလိုတော့ပေ။ သူ့ထက် ပို၍စိုးရိမ်တတ်သော သူစိမ်းလူတစ်ယောက် သမီးအနားရောက်သွားမှာ သူ မစိုးရိမ်ဘဲ ပိုတောင်စိတ်ချရသွားသည်။

# အခန်း [၃၀]

"ကြေးမုံ…နလုံးအစားထိုးခွဲစိတ်ကုတာ အောင်မြင်တယ် ဆိုတာ ဘာလို့ ကျွန်တော့်ကို မပြောတာလဲ"

"ဟင်…ကိုသခ်ကက ဘယ်လိုလို့သိတာလဲ"

"ကြေးမုံ့ဒယ်ဒီ ပြောတာ"

သူမဘက်မှ နောက်ထပ် စာရိုက်မလာတော့ပေ။ စဉ်းစား တာလား၊ ဒေါသထွက်သွားတာလား…ဘာလားတော့ မသိ။

ကြေးမုံပြန်သွားပြီး (၃)လကျော်၊ (၄)လနီးပါး ကျွန်တော်နဲ့ ဘာအဆက်အသွယ်မှ မရတော့ပါ။

ကျွန်တော်ကတော့ သူမ လိုင်းတက်လား၊ မတက်လား ပုံမှန် တက်ကြည့်…စာပို့ပေးမယ့် သူမဘက်က စာလည်းပြန်မပို့လာပါ။ ကျွန်တော်က တာဝန်တစ်ခုလို နေ့စဉ်နေ့တိုင်း သူမထံ…





သတိရတယ်…

နေကောင်းလား…

ကျန်းမာရေးကို ဂရုစိုက်နော်။

ဆိုတဲ့ စာသုံးကြောင်းတော့ အမြဲပို့ဖြစ်တော့သည်။ သူမဘက် က မည်သည့်တုံ့ပြန်မှုမရတာပေမယ့်လည်း ကျွန်တော် ဖွဲ့မလျှော့ ပါဘူး။

ကျွန်တော် သူမကို ချစ်ခဲ့တယ်ဆိုတာ ရယူခြင်းနဲ့မှ မဟုတ် တာ။ သူမဘက်က တုံ့ပြန်မှုမရလည်း ကျွန်တော် ထူးပြီးမခံစား ရပါ။

ဒါပေမဲ့…

ကျွန်တော် ရန်ကုန်မှာ ရုံးကလွှတ်လို့ သင်တန်းသွားတက်ရပါ သည်။ အဲဒီမှာ ဦးသီဟနှင့် မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။

ညနေကျတော့ ဦးသီဟက ကျွန်တော့်ကို စားသောက်ဆိုင် တစ်ဆိုင် ချိန်းပါသည်။

"ရန်ကုန်ရောက်နေတာ ကြာပြီလား မောင်ရင်"

"မကြာသေးပါဘူး အန်ကယ်လ်…သင်တန်းပါ…သင်တန်း ပြီးရင် ပြန်တော့မှာပါ"

"ဟုတ်လား…ရောက်တာ ဖုန်းလေးဘာလေးတော့ မဆက် ဘူး"

ပြောတာတော့လိုက်တာ။

ဘယ်သူက ဆက်ရဲပါ့မလဲ။

ဦးသီဟဆိုတာ တကယ့်ဒိတ်ဒိတ်ကြဲစီးပွားရေးလုပ်ငန်းရှင်။

ကိုယ်က သာမန်ဝန်ထမ်းတစ်ယောက်။ ဟိုတုန်းက သူလိုအပ် ကိုယ့်ကိုခေါ်ခဲ့တာလည်း သိသည်။

ယခုချိန်မှာ လိုလားသလား၊ မလိုလားသလားဆိုတာ မသိ

မသိဆိုတာထက် ဦးသီဟနှင့်ပတ်သက်ဖို့ကိုပင် ကျွန်တော် ခေါင်းထဲတွင် မရှိပေ။

ကျွန်တော်သိခဲ့တာ ရတနာကြေးမုံ။ သူမက လွဲလျှင် ကျွန်တော် မည်သူနှင့်မှ မပတ်သက်ချင်။ ပြီးတော့ ဦးသီဟဆိုတာ ဖခင်ဖြစ်သော်လည်း ကြေးမုံကိုယ်တိုင်က မလိုလားသူ။

ဒီတော့ ဦးသီဟဆီက ကြေးမုံနှင့်ပတ်သက်၍ ဘာသတင်း အချက်အလက်မှ ရနိုင်မည်မထင်။

"မင်း…ဘာလို့ အဲဒီလို ထင်ရတာလဲကွ…အရာအားလုံး ပုံသေကားချပ်လို့ပဲ သတ်မှတ်လို့ မရဘူးကွ။ အခြေအနေနဲ့ အချိ အခါကိုလိုက်ပြီး ပြောင်းလဲတတ်ကြတယ်"

"အန်ကယ်လ်…ဘာကိုဆိုလိုတာလဲ"

ဦးသီဟက မဖြေဘဲ သဘောကျသလို ရယ်နေသည်။ အစား အသောက်တွေ မှာထားပေမယ့် မစားကြ။ စကားပြောဖို့ တွေ့ဆုံကြ တာမို့ အစားအသောက်ကလည်း အရေးမကြီး။

အထူးသဖြင့် ဦးသီဟလို သူဌေးတစ်ယောက်ကျွေးသော စားသောက်ပိုင်းမို့ ကျွန်တော် ပိုမစားချင်ပေ။ ကြေးမုံကြောင့်သာ သူနှင့်ကျွန်တော် ပတ်သက်နေရပြီး ကြေးမုံသာမရှိလျှင် ပတ်သက် စရာအကြောင်းမရှိ။

"ဘေဘီနဲ့ အဆက်အသွယ်မရဘူးလား"





ဘေဘီဆိုတာ ကြေးမုံကို ရည်ညွှန်းမှန်းသိပါသည်။ သူမကို သူမငယ်စဉ်အခါ သူမမိခင်က တစ်ခါတစ်ရံ 'ဘေဘီ'ဟုခေါ်တတ် ကြောင်း သူမ ပြောခဲ့ဖူးသည်။

'သမီးလေး'ဆိုတဲ့စကားလုံးက ကြေးမုံကို သရဲတစ္ဆေလို ခြောက်လန့်တတ်ကြောင်း ဦးသီဟ သိသွားခဲ့၍ 'ဘေဘီ' ဟု ပြောင်းခေါ်တာလား။

"မတွေ့ဖြစ်ကြဘူး…အန်ကယ်လ်"

ကျွန်တော့်ဘက်ကပြောပြီး သူမဘက်က မပြောသည့်အဖြစ် ကို ကျွန်တော် ချန်ထားလိုက်သည်။

"အင်း…ကျောင်းကိစ္စ၊ အလုပ်ကိစ္စတွေနဲ့ အလုပ်တွေများနေ လို့ဖြစ်မယ်"

ဘယ်လောက်အလုပ်များများ စာလေးတစ်လုံးလောက် ပို့ဖို့ ကတော့ အားလောက်ပါသည်။ မပြောချင်၍ မပြောတာဟု ကျွန်တော်ကတော့ မှတ်ယူပါသည်။

ညီချောကလည်း မြို့သူအထာတွေနေမှာပေါ့ဟု ပြောသဖြင့်…

"မြို့သူအထာဆိုတာ…ဘာလဲ ညီချောရဲ့"

"မြို့သူအထာဆိုတာက ညီချောတို့တောမှာ သူတို့လာလည် ပြီဆို ညီချောတို့မှာ ဖူးဖူးမှုတ်ထားတာ။ သူတို့မြို့ပေါ်သွားလည် ကြည့်…ဟိုအကြောင်းပြ…ဒီအကြောင်းပြနဲ့ အခု အစ်မကြေးမုံ ကလည်း မြို့သူအထာနေမှာပေါ့…မေ့လိုက်စမ်းပါ အစ်ကိုရာ"တဲ့။

မေ့လိုက်တာ မဟုတ်ပေမယ့် ကျွန်တော် သူမအပေါ် နဂို ကတည်းက မျှော်လင့်ချက်မထားတာမို့ ဘယ်သူ ဘာပြောပြော

ထူးပြီး မခံစားရတော့ပါ။

ကျွန်တော့်ဘက်ကသာ သူမလုပ်နေတဲ့ ကျမ်းခေါင်း
သိထားတာမို့ သူမအတွက် အသုံးလိုလို မလိုလို၊ သူမ သုံးချင်
မသုံးချင်နေ ကျွန်တော်ကတော့ ကျမ်းနှင့်သက်ဆိုင်သည့်စာ
ဓာတ်ပုံများတွေ့လျှင် သူမဆီ လှမ်းလှမ်းပို့ပေးတတ်သည်။

ထိုအရာတွေအတွက်လည်း ကြားချင်လို့မဟုတ်ပေမ
ကျေးဇူးတစ်ခွန်းတောင် မဆိုပေ။

"ဒါနဲ့ ဘေဘီ…နှလုံးအစားထိုးတာ အောင်မြင်တယ်ဆို
မောင်ရင် သိပြီးပြီလား"

"ဗျာ"

"မသိသေးဘူးထင်တယ်"

ကျွန်တော် အံ့သြသွားပုံကိုကြည့်ပြီး ဦးသီဟက မှတ်ချက်
သည်။ ရှေ့စကားဆက်သည်။

"ပြီးခဲ့တဲ့လက နှလုံးအစားလှူတဲ့ အလှူရှင်လည်းပေါ်
နဲ့ ဘေဘီ နှလုံးအစားထိုးခွဲစိတ်တာ အောင်မြင်တယ် မောင်ရင်
ဘာမှမဖြစ်တော့ဘူး…ကျန်းကျန်းမာမာပဲ"

"ကျွန်တော်တောင် မသိဘူး…အန်ကယ်လ်"

"အန်ကယ်လ်က သမီးနဲ့မင်း ဒီလောက်ထိ ရင်းနှီးနေ
ပြောဖြစ်လိမ့်မယ်ထင်နေတာ"

"အန်ကယ်လ်နဲ့ကော အရင်လို မခေါ်ဘူးသေးဘူးလား။ ဒါ
မဟုတ် ပြေလည်သွားပြီလား"

"ပြေလည်တယ်ပဲဆိုရမယ်…အရင်လိုတော့ မတင်းမာ





ူး။ ခဏခဏ ဆက်သွယ်ရင်တော့ မကြိုက်ဘူး။ ရံဖန်ရံခါတော့
း်းဆက်ဖြစ်…စကားပြောဖြစ်တယ်လေ"

"သော်…"

ကျွန်တော့်တွင် ပြောစရာစကားမရှိသလို ခံစားရသည်။

အရမ်းကြီး မုန်းတီးခဲ့သော သူမဖခင်ကိုတောင် ခေါ်ခေါ်ပြော
ပြောလုပ်နိုင်ပြီဆို ကျွန်တော့်စာလေးတွေကိုတော့ Reply လုပ်သင့်
ါသည်။

ကျွန်တော် သူမ မုန်းတီးအောင် ဘာတစ်ခုမှ မလုပ်ခဲ့ဖူးပါ။

မုန်းတီးမှာဆိုးလို့ ချစ်တယ်ဆိုတာတောင် ဖွင့်ပြောခဲ့သူ
ဟုတ်။

သော်…ကြေးမုံရယ်…ကြေးမုံရယ်…စိတ်ဓာတ်ဟာ လေယူ
တိမ်း ယိမ်းတတ်တယ်လို့ ကျွန်တော် မထင်ပါရစေနဲ့လားဗျာ။

ယခုတော့ သူမနှင့် လိုင်းပေါ်မှာဆုံပါပြီ။ ဆုံပြီဆိုတာက သူမ
ာတွေစိတ်ကူးပေါက်သည်မသိ။ ကျွန်တော့်စာတွေ Reply လုပ်
ြင်း ဖြစ်သည်။

"ကျွန်တော့်ကိုတော့ ဝမ်းသာစကား မမျှဝေဘူးနော်။
ကျွန်တော် တကယ်ဝမ်းသာတာပါ ကြေးမုံ"

"တမင်မပြောဘဲထားတာ မဟုတ်ပါဘူး… မတိုက်ဆိုင်
ို့ပါ"

ဘယ်တိုက်ဆိုင်ပါ့မလဲ…ခင်ဗျား ဘယ်တုန်းက ကျုပ်ကို
ပြန်လို့လဲ။

အဲဒီနေ့က ကျွန်တော် သူမစကားကို စိတ်ဆိုးပြီး ဘာမပြော

ညာမပြောနှင့် လိုင်းပေါ်က ဆင်းလိုက်သည်။

သူမနှင့်ပတ်သက်လျှင် ကျွန်တော်က ကြာရှည်စိတ်မဆိုးခဲ့သူ။ စိတ်လည်း အဲ့ဒီလောက်ထိ ကြာကြာမဆိုးနိုင်ပေ။

နောက်…လိုင်းပြန်တက်တော့…

"ကိုသခ်…တမင် ကိုသခ်ကို မပြောဘဲထားတာမဟုတ်ပါ ဘူး။ စိမ်းနေလို့ စကားလာမပြောရဲတာပါ။ စိမ်းနေလို့ဆိုပြီး စိတ် မဆိုးပါနဲ့ရှင်။ ကြေးမုံ နှလုံးအစားထိုးထားတယ်ဆိုတာ ကိုသခ် လည်း သိပြီးပြီမို့ အဲ့ဒီကိစ္စကို မပြောချင်တော့ပါဘူး"

ကိုယ့်နှလုံးသားအစစ်အမှန်မဟုတ်တော့ ကိုယ့်ခံစားချက်တွေ လည်း ပျောက်ရှရပြန်တယ်။ အရင်တုန်းက မုန်းနေတဲ့အရာတွေကို ချစ်နေတာမျိုး…မကြိုက်တာတွေ ကြိုက်နေတာမျိုးဆိုတော့ ဒယ်ဒီ အပေါ် ကြေးမုံ ဘာကြောင့် ပြောင်းလဲသွားသလဲ ကိုသခ် သိရော ပေါ့။ ကိုသခ်ကိုကျတော့ နှလုံးသားက စိမ်းနေပြန်ရော။ အဲ့ဒီ အတွက် ကြေးမုံ စိတ်လည်းမကောင်းဘူး။

ကြေးမုံရဲ့အသိထဲမှာတော့ ကိုသခ်ဟာ ကြေးမုံအတွက် တကယ့်ကိုကောင်းတဲ့လူတစ်ယောက်ပါ။ ဒီလောက် လတွေကြာ စာပို့ဖြစ်ခဲ့တဲ့အတွက်လည်း တောင်းပန်ပါတယ်။ ကြေးမုံကို စိတ်မဆိုးပါနဲ့နော်…။





# အခန်း [၃၁]

"ကြေးမုံ အရင်တုန်းက ကျွန်တော်မေးတဲ့မေးခွန်းကို မဖြေ ူးနော်"

"ဘယ်မေးခွန်းလဲ…ကိုသခ်"

"ကြေးမုံ သိပါတယ်။ အရွယ်အစားတူတဲ့ ပန်းသီးနှစ်လုံးမှာ ပြားတဲ့အချက်တွေ ရှိလား…မရှိလားဆိုတဲ့ မေးခွန်းရယ်၊ ကယ်လို့ မြန်မာနိုင်ငံက လူတစ်ယောက်နဲ့ချစ်ရင် ဟိုနိုင်ငံနဲ့ ိုင်ငံ ဘယ်နိုင်ငံကို ရွေးမလဲဆိုတာ"

"ဪ"

"ဘာလဲ…မမှတ်မိဘူးလား"

"မှတ်မိပါတယ် ကိုသခ်…အဖြေနှစ်ခုစလုံးက အဲ့ဒီမှာရှိနေ ် ကတည်းက ရခဲ့တာပါ။ ဒါပေမဲ့ ပြောခွင့်မသာလို့ မပြောခဲ့ရ တာပါ"

ဒါတော့ ဟုတ်သည်။

သူမ အရေးပေါ်ကနေ သတိရ၍ သက်သာလျှင် သက်သာ ခြင်း သူမရဲ့ဖခင်က သူမပြန်ဖို့အတွက် စီစဉ်ပေးခဲ့သည်။ သူမ ကိုယ်တိုင်လည်း ဗီဇာရက်လွန်မည်ဆိုး၍ မြန်မြန်ပြန်သွားခြင်း ဖြစ်သည်။

နောက်ပိုင်းကျတော့လည်း အားလုံးသိသည့်အတိုင်း သူမက ကျွန်တော့်ကို စကားမပြောခဲ့ချေ။

"ဒါဆိုရင် အခု အဖြေပေးလို့ရပြီ"

"ရတော့ရပြီ…တစ်ခုပဲ"

"ဘာတစ်ခုပဲလဲ…ပန်းသီးဥပမာ…အဲ့ဒီဥပမာကြောင့် လူဟာ တစ်ယောက်နဲ့တစ်ယောက် မတူဘူး။ အတွေးအခေါ် အယူ အဆ မတူဘူး။ ခံစားချက်ချင်း မတူဘူး။ အဲဒါကြောင့် ကြေးမုံရဲ့ ဒယ်ဒီကို နားလည်ပေးလိုက်ပါ…အဲ့ဒီလိုပြောချင်နေတာမလား"

"သိပ်တော်တယ်"

"နောက်တစ်ချက်ကကော…"

"အဲဒီအချက်အတွက်တော့ နောက်မှပဲ"

"ဟာဗျာ"

သူမက ကျွန်တော် ရေရွတ်ပုံကို သဘောကျသလိုနှင့် ဟားတိုက်ရယ်နေသော စတစ်ကာပုံလေးတွေ ပို့ပေးသည်။

"ဒါနဲ့ ကိုသစ်…အိမ်ထောင်ပြုတော့မယ်ဆို"

"ဗျာ…ဘယ်သူပြောတာလဲ"

"ဟင်…မဟုတ်ဘူးလား၊ ဒီလိုပဲကြားတာပါ"





နိုင်ငံခြားမှာရောက်နေတဲ့ သူမက ဒီလိုပဲ ကြားတာပါဆိုခြင်း ကြောင့် ကျွန်တော့်ကို နောက်နေတာ ရိပ်မိသွားသည်။

ထို့ကြောင့်…

"ဟုတ်တယ်…ကြေးမုံကြားတဲ့သတင်းစကားက အမှန်ပဲ။ ဒီနှစ် ဗာလင်တိုင်းဒေးမှာလေ…ကျွန်တော့်မင်္ဂလာပွဲက"

သူမက မဲ့ရွဲ့နေသောပုံတွေ ပို့ပေးပြီး…

"အမလေး…စမိတာတောင် မှားပါတယ်နော်။ ဘယ်တုန်း ကတည်းက ကြွားချင်နေတာလည်း မသိဘူး"

ဒီလို အရွှန်းဖောက်သည့်စကားတွေ တစ်ခါတစ်ရံ ပြောတတ် သည်။

နောက်တော့ သူမ ဟိုတယ်ကိစ္စကော၊ ကျောင်းကိစ္စနှင့်ပါ အလုပ်ရှုပ်နေတော့ လိုင်းသိပ်မတက်ဖြစ်။ တစ်ခါတလေ ကျွန်တော့် အတွက် စကားထားခဲ့သည်။ တစ်ခါတလေကျတော့ ဓာတ်ပုံတွေ ပို့ပေးတတ်သည်။

"မမကြေးမုံရဲ့စိတ်က ခန့်မှန်းရခက်လိုက်တာနော် အစ်ကို"

"ဘာလို့လဲ"

"ဟင်…အစ်ကိုကလဲ"

ညီချောကတောင် စကားတွေ ပြောတတ်ဆိုတတ်လာသည်။ လိမ္မာလာသည်။ ညီချောက ကြေးမုံနှင့်သိသူဆိုတော့ သူ တစ်ခါ တလေ စိတ်ညစ်လျှင် ကြေးမုံနှင့်ပတ်သက်ပြီး ညီချောကို ရင်ဖွင့် တတ်သည်။

ညီချောက သေချာနားထောင်ပြီး အကြံပေးတာလည်း

ရှိသည်။

"မိန်းကလေးတွေက ယောကျ်ားလေးတွေကို ခွာတ်ပုံပို့ခဲ့တယ်လေ။ မမကြေးမုံက အစ်ကို့ကို ခွာတ်ပုံတွေပို့ပေးတော့ အစ်ကို့ကို ကြိုက်သွားပြီလား မသိဘူး"

"ဟာ...ဒီကောင်မလေး...မဟုတ်ကဟုတ်ကတွေ လျှောက်ပြောမနေနဲ့...သူများတွေကြားသွားလို့ တစ်မျိုးထင်သွားရင် မကောင်းဘူး"

"အစ်ကိုကလည်း တစ်မျိုးထင်တော့ကော ဘာဖြစ်လဲ... ပိုတောင်ကောင်းသေး"

"ဒီကောင်မလေး...ပြောလေကဲလေပါလား"

ကျွန်တော် လက်နှင့်ရွယ်သည်။ ညီချောက အသည်းအသန် ရှောင်သည်။

တစ်ပြည်တစ်ရွာမှာ ရှိနေတဲ့သူကို ချစ်မိတာကလည်း ကျွန်တော့်အဖို့ မပိုင်ဝက်မွေးမိသလို။

သူမက ဟိုမှာ အခြေချမယ်လို့ စဉ်းစားထားသူ။ ကျွန်တော်က သူမကို ချစ်တယ်လို့ propose မလုပ်ခဲ့ဖူးသူ။ ကျွန်တော် ချစ်တယ်ဆိုတာ ကျွန်တော်ပဲသိ၍ အခြားသူများက သိမည်မဟုတ်။

ဩော်...သိသူတစ်ယောက် ရှိပါသည်။

ညီချော...

ကျွန်တော် အမြဲတမ်း အော်ငေါက်နေရသော ညီချောက တစ်နေ့ ကျွန်တော် မမျှော်လင့်ထားတာကို လုပ်ခဲ့သည်။ ကျွန်တော်တို့တွင် သူများဖုန်းကို မကိုင်ရ၊ ယူမကြည့်ရဆိုသည့် တားမြစ်ချက်





ရှိသော်လည်း ဘယ်သူမှ သူများဖုန်းကို ယူမကိုင်ကြပါ။

"အစ်ကို"

"ဘာလဲ...ဘာဖြစ်နေတာလဲ မျက်နှာက"

မျက်နှာညှိုးငယ်နေသော ညီချောကို ကျွန်တော် လှမ်းမေးလိုက်သည်။ ညီချောက ကျွန်တော် ဖတ်နေသောစာအုပ်ကိုယူ၍ ကျွန်တော့်လက်ထဲသို့ ကျွန်တော် ဖုန်းထည့်ပေးပြီး...

"အစ်ကို...ညီချောကို စိတ်မဆိုးပါနဲ့နော်"

"ဘာလဲဟ...ညီချောရ...နင့်ရဲ့စကားကလည်း အဆန်းကြီးပါလား။ ငါက နင့်ကို ဘာလို့ စိတ်ဆိုးရမှာလဲ"

"ညီချော လုပ်ခဲ့တာကလည်း အစ်ကိုတစ်ယောက်တည်း ကျိတ်မှိတ်ခံစားနေရတာကို မမြင်ရက်လို့ပါ...စေတနာနဲ့ပါ"

"နင်ပြောနေတာတွေ ငါ ဘာတစ်ခုမှ နားမလည်ဘူး"

"ညီချော...တောင်ပိုင်းခဏသွားဦးမယ်။ အကြီးမေးရင် လေးကောင်းတို့အိမ်ကို ပြောပေးနော်"

"ဟဲ့"

ကျွန်တော်မေးတာမဖြေဘဲ သူပြောချင်ရာပြောပြီး အိမ်ရှေ့ ထွက်သွားသဖြင့် ကျွန်တော် ခေါင်းကုတ်လိုက်သည်။ ညီချော ယူသွားသည့်စာအုပ်အစား စားပွဲပေါ်ကတွေ့တဲ့စာအုပ် ကောက်ဆွဲယူလိုက်စဉ်...

"အစ်ကို...စာအုပ်ဖတ်နေနဲ့၊ စာအုပ်ထက် အရေးကြီးတာ Facebook မှာ ရှိတယ်။ ညီချောက စေတနာနဲ့နော်။ ဆူလို့ကတော့ သောပြန်ပြီး လယ်ပြန်စိုက်မှာဗျို့"

"ဟာ"

Facebook ဆိုတဲ့စကားကြောင့် ကျွန်တော် Facebook ကို ကြည့်သည်။ ဘာမှမထူး။ ကောင်းစေချင်လို့ ကောင်းစေချင်လို့ဆိုတဲ့ စကားက ကျွန်တော်နှင့်ကြေးမုံကိုပဲ ရည်ညွှန်းကြောင်း ကျွန်တော် သိသည်။

ထို့ကြောင့် Message box ကို ဖွင့်လိုက်သည်။

"ဟာ…ဒုက္ခပါပဲ"

ထင်သည့်အတိုင်းပင်…ဒီတစ်ခါထင်တာက ခေါင်းကို ဆင်နင်းခံရတာထက် ဆိုးသည်။ မယ်မင်းကြီးမ ညိုချောလုပ်ပုံက–

"ကြေးမုံ…ကြေးမုံကို အစ်ကို ချစ်နေတာ ကြာလှပြီ။ ဖွင့် မပြောတော့ပါဘူးဆုံးဖြတ်ထားပေမယ့် မပြောဘဲမနေနိုင်လို့ ပြောမိ တာ။ စိတ်မဆိုးပါနဲ့ ကြေးမုံရယ်"

ဆိုတဲ့စာနှင့် အသည်းပုံ စတေကာတွေ။

ဒီလိုကလေးကလားအလုပ်ကို ကျွန်တော် မလုပ်တတ်တာ ကိုယ့်ကိုယ်ကိုယ် သိသည်။

ဒါပေမဲ့ ကြေးမုံကတော့ ကျွန်တော်ရေးသည်ပဲ ထင်မည် မဟုတ်ဘူး။ ညိုချော ရေးတာပါဟု ရှင်းပြလျှင် ဇာတ်လမ်းက ရှုပ်သွားနိုင်သည်။

ထိုသို့ပြောရတာကော ပြောခံရတဲ့ မိန်းကလေးအတွက်ပါ မကောင်း။

ဒါကြောင့် ဒေါ်ရွှေညိုချောက တောင်ပိုင်းကို လစ်ပြေးတာ ပေါ့။





ဆူနေလို့လည်း မပူး။ ကိုယ်စိတ်ညစ်နေတာ မကြည့်ရက်လို့ ဆိုတာ နားလည်ပေးရင်း ကျွန်တော် မပို့သော်လည်း ကျွန်တော့် စကားအတွက် တာဝန်ယူပါသည်။

တကယ်လည်း ကျွန်တော် ကြေးမုံကို ချစ်ခဲ့သည်။ မဖြစ်နိုင် လို့ ရှေ့မဆက်ခဲ့ပေမယ့် ကျွန်တော် ကြေးမုံအပေါ်ချစ်သည့်အချစ် ကတော့ ဘယ်တော့မှ ပြောင်းလဲသွားမည်မဟုတ်။

သူမက ကျွန်တော့်ကို မချစ်ဘူးဆိုလျှင်တောင် ကျွန်တော်က ချစ်နေဦးမည်။ သူမ ပြန်မချစ်မှာဆိုးသည့်အတွက် စိုးရိမ်သောက လည်း မရှိပါ။

နောက်ပိုင်းတွင် ညိုချော၏ကောင်းမှုကြောင့် ကျွန်တော်နှင့် ကြေးမုံ ချစ်သူတွေဖြစ်သွားကြသည်။

လူချင်းတွေ့ဆုံခွင့်နည်းသော်လည်း နှလုံးသားချင်းကတော့ နီးကပ်နေပါသည်။ ညိုချောက…

"တွေ့လား…အစ်ကို့လိုမျိုးသာလုပ်နေရင်လေ အဘိုးကြီး၊ အဘွားကြီးတွေဖြစ်လို့ မမကြေးမုံသာ ယောက်ျားရသွားမယ်… အစ်ကိုက ပြောမှာမဟုတ်ဘူး"

"အေးပါ…မယ်မင်းကြီးမရယ်…အေးပါ"

"နောက်ပြီး မိန်းကလေးဆိုတာ ကိုယ့်ကိုဖွင့်ပြောလာတဲ့လူကို ပဲ ရွေးချယ်ခွင့်ရှိတာ။ ကိုယ့်ကိုဖွင့်မပြောတဲ့သူဆိုရင် မျှော်လင့်ရုံ ကလွဲရင် သူ့မှာ ဘာမှလုပ်ခွင့်မရှိဘူး"

ညိုချောတစ်ယောက် ချစ်သူမရှိသေးဘူးဟုသာ ဆိုသည်။ အချစ်ရေးတွင် ကျွန်တော့်ထက် ဆရာကျနေပါကလား။

"အေးပါဟာ…အေးပါဟာ…ငါ နင့်ကို တကယ်ကျေးဇူးတင်တယ်။ နောက်ရက် အမေနဲ့ဈေးသွားရင် နင် ဘာလိုချင်လဲ…ဝယ်ခဲ့"

"ဟာ…အစ်ကိုကလည်း ပြောပုံက ညီချောကပဲ လိုချင်လို့ကူညီနေတာလိုလို"

ညီချောက ချက်ချင်း မျက်ရည်ဝိုင်းပြီးပြောတော့ ကျွန်တော်မှာ မချော့တတ်ချော့တတ်နှင့် ချော့ခဲ့ရသေးသည်။





# အခန်း [၃၂]

ချစ်သူတွေဖြစ်ခဲ့ကြပေမယ့် သူမနှင့်ကျွန်တော် ညှိလို့မရသည့်ကိစ္စက ရှိသေးသည်။

"ထုံးစံအတိုင်း နယ်မတူတဲ့သူတွေဆိုတော့ နယ်လုရမှာပဲ"

"ဘာလုပ်မှာ"

"နယ်…"

"ဘာနယ်လဲ…ကိုရဲ့"

"လက်ထပ်ပြီးရင် ဘယ်မှာနေကြမလဲ"

ကျွန်တော့်စကားကြောင့် ကြေးမုံက လွှင်လွှင်လေးရယ်သည်။ ဒီမှာကတည်းက သူမ ရယ်လျှင် ကျွန်တော် ငေးနေခဲ့ရသည်။

"မုန့်ဆီကြော်ကဖြင့် ဘယ်မှာနေသလဲမသိဘူး။ ကိုကလည်း ခိတ်ကူးယဉ်လိုက်တာ"

ကြေးမုံရဲ့ ခပ်ပေါ့ပေါ့စကားကြောင့် ကျွန်တော် စိတ်တိုသွားတာ…

"ကြေးမုံ…ကိုယ်တို့ရဲ့ကိစ္စက ရယ်စရာဟာသလည်းမပါဘူး။ ဟားစရာလည်း မပါဘူး။ နောက်ပြီး ကိုယ်က ကြေးမုံကို တစ်ဘဝလုံးစာ ရည်စူးပြီးချစ်ခဲ့တာ"

"ကြေးမုံကတော့ အပျော်ကြံတာပေါ့…အဟင်း…ဟင်း"

ဒီချိန်မှာ သူမရယ်သံကို ကျွန်တော် နားလည်မပေးချင်တော့ပေ။ ဘဝရေးအကြောင်း တိုင်ပင်သည့်အခါ သူမကို ကျွန်တော် လေးလေးနက်နက် ရှိစေချင်သည်။

အရင်တုန်းက ကြေးမုံက ဘာမဆို လေးလေးနက်နက် တွေးသည်။ ဆုံးဖြတ်ချက်ခိုင်မာသည်။ ဇွဲရှိသည်။

ယခု ကြေးမုံက…

နှလုံးသားလေးလဲလိုက်ရုံနှင့် ခံစားချက်တွေ၊ ခံယူချက်တွေ ထိုသို့ ကပြောင်းကပြန် ဖြစ်သွားစေသတဲ့လား။ မဟုတ်ဘူး… ကြေးမုံ ကျွန်တော့်ကို စနောက်နေတာပဲဖြစ်ပါစေ။

"ကိုယ်…ထပ်မေးမယ်၊ ကိုယ်တို့ လက်ထပ်ပြီးရင်"

"ကြေးမုံ…ကျမ်းပြီးဖို့ နောက်ထပ် (၃)နှစ်ကျန်သေးတယ်ကို"

"ဘာဖြစ်လဲ…လက်ထပ်ပြီးတော့ တက်ပေါ့"

"အို…လွယ်လိုက်တာနော်။ လက်ထပ်ပြီးမှတော့ မတက်နိုင်ဘူး။ ကြေးမုံ ကျားကုတ်ကျားခဲ ကြိုးစားခဲ့တဲ့ ရည်မှန်းချက်ပန်းတိုင်ကို ဘာနဲ့မှ အစားမထိုးနိုင်ဘူး"

"ကိုယ်ကကော ဘာပြောနေလို့လဲ…ဆက်မတက်ရဘူးလို့ ပြောနေလို့လား။ ဒီမှာ မဂ်လာဆောင်…မဂ်လာဆောင်ပြီးရင်





ပြန်သွား…ကျောင်း (၃)နှစ်ပြီးရင် ဒီပဲပြန်ခဲ့"

ကျွန်တော် တစ်ခါမှ ကြေးမုံအပေါ် အမိန့်အာဏာတွေ မသုံးခဲ့ပါ။ ယခုတော့ ကျွန်တော်ဖြစ်ချင်တာကို ရှူးရှူးဒိုင်းဒိုင်းပြောတော့ သူမဘက်က တိတ်သွားသည်။

ကျွန်တော်ကတော့ ဆုံးဖြတ်ချက်ကို မပြင်နိုင်။ မသေချာရေရာသည့် နောက် (၃)နှစ်ကိုလည်း ဒီလို ထိုင်မစောင့်ချင်။

ကိစ္စတစ်ခုကို လုပ်စရာရှိလျှင် မြန်မြန်ဆန်ဆန် ပြီးပြတ်အောင် လုပ်ဖို့က အဓိက ဖြစ်သည်။

"ကိုနဲ့ကြေးမုံ လက်ထပ်ပြီးရင် ဘယ်မှာနေမှာလဲ မဆွေးနွေးရသေးဘူးလေ…ကြေးမုံက အဲ့ဒီမှာ လာနေမယ်လို့လည်း မပြောရသေးပါလား"

"ကြေးမုံ"

"ကြေးမုံ…ကို့ကိုချစ်ပါတယ်။ ကြေးမုံရဲ့ဘဝမှာ ကိုဟာ အချစ်ဦးပါ"

"ကိုယ်လည်း ကြေးမုံကို ချစ်တာပဲကွာ…နှစ်ဦးနှစ်ဖက်စလုံး ပြေလည်နိုင်တဲ့အဖြေ ကိုယ်တို့စဉ်းစားကြရအောင်နော်"

ကြေးမုံကို ကျွန်တော် ချော့မော့သောလေသံနှင့် ပြောမိသည်။

သို့သော်…

"ဆောရီးပါ…ကို…ကြေးမုံ မြန်မာနိုင်ငံကို ပြန်လာဖို့ အစီအစဉ် ဘယ်တုန်းကမှ မရှိဘူး"

"ဘာ"

ကြေးမုံရဲ့စကားက ကျွန်တော့်ခေါင်းပေါ် မိုးကြိုးပစ်ခွင်းလိုက်

သလို…မထင်ခဲ့…ထိုသို့သောစကားများ သူမ ပြောတတ်လိမ့် ဟု ကျွန်တော် မထင်ခဲ့။ ကျွန်တော့်ရင်ထဲတွင် ဆုံးရှုံးလေပြီဆို အသိနှင့် မချိတင်ကဲလေသံဖြင့်…

“ဒါ…ဒါဆို မင်း…မင်း ဘာလို့ ကိုယ့်အချစ်ကို လက် ခဲ့တာလဲ ကြေးမုံ…ဘာလို့ လက်ခံခဲ့တာလဲ။ မိန်းက တစ်ယောက်ဟာ အိမ်ထောင်ကျရင် ယောကျ်ားလေးရှိတဲ့အရပ်မှ လိုက်နေရမယ်ဆိုတာ မင်း သိပါတယ်ကွာ…သိသိကြီးနဲ့တော

“ဟုတ်တယ်…သိသိကြီးနဲ့ ကြေးမုံ ရှင့်ကို ချစ်မိတ ကြေးမုံကို ချစ်တယ်ဆိုရင် ကြေးမုံရှိတဲ့အရပ်မှာ ရှင် နေနိုင် ထင်ပြီး အဖြေပေးခဲ့တာ”

“ဪ…ဪ…သဘောကျတော့ လက်ထပ်ကြ ကိုယ်က မင်းရှိတဲ့အရပ်ဒေသမှာနေမယ်လို့ တစ်ထစ်ချ တွက်လို တာပေါ့”

သူမဘက်က ဘာမှမဖြေ။

ဆိတ်ဆိတ်နေခြင်းဟာ ဝန်ခံခြင်းဆိုလျှင် သူမ ဝန်ခံခဲ့သည် ကျွန်တော် ရင်ကွဲနာကျအောင် သူမ ဝန်ခံခဲ့သည်။

“ဆောရီးပါ ကြေးမုံ…မြန်မာနိုင်ငံကနေခွာဖို့ ကို ဘယ်တုန်းကမှ မဆုံးဖြတ်ခဲ့ဘူး။ နောင်လည်း ဆုံးဖြတ်မှာမဟု ဘူး”

“အဲဒါကတော့ ကိုယ့်သဘောပဲလေ”

သူမ သိပ်ရက်စက်သည်။ သွေးအေးအေးနှင့် ကျွန်တော့်နှ သားတွေ ဆတ်ဆတ်ထိမခံနိုင်လောက်အောင် နာကျင်စေသေ





စကားကို သူမ ဆိုခဲ့သည်။ ကျွန်တော် အရမ်းကြီးမျှော်လင့်ခဲ့သော ဇာတ်လမ်းတစ်ပုဒ် အဆုံးသတ် လှမှာပဲဟု ကျွန်တော် ထင်ခဲ့သည်။

သို့သော်…

ဇာတ်လမ်းသည် ကျွန်တော် တွေးထင်ထားသလို မရိုးရှင်းခဲ့ပေ။ ထိုနေ့ထိုချိန်မှစ၍ သူမနှင့်ကျွန်တော် အဆက်အသွယ်ပြတ်သွားကြသည်။ ကျွန်တော်သည်လည်း ဘယ်တုန်းကမှ မစွဲလမ်းခဲ့သည့် အင်တာနက်ကို ရုံးကိစ္စမှလွဲ၍ ကြည့်လည်းမကြည့်၊ သုံးလည်း မသုံးတော့။

သူမပေးတဲ့ဝေဒနာက ကျွန်တော့်ကို အချိန်တိုင်း နာကျင်စေခဲ့ရပါသည်။

ဒီမှာ အတူတူရှိစဉ်က သူမရဲ့စိတ်ဓာတ်၊ သူမရဲ့စကားလုံးတွေ ကျွန်တော် လေးစားခဲ့သည်။ ယခုလည်း သူမကို ချစ်တော့ ချစ်သည်။ မုန်းနေတာမျိုးတော့မဟုတ်။

မပတ်သက်ရတော့ဘူးဆိုပေမယ့် ချစ်၍ရသေးသောကြောင့် တော်သေးသည်ဟု ဆိုရပေမည်။

အချစ်ဆိုတာ ဖီးနစ်ငှက်လို့ မီးပုံထက်က ပျံသန်းလိုက်လျှင် အသွင်ပြောင်းတတ်တယ်လို့ သိခဲ့ရလျှင်…

# (၃) နှစ်ခန့်အကြာ





## အခန်း ၃၃

'အချိန်နှင့်ဒီရေသည် လူကိုမစောင့်' ဆိုသည့်စကားလေး ရှိသည်။ အရာရာတိုင်းသည် အချိန်ပြောင်းလဲသည်နှင့် ဆက်တိုက် လိုက်ပါပြောင်းလဲသွားသည်။

ကျွန်တော့်တွင် မိခင်က ကွယ်လွန်သွားခဲ့သည်။ ဖခင်က ဘုန်းကြီးကျောင်းတွင် အချိန်ပြည့် ဥပုသ်သီတင်းစောင့်နေသည်။

ညီရှေ့ာသည်လည်း ကျွန်တော် အမြဲတမ်း သူမကို ဆုံးမခဲ့ သောကြောင့် တင့်တင့်တယ်တယ် လာတင်တောင်းသူရှိ၍ သူမက လည်း သဘောကျနှစ်သက်သဖြင့် ပေးစားလိုက်သည်။

လက်ဖက်ရည်ဆိုင်ကို ဆက်လက်ဦးစီးမည့်သူ မရှိတော့၍ စိတ်ပစ်လိုက်သည်။

ကျွန်တော်တစ်ယောက်တည်းဆိုတော့ ယခင်ကထက် စာပိုဖတ်ဖြစ်လာသည်။ သုတေသနစာတမ်းတွေ ပြုစုဖြစ်လာသည်။ ရာဇဝင်စာပေတွေ ရေးသားဖြစ်လာသည်။

အင်းဝရှေးဟောင်း ယဉ်ကျေးမှုနယ်မြေလေးကိုရောက်တော့ သူမနှင့်အတူ ပျော်ရွှင်ခဲ့ရတာကို သတိရမိသည်။

ကြည့်လေရာတိုင်းသည် သူမနှင့်ကျွန်တော်တို့၏ အရိပ်များ လွှမ်းခြုံနေသည်။

မယ်နုအုတ်ကျောင်းအတွင်းတွင် သူမ ပျောက်သွား၍ ကျွန်တော် စိုးရိမ်ပူပန်ခဲ့ရတာကို သတိရမိပြန်သည်။ ထိုစဉ်တုန်းက သူမသည် လွတ်လပ်ပေါ့ပါးစွာ ကလေးငယ်လေးတစ်ယောက်လို ကျွန်တော့်ကို ဝါးခနဲ ခြောက်လှန့်ခဲ့သည်။

အတုလမာန်အောင်စေတီတော်ပေါ်တွင် ထိုင်ခဲ့ကြတာက လည်း လွမ်းစရာ။ ဦးပိန်တံတားပေါ်မှာ အတူတကွ လမ်းလျှောက် ရင်း တောင်တမန်လေ၏ လက်ဆတ်မှုတွေကို ရှူရှိုက်ခဲ့တာတွေ… ဒီရဲ့အရာအားလုံးကို ကျွန်တော် ထာဝရပိုင်ဆိုင်သည်။

ထိုအမှတ်တရလေးတွေကို ပြန်တွေးစေခြင်းဖြင့် သူမနှင့် ကျွန်တော် ဝေးခဲ့တယ်လို့ မခံစားမိ။ နယ်မြေဒေသကြောင့် သူမနှင့် ကျွန်တော် မပေါင်းဖက်ခဲ့ရပေမယ့် သူမသည် ကျွန်တော့်အနီးမှာ သူမသည် အင်းဝယဉ်ကျေးမှုနယ်မြေတွင် ရှင်သန်နေဆဲပါ။

အမေရိကားမှာရှိနေတဲ့ နှလုံးအစားထိုးခွဲစိတ်ကုသခံရ၍ စိတ်သစ်လူသစ်ဖြစ်နေသော သူမကို ကျွန်တော် မမုန်းပါ။

သူမကသာ ကျွန်တော့်ကို လေးစားတတ်သော ကျွန်တော့်ကို





ာဝင်စားတတ်သော နှလုံးသားကို ထုတ်၍လွှင့်ပစ်ခဲ့သည်ကိုး။

သြော်…ဒါကလည်း သူမရဲ့ကျန်းမာရေးကြောင့်ပဲလေဟု းလည်ပေးမိပြန်သည်။ ကျွန်တော် သူမနှင့် စတင်ပတ်သက်ခဲ့ တည်းက ပေးဆပ်ခြင်းသက်သက်၊ ရယူခြင်းမပါခဲ့တာလို့ ျွန်တော်ရဲ့လိပ်ပြာ ကျွန်တော်လုံသည်။

"ကဲ…အလွမ်းမင်းသားလေး သခ်ေ…အရေးတော်ပုံပါ ယ်ဟေ့"

"မမသိမ့်ကလည်း ပြောတော့မယ်နော်"

အရာအားလုံး ပြောင်းလဲသွားပေမယ့် ကျွန်တော်တို့ရုံးရဲ့ ထမ်းတွေကတော့ (၃)နှစ်ကာလတွင် ရာထူးပြောင်း၊ လူ ပြောင်း။ လူတချို့သာ ပြောင်းလာသည်။

အရင်တုန်းက ကျွန်တော် ခံစားနေခဲ့ရတာတွေကို မမသိမ့်တို့ ကြည့်ရက်ခဲ့၍ စတောင်မစရက်။ ပိုခံစားရမှာစိုး၍ဖြစ်သည်။

ထိုစဉ်တုန်းက သတိလစ်နေသော ကြေးမုံနှင့်ပတ်သက်၍ ျွန်တော် ဘယ်လောက်ထိ ပျာယာခတ်ခဲ့သလဲ မသိ။ မမသိမ့်က

"သိပ်မျက်စိနောက်တာပဲ…အကဲလည်းပိုပါ့ ကိုမင်းကျော် "

"ဒီတော့လည်း ဒေါ်သိမ့်သိမ့် ဂေါမစ္ဆံလူပျိုကြီးလို့ ခေါ်စရာ ူ မရှိတော့ဘူးပေါ့…အဲဒါ ပိုမကောင်းဘူးလား"

"ကျုပ်တို့လည်း ရည်းစားထားခဲ့၊ ချစ်သူတွေထားခဲ့နဲ့ ီလောက်ထိ အကဲပိုတာ မမြင်ခဲ့ပါဘူး။ တကယ်ပဲ…မယုံဘူး။ ကြုံဖူးမှ သိတယ်"

"ခင်ဗျားတို့ထက် ပိုပြီးချစ်တတ်တဲ့ အချစ်သူရဲကောင်းကြီး နေမှာပေါ့"

ကိုမင်းကျော်ကိုနိုင်အောင် မမသိမ့် ဘယ်တော့မှမပြောနိုင်ပေ။ ယခုလည်း ကျွန်တော့်ကို အစကလေး၊ အနောက်ကလေးနှင့် ပြောလာပြန်သည်။

"ဘာအရေးတော်ပုံလဲ…မမသိမ့်"

"လက်/ထောက်ညွှန်ကြားရေးမှူး ပြောင်းလာမှာတဲ့။ အဲဒါ အိမ်က ဘယ်သူမှပါပုံမရဘူး။ လေယာဉ်နဲ့လာမှာ…မင်း သွားကြို ပေးရမှာ…ရုံးက ကားနဲ့"

"ဗျာ…လက်/ညွှန်…ဟုတ်လား မမသိမ့်…ပရိုမိုးရှင်းတွေ ထရန်စဖာတွေ မကြားဘဲ"

"ဩော်…အဲဒါတော့ ကျုပ်လည်း မလျှောက်တတ်ဘူး တော်ရေ…လူကြီးနော်…လူကြီး…ဟင်း…ဟင်း…နောက်ကျလို့ ကတော့"

မမသိမ့်က တဟင်းဟင်းရယ်၍ လက်ပဝါမှ ဂျိကိုပြသဖြင့် ကျွန်တော် ပျာသွားသည်။

လေယာဉ်ဆိုက်ချိန်က နီးနေပြီ။

"အဲဒါဆို ကျွန်တော် သွားတော့မယ်…မမသိမ့်"

"အေး…အေး…အရမ်းကြီးလည်း မောင်းမနေနဲ့ဦး"

"ဟုတ်ကဲ့ပါဗျာ"

ကျွန်တော့်မှာ ရုံးက မာစတာဂျစ်ကားလေးနှင့် တံတားဦး လေဆိပ်သို့ ပြေးရတော့သည်။





လူကြီးဆိုတော့ ကိုယ်က နောက်ကျ၍မဖြစ်။ တစ်ခါ နောက်ကျလျှင် တစ်သက်လုံး ဆိုခံပြောခံထိတော့သည်။ လေယာဉ် ကွင်းနားရောက်တုန်းရှိသေး…မမသိမ့်ဆီက ဖုန်းဝင်လာ၍ ကိုင်ရပြန်သည်။

"မောင်သန်…လက်/ညွှန်က ရောက်နှင့်နေပြီ…လေယာဉ် စောဆိုက်လို့ ကားငှားလာတာတဲ့"

"ဟာဗျာ"

ကျွန်တော် ကားကို ခပ်မြန်မြန်ကွေ့၍ ရုံးသို့ ပြေးလာရပြန်သည်။ ဟိုရောက်တော့ မမသိမ့်က ပစ္စည်းတချို့နှင့် ရှုပ်နေသည်။

"မမသိမ့်…လက်/ညွှန်ကော…ပစ္စည်းတွေကကော ဘယ်ထဲထည့်လိုက်တာလဲ"

"ဘာပစ္စည်းတွေကိုပြောတာလဲ"

"ဟင်"

"ကြေးမုံ"

ကျွန်တော့်ကျောနောက်ဘက်က အသံထွက်လာတာမို့ နောက်သို့ ကပျာကယာ လှည့်လိုက်သည်။ ကြေးမုံသည် ရယ်၍ လျှောက်လာသည်။ ဟိုစဉ်တုန်းကလို ဘောင်းဘီတွေ၊ ဘလောက် အင်္ကျီတွေနှင့် မဟုတ်တော့။

ရွှေအိုရောင်ပါတိတ်ဝမ်းဆက်သည် သူမ၏ခန္ဓာကိုယ်အချိုး အစားကို ပေါ်လွင်နေအောင် ချပ်ကပ်နေပါသည်။

"ကို"

"လက်/ညွှန်ဆိုတာ ကြေးမုံလား"

သူမ ကျွန်တော့်နားသို့ ကပ်လာစဉ် ကျွန်တော် ခြေတစ်လှမ်း နောက်သို့ဆုတ်ပြီး မေးလိုက်သည်။ သူမက နှုတ်နှင့်မဖြေ။ ခေါင်းညိတ်ပြသည်။

မြန်မာနိုင်ငံကို ဘယ်တော့မှ ခြေမချတော့ပါဘူးဆိုတဲ့ သူမ က ဘယ်လိုဖြစ်ပြီး အစိုးရဝန်ထမ်းတစ်ယောက် ဖြစ်နေရတာလဲ။ သူမက ကျွန်တော့်အတွေးကို သိနေပုံနှင့် ရှင်းပြ၏။

"တကယ်တမ်းပြောရရင် မြန်မာနိုင်ငံကို ပြန်လာဖို့…ပြန် မလာဖို့ဆိုတာ ကြေးမုံကိုယ်တိုင်တောင် မဝေခွဲတတ်ဘူး။ ဟိုမှာပဲ နေသားကျနေပြီလေ…မနှစ်က မေမေ ကျန်းမာရေးဖောက်လာ တယ်။ အဲဒါ…အစိုးရိမ်တွေကြီးပြီး သေရင်လည်း ကိုယ့်နိုင်ငံမှာပဲ ခေါင်းချချင်တယ်ပြောနေတာ…တစ်ခါလည်းမဟုတ်…နှစ်ခါလည်း မဟုတ်ဆိုတော့ ကြေးမုံ စဉ်းစားရပြီပေါ့"

သူမရဲ့မာမီသည် သူမရဲ့အညာ ဖြစ်သည်။ ဘာကြောင့်ပဲဖြစ် ဖြစ် သူမ မြန်မာနိုင်ငံသို့ ပြန်ရောက်လာခြင်းကို ဒီကမ္ဘာပေါ်မှာ ကျွန်တော့်လောက်ဝမ်းသာတဲ့သူ မရှိနိုင်တော့ပေ။

"အလုပ်ကဝင်တာ မကြာသေးဘူး…ဒါပေမဲ့ ဒီအင်းဝမှာ နေရာလစ်လပ်တယ်ဆိုတော့ အကူအညီတောင်းပြီး ပြောင်းခဲ့တာ"

"ဘာလို့လဲ"

"အင်းဝမှာ ကြေးမုံရဲ့နှလုံးသားရှိတယ်လေ"

သူမကို ကျွန်တော် စနောက်ချင်သေးတာမို့…

"အဲဒါတော့ လုံးဝ မဖြစ်နိုင်ဘူး။ ကိုယ်ချစ်တဲ့ ကြေးမုံရဲ့ နှလုံးသားက အမေရိကားက ဆေးရုံမှာ စွန့်ပစ်ခဲ့တာ။ ကိုယ့်ကိုချစ်





ဘဲ့ အချစ်တွေကိုလည်း အဲ့ဒီနှလုံးသားနဲ့အတူ စွန့်ပစ်ခဲ့တဲ့လူ ရှိတယ်။ အခု နှလုံးသားအသစ်နဲ့လူက ကိုယ့်ကိုမချစ်ဘူး"

"ကိုနော်…ကြေးမုံကို အဲ့ဒီလို လာမပြောနဲ့။ ကြေးမုံ… ကို့ကို ချစ်လွန်းလို့ ကိုရှိတဲ့မြေကို အရောက်လာခဲ့တာ။ မိန်းမသား ဘန်မယ့် မျှော်လိုက်ရတာမဟုတ်ဘဲ ဆိုက်ဆိုက်လာခဲ့ရတာကိုး"

ဆူပုပ်ပုပ်ဖြစ်နေသောကြောင့် သူမရဲ့ကိုယ်လုံးလေးကို သိမ်းကျုံးပွေ့ဖက်ပြီး ပါးပြင်ကို ရှုတ်ခနဲ နမ်းကာ…

"အဲဒါ တောင်းပန်တာ"

"အိုး…ဘယ်လိုဖြစ်နေတာလဲ…မမသိမ့်…ဟင်…မမသိမ့် ဘယ်ရောက်သွားတာလဲ"

ဟိုဟိုဒီဒီကိုကြည့်၍ မမသိမ့်ရဲ့အရိပ်ကို မတွေ့သဖြင့် ကြေးမုံ က ကျွန်တော့်ရင်ခွင်ထဲက ရုန်းသည်။ ကျွန်တော် မလွှတ်ပေးဘဲ…

"မမသိမ့်က အလွမ်းမင်းသားကို လွှတ်ထားပြီတဲ့"

"တော်စမ်းပါ…အခု ကျုပ် ပြောင်းလာတာ တော့်အထက် လူကြီးအနေနဲ့နော်…မလေးမစားလုပ်ရင် ရာထူးလျှော့ပစ်မှာ"

"ရာထူးလျှော့ချင်လည်း လျှော့…ဟိုနေရာတော့ပေး"

"ဘယ်နေရာလဲ"

ကြေးမုံက နားမလည်သလိုမေးတော့ ကျွန်တော် သူမရဲ့ ပါးပြင်နှင့် ကျွန်တော့်ပါးပြင်ကပ်ထားပြီး…

"အိမ်ထောင်ဦးစီးရာထူးတော့ တိုးပေးပါ ကြေးမုံရာ"

"ကိုနော်"

"ဒါနဲ့ ကိုယ့်ကိုပေးမယ့် ဒုတိယအဖြေက"

ကျွန်တော် အလစ်အငိုက်ဖမ်းပြီး မေးလိုက်ပေမယ့်...

"မြန်မာနိုင်ငံရဲ့ဗွဲ့အားက ကြီးနေတော့ ဘယ်ဒေသပဲရောက်ရောက် နောက်ဆုံး ကြေးမုံရဲ့နှလုံးသားရှိရာ ဟောဒီ အင်းဝဒေသကို ရောက်အောင် လာခဲ့ရတာပေါ့လို့"

"ကြေးမုံရယ်"

ကျွန်တော်တို့နှစ်ယောက်၏ဘဝတွင် တောင်တမန်က လေလေးတွေတိုက်ခတ်ခဲ့သလို ကျွန်တော်တို့ရှေ့ဆက်ရမည့်ဘဝများမှာလည်း အေးမြငြိမ်းချမ်းလျက်ရှိနေတာက အချစ်စစ်မှန်ခဲ့လို့လား။

လှိုင်းကြာဖြူ (လားရှိုး)



## ကျေးဇူးတင်လွှာ

ကျွန်မကို အင်းဝရှေးဟောင်းယဉ်ကျေးမှုနယ်မြေအနှံ့ လိုက်ပါပို့ဆောင်ပေးခဲ့၊ ဒေသန္တရဗဟုသုတများကို ရှင်းပြပေးခဲ့သော ဆရာဗိုလ်ရှိတ် (ရတနာပူရ) အား ကျေးဇူးအထူးတင်ရှိပါသည်။

ထို့ပြင် ဆရာဗိုလ်ရှိတ် (ရတနာပူရ) ရေးသားသည့် 'အင်းဝနန်းစံမင်းများနှင့် သမိုင်းဝင်နေရာများ' စာအုပ်ကို ဝတ္ထုတွင် ကိုးကားခွင့်ပြုခဲ့သည့်အတွက် ကျေးဇူးအထူးတင်ရှိပါသည်။

လေးစားလျက်
လှိုင်းကြာဖြူ (လားရှိုး)